

# CCS ကြီးကြပ်ပံ့ပိုးမှုအတွက် ကမ္ဘာလုံး ဆိုင်ရာ နည်းပြလမ်းညွှန်လက်စွဲ

## ရှေ့ပြေးစမ်းသပ်ရန် ဗားရှင်း

unicef for every child

Social Development Direct

မျက်နှာဖုံးဓာတ်ပုံ - UNICEF/Jill Connelly/ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ၂၀၁၀

UNICEF ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဌာနခွဲ (GBViE) မှ စီစဉ်ထုတ်ဝေပါသည်။

လိပ်စာ - 3 United Nations Plaza New York, NY 10017

အီးမေးလ် - childprotection@unicef.org

ဝက်ဘ်ဆိုက် - www.unicef.org

© United Nations Children’s Fund (UNICEF) March 2026

ဤစာအုပ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို တစ်နည်းနည်းဖြင့် ပြန်လည်အသုံးပြုလိုပါက ခွင့်ပြုချက်တောင်းခံရန် လိုအပ်ပါသည်။ အသုံးပြုခွင့်၊ မူပိုင်ခွင့်များနှင့် ပတ်သက်၍ အသေးစိတ်သလိုပါက ဆက်သွယ်ရန် - nyhqdoc.permit@unicef.org

## ကျေးဇူးတင်ဂုဏ်ပြုလွှာ

ဤနည်းပြလမ်းညွှန်လက်စွဲကို UNICEF မှ ဦးဆောင်စတင်၍ နည်းပညာလမ်းညွှန်များ၊ သုံးသပ်စိစစ်မှုနှင့် ရန်ပုံငွေများ ပံ့ပိုးပေးမှုဖြင့် Social Development Direct (SDDirect) မှ ရေးသားပြုစုပါသည်။ SDDirect မှ Hanna Smit နှင့် Joanne Creighton တို့က ဤစာအုပ် ရေးသားပြုစုသည့် လုပ်ငန်းစဉ်ကို ဦးဆောင်ခဲ့ကြသည်။

ဤလက်စွဲစာအုပ်သည် UNICEF နှင့် International Rescue Committee (IRC) တို့မှ ပြုစုထုတ်ဝေထားသည့် *လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်း ခံရသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ခြင်း (CCS)* ဆိုင်ရာ လမ်းညွှန်နှင့် သင်ရိုးညွှန်းတမ်းတို့၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

UNICEF မှ Alexia Nisen နှင့် Meghan O'Connor တို့ကိုလည်း ၎င်းတို့၏ နည်းပညာလမ်းညွှန်မှုနှင့် သုံးသပ်စိစစ်ပေးမှုတို့အတွက် ကျေးဇူးတင်ရှိပါသည်။

## ဤလက်စွဲစာအုပ်ကို ကိုးကားသောအခါ အောက်ပါအတိုင်း ဖော်ပြပေးရန် အကြံပြုပါသည် -

Smit, H., Creighton, J. and United Nations Children’s Fund (UNICEF), “Global CCS Supervision Support: Coaching Manual”, UNICEF, New York, 2026.

# မာတိကာ

နိဒါန်း

အကျဉ်းချုပ်ဖော်ပြချက်

ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် လမ်းညွှန်

ဖြစ်ရပ်စီမံခန့်ခွဲသူများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် လမ်းညွှန်

နည်းပြလမ်းညွှန်မှုအစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လေ့လာထားရမည့် အရာများ

နည်းပြလမ်းညွှန်ခြင်း အစီအစဉ်တွင် ပါဝင်သောအပိုင်းများ

အပိုင်း (၁) - နည်းပြလမ်းညွှန်မှု လုပ်ငန်းစဉ်နှင့် **CCS** လမ်းညွှန်အခြေခံမှုများကို မိတ်ဆက်ခြင်း

အပိုင်း (၂) - ဖြစ်ရပ်စီမံခန့်ခွဲမှု တွင် ထားရှိရမည့် ကလေး များကို အဆင်ပြေပျော်ရွှင် စေသည့် စိတ်နေသဘော ထားများ

အပိုင်း (၃) ဆက်သွယ်ပြောဆိုမှုစွမ်းရည်များ

အပိုင်း (၄) - အားလုံးပါဝင်နိုင်မှုကို အားပေးသည့် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များ

အပိုင်း (၅) ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်၊ အဆင့်များနှင့် စပ်လျဉ်းသည့် ခက်ခဲရှုပ်ထွေးသော အခြေအနေများ

အပိုင်း (၆) - ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်၊ အဆင့်များနှင့် စပ်လျဉ်းသည့် ခက်ခဲရှုပ်ထွေးသော အခြေအနေများ

အပိုင်း (၇) - ကိုယ်တိုင်ကျူး လွန်ခြင်း မရှိသည့် ပြုစုစောင့် ရှောက်သူများနှင့် ထိတွေ့ ဆက်သွယ်အလုပ်လုပ်ခြင်း

အပိုင်း (၈) – MHPSS ဆန်းစစ်အကဲဖြတ်ခြင်း

အပိုင်း (၉) - အန္တရာယ်ကျ ရောက်နိုင်ခြေ မြင့်မားသည့်/ ရှုပ်ထွေးခက်ခဲသည့် ဖြစ်ရပ်များ အတွင်း MHPSS ဆန်းစစ် အကဲဖြတ်ခြင်း

အပိုင်း (၁၀) ဖြစ်ရပ်အဆင့် ပေါင်းစပ်ညှိနှိုင်းမှုများ

အပိုင်း (၁၁) - အစီအစဉ်မှ သင်ယူရရှိခဲ့သည်များကို ပြန်လည်အနှစ်ချုပ်ခြင်း/ အစီအစဉ် ပြီးဆုံးခြင်း

နည်းပြလမ်းညွှန်အစီအစဉ်အတွက် သင်ထောက်ကူပစ္စည်းများ

နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ

နည်းပြလမ်းညွှန်အစီအစဉ်အတွက် သုံးသပ်အကြံပြုလွှာပုံစံ

ထပ်ဆောင်းလေ့လာနိုင်၊ ဖတ်ရှုနိုင်သည့် စာအုပ်စာပေနှင့် စာရွက်စာတမ်းများ

# နိဒါန်း

ဤ *'လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခံရသော ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများအား ကြီးကြပ်ပံ့ပိုးမှုအတွက် ကမ္ဘာလုံးဆိုင်ရာ နည်းပြလမ်းညွှန်လက်စွဲ'* သည် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးမှုများ အားကောင်းလာစေရန် ရည်ရွယ်၍ ရေးသားပြုစုထားခြင်း ဖြစ်ပါသည်။ ဤလက်စွဲတွင် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်းခံရသော ကလေးသူငယ်များအတွက် ဖြစ်ရပ်များကို စီမံခန့်ခွဲပေးသော case worker များအား ကြီးကြပ်ပံ့ပိုးပေးနေသူများမှ နည်းပြလမ်းညွှန်၍ ကူညီပံ့ပိုးပေးရာတွင် အထောက်အကူဖြစ်ရန်အလို့ငှာ စနစ်ကျသော လမ်းညွှန်မှု၊ လက်တွေ့အသုံးပြုနိုင်သော နည်းလမ်းအထောက်အကူ/ပုံစံများနှင့် တစ်ပြေးညီ စံကိုက်ထားသော ချဉ်းကပ်ပုံနည်းလမ်းများ ပါရှိပါသည်။ ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေထားသည့် *လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်းခံရသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ လမ်းညွှန်*[1] (CCS) နှင့် သင်ရိုးညွှန်းတမ်းတို့ကို ပို့ချပေးသည့် သင်တန်းမှ လေ့လာသင်ယူထားသည်များကို လက်တွေ့လုပ်ငန်းခွင်တွင် အရည်အသွေး မြင့်မား၍ စဉ်ဆက်မပြတ် ကျင့်သုံးနေသည့် အလေ့အထများအဖြစ် ပြောင်းလဲကျင့်သုံးနိုင်အောင် ကြီးကြပ်ပံ့ပိုးသူများမှ ကြပ်မတ်လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။ ဤလက်စွဲသည် အဖွဲ့အစည်း၏ စံနှုန်းများ၊ ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်များနှင့်အညီ အဆိုပါလိုအပ်ချက်ကို တုံ့ပြန်ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းထားခြင်း ဖြစ်ပါသည်။

လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်း ခံရသော ကလေးများ (နောက်ပိုင်းတွင် မတော်မတရားပြုမှုခံရသော ကလေးများဟု ဆက်လက်သုံးနှုန်းသွားပါမည်) အတွက် ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် အခြားသော GBV/CP ဝန်ဆောင်မှုများတွင် အရည်အသွေးပြည့်မီမှု၊ တစ်ပြေးညီဖြစ်မှုနှင့် အကျိုးထိရောက်မှု ရှိကြောင်းသေချာဖို့ဆိုလျှင် ထိရောက်သည့် ကြီးကြပ်ပံ့ပိုးမှုသည် မရှိမဖြစ် လိုအပ်ပါသည်။ သင်တန်းများသည် ဖြစ်ရပ်စီမံခန့်ခွဲသူများ၏ အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုအတွက် အခြေခံအုတ်မြစ်ချပေးခြင်းဖြစ်ပြီး လေ့လာသင်ယူထားသည်များကို ပိုမို နားလည်သိရှိစေရန်၊ ကြုံတွေ့ရသော အခြေအနေများတွင် လက်တွေ့အသုံးချနိုင်ရန်နှင့် ပညာရပ်ဆိုင်ရာ အရည်အသွေး မြှင့်တင်ခြင်း (professional development) ကို အားပေးရန်အတွက် ကြီးကြပ်ပံ့ပိုးမှု (supervision) နှင့် နည်းပြလမ်းညွှန်မှု (coaching) များကို စဉ်ဆက်မပြတ် ဆက်လက် လုပ်ဆောင်ပေးသွားရန် အလွန်တရာ အရေးကြီးလှပါသည်။

**ဤလက်စွဲ ပြုစုရခြင်း၏ ရည်ရွယ်ချက်များမှာ -**

- ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများအနေဖြင့် ဖြစ်ရပ်စီမံခန့်ခွဲသူများအတွက် အရည်အသွေးမြင့် ကြီးကြပ်ပံ့ပိုးမှုများ တစ်ပြေးညီ လုပ်ဆောင်ပေးနိုင်အောင် ကူညီပံ့ပိုးပေးရန်
- ပို့ချခဲ့ပြီးဖြစ်သည့် CCS နည်းပြသင်တန်း (ToTs) (CCS ဖြစ်ရပ်စီမံခန့်ခွဲသူများအတွက် ပို့ချသော သင်တန်းများ အပါအဝင်)တွင် မိတ်ဆက်သင်ကြားပေးခဲ့သော အဓိကကျသည့် သဘောတရားများ၊ ကျွမ်းကျင်မှုများနှင့် ကျင့်သုံးမှုအလေ့အထများ ပိုမိုအားကောင်းလာစေရန်နှင့် လက်တွေ့အသုံးချ နိုင်စေရန်

[1] UNICEF & IRC (2023). Caring for Child Survivors of Sexual Abuse Guidelines (လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်းခံရသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ လမ်းညွှန်), Second Edition. UNICEF, New York.

- စနစ်တကျ နည်းပြလမ်းညွှန်မှုနှင့် ကြီးကြပ်ပံ့ပိုးပေးမှုများမှတစ်ဆင့် မိမိကိုယ်မိမိ ပြန်လည်သုံးသပ်ဆင်ခြင်သည့် အလေ့အထ (reflexive practice)[2]၊ ပြဿနာဖြေရှင်းမှုစွမ်းရည်နှင့် ကျွမ်းကျင်မှုမြှင့်တင်ခြင်းတို့ကို အားပေးမြှင့်တင်ရန်၊
- စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ပံ့ပိုးပေးမှုများနှင့် နည်းပြလမ်းညွှန်မှုပေးများကို မှတ်တမ်းတင်ခြင်းတို့တွင် လက်တွေ့အသုံးကျသည့် ရည်ညွှန်းကိုးကားချက်တစ်ခုအဖြစ် အသုံးပြုနိုင်ရန် ဖြစ်ပါသည်။

**ဤလက်စွဲကို အဓိကအားဖြင့် အောက်ပါပုဂ္ဂိုလ်များအတွက် ရည်ရွယ်ပါသည် -**

- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသော ကလေးများကို ကူညီပေးနေသည့် ဖြစ်ရပ်စီမံခန့်ခွဲသူများ (case-workers) အတွက် နည်းပညာဆိုင်ရာ ကြီးကြပ်ပံ့ပိုးမှုများ ပေးအပ်ရန် တာဝန်ရှိသည့် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများ၊ အဖွဲ့ခေါင်းဆောင်များနှင့် မန်နေဂျာများ

ဤလက်စွဲကို အဓိကအသုံးပြုကြမည့်သူများမှာ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများဖြစ်သည် မှန်သော်လည်း အောက်ပါတို့အတွက်လည်း ဤလက်စွဲက အသုံးဝင်နိုင်ပါသည် -

- ကြီးကြပ်ပံ့ပိုးမှုနည်းလမ်းများကို တစ်ပြေးညီစံကိုက်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေသည့် အစီအစဉ်မန်နေဂျာများ (Program managers)
- ကြီးကြပ်ပံ့ပိုးမှုစနစ်များကို နိုင်ငံအခြေအနေ၊ နေရာဒေသအခြေအနေနှင့် ကိုက်ညီစေရန် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲပြင်ဆင်ပေးရသော သက်ဆိုင်ရာနိုင်ငံ ဌာနေရုံးများမှ ဝန်ထမ်းများ
- မွမ်းမံသင်တန်းများ ပြုလုပ်ပေးရသည့် (သို့မဟုတ်) သင်တန်းနောက်ဆက်တွဲ ပံ့ပိုးကူညီမှုများကို ဆက်လက်ဆောင်ရွက်ပေးရသည့် သင်တန်းဆရာများ/သင်တန်းနည်းပြများ

အသုံးပြုသူများအနေဖြင့် ဤလက်စွဲစာအုပ်ကို သီးခြား (သို့မဟုတ်) တစ်ကြိမ်တစ်ခါသာ အသုံးပြုရသည့် ရည်ညွှန်းကိုးကားချက်တစ်ခုအနေဖြင့်သာမက ဤလက်စွဲတွင် ပါရှိသည့် အထောက်အကူများ/ပုံစံများနှင့် လမ်းညွှန်များကို မိမိတို့တွင် ရှိပြီးသား ကြီးကြပ်ပံ့ပိုးမှုစနစ်များအတွင်း ပေါင်းစပ်ထည့်သွင်း၍ အသုံးပြုကြရန် တိုက်တွန်းအားပေးလိုပါသည်။

ဤလက်စွဲကို ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများလုပ်ဆောင်နေသူများအတွက် အဓိကဦးတည်၍ပြုစုထားပါသည်။ CCS သင်ထောက်ကူများနှင့် ဤနည်းပြလမ်းညွှန်လက်စွဲသည် MHPSS ဝန်ဆောင်မှုပေးနေသူများအပါအဝင် ကျန်းမာရေးဝန်ဆောင်မှုပေးသူများနှင့် အခြားသက်ဆိုင်ရာ လူသားချင်းစာနာမှုလုပ်ငန်း လုပ်ဆောင်သူများအတွက်လည်း အကြမ်းဖက်ခံရမှုမှ ဆက်လက်ရှင်သန်သူကို ဗဟိုပြုသည့် အလေ့အထ (survivor-centered practice) ကို အားပေးမြှင့်တင်ရန် ကြိုးပမ်းရာတွင် များစွာအသုံးဝင်၍ အကျိုးများသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

[2] Reflexive ဆိုသည်မှာ မိမိကိုယ်မိမိ ပြန်လည်သုံးသပ်နိုင်စွမ်းကို ဆိုလိုပါသည်။ နည်းပြလမ်းညွှန်မှုလုပ်ငန်းစဉ်နှင့် ဤလက်စွဲစာအုပ်တွင် ဖြစ်ရပ်စီမံခန့်ခွဲသူများအနေဖြင့် မတော်မတရားပြုမူခံရသည့် ကလေးများအတွက် ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပုံကို ၎င်းတို့ကိုယ်တိုင် ပြန်လည်သုံးသပ်ဆန်းစစ်နိုင်မည့် အခွင့်အလမ်းနှင့် ၎င်းတို့၏ ကျင့်သုံးဆောင်ရွက်ပုံအလေ့အထများ ပိုမို အားကောင်းလာအောင် မည်သို့ လုပ်ဆောင်နိုင်မည်ဆိုသည်ကို ပြန်လည်သုံးသပ်ရန် အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါသည်။

## ဤလက်စွဲကို မည်သည့်အချိန်တွင် အသုံးပြုသင့်သနည်း

ဤလက်စွဲကို အောက်ပါအချိန်များတွင် အသုံးပြုလျှင် များစွာ အကျိုးများပါလိမ့်မည် -

- သက်ဆိုင်ရာ ToTs သင်တန်းများ (သို့မဟုတ်) တရားဝင်အသိအမှတ်ပြုထားသော သင်တန်းများ တက်ရောက်ပြီးစီးသည့်နောက်
- ပုံမှန်ဆောင်ရွက်နေသည့် ကြီးကြပ်ပံ့ပိုးမှုစက်ဝန်းအတွင်း (ဥပမာ လစဉ် သို့မဟုတ် သုံးလတစ်ကြိမ် ဆောင်ရွက်သည့် ကြီးကြပ်ပံ့ပိုးမှုလုပ်ငန်းစဉ်)
- ကြီးကြပ်သူအသစ် (သို့မဟုတ်) နည်းပြအသစ်များကို ခန့်အပ်သောအခါ
- မွမ်းမံသင်တန်း (သို့မဟုတ်) ပညာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်မှုအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ်
- လုပ်ငန်းစွမ်းဆောင်ရည်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းသောအခါ (သို့မဟုတ်) လုပ်ငန်းကျွမ်းကျင်မှုများ မြှင့်တင်နိုင်အောင် ပံ့ပိုးကူညီပေးသောအခါ

### ယခင်က ပြုစုထုတ်ပြန်ထားသည့် လမ်းညွှန်များ၊ သင်တန်းများနှင့် ချိတ်ဆက်အသုံးပြုခြင်း -

ဤလက်စွဲသည် ဒုတိယအကြိမ်တည်းဖြတ်ထုတ်ဝေထားသည့် *လိင်ပိုင်းဆိုင်ရာ မတော်မတရား ပြုမှုခြင်းခံရသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ လမ်းညွှန်*၊ သင်ရိုးတို့နှင့် ကိုက်ညီအောင် ပြုစုထားခြင်းဖြစ်သလို ၎င်းတို့နှင့် အတူတကွ ပေါင်းစပ်အသုံးပြုရန်လည်း သင့်တော်ပါသည်။ ထိုလမ်းညွှန်နှင့် သင်ရိုးတွင် ပါရှိသည့် အဓိက အခြေခံမူများ၊ စံများနှင့် ကျွမ်းကျင်မှုများကို တိကျမှန်ကန်စွာ လိုက်နာဆောင်ရွက်သင့်သည်။ ဤလက်စွဲသည် ပို့ချပေးခဲ့ပြီးဖြစ်သည့် CCS ToTs သင်တန်းများ (CCS ဖြစ်ရပ်စီမံခန့်ခွဲသူများအတွက် ပို့ချပေးသော သင်တန်းများအပါအဝင်) ပေါ်တွင် တိုက်ရိုက်အခြေပြုထားပြီး ထိုသင်တန်းများမှ သင်ယူရရှိခဲ့သည်များကို နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများတွင် လက်တွေ့အသုံးချနိုင်အောင် ကူညီပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။

ဤလက်စွဲတွင် အသုံးပြုထားသော စကားရပ်များ၊ ဝေါဟာရများအားလုံးသည် *လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်းခံရသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ လမ်းညွှန်* တွင် အသုံးပြုခဲ့သည့် စကားလုံးဝေါဟာရများ အတိုင်း ဖြစ်ပြီး ပို၍ အသေးစိတ်လေ့လာလိုလျှင် ထိုလမ်းညွှန်ကို ဖတ်ရှုနိုင်ပါသည်။

### ရှေ့ပြေးစမ်းသပ်အသုံးပြုခြင်းနှင့် နေရာဒေသအခြေအနေနှင့် လိုက်လျောညီထွေပြုခြင်း -

ဤလက်စွဲကို UNICEF ဌာနေရုံးများတွင် ကနဦးစမ်းသပ်အသုံးပြုနိုင်မည့် ဗားရှင်းအဖြစ် ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။ ဌာနေရုံးများမှ သက်ဆိုင်ရာဝန်ထမ်းများသည် ဤလက်စွဲပါ အကြောင်းအရာများကို မိမိတို့ နိုင်ငံရှိ စနစ်များ၊ အခန်းကဏ္ဍများ၊ အသုံးအနှုန်းအခေါ်အဝေါ်များ၊ လက်တွေ့ဆောင်ရွက်ရမည့် အခြေအနေများနှင့်အညီ ဖြစ်စေရန် လိုက်လျောညီထွေပြုပြင်ပြောင်းလဲပြီးမှ အသုံးပြုရန် တိုက်တွန်းပါသည်။ တစ်ချိန်တည်းတွင် ဒုတိယအကြိမ်ထုတ်ဝေသည့် *လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်း ခံရသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ လမ်းညွှန်*နှင့် သင်ရိုးတွင် ပါရှိသော အဓိကလမ်းညွှန်ချက်များနှင့် ရည်ရွယ်ချက်အား မှန်ကန်တိကျစွာ လိုက်နာကြရန်လည်း အရေးကြီးပါသည်။ နိုင်ငံအဆင့် အကောင်အထည်ဖော်မှုများမှ ရရှိသည့် တုံ့ပြန်အကြံပြုချက်များပေါ် မူတည်၍ ဤလက်စွဲကို ပြန်လည်ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။[3]

[3] ရရှိနိုင်သည့် အရင်းအမြစ်များပေါ် မူတည်၍

# အကျဉ်းချုပ်ဖော်ပြချက်

ဤလက်စွဲတွင် နည်းပြလမ်းညွှန်မှုပေးသည့် အပိုင်း (၁၁) ပိုင်း ပါရှိပါသည်။ ထိုအပိုင်းများကို အစဉ်လိုက် ဖော်ပြပေးထားပါသည်။ သို့သော် မိမိတို့ ကြီးကြပ်ပံ့ပိုးရသည့် ဖြစ်ရပ်စီမံခန့်ခွဲသူများ၏ လိုအပ်ချက်များပေါ်တွင် မူတည်၍ ရှေ့နောက်အစီအစဉ်ကို လိုသလို ပြောင်းလဲပြုလုပ်နိုင်ပါသည်။ နည်းပြလမ်းညွှန်မှု ပေးရာတွင် အထောက်အကူဖြစ်စေရန်နှင့် လိုအပ်လျှင် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပြောင်းလဲနိုင်ရန်အတွက် အပိုင်းတစ်ပိုင်းစီတွင် ပါရှိသည့် အကြောင်းအရာများကို ကြိုတင်လေ့လာဖတ်ရှုထားရန် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများကို အကြံပြုလိုပါသည်။

အပိုင်းတစ်ပိုင်းစီ၏ အစတွင် ဆွေးနွေးမည့် အကြောင်းအရာများ၊ လိုအပ်မည့် သင်ထောက်ကူပစ္စည်းများနှင့် အဆိုပြုကြာမြင့်ချိန်တို့ကို အကျဉ်းချုပ်ဖော်ပြထားသည့် ဇယားတစ်ခု ပါရှိပါသည်။ ထိုဇယားအောက်တွင် သင်ခန်းစာ အပြည့်အစုံကို တွေ့ရမည်ဖြစ်ပြီး နည်းပြလမ်းညွှန်မှုကို မည်သို့ ပြုလုပ်ပေးရမည်ဆိုသည့် ညွှန်ကြားချက်များကိုလည်း အောက်ပါအတိုင်း ဖော်ပြပေးထားပါသည် -

- **ပြောပါ** - ဤညွှန်ကြားချက်ကို တွေ့လျှင် ပြောရမည့် စကားများကို လုံးစေ့ပတ်စေ့ ဖော်ပြပေးထားခြင်းဖြစ်သည်ဟု သိရှိရပါမည်။ ရှင်းလင်းမှု၊ ရှေ့နောက်ညီညွတ်မှုနှင့် မော်ဂျူးအလိုက် ပါရှိသည့် အကြောင်းအရာများကို မှန်ကန်တိကျစွာ ပြောဆိုနိုင်မှု ရှိစေရန်အတွက် ကြီးကြပ်ပံ့ပိုးသူများအနေဖြင့် ပေးထားသည့်အတိုင်း အတိအကျ ပြောဆိုကြရန် တိုက်တွန်းလိုပါသည်။
- **ရှင်းပြပါ** - ဤညွှန်ကြားချက်ကို တွေ့လျှင် ကြီးကြပ်ပံ့ပိုးသူများ ကောင်းစွာ နားလည်သိရှိထားသင့်သည့် အဓိကအခြေခံသဘောတရားများ (သို့မဟုတ်) လမ်းညွှန်များကို ဖော်ပြထားခြင်း ဖြစ်ကြောင်း သိရှိရပါမည်။ ကြီးကြပ်ပံ့ပိုးသူများအနေဖြင့် ထိုအကြောင်းအရာများကို အဓိပ္ပါယ် မပြောင်းလဲစေဘဲ မိမိတို့၏ နေရာဒေသ အခြေအနေနှင့် လိုက်လျောညီထွေ၍ သဘာဝကျစေရန်အတွက် မိမိတို့၏ ကိုယ်ပိုင်စကားလုံးများကို အသုံးပြုကာ ရှင်းပြပေးရမည်ဖြစ်သည်။
- **မေးပါ/တောင်းဆိုပါ** - ဤညွှန်ကြားချက်ကို တွေ့လျှင် မေးမြန်းရမည့် မေးခွန်းတစ်ခု ဖြစ်ကြောင်း သိရှိရပါမည်။ ပြန်လည်သုံးသပ်စဉ်းစားခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်း (သို့မဟုတ်) အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းတို့ လုပ်ဆောင်ရန် တောင်းဆိုသည့် တောင်းဆိုချက်တစ်ခုလည်း ဖြစ်နိုင်ပါသည်။
- **လုပ်ဆောင်ပါ** - နည်းပြလမ်းညွှန်ပေးသည့် ကြီးကြပ်ပံ့ပိုးသူ (သို့မဟုတ်) နည်းပြလမ်းညွှန်မှု ခံယူသူ (သို့မဟုတ်) နှစ်ဦးစလုံးမှ ပြီးစီးအောင် လုပ်ဆောင်ရမည့် လှုပ်ရှားမှု၊ လေ့ကျင့်ခန်း (သို့မဟုတ်) မြင်နိုင်၊ ကြားနိုင်၊ တိုင်းတာနိုင်သည့် လုပ်ဆောင်မှုတစ်ခုကို ရည်ညွှန်းပါသည်။
- **ဆွေးနွေးပါ** - ဤညွှန်ကြားချက်ကို တွေ့လျှင် ကြီးကြပ်ပံ့ပိုးသူများအနေဖြင့် ဖော်ပြထားသည့် အကြောင်းအရာနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးပြောဆိုမှုများ ပြုလုပ်ပေးရန် ဖြစ်သည်။ အတူတကွ ပြန်လှန်သုံးသပ်ခြင်း၊ ရှင်းရှင်းလင်းလင်း ဖြစ်အောင် မေးမြန်းဆွေးနွေးခြင်း၊ ရှုထောင့်အမြင်များအား စူးစမ်းလေ့လာခြင်းတို့ကို အားပေးရန် ဖြစ်ပါသည်။
- **အတည်ပြုပါ** - ဤညွှန်ကြားချက်သည် ကြီးကြပ်ပံ့ပိုးသူများအနေဖြင့် မိမိတို့၏ နည်းပြလမ်းညွှန်မှုကို ခံယူနေသူများ အမှန်တကယ် နားလည်ခြင်း ရှိ/မရှိ၊ သဘောတူညီခြင်း ရှိ/မရှိ အတည်ပြုရန် (သို့မဟုတ်) ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို အတည်ပြုရန် ညွှန်ကြားခြင်း ဖြစ်သည်။ ထိုသို့စိစစ်အတည်ပြုထားမှသာ

ရှေ့မဆက်မီ နည်းပြလမ်းညွှန်သူနှင့် ခံယူသူတို့ကြား ထားရှိသည့် မျှော်လင့်ချက်များကို ရှင်းလင်းတိကျ၍ တူညီစွာ နားလည်သိရှိစေမည် ဖြစ်သည်။

ဤနည်းပြလမ်းညွှန်မှုအစီအစဉ်များသည် အဓိကအားဖြင့် အဖွဲ့လိုက် လုပ်ဆောင်သည့် အစီအစဉ်များအဖြစ် ဒီဇိုင်းရေးဆွဲထားခြင်း ဖြစ်ပြီး အားလုံး အတူတကွ ဆွေးနွေးခြင်း၊ လေ့လာသင်ယူခြင်း၊ သုံးသပ်ခြင်းများမှတစ်ဆင့် အတွေ့အကြုံများ တိုးပွားရရှိစေရန် ရည်ရွယ်ပါသည်။ သို့သော် ဖော်ပြပါ အကြောင်းအရာများနှင့် လှုပ်ရှားမှုများ၊ လုပ်ဆောင်မှုများသည် တစ်ဦးချင်းကို နည်းပြလမ်းညွှန်ပေးရန်အတွက်လည်း အလွယ်တကူ ပြောင်းလဲပြင်ဆင်၍ အသုံးပြုနိုင်ပါသည်။ ကြီးကြပ်ပံ့ပိုးသူများသည် ဆွေးနွေးပြောဆိုမှုများ ပြုလုပ်ရန် ပေးအပ်ထားသော ညွှန်ကြားချက်များ၊ လေ့ကျင့်ခန်းများနှင့် လုပ်ဆောင်မှုများ၊ ကြာမြင့်ချိန်များကို တစ်ဦးချင်းအား နည်းပြလမ်းညွှန်မှု ပေးသည့် ပုံစံသို့ လိုအပ်သလို ပြင်ဆင်ပြောင်းလဲနိုင်ပါသည်။ သို့သော် အပိုင်းတစ်ပိုင်းချင်းစီ၏ အဓိကရည်ရွယ်ချက်များနှင့် ထိုအပိုင်း ပြီးဆုံးချိန်တွင် ရရှိရန် မျှော်မှန်းသည့် လေ့လာသင်ယူမှုရလဒ်များကိုမူ အပြောင်းအလဲမရှိအောင် ဂရုပြုရမည်ဖြစ်သည်။

| နည်းပြလမ်းညွှန်မှုအစီအစဉ် | အကျဉ်းချုပ်ဖော်ပြချက် |
|---|---|
| **အပိုင်း (၁) - နည်းပြလမ်းညွှန်မှု လုပ်ငန်းစဉ်နှင့် CCS လမ်းညွှန်အခြေခံမှုများကို မိတ်ဆက်ခြင်း** | နည်းပြလမ်းညွှန်မှုပေးရာတွင် အသုံးပြုမည့် နည်းလမ်း၊ ဖွဲ့စည်းပုံနှင့် မျှော်လင့်ချက်များကို မိတ်ဆက်ပေးခြင်းနှင့် CCS လမ်းညွှန်အခြေခံမှုများကို ကောင်းစွာ နားလည်သိရှိစေရန် ပြုလုပ်ပေးခြင်း အစီအစဉ် ဖြစ်ပါသည်။ ဤအပိုင်းတွင် မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု/ စုပေါင်း၍ အပြန်အလှန်ဂရုစိုက်စောင့်ရှောက်မှုကို လုပ်ဆောင်ရန် အားပေးပြီး ဆွေးနွေးမှုများနှင့် ဖြစ်ရပ်လေ့လာချက်များ (case studies) မှတစ်ဆင့် CCS အခြေခံမှုများကို လက်တွေ့တွင် မည်သို့ကျင့်သုံးနေကြောင်း ပြန်လည်သုံးသပ်နိုင်အောင် ကူညီပံ့ပိုးပေးပါသည်။ |
| **အပိုင်း (၂) - ဖြစ်ရပ်စီမံခန့်ခွဲမှုတွင် ထားရှိရန် လိုအပ်သည့် ကလေးများကို အဆင်ပြေပျော်ရွှင်စေမည့် စိတ်နေသဘောထားများ** | နည်းပြလမ်းညွှန်မှု ခံယူသူများအနေဖြင့် CCS ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ကလေးများကို အဆင်ပြေပျော်ရွှင်စေမည့် စိတ်နေသဘောထားများ ထားရှိရန်နှင့် ၎င်းတို့၏ အရေးကြီးသော အခန်းကဏ္ဍကို ပိုမိုနားလည်သိရှိစေရန် လမ်းညွှန်ပေးသည့် အပိုင်း ဖြစ်သည်။ ဤအပိုင်းတွင် လိင်ပိုင်းဆိုင်ရာ မတော်မတရား ပြုမူခြင်းခံရသည့် ကလေးများနှင့် အပြန်အလှန်ဆက်ဆံတုံ့ပြန်မှုများ၊ ဆုံးဖြတ်ချက်ချမှတ်မှုများအပေါ် မိမိတို့ ထားရှိသည့် စိတ်နေသဘောထားများက သက်ရောက်မှုရှိနိုင်ပုံကို နားလည်သိရှိကာ မိမိကိုယ်မိမိ ပြန်လည်သုံးသပ်ဆင်ခြင်၍ ဆောင်ရွက်တတ်သည့် အလေ့အထကို အားပေးမြှင့်တင်ရန် ဖြစ်ပါသည်။ |
| **အပိုင်း (၃) - ဆက်သွယ်ပြောဆိုမှု စွမ်းရည်များ** | တက်ကြွစွာ စူးစိုက်နားထောင်ခြင်း၊ စကားလုံးများဖြင့် ဆက်သွယ်ပြောဆိုခြင်း၊ စကားလုံးမဲ့ ဆက်သွယ်ပြောဆိုခြင်း၊ စာနာဖေးမအားပေးစကားများ (healing statements) အသုံးပြုမှုအပါအဝင် ကလေးများကို ပျော်ရွှင်အဆင်ပြေစေမည့် အပြုသဘောဆောင်သော ဆက်သွယ်ပြောဆိုမှု စွမ်းရည်များကို မြှင့်တင်ပေးသည့် အစီအစဉ် ဖြစ်သည်။ ဤအပိုင်းတွင် ပါဝင်တက်ရောက်သူများသည် အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ကာ ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်၏ အဆင့်များ အားလုံးတွင် ထိုစွမ်းရည်များကို အသုံးချနိုင်ရန် လက်တွေ့လေ့ကျင့်ခွင့်များ ရရှိမည်ဖြစ်ပါသည်။ |

| | |
|---|---|
| **အပိုင်း (၄) - အားလုံးပါဝင်နိုင်မှု ရှိစေမည့် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များ** | ဤနည်းပြလမ်းညွှန်မှုအစီအစဉ်တွင် ပါဝင်တက်ရောက်သူများသည် အသက်အရွယ်နှင့် သင့်တော်သည့်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီသည့် အားလုံးပါဝင်နိုင်မှု ရှိစေမည့် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များ (ကလေးများ၊ မသန်စွမ်းသူများနှင့် အလုပ်လုပ်သောအခါ အသုံးပြုသင့်သည့် နည်းစနစ်များအပါအဝင်) ကို လက်တွေ့ အသုံးချနိုင်မှု စွမ်းရည်ကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။ ဤအပိုင်းတွင် မတူကွဲပြားသည့် လိုအပ်ချက်များ၊ အခြေအနေများအတွက် ညွှန်ကြားပြသပေးသည့် ဆက်သွယ်ပြောဆိုမှုနည်းစနစ်များ (Directive communication) နှင့် ညွှန်ကြားမှု၊ ဦးဆောင်မှု မပြုဘဲ ကလေးသူငယ်ကို ဗဟိုပြုသည့် နည်းစနစ်များ (Non-directive communication)[4] ကို လိုက်လျောညီထွေ ပြောင်းလဲအသုံးပြုနိုင်စေရန် အဓိကထား၍ နည်းပြလမ်းညွှန်ပေးပါသည်။ |
| **အပိုင်း (၅) - ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းအဆင့်များ၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် အခက်အခဲများ** | CCS ဖြစ်ရပ်စီမံခန့်ခွဲမှုအတွင်း ပေါ်ပေါက်လာနိုင်သည့် အဓိကအခက်အခဲများ၊ ရှုပ်ထွေးမှုများကို လေ့လာစူးစမ်းသည့် အစီအစဉ်ဖြစ်သည်။ ပါဝင်တက်ရောက်သူများသည် ပြန်လည်သုံးသပ်မှုများ (reflexive practice)၊ ဦးစားပေးရွေးချယ်ထားသည့် စိန်ခေါ်မှုများအတွက် ဖြစ်ရပ်လေ့လာချက်များ (case studies) ကို လေ့လာ၍ လေ့ကျင့်ကြရမည်ဖြစ်သည်။ |
| **အပိုင်း (၆) - ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းအဆင့်များ၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် အခက်အခဲများ** | အပိုင်း (၅) တွင် ဆွေးနွေးခဲ့ခြင်း မရှိသည့် ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ အခက်အခဲများကို ဆက်လက်လေ့လာစူးစမ်းမည် ဖြစ်သည်။ ပါဝင်တက်ရောက်သူများသည် ပြန်လည်သုံးသပ်မှုများ (reflexive practice)၊ ဦးစားပေးရွေးချယ်ထားသည့် စိန်ခေါ်မှုများအတွက် ဖြစ်ရပ်လေ့လာချက်များ (case studies) ကို လေ့လာ၍ လေ့ကျင့်ကြရမည်ဖြစ်သည်။ |
| **အပိုင်း (၇) – MHPSS ဆန်းစစ်အကဲဖြတ်ချက်** | မတော်မတရားပြုမှုခံရသော ကလေးများအတွက် ထိရောက်သည့် MHPSS ဆန်းစစ်အကဲဖြတ်မှု ပြုလုပ်ပေးခြင်းအကြောင်း ပိုမို နားလည်သိရှိအောင် နည်းပြလမ်းညွှန်ပေးသည့် အစီအစဉ် ဖြစ်သည်။ MHPSS ဆန်းစစ်အကဲဖြတ်ချက် နည်းလမ်း/ပုံစံ (assessment tool) အသုံးပြုပုံကို အဓိကလမ်းညွှန်ပြသပေးပါသည်။ ပါဝင်သူများသည် ထို tool ကို အသုံးပြုမှုနှင့် MHPSS လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်းတို့ကို လက်တွေ့လေ့ကျင့်ခွင့် ရကြပါသည်။ |
| **အပိုင်း (၈) - အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသော/ ခက်ခဲရှုပ်ထွေးသော MHPSS ဆန်းစစ်အကဲ ဖြတ်ချက်** | မိမိကိုယ်ကိုယ် သေကြောင်းကြံစည်ခြင်းနှင့် ထိခိုက်အောင် လုပ်ခြင်း အပါအဝင် အန္တရာယ်မြင့်မားသော/ ခက်ခဲရှုပ်ထွေးသော ဖြစ်ရပ်များကို ကိုင်တွယ်နိုင်စေရန် စွမ်းရည်မြှင့်တင်ပေးသည့် အစီအစဉ် ဖြစ်ပါသည်။ ဤအပိုင်းတွင် အကောင်းအဆိုး ဝေဖန်ခြင်းကင်းသော ကူညီပံ့ပိုးမှု၊ လွှဲပြောင်းညွှန်းပို့မှုလမ်းကြောင်းများနှင့် |

[4] ညွှန်ကြားပြသပေးသည့် ဆက်သွယ်ပြောဆိုမှုနည်းစနစ်များ (Directive communication) တွင် နားလည်သိရှိမှုနှင့် ဘေးကင်းလုံခြုံမှုအတွက် အထောက်အကူဖြစ်စေမည့် ရှင်းလင်းတိကျသော ဖွဲ့စည်းတည်ဆောက်ပုံ၊ လမ်းညွှန်မှု (သို့မဟုတ်) သတင်းအချက်အလက်များကို ပေးအပ်ပါသည်။ ညွှန်ကြားမှု၊ ဦးဆောင်မှု မပြုဘဲ ကလေးသူငယ်ကို ဗဟိုပြုသည့် နည်းစနစ်များ (Non-directive communication) တွင်မူ မိမိတို့ဆက်သွယ်ပြောဆိုသည့် အကြောင်းအရာနှင့် အနေးအမြန်ကို ကလေးအား ဦးဆောင်စေကာ ကလေး၏ မိမိဘဝကို မိမိစိုးပိုင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုတို့ကို မြှင့်တင်ပေးပါသည်။ စကားလုံးဖြင့် ထိုဆက်သွယ်ပြောဆိုမှုများ ဖြစ်နိုင်သလို စကားလုံးမဲ့ဆက်သွယ်ပြောဆိုမှုများလည်း ဖြစ်နိုင်ပါသည်။

| | |
|---|---|
| | အန္တရာယ်မြင့်မားသော ဖြစ်ရပ်များအတွက် ကြီးကြပ်ပံ့ပိုးမှုပေးသည့် နည်းလမ်းများကို ပိုမိုနားလည်သိရှိအောင် လမ်းညွှန်သင်ပြပေးပါသည်။ |
| **အပိုင်း (၉) - ဖြစ်ရပ်အဆင့် ပေါင်းစပ်ညှိနှိုင်းမှုများ** | ဘေးကင်းလုံခြုံသည့် လွှဲပြောင်းညွှန်းပို့မှုများ၊ ထိရောက်သည့် ပေါင်းစပ်ညှိနှိုင်းမှု၊ ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှု (case consultations) နှင့် ဖြစ်ရပ်ညှိနှိုင်း အစည်းအဝေးများ (case conferences) ကို သင့်မြတ်လျော်ကန်စွာ အသုံးပြုမှုတို့၏ အရေးပါပုံကို ပိုမို နားလည်သိရှိအောင် သင်ကြားပြသပေးသည့် အစီအစဉ်ဖြစ်သည်။ အစီအစဉ်တွင် ပါဝင်တက်ရောက်သူများသည် ၎င်းတို့ တာဝန်ထမ်းဆောင်နေသည့် နေရာဒေသအခြေအနေအတွင်း CCS လမ်းညွှန်အခြေခံမှုများကို လေးစားလိုက်နာရင်း ပေါင်းစပ်ညှိနှိုင်းမှုများ အားကောင်းအောင် လုပ်ဆောင်နိုင်မည့် လက်တွေ့ကျသော နည်းဗျူဟာများကို ဖော်ထုတ်ကြရမည်ဖြစ်သည်။ |
| **အပိုင်း (၁၀) - ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ကလေးပြုစုစောင့်ရှောက်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း** | ဤနည်းပြလမ်းညွှန်မှုအစီအစဉ်တွင် ပါဝင်တက်ရောက်သူများသည် CCS လမ်းညွှန်နှင့်အညီ ကိုယ်တိုင်ကျူးလွန်ခဲ့ခြင်း မရှိသည့် ကလေးပြုစုစောင့်ရှောက်သူများနှင့် မည်သည့်အချိန်တွင် မည်သို့ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရမည် (ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် စဉ်းစားသောအခါတွင် အပါအဝင်) ဆိုသည်ကို ပိုမို နားလည်သိရှိသွားမည်ဖြစ်သည်။ ဤအပိုင်းတွင် လက်ရှိအသုံးပြုနေသည့် ချဉ်းကပ်မှုပုံစံများကို ပြန်လည်သုံးသပ်ဆန်းစစ်နိုင်ရန်နှင့် မတော်မတရားပြုမှုခံရသော ကလေးများအတွက် ပိုမိုကောင်းမွန်သော ရလဒ်များ ထွက်ပေါ်စေရေး ပြုစုစောင့်ရှောက်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေမည့် နည်းဗျူဟာများကို ဖော်ထုတ်သတ်မှတ်နိုင်ရန် ကူညီပေးပါသည်။ |
| **အပိုင်း (၁၁) - အဓိက သင်ခန်းစာများကို အနှစ်ချုပ်ခြင်း/ နည်းပြလမ်းညွှန်ခြင်း အစီအစဉ် အဆုံးသတ်ခြင်း** | နည်းပြလမ်းညွှန်ခြင်းအစီအစဉ်မှ လေ့လာသင်ယူရရှိသည်များကို တစ်စုတစ်စည်းတည်းဖြစ်အောင် ပြန်လည်စုစည်းရန်၊ ကျင့်သုံးဆောင်ရွက်နေသည့် အလေ့အထများ အဆင့်ဆင့်တိုးတက်ပြောင်းလဲမှုအပေါ် ပြန်လည်သုံးသပ်ရန်နှင့် မေးမြန်းရန်ကျန်ရှိနေသည့် မေးခွန်းများကို ဖြေကြားပေးရန် ဖြစ်သည်။ နည်းပြလမ်းညွှန်ခြင်းဆိုင်ရာ လက်စွဲနှင့် နည်းလမ်းကို ပြင်ဆင်မွမ်းမံရာတွင် အသုံးပြုနိုင်ရန်အတွက် ပါဝင်တက်ရောက်သူများထံမှ အကြံပြုချက်များကိုလည်း တောင်းခံရယူမည်ဖြစ်သည်။ |

# ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် လမ်းညွှန်

ဤအပိုင်းတွင် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများအတွက် နည်းပြလမ်းညွှန်မှုများ (coaching) ပြုလုပ်ပံ့ပိုးပေးရခြင်း၏ ယေဘုယျ ရည်ရွယ်ချက်ကို အကျဉ်းချုပ် ဖော်ပြပေးထားပါသည်။ နည်းပြလမ်းညွှန်ပေးမှု ဆိုသည်မှာ မည်သည်ကို ဆိုလိုသည်၊ မည်သည်ကို ဆိုလိုခြင်း မဟုတ်ဆိုသည်ကို ရှင်းရှင်းလင်းလင်း သိရှိအောင် ဖော်ပြပေးထားပြီး ကြီးကြပ်ပံ့ပိုးသူများအနေဖြင့် နည်းပြ လမ်းညွှန်မှုအစီအစဉ်များ (coaching sessions) အတွက် ကြိုတင်ပြင်ဆင်မှုများကို မည်သို့ ထိရောက်စွာ လုပ်ဆောင်နိုင်မည်ဆိုသည့် အကြံပြုချက်များကို ပေးအပ်ထားပါသည်။

**ရည်ရွယ်ချက်** - GBV/CP ဖြစ်ရပ်စီမံခန့်ခွဲသူများ (caseworkers) ကို နည်းပြလမ်းညွှန်မှုများ ပေးအပ်ပံ့ပိုးရခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းတို့အား မတော်မတရားပြုမူခံရသော ကလေးများကို ကူညီပံ့ပိုးပေးနိုင်မှုစွမ်းရည် မြှင့်တင်ပေးရန်၊ နည်းပညာပိုင်းဆိုင်ရာ အသိပညာများ (လမ်းညွှန်အခြေခံမှုများနှင့် လမ်းညွှန်ချက်များအပါအဝင်) ကို လက်တွေ့အသုံးချနိုင်ရန်နှင့် ၎င်းတို့၏ ဆက်သွယ်ပြောဆိုမှုစွမ်းရည်များ မြင့်မားလာပြီး ကလေးများကို ပျော်ရွှင်အဆင်ပြေစေမည့် စိတ်နေသဘောထားများ မွေးမြူထားရှိလာစေရန် ဖြစ်ပါသည်။

နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ ကိစ္စများ (သို့မဟုတ်) လုပ်ငန်းစွမ်းဆောင်ရည်နှင့် စပ်လျဉ်းသော ကိစ္စများကို ဆွေးနွေးရမည့် နေရာ မဟုတ်ပါ။ ထိုကိစ္စများကို သီးသန့် ဆွေးနွေးသင့်ပါသည်။

| အကြံပြုချက်များ |
|---|
| နည်းပြလမ်းညွှန်မှုအစီအစဉ် မပြုလုပ်မီ ဤလက်စွဲကို သေချာစွာ ဖတ်ရှုလေ့လာထားပါ။ သို့မှသာ ပါဝင်သော အကြောင်းအရာများကို ကောင်းစွာ နားလည်သိရှိပြီး လိုအပ်လျှင် မိမိတို့၏ နေရာဒေသအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပြောင်းလဲနိုင်မည်ဖြစ်သည်။ အကြောင်းအရာတစ်ခုခုနှင့် ပတ်သက်၍ ပြန်လည်အမှတ်ရအောင် လေ့လာဖို့ လိုအပ်လျှင် ဤလက်စွဲတွင် ပါရှိသော ရည်ညွှန်းကိုးကားချက်စာရွက်စာတမ်းများနှင့်အတူ ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေထားသည့် CCS လမ်းညွှန်နှင့် သင်ရိုးကို ပြန်လည်ဖတ်ရှုလေ့လာပါ။ သို့မှသာ မိမိတို့ ကြီးကြပ်ပံ့ပိုးပေးရသူများကို ကျွမ်းကျင်မှုအပြည့်ဖြင့် ထိရောက်စွာ နည်းပြလမ်းညွှန်မှုများ ပေးနိုင်မည် ဖြစ်သည်။ |
| သင် ကြီးကြပ်ပံ့ပိုးပေးနေရသူ(များ) အတွက် နည်းပြလမ်းညွှန်ခြင်း အစီအစဉ်ကို အဖွဲ့လိုက် လုပ်ဆောင်ပေးလျှင် အကောင်းဆုံး ဖြစ်မည်လား (သို့မဟုတ်) တစ်ဦးချင်းလုပ်ဆောင်ပေးလျှင် အကောင်းဆုံးဖြစ်မည်လားဆိုသည်ကို သေချာစွာ စဉ်းစားဆုံးဖြတ်ပါ။ ၎င်းတို့၏ အတွေ့အကြုံအနည်းအများနှင့် ၎င်းတို့ အောင်မြင်စွာ ကိုင်တွယ်နိုင်ခဲ့သည့် ဖြစ်ရပ်အမျိုးအစားများ၊ လမ်းညွှန်မှု၊ ကြီးကြပ်ပံ့ပိုးမှုနှင့် နည်းပညာအကူအညီများ ပေးအပ်လျှင် ၎င်းတို့အတွက် ပိုမိုအကျိုးရှိနိုင်မည့် ဖြစ်ရပ်အမျိုးအစားများကို ထည့်သွင်းစဉ်းစားပါ။ |
| အတွေ့အကြုံနည်းသူဖြစ်စေ၊ များသူဖြစ်စေ ဖြစ်ရပ်စီမံခန့်ခွဲသူမှန်သမျှသည် နည်းပြလမ်းညွှန်မှုများဖြင့် ကြီးကြပ်ပံ့ပိုးပေးခြင်းကြောင့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရှိဖို့ လိုပါသည်။ သင်တန်းဆင်းခါစ ဖြစ်ရပ်စီမံခန့်ခွဲသူများသာမက အတွေ့အကြုံများသည့် ဖြစ်ရပ်စီမံခန့်ခွဲသူများအတွက်လည်း နည်းပြလမ်းညွှန်မှုများသည် အကျိုးရှိနိုင်ပါလိမ့်မည်။ ဤအစီအစဉ်များတွင် ၎င်းတို့၏ အသိပညာဗဟုသုတများနှင့် ကျွမ်းကျင်မှုများကို ပြန်လည်မွမ်းမံလေ့ကျင့်နိုင်ပြီး မတော်မတရား ပြုမူခြင်း ခံရသော ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရန်အတွက် ပညာရှင်ပီသသည့် စူးစိုက်နှစ်မြှုပ်အားထုတ်မှုကို တစ်ဖန်ပြန်လည် အားသစ်လောင်းပေးနိုင်ပါသည်။ အဖွဲ့လိုက် နည်းပြလမ်းညွှန်ပေး |

| |
|---|
| သည့် အစီအစဉ်ကို ပြုလုပ်လျှင် ဖြစ်ရပ်စီမံခန့်ခွဲများအချင်းချင်းကြား အပြန်အလှန်ဖလှယ်ခြင်းနှင့် သင်ယူခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သဖြင့် အားလုံးအတွက် အကျိုးရှိနိုင်ပါသည်။ |
| နည်းပြလမ်းညွှန်မှုများ ပြုလုပ်ပေးမည့် အစီအစဉ်နှင့် အချိန်ဇယားကို ကြိုတင်ပြင်ဆင်ရေးဆွဲထားပြီး သင် ကြီးကြပ်ပံ့ပိုးပေးနေသူ(များ) နှင့် တိုင်ပင်ဆွေးနွေးပါ။ ထိုအချိန်ဇယားသည် အခြားအရေးကြီးသည့် လုပ်ငန်းများ (ဥပမာ မတော်မတရားပြုမူခြင်းခံရသော ကလေးများနှင့် ကြိုတင်ချိန်းဆိုထားသည့် ဖြစ်ရပ်စီမံခန့်ခွဲမှုဆွေးနွေးပွဲများ) နှင့် အချိန်တိုက်မနေစေရန် သေချာစစ်ဆေးပါ။ ၎င်းတို့အား အစီအစဉ်တိုင်းအတွက် ကြိုတင်ပြင်ဆင်ချိန်ကို လုံလောက်စွာ ပေးပါ။ |
| နည်းပြလမ်းညွှန်ခြင်းအစီအစဉ် မစတင်မီ ကြိုတင်၍ ရုပ်မြင်အထောက်အကူပစ္စည်းများ (သို့မဟုတ်) ဖြန့်ဝေပေးမည့် မှတ်စုများကို ကြိုတင်ပြင်ဆင်ပါ။ |
| လုံခြုံစိတ်ချရပြီး အားပေးကူညီမှုရှိသည့် လေ့လာသင်ယူမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်ရန်အတွက် သီးသီးသန့်သန့်ရှိပြီး အဆင်ပြေသည့် နေရာတစ်ခုကို ရွေးချယ်၍ အစီအစဉ်ကို ပြုလုပ်ပေးပါ။ |
| သင် ကြီးကြပ်ပံ့ပိုးပေးရသူ(များ) အတွက် နည်းပြလမ်းညွှန်မှုအစီအစဉ်ကို ပြုလုပ်ပေးသောအခါတွင် အခြားကိစ္စများကို အာရုံစိုက်စရာမလိုဘဲ နည်းပြလမ်းညွှန်မှုကိုသာ အားစိုက်ပြုလုပ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါ။ အရေးပေါ်ကိစ္စတစ်ခုခု ပေါ်ပေါက်လာပါက အစီအစဉ်ကို နောက်တစ်ကြိမ် ပြန်လည်ပြုလုပ်ရန် ချိန်းဆိုပါ။ နှစ်ဦးနှစ်ဖက် အဆင်ပြေသည့် အနီးဆုံးအချိန်ကို ရွေးချယ်သတ်မှတ်ပါ။ |
| လူတိုင်း၏ အချိန်ကို လေးစားသောအားဖြင့် အစီအစဉ်များကို အချိန်မှန်စတင်ပါ။ သင် ကြီးကြပ်ပံ့ပိုးပေးရသူ(များ) အားလပ်မည့်အချိန်ကိုလည်း လေးစားပါ။ အကယ်၍ သတ်မှတ်ထားသည်ထက် အချိန်ပိုမိုကြာမြင့်မည်ဆိုပါက သင် ကြီးကြပ်ပံ့ပိုးပေးရသူ(များ) အား ၁) အချိန်ထပ်ယူရန် ဖြစ်နိုင်/မဖြစ်နိုင် (သို့မဟုတ်) နောက်ထပ်တစ်ချိန် စီစဉ်ရန် လိုအပ်/မလိုအပ် မေးမြန်းတိုင်ပင်ပါ။ |

# ဖြစ်ရပ်စီမံခန့်ခွဲသူများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် လမ်းညွှန်

ဤအပိုင်းတွင် ဖြစ်ရပ်စီမံခန့်ခွဲသူများ (ကြီးကြပ်ပံ့ပိုးမှုခံယူသူများ) အတွက် နည်းပြလမ်းညွှန်မှု အစီအစဉ်များ ပြုလုပ်ပံ့ပိုးပေးရခြင်း၏ ယေဘုယျ ရည်ရွယ်ချက်ကို အကျဉ်းချုပ် ဖော်ပြပေးထားပါသည်။ နည်းပြလမ်းညွှန်ပေးမှု ဆိုသည်မှာ မည်သည်ကို ဆိုလိုသည်၊ မည်သည်ကို ဆိုလိုခြင်း မဟုတ်ဆိုသည်ကို ရှင်းရှင်းလင်းလင်း သိရှိအောင် ဖော်ပြပေးထားပြီး ၎င်းတို့အနေဖြင့် ထိုအစီအစဉ်များမှ မည်သို့ အကျိုးကျေးဇူး ရရှိနိုင်မည်၊ အကျိုးအများဆုံး ရရှိစေရန် ထိုအစီအစဉ်များအတွက် မည်သို့ ကြိုတင်ပြင်ဆင်၍ 'လာရောက်' ရမည်ဆိုသည့် အကြံပြုချက်များ ပါရှိပါသည်။

**ရည်ရွယ်ချက်** - GBV/CP ဖြစ်ရပ်စီမံခန့်ခွဲသူများ (caseworkers) ကို နည်းပြလမ်းညွှန်မှုများ ပေးအပ်ပံ့ပိုးရခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းတို့အား မတော်မတရားပြုမူခံရသော ကလေးများကို ကူညီပံ့ပိုးပေးနိုင်မှုစွမ်းရည် မြှင့်တင်ပေးရန်၊ နည်းပညာပိုင်းဆိုင်ရာ အသိပညာများ (လမ်းညွှန်အခြေခံမူများနှင့် လမ်းညွှန်ချက်များအပါအဝင်) ကို လက်တွေ့အသုံးချ

နိုင်စေရန်နှင့် ၎င်းတို့၏ ဆက်သွယ်ပြောဆိုမှုစွမ်းရည်များ မြင့်မားလာပြီး ကလေးများကို ပျော်ရွှင်အဆင်ပြေစေမည့် စိတ်နေသဘောထားများ မွေးမြူထားရှိလာစေရန် ဖြစ်ပါသည်။

နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ ကိစ္စများ (သို့မဟုတ်) လုပ်ငန်းစွမ်းဆောင်ရည်နှင့် စပ်လျဉ်းသော ကိစ္စများကို ဆွေးနွေးရမည့် နေရာ မဟုတ်ပါ။ ထိုကိစ္စများကို သီးသန့် ဆွေးနွေးသင့်ပါသည်။

| အကြံပြုချက်များ |
| --- |
| နည်းပြလမ်းညွှန်မှုအစီအစဉ်များကို တက်ရောက်သောအခါတွင် စိတ်ကိုဖွင့်ထားပြီး လိုလိုလားလား သင်ယူလိုစိတ် မွေးမြူပါ။ သို့မှသာ ထိုအစီအစဉ်များမှ အကျိုးကျေးဇူးများ ပိုမို ရရှိနိုင်မည်ဖြစ်သည်။ |
| နည်းပြလမ်းညွှန်မှုအစီအစဉ် မတိုင်မီ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ရန်အတွက် အချိန်ကို ရအောင် ဖန်တီးယူပါ။ တတ်နိုင်သမျှ အကောင်းဆုံးကြိုးစား၍ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ထားလျှင် သင်၏ ကြီးကြပ်သူက သင့်ကို ပိုမိုထိရောက်စွာ လမ်းညွှန်သင်ပြပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ |
| သင်၏ ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းနှင့် တိုက်ရိုက်ချိတ်ဆက်မှု မရှိလျှင်၊ သင်၏ နည်းပညာရပ်ပိုင်းဆိုင်ရာ ကျင့်သုံးဆောင်ရွက်မှုအပေါ် တိုက်ရိုက် သက်ရောက်မှု မရှိလျှင် စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်းဆိုင်ရာ ကိစ္စများကို နည်းပြလမ်းညွှန်မှု အစီအစဉ်တွင် တင်ပြဆွေးနွေးရန် မကြိုးစားပါနှင့်။ ဤအစီအစဉ်များသည် မတော်မတရားပြုမူခံရသော ကလေးများကို ဗဟိုပြုပြီး သင်၏ ကျွမ်းကျင်မှုများ၊ အသိပညာများ၊ ထိုကလေးများ၏ ဘေးကင်းလုံခြုံမှုနှင့် စိတ်ဒဏ်ရာကုစားမှုများကို မြှင့်တင်ပေးနိုင်သည့် အရည်အသွေးမြင့် ဝန်ဆောင်မှုများ အချိန်မီ ရရှိအောင် ကူညီပေးနိုင်စွမ်း တိုးတက်မြင့်မားလာစေရန်အတွက်သာ ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ပါသည်။ |
| သင်၏ ကြီးကြပ်သူက သင် တစ်ဦးတည်းအတွက် သီးသန့်ပြုလုပ်ပေးသော နည်းပြလမ်းညွှန်မှုအစီအစဉ်ကို တက်ရောက်ရမည်ဆိုလျှင် ဤသည်မှာ သင့်အတွက် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ကြောင်း သိရှိဖို့လိုပါသည်။ သင်၏ ကျင့်သုံးဆောင်ရွက်မှု အလေ့အထများ တိုးတက်ကောင်းမွန်စေရေးအတွက် အဓိကထား ပြုလုပ်ပေးသည့် အစီအစဉ်ဖြစ်သဖြင့် သင့်အတွက် များစွာ အကျိုးရှိမည် ဖြစ်ပါသည်။ သင်၏ ကြီးကြပ်သူနှင့် အနှစ်သာရပြည့်ဝစွာ အပြန်အလှန်ဆွေးနွေးသင်ယူနိုင်ရန် အသင့်ဖြစ်နေသည့်အနေအထားဖြင့် တက်ရောက်ရန် ပြင်ဆင်ထားရပါမည်။ |
| သင်သည် အဖွဲ့လိုက် နည်းပြလမ်းညွှန်ပေးသည့် အစီအစဉ်ကို တက်ရောက်ရမည်ဆိုလျှင် ဤသည်မှာ သင့်အတွက် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ကြောင်း သိရှိဖို့ လိုပါသည်။ သင်၏ ကျင့်သုံးဆောင်ရွက်မှု အလေ့အထများ တိုးတက်ကောင်းမွန်စေရန်အပြင် သင်၏ လုပ်ဖော်ကိုင်ဖက်များနှင့် အပြန်အလှန်လေ့လာသင်ယူ၊ ဖလှယ်နိုင်ရန် ပြုလုပ်ပေးသည့် အစီအစဉ်ဖြစ်သောကြောင့် သင့်အတွက် များစွာ အကျိုးရှိမည်ဖြစ်သည်။ အတွေ့အကြုံအလွန်များသည့် ဖြစ်ရပ်စီမံခန့်ခွဲသူများသည်လျှင်ပင် အပြုသဘောဆောင်သော စိတ်နေသဘောထားဖြင့် လေ့လာသင်ယူလိုစိတ်၊ အပြန်အလှန်ဆွေးနွေးဖလှယ်လိုသည့် ပွင့်လင်းသော စိတ်ထား ရှိလျှင် အဖွဲ့လိုက်၊ အုပ်စုလိုက် လေ့လာသင်ယူမှုမှ အကျိုးကျေးဇူး များစွာ ရရှိနိုင်ပါသည်။ |
| သင့်ကြီးကြပ်သူ၏ အချိန်ဇယားနှင့် အားစိုက်ထုတ်မှုများကို လေးစားတန်ဖိုးထားပါ။ အချိန်မှန် တက်ရောက်ပါ။ အရေးပေါ်ကိစ္စတစ်ခုကြောင့် နောက်ကျမည်ဆိုလျှင် (သို့မဟုတ်) မတက်ရောက်နိုင်လျှင် သင်၏ ကြီးကြပ်သူထံ တတ်နိုင်သမျှ အမြန်ဆုံး အကြောင်းကြားပါ။ |
| အစီအစဉ် အစအဆုံး အပြည့်အဝ အာရုံစိုက်၍ လေ့လာသင်ယူပါ။ အပြည့်အဝ အာရုံစိုက်နိုင်ရန်အတွက် အာရုံလွဲစေမည့် အနှောင့်အယှက်များကို နည်းနိုင်သမျှ နည်းအောင် ပြုလုပ်ထားပါ။ နည်းပြလမ်းညွှန်မှု အစီအစဉ်ကို တက်ရောက်နေစဉ် ဖြစ်ရပ်တစ်ခုနှင့် ပတ်သက်၍ အရေးပေါ်ကိစ္စတစ်ခု ပေါ်ပေါက်လာလျှင် သင်၏ ကြီးကြပ်သူထံ |

အမြန်ဆုံး အကြောင်းကြားကာ က) ပြဿနာကို ဖြေရှင်းနေစဉ် အစီအစဉ်ကို ခဏ ရပ်နားထားမည်လား၊ ခ) နောက်တစ်ကြိမ်ပြန်လည်ချိန်းဆိုမည်လားဆိုသည်ကို တိုင်ပင်၍ သဘောတူဆုံးဖြတ်ပါ။ အရေးပေါ်ကိစ္စဆိုသည်မှာ အသက်အန္တရာယ်ကို ခြိမ်းခြောက်သော အခြေအနေတစ်ခု (သို့မဟုတ်) တစ်စုံတစ်ယောက်အပေါ် ကြီးမားသည့် အန္တရာယ်တစ်ခု ကျရောက်နိုင်သည့် အခြေအနေတစ်ခုကို ဆိုလိုပါသည်။

# နည်းပြလမ်းညွှန်မှုအစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လေ့လာထားရမည့် အရာများ

နည်းပြလမ်းညွှန်မှုအစီအစဉ်တစ်ခုတွင် ပါဝင်တက်ရောက်ခြင်း မပြုမီ ဖြစ်ရပ်စီမံခန့်ခွဲသူများသည် CCS သင်တန်းတစ်ခုကို တက်ရောက်ထားပြီး ဖြစ်ရပါမည်။

CCS သင်တန်း တက်ရောက်ပြီးစီးခဲ့သည်မှာ အချိန်မည်မျှ ကြာမြင့်ခဲ့ပြီနည်းဆိုသည့်အပေါ်တွင် မူတည်၍ ဖြစ်ရပ်စီမံခန့်ခွဲသူများသည် အွန်လိုင်းမှ မွမ်းမံသင်တန်းကို ထပ်မံတက်ရောက်ထားမည်ဆိုပါကလည်း အကျိုးများနိုင်ပါသည်။ ထိုမွမ်းမံသင်တန်းသည် ၂၀၂၃ ခုနှစ် CCS လမ်းညွှန်ပေါ်တွင် အခြေခံ၍ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်း ခံရသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ခြင်း (CCS) ဆိုင်ရာ အသိပညာအခြေခံအုတ်မြစ်ကို ချပေးရန် ရည်ရွယ်ပို့ချပေးသည့် သင်တန်း ဖြစ်သည်။ ထိုအွန်လိုင်းသင်တန်း ( CCS e-learning course ) ကို UNICEF ၏ AGORA e-learning platform တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

# နည်းပြလမ်းညွှန်ခြင်း အစီအစဉ်တွင် ပါဝင်သော အပိုင်းများ

## အပိုင်း (၁) - နည်းပြလမ်းညွှန်မှု လုပ်ငန်းစဉ်နှင့် CCS လမ်းညွှန်အခြေခံမှုများကို မိတ်ဆက်ခြင်း

| | |
|---|---|
| ရည်ရွယ်ချက်များ | • ပါဝင်တက်ရောက်သူများအား နည်းပြလမ်းညွှန်မှု လုပ်ငန်းစဉ်နှင့် နည်းလမ်းပုံစံကို မိတ်ဆက်ပေးရန်<br>• CCS လမ်းညွှန်အခြေခံမှုများကို ပါဝင်တက်ရောက်သူများ ကောင်းစွာ ကျေညက်စေရေး အကျဉ်းချုပ်ပြန်လည်ဆွေးနွေးပေးရန် |
| ကြာမြင့်ချိန် | (၆၀) မိနစ် |
| ဆွေးနွေးမည့် အကြောင်းအရာများ နှင့် အဆိုပြု ကြာမြင့်ချိန်များ | • ကြိုဆိုနှုတ်ခွန်းဆက်ခြင်း *(၅ မိနစ်)*<br>• နည်းပြလမ်းညွှန်မှုလုပ်ငန်းစဉ်၊ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းတည်ဆောက်ပုံ *(၅ မိနစ်)*<br>• မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု/ အပြန်အလှန်စုပေါင်း၍ ဂရုစိုက်စောင့်ရှောက်မှု၏ အရေးပါပုံကို အကျဉ်းချုပ် ပြန်လည်ဆွေးနွေးပေးခြင်း *(၁၀ မိနစ်)*<br>• ရည်ရွယ်ချက်နှင့် ပါဝင်တက်ရောက်သူများ၏ အတွေ့အကြုံများ/ အသိအမြင်များကို မေးမြန်းခြင်း<br>    ○ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်သည့် နည်းလမ်း နမူနာတစ်ခု<br>• CCS လမ်းညွှန်အခြေခံမှုများကို အကျဉ်းချုပ် ပြန်လည်ဆွေးနွေးပေးခြင်း *(၃၀ မိနစ်)*<br>    ○ ဆွေးနွေးမှုအစီအစဉ် (သို့မဟုတ်) ဖြစ်ရပ်လေ့လာချက်ဖြင့် လေ့ကျင့်ခြင်း (သို့မဟုတ်) နှစ်မျိုးစလုံး<br>• အမေးအဖြေ *(၅ မိနစ်)*<br>• အစီအစဉ် အဆုံးသတ်ခြင်း *(၅ မိနစ်)* |
| သင်ထောက်ကူများ | ဖြန့်ဝေပေးရမည့် မှတ်စုများ<br>• CCS မော်ဂျူး (၁) - လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်း ခံရသော ကလေးသူငယ်များကို ပြုစုစောင့်ရှောက်သည့် နည်းလမ်း၏ လမ်းညွှန်အခြေခံမှုများ |

| | |
|---|---|
| | • ဖြစ်ရပ်လေ့လာချက် - CCS လမ်းညွှန်များကို လက်တွေ့အသုံးချခြင်း<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ |
| အစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လုပ်ဆောင်ထားရမည့် သုံးသပ်ဆင်ခြင် လေ့လာမှု/ လုပ်ဆောင်မှု | • မရှိပါ။ |
| **အစီအစဉ် ပြီးသည့်နောက် ဖတ်ရှုလိုက ဖတ်ရှုလေ့လာရန်** | • CCS လမ်းညွှန် အခန်း (၁) (အင်္ဂလိပ်ဗားရှင်းစာမျက်နှာ ၂၀-၂၅)<br>• CCS သင်ရိုး မော်ဂျူး (၁)<br>• ဖြန့်ဝေရန်မှတ်စု ၁-၁။ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်း ခံရသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်မှု နည်းလမ်း၏ လမ်းညွှန်အခြေခံမှုများ |

# အစီအစဉ် အပိုင်း (၁) တွင် ပါဝင်သည့် အကြောင်းအရာများ

## *၁-၁။ ကြိုဆိုနှုတ်ခွန်းဆက်ခြင်းနှင့် မိတ်ဆက်ခြင်း (၅ မိနစ်)*

- နည်းပြလမ်းညွှန်ခြင်းအစီအစဉ်တွင် ပါဝင်တက်ရောက်လာသူများကို ကြိုဆိုနှုတ်ခွန်းဆက်ပါ။
- **ပြောပါ -** နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် လုံခြုံစိတ်ချစွာ လေ့လာသင်ယူနိုင်သည့် အစီအစဉ်များဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေရန်အတွက် မေးခွန်းများနှင့် အကြံပြုချက်များကို ကြိုဆိုပါသည်။
- **တောင်းဆိုပါ -** တက်ရောက်လာသူများအား ၎င်းတို့၏ အမည်၊ တာဝန်နှင့် ဤအစီအစဉ်များမှ ရရှိမည်ဟု ၎င်းတို့ မျှော်လင့်ထားသည့် အရာများကို မျှဝေခိုင်းပါ။

**လုပ်ဆောင်ပါ - ဤလေ့ကျင့်ခန်းကို ဆန္ဒရှိလျှင် လုပ်ဆောင်နိုင်ပါသည် - အမှန်နှစ်ခုနှင့် အမှားတစ်ခု**

ပါဝင်တက်ရောက်လာသူများသည် တစ်ဦးနှင့်တစ်ဦး မသိကြလျှင် (သို့မဟုတ်) မကြာခဏ အလုပ်တွဲလုပ်သူများ မဟုတ်လျှင် ဤလေ့ကျင့်ခန်းသည် အချင်းချင်းကြား ရင်းနှီးမှု ပိုမိုရရှိစေကာ တစ်ယောက်အကြောင်း တစ်ယောက် သိရှိနိုင်ရန် အထောက်အကူပြုသည့် လေ့ကျင့်ခန်း ဖြစ်ပါသည်။

- နှစ်ယောက်တစ်တွဲစီ တွဲခိုင်းပါ။

- အားလုံးကို ၎င်းတို့အကြောင်း ဖော်ပြသည့် ဖော်ပြချက် သုံးခုကို စဉ်းစားခိုင်းပါ။ ဖော်ပြချက်သုံးခုတွင် နှစ်ခုက အမှန်ဖြစ်ပြီး တစ်ခုက အမှား ဖြစ်ရပါမည်။ ၎င်းတို့ကိုယ်တိုင်အကြောင်း၊ ၎င်းတို့အလုပ်အကြောင်း၊ ၎င်းတို့၏ နှစ်သက်မှုများ အကြောင်း၊ မည်သည့်အကြောင်းအရာမဆို ဖြစ်နိုင်ပါသည်။
- ထို့နောက် မိမိနှင့် နှစ်ယောက်တစ်တွဲ တွဲထားသူအား အမှန်နှစ်ခု၊ အမှားတစ်ခုပါသည့် ထိုဖော်ပြချက်များကို ပြောပြပါ။ ထိုသူက ဖော်ပြချက်သုံးခုထဲမှ မှားယွင်းသည့် ဖော်ပြချက်ကို ခန့်မှန်းရွေးချယ်ပေးရပါမည်။

## *၁-၂။ နည်းပြလမ်းညွှန်မှု လုပ်ငန်းစဉ်၊ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းတည်ဆောက်ပုံ (၅ မိနစ်)*

- **ပြောပါ -** T ဤနည်းပြလမ်းညွှန်မှု လုပ်ငန်းစဉ်သည် ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦး ဖြစ်သည့် သင်တို့ကို ကူညီပံ့ပိုးပေးရန် ဒီဇိုင်းရေးဆွဲထားသည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။ အဓိကကျသည့် အခြေခံမှုများကို ထပ်လောင်းသင်ကြားပေးသည့်၊ လက်တွေ့အသုံးချ ကျွမ်းကျင်မှုများကို တည်ဆောက်ပေးသည့်၊ ပြန်လည်သုံးသပ်ဆင်ခြင်မှုနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ အချင်းချင်းကြား အပြန်အလှန်သင်ယူမှုကို ပြုလုပ်နိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးသည့် အဖွဲ့လိုက်ဆွေးနွေးလုပ်ဆောင်သော လေ့ကျင့်ခန်းများ၊ အစီအစဉ်များ ပါဝင်ပါသည်။ ထိုအစီအစဉ်များသည် စနစ်တကျ ပုံစံချထားခြင်းဖြစ်ပြီး ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆွေးနွေးလုပ်ဆောင်ခြင်းဖြင့် သင်တို့၏ CCS အလေ့အထများ ပိုမိုအားကောင်းလာအောင် ကူညီပေးနိုင်ပါသည်။

နည်းပြလမ်းညွှန်မှုအစီအစဉ်တွင် စုစုပေါင်း အပိုင်း (၁၁) ပိုင်း ပါရှိပြီး တစ်ပိုင်းလျှင် တစ်နာရီခန့် ကြာမြင့်ပါသည်။ သို့သော် ထိထိရောက်ရောက် လေ့လာသင်ယူနိုင်ရန်အတွက် ထို့ထက်ပို၍ အချိန်ယူရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ လေ့လာသင်ယူမှု အရှိန်ရစေရန်နှင့် လေ့လာသင်ယူထားသည်များကို လက်တွေ့အသုံးချကာ မေ့ပျောက်မသွားစေရန်အတွက် နည်းပြလမ်းညွှန်မှုအစီအစဉ်များကို သင့်လျော်သည့် အတိုင်းအတာဖြင့် မကြာခဏ ကျင်းပပြုလုပ်ပေးသွားရန် ရည်ရွယ်ပါသည်။ ဥပမာ ဖြစ်နိုင်လျှင် နှစ်ပတ်တစ်ကြိမ် (သို့မဟုတ်) လစဉ် ပြုလုပ်ပေးသွားပါမည်။ နည်းပြလမ်းညွှန်မှုအစီအစဉ်၏ အပိုင်းတိုင်းသည် CCS လမ်းညွှန်တွင် ပါရှိသည့် အကြောင်းအရာများနှင့် ချိတ်ဆက်နေသဖြင့် ထိုလမ်းညွှန်များကို လက်တွေ့လုပ်ငန်းခွင်တွင် မည်သို့ ထည့်သွင်းအသုံးချနေကြောင်းကို ပြန်လည်သုံးသပ်နိုင်မည့် အခွင့်အလမ်း ရရှိမည်ဖြစ်သလို ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ CCS သင်တန်းနောက်ပိုင်း ပေါ်လာသော မေးခွန်းများ ရှိလျှင်လည်း ဆွေးနွေးမေးမြန်းအဖြေရှာနိုင်မည်ဖြစ်ပါသည်။

## *၁-၃။ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု/ စုပေါင်း၍ အပြန်အလှန်ဂရုစိုက် စောင့်ရှောက်မှု၏ အရေးပါပုံကို အကျဉ်းချုပ် ပြန်လည်ဆွေးနွေးပေးခြင်း (၁၀ မိနစ်)*

- **ပြောပါ -** လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်းခံရသော ကလေးများနှင့် အလုပ်လုပ်ရခြင်းသည် ဖြစ်ရပ်စီမံခန့်ခွဲသူများနှင့် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများအပေါ် ကြီးမားသည့် စိတ်ခံစားချက်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ရှိပါသည်။ မတော်မတရားပြုမူခံရသူများ၏ စိတ်ဒဏ်ရာရရှိစေသော အတွေ့အကြုံများနှင့် အမြဲမပြတ် ထိတွေ့နေရမှုကြောင့် ဝန်ထမ်းများသည် စိတ်ဖိစီးမှု၊ ကိုယ်ရောစိတ်ပါ ချုံးချုံးကျမှုနှင့် တစ်ဆင့်ခံစိတ်ဒဏ်ရာများ (vicarious trauma) ရရှိနိုင်သည့် အန္တရာယ်ရှိပြီး ၎င်းတို့၏ ကျန်းမာပျော်

ရှင်မှုကို ထိခိုက်နိုင်သည့်အပြင် ဝန်ထမ်းများအပေါ် ထိုသို့သော ဆိုးကျိုးသက်ရောက်မှုကြောင့် ကလေးများနှင့် ၎င်းတို့၏ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများအတွက် ပေးအပ်နေသည့် ဝန်ဆောင်မှုများ၊ ကူညီစောင့်ရှောက်မှုများ၏ အရည်အသွေး၊ ဘေးကင်းလုံခြုံမှုနှင့် တစ်သမတ်တည်းဖြစ်မှုတို့ကိုပါ ထိခိုက်စေနိုင်ကြောင်း CCS လမ်းညွှန် တွင် လက်ခံအသိအမှတ်ပြု ဖော်ပြထားပါသည်။

**ရှင်းပြပါ -** မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်ခြင်း၊ စုပေါင်း၍ အပြန်အလှန်ဂရုစိုက်စောင့်ရှောက်ခြင်း နှင့် ကျန်းမာပျော်ရွှင်ခြင်းတို့၏ အဓိပ္ပါယ်များမှာ -

- **မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်ခြင်း** - မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်ခြင်း (Self-care) ဆိုသည်မှာ သင်၏ စွမ်းအင်၊ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ပြည့်စုံသည်ဟု သိမြင်ခံစားရမှု (sense of wholeness) တို့ကို ထိန်းသိမ်းထားနိုင်ရန် ရည်ရွယ်၍ လုပ်ဆောင်သော လုပ်ဆောင်မှုများမှတစ်ဆင့် သင်၏ ရုပ်ပိုင်းဆိုင်ရာ စိတ်ခံစားချက်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှုကို စဉ်ဆက်မပြတ် ဂရုစိုက်စောင့်ရှောက်သည့် အလေ့အထတစ်ခု ဖြစ်ပါသည်။ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်ခြင်းသည် တာဝန်မှ ရှောင်ပြေးခြင်း မဟုတ်ပါ။ သင့်ကိုယ်သင် အားပြန်ဖြည့်ခြင်းသာဖြစ်ပြီး ရှင်းရှင်းလင်းလင်း သိမြင်နားလည်မှု၊ စိတ်ကိုတည်ငြိမ်အောင် ပြန်လည်စုစည်းထားနိုင်မှု၊ ဖြောင့်မတ်တည်ကြည်မှုတို့နှင့် အလုပ်လုပ်နိုင်အောင် ကူညီပေးနိုင်သည့် နည်းလမ်းတစ်ခုသာ ဖြစ်ပါသည်။ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှုတွင် သင်၏ ဦးနှောက်နှင့် အာရုံကြောစနစ်ကို ထိန်းညှိပေးသည့် အလေ့အထများ၊ သင် ချမှတ်ထားသည့် စည်းဘောင်များ (boundaries) ကိုလေးစားမှု၊ သင် စွဲကိုင်ထားသည့် တန်ဖိုးများအတိုင်း နေထိုင်မှုတို့ကို အထောက်အကူပြုသည့် အလေ့အထများ ပါဝင်ပါသည်။ အနားယူခြင်း၊ ပြန်လည်သုံးသပ်ဆင်ခြင်ခြင်း၊ ကိုယ်လက်လှုပ်ရှား၍ တက်ကြွစွာ နေထိုင်ခြင်း၊ တီထွင်ဖန်တီးခြင်း (သို့မဟုတ်) အကူအညီတောင်းခံခြင်း၊ စသည်ဖြင့် အမျိုးမျိုးသော အလေ့အထများ ဖြစ်နိုင်ပါသည်။
- **စုပေါင်း၍ အပြန်အလှန်ဂရုစိုက်စောင့်ရှောက်ခြင်း (Collective care) -** စုပေါင်း၍အပြန်အလှန် ဂရုစိုက်စောင့်ရှောက်ခြင်း (Collective care) ဟူသည်မှာ အုပ်စုတစ်စု (သို့မဟုတ်) လူမှုအသိုင်းအဝိုင်းတစ်ခု၏ ကျန်းမာပျော်ရွှင်မှုကို အားပေးကူညီစောင့်ရှောက်ရန် အတူတကွ မျှဝေတာဝန်ယူမှု ဖြစ်ပါသည်။ မိမိပတ်ဝန်းကျင်မှ လူများအဆင်မပြေဖြစ်နေချိန်တွင် မည်သူကမျှ တစ်ဦးတည်း၊ တစ်ယောက်တည်း ချွန်၍ အဆင်ပြေပျော်ရွှင်အောင် မြင်နေမည် မဟုတ်ကြောင်းနှင့် အသင်းအဖွဲ့တစ်ခု (သို့မဟုတ်) အသိုင်းအဝိုင်းတစ်ခုအတွင်း အပြန်အလှန် ဂရုစိုက်စောင့်ရှောက်သည့် ယဉ်ကျေးမှုကို ပျိုးထောင်နိုင်မှသာလျှင် ပိုမိုအားကောင်းမည်ဖြစ်ကြောင်း လက်ခံအသိအမှတ်ပြုသည့် အလေ့အထလည်း ဖြစ်ပါသည်။ စုပေါင်း၍ အပြန်အလှန် ဂရုစိုက်စောင့်ရှောက်မှုတွင် လူတိုင်းအတွက် ဘေးကင်းလုံခြုံမှု၊ မိမိသည်လည်း အဖွဲ့ဝင်တစ်ဦး ဖြစ်သည်ဟု ခံစားရမှု၊ ရေရှည်တည်တံ့ခိုင်မြဲမှုတို့ကို ဖန်တီးတည်ဆောက်ပေးသည့် အလေ့အထများ ပါဝင်ပါသည်။ ဥပမာ အတူတကွ လက်ခံကျင့်သုံးသော စံနှုန်းများ ချမှတ်ထားခြင်း၊ စိတ်ခံစားချက် အခြေအနေကို ဂရုစိုက်မေးမြန်းကူညီခြင်း၊ အလုပ်ဝန်ကို သာတူညီမျှ ထမ်းရွက်ခြင်း၊ အသိုင်းအဝိုင်းတစ်ခုလုံးမှ လက်ခံသည့် သဘောတူညီမှုများ ရှိခြင်းနှင့် အားအင်ကုန်ခမ်းပင်ပန်းမှုကို လျှော့ချပေးပြီး တစ်ဦးနှင့်တစ်ဦး နီးကပ်မှု၊ ချိတ်ဆက်မှုကို အားပေးသော စနစ်များ ချမှတ်ထားရှိခြင်း၊ စသည်တို့ ဖြစ်ပါသည်။
- **ကျန်းမာပျော်ရွှင်မှု -** "ကျန်းမာပျော်ရွှင်မှု (Wellbeing) ဆိုသည်မှာ လူတစ်ဦး (သို့မဟုတ်) လူတစ်စုသည် ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံး ဟန်ချက်ညီညီဖြင့် ငြိမ်းအေးမှုကို ရရှိခံစားနေရသည့် အခြေအနေတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ဘဝအခြေအနေများ (တရားမျှတမှုမရှိသည့် ဘဝ၏ အပိုင်းကဏ္ဍများအပါအဝင်) ကို

လက်ခံအသိအမှတ်ပြုပေးနိုင်ပြီး တစ်ချိန်တည်းတွင် ဒေါသစိတ်ကို မမွေးမြူဘဲ အိပ်မက်များကို ဆက်မက်ရင်း ထိုအခြေအနေများကို ပြောင်းလဲသွားစေရန် (သို့မဟုတ်) ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဆုံးဖြတ်ချက်များ ချမှတ်လုပ်ဆောင်နိုင်မည်ဆိုလျှင် ကျန်းမာပျော်ရွှင်မှု (Well-being) ကို ရရှိနိုင်ပါသည်။" (*Strategies for building an organisation with a soul (စိတ်ဝိညာဉ် ရှင်သန်၍ လူကို တန်ဖိုးထားသည့် အဖွဲ့အစည်းတစ်ခု တည်ဆောက်ရေး နည်းလမ်းများ), Hope and Rudo Chigudu, 2015*).

ထို့ကြောင့် မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်ခြင်းနှင့် စုပေါင်း၍ အပြန်အလှန်ဂရုစိုက်စောင့်ရှောက်ခြင်းတို့သည် အရည်အသွေးပြည့်ဝသည့် CCS လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံအစိတ်အပိုင်းများ ဖြစ်ပါသည်။ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်ခြင်းသည် ဖြစ်ရပ်စီမံခန့်ခွဲသူများအား ၎င်းတို့တွင် ရှိနေသည့် အကန့်အသတ်များကို သိရှိသတိပြုမိရန်၊ စိတ်ဖိစီးမှုကို ထိန်းညှိရန်နှင့် စိတ်ကျန်းမာပျော်ရွှင်မှုကို ထိန်းသိမ်းနိုင်ရန် ကူညီပေးပါသည်။ စုပေါင်း၍ အပြန်အလှန်ဂရုစိုက်စောင့်ရှောက်ခြင်းသည် အဖွဲ့များအတွင်း ဖေးမကူညီမှုရှိသော၊ ပြန်လည်သုံးသပ်ဆင်ခြင်သော၊ လုံခြုံစိတ်ချရသော အလုပ်ပတ်ဝန်းကျင်များကို ဖန်တီးနိုင်ရန် အားလုံး မျှဝေတာဝန်ယူမှုကို အားပေးမြှင့်တင်ပါသည်။

**ဆွေးနွေးပါ -**

- တစ်ဦးတစ်ယောက်တည်းအနေဖြင့် ကျင့်သုံးဖြစ်သည့် မိမိကိုယ်မိမိဂရုစိုက်စောင့်ရှောက်သည့် အလေ့အထများထဲမှ အချို့ကို ဥပမာအဖြစ် ပြောပြပါ။
- အသင်းအဖွဲ့လိုက် စုပေါင်း၍ အပြန်အလှန်ဂရုစိုက်စောင့်ရှောက်သည့် အလေ့အထအချို့ကို ဥပမာအဖြစ် ပြောပြပါ။
- မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်သည့်/ စုပေါင်း၍ အပြန်အလှန်ဂရုစိုက်စောင့်ရှောက်သည့် လုပ်ဆောင်မှု ပြီးစီးသောအခါ သင် မည်သို့ ခံစားရသနည်း။
- သင့်အလုပ်တွင် မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု/ စုပေါင်း၍ အပြန်အလှန် ဂရုစိုက်စောင့်ရှောက်မှုတို့ကို (ယခုထက်ပိုမို) ထည့်သွင်းလုပ်ဆောင်နိုင်ရေးတွင် အတားအဆီးများ ရှိနေပါသလား။

နည်းပြလမ်းညွှန်မှု အစီအစဉ်များအားလုံးတွင် ကျွန်ုပ်တို့သည် မိမိကိုယ်မိမိနှင့် စုပေါင်း၍ အပြန်အလှန် ဂရုစိုက်စောင့်ရှောက်သည့် လေ့ကျင့်ခန်းများကို ထည့်သွင်းလေ့ကျင့်သွားမည်ဖြစ်သည်။ ဖြစ်ရပ်စီမံခန့်ခွဲသူများ ဖြစ်သည့် သင်တို့အတွက် အသုံးဝင်မည်ဖြစ်သလို သင်တို့ ကူညီဝန်ဆောင်ပေးနေသူများနှင့် အလုပ်လုပ်ရာတွင်လည်း သင့်တော်သည့် ပုံစံဖြစ်အောင် ပြုပြင်ပြောင်းလဲကာ အသုံးပြုနိုင်မည်ဖြစ်သည်။

လုပ်ဆောင်ပါ - **မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း နမူနာ - Box Breathing အသက်ရှူလေ့ကျင့်ခန်း**

- အားလုံးကို သက်တောင့်သက်သာ အနေအထားဖြင့် ထိုင်ကာ မျက်လုံးများကို မှိတ်ထားရန် ပြောပါ။
- နှာခေါင်းမှ အသက်ကို ရှည်ရှည်ရှူပါ၊ ဝမ်းဗိုက်ဖောင်းသည်အထိ ရှူပါ။ အသက်ကို စက္ကန့်အနည်းငယ် အောင့်ထားပါ။ ထို့နောက် ပါးစပ်မှ ဖြည်းညင်းစွာ ရှူထုတ်ပါ။ ဤသည်ကို သုံးလေးကြိမ် လုပ်ခြင်းဖြင့် အတွေးများကို ငြိမ်သက်သွားစေပြီး စိတ်ဖိစီးမှု လျော့ကျ၍ ခန္ဓာကိုယ်ကို ဖြေလျှော့နိုင်မည်ဖြစ်သည်။
- ထို့နောက် box breathing အသက်ရှူလေ့ကျင့်ခန်းအကြောင်း မိတ်ဆက်ပေးပါ။ ဤအသက်ရှူလေ့ကျင့်ခန်းကို Box breathing ဟု ခေါ်သလို square breathing ဟုလည်း ခေါ်ပါသည်။ ယင်းသည် စိတ်ဖိစီးမှုကို လျှော့ချပြီး ခန္ဓာကိုယ်ကို ဖြေလျှော့နိုင်အောင် ကူညီပေးသည့် အသက်ကို ရှည်ရှည် ရှူသွင်းရှူထုတ်လုပ်

သည့် နည်းစနစ်တစ်ခု ဖြစ်ပါသည်။ ဤလေ့ကျင့်ခန်းတွင် ပါဝင်သည့် အဆင့်လေးဆင့်သည် သေတ္တာပုံသဏ္ဍာန်၏ ထောင့်လေးထောင့်ကဲ့သို့ ညီညီညာညာ ဖြစ်အောင် လုပ်ဆောင်ရသည်ကို အကြောင်းပြု၍ box breathing ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည် -

- '၄' အထိ ရေတွက်ရင်း အသက်ကို နှာခေါင်းမှ ဖြည်းညင်းစွာ ရှူသွင်းပါ။
- '၄' အထိ ရေတွက်ရင်း အသက်ကို ရှူမထုတ်သေးဘဲ အောင့်ထားပါ။
- '၄' အထိ ရေတွက်ရင်း အသက်ကို ပါးစပ်မှ ဖြည်းညင်းစွာ မှန်မှန် ရှူထုတ်ပါ။
- '၄' အထိ ရေတွက်ရင်း အသက်ကို ရှူမသွင်းသေးဘဲ အောင့်ထားပါ။
- Box breathing အသက်ရှူနည်းကို သုံးလေးကြိမ် ပြုလုပ်ပြီးပါက ဖြည်းညင်းစွာ ပုံမှန်အတိုင်း အသက်ပြန်ရှူခိုင်းပါ။ မျက်လုံးများကို ဖြည်းဖြည်းချင်း ပြန်ဖွင့်ခိုင်းပါ။

## *၁-၄။ CCS လမ်းညွှန်အခြေခံမူများအား အကျဉ်းချုပ် ပြန်လည်ဆွေးနွေးပေးခြင်း (၃ဝ မိနစ်)*

- **ပြောပါ -** CCS နည်းလမ်းသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ကျားမအခြေပြုအကြမ်းဖက်မှုဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှုများ၏ အကောင်းဆုံးအလေ့အထများမှ ရယူထားသည့် လမ်းညွှန်အခြေခံမူများပေါ်တွင် အခြေပြုထားသော နည်းလမ်းဖြစ်ပါသည်။ ဖြစ်ရပ်စီမံခန့်ခွဲသူများနှင့် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများအနေဖြင့် မတော်မတရားပြုမှုခံရသော ကလေးများ၊ ၎င်းတို့၏ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသော မိဘများနှင့် မည်သို့မည်ပုံ ဆက်သွယ်ပြောဆိုဆောင်ရွက်ရမည်ဆိုသည်ကို ထိုအခြေခံမူများသည် လမ်းညွှန်ပေးပါသည်။
- ရှေ့ဆက်မဆွေးနွေးမီ **မေးမြန်းပါ -** CCS လမ်းညွှန်အခြေခံမူများမှာ အဘယ်နည်း၊ သင် မှတ်မိသလောက် ပြောပြပါ။
- ဖြေကြားပြီးပြီဆိုလျှင် *CCS မော်ဂျူး (၁) - လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်း ခံရသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ခြင်းနည်းလမ်း၏ လမ်းညွှန်အခြေခံမူများ* ကို ဝေပေးပါ။

**ရှင်းပြပါ - CCS လမ်းညွှန်အခြေခံမူများဆိုသည်မှာ အနှစ်ချုပ်အားဖြင့် -**

- ကလေးတိုင်းကို **တရားမျှတ၍ တန်းတူညီမျှစွာ** ဆက်ဆံခြင်း
- မတော်မတရားပြုမှုခံရသော ကလေးများကို **စာနာနားလည်မှု**၊ လေးစားမှုနှင့် ကြင်နာမှု ပြသခြင်း
- မတော်မတရားပြုမှုခံရသော ကလေး၏ **ဘေးကင်းလုံခြုံရေး**ကို ဦးစားပေးဆောင်ရွက်ခြင်း
- ဝန်ဆောင်မှုများ စတင်ဆောင်ရွက်ခြင်းမပြုမီ သဘောတူခွင့်ပြုသည့်ဆန္ဒသဘောထား (INFORMED ASSENT) / သဘောတူခွင့်ပြုချက် (INFORMED CONSENT) ကို တောင်းခံရယူခြင်း
- ဝန်ဆောင်မှုများကို **လျှို့ဝှက်ထိန်းသိမ်းပေးခြင်း** စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးခြင်း
- မတော်မတရားပြုမှုခံရသော ကလေးများ အနှစ်သာရရှိစွာ **ပါဝင်ဆောင်ရွက်**နိုင်ရန် ကူညီပေးခြင်း
- မတော်မတရားပြုမှုခံရသော ကလေးတစ်ဦးချင်းစီ၏ အခြားကလေးများနှင့်မတူ တမူထူးခြားသည့် ၎င်းတို့၏ ကိုယ်ပိုင် **အားသာချက်များ**၊ အရင်းအမြစ်များနှင့် အကျပ်အတည်းရင်ဆိုင်ကျော်လွှားမှု နည်းလမ်းများပေါ်တွင် အားပြု၍ ဆောင်ရွက်ခြင်း
- မတော်မတရားပြုမှုခံရသော ကလေးများ၏ **အကောင်းဆုံးအကျိုးစီးပွား**ကို ရှေးရှုဆောင်ရွက်ပေးရန် အားပေးခြင်း

- ကလေးတစ်ဦးချင်းစီ၏ ကိုယ်ပိုင်လူမှုလက္ခဏာများနှင့် ကိုယ်တွေ့အတွေ့အကြုံများကို နားလည်သိရှိအောင် ကြိုးစားခြင်း

**လုပ်ဆောင်ပါ -** ကြီးကြပ်ပံ့ပိုးသူများသည် အဖွဲ့လိုက်ဆွေးနွေးမှုဇယားကို အသုံးပြု၍ လမ်းညွှန်အခြေခံမှုများ အကြောင်း ဆွေးနွေးမှုတစ်ခု ပြုလုပ်နိုင်အောင် ကူညီပံ့ပိုးပေးသင့်ပြီး ပြန်လည်သုံးသပ်စဉ်းစားမှုများ၊ စိတ်ဝင်တစား ပါဝင်ဆွေး နွေးမှုများ ရရှိအောင် ဆောင်ရွက်သင့်သည်။ ဤဆွေးနွေးမှုကို ဖြစ်ရပ်နမူနာလေ့လာခြင်း မပြုမီ လုပ်ဆောင်နိုင်သလို အကယ်၍ ပါဝင်တက်ရောက်သူများသည် လမ်းညွှန်အခြေခံမှုများကို ကောင်းစွာ နားလည်သိရှိပြီးသားဖြစ်လျှင် ဖြစ်ရပ် နမူနာလေ့လာခြင်းကို တန်း၍ ပြုလုပ်နိုင်ပါသည်။

**ဆွေးနွေးပါ -** အောက်ပါဇယားကို အသုံးပြု၍ CCS လမ်းညွှန်အခြေခံမူများအကြောင်းနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ၎င်းတို့၏ အလုပ်တွင် ထိုအခြေခံမူများကို မည်သို့ လက်တွေ့အသုံးချလျက်ရှိကြောင်းကို ဆွေးနွေးပါ။

| လမ်းညွှန်အခြေခံမူ | ဆွေးနွေးရခြင်း၏ ရည်ရွယ်ချက် | ဆွေးနွေးရန် အစဖော်ပေးသော မေးခွန်းများ |
|---|---|---|
| **ကလေး၏ ဘေးကင်းလုံခြုံမှုနှင့် အကောင်းဆုံး အကျိုးစီးပွား** | ဖြစ်ရပ်စီမံခန့်ခွဲသူများအနေဖြင့် ကလေးများ၏ ဘေးအန္တရာယ်လုံခြုံမှုနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကို မည်သို့ ဦးစားပေးဆောင်ရွက်နေကြောင်း၊ ကလေး၏ အကောင်းဆုံး အကျိုးစီးပွားကို မည်သို့ မြှင့်တင်ဆောင်ရွက်နေပေးကြောင်း (အထူးသဖြင့် ရှုပ်ထွေးသော ဖြစ်ရပ်များ (သို့) အန္တရာယ်ကျရောက်နိုင်ခြေများ တစ်ခုထက်မက ရှိနေ၍ ချိန်ဆဆောင်ရွက်သည့် ဖြစ်ရပ်များတွင်) ကို ပြန်လည် သုံးသပ်ဆင်ခြင်နိုင်အောင် ကူညီပေးရန် | • သင် အလုပ်လုပ်နေသည့် နေရာဒေသအခြေအနေတွင် "ဘေးကင်းလုံခြုံမှု" ဟူသည် ကလေး၏ ရှုထောင့်မှ ကြည့်လျှင် မည်သို့သော ပုံစံမျိုးကို ဆိုလိုသနည်း။<br>• ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးအနေဖြင့် ဆုံးဖြတ်ချက်များ ချမှတ်သောအခါ မည်သည့် အန္တရာယ်ဖြစ်စေနိုင်သော အကြောင်းအချက်များနှင့် အကာအကွယ်ဖြစ်စေနိုင်သော အကြောင်းအချက်များကို ထည့်သွင်းစဉ်းစားခဲ့သနည်း။<br>• ကျွန်ုပ်တို့သည် အသင်းအဖွဲ့တစ်ခုအနေဖြင့် ခက်ခဲသော အခြေအနေများတွင် ထိခိုက်နိုင်ခြေအနည်းဆုံး နည်းလမ်းကို မည်သို့ ဆုံးဖြတ်ရွေးချယ်နိုင်မည်နည်း။ |
| **သဘောတူခွင့်ပြုချက်၊ သဘောတူခွင့်ပြုသော ဆန္ဒသဘောထားနှင့် လျှို့ဝှက်ထိန်းသိမ်းပေးမှု** | သဘောတူခွင့်ပြုချက်၊ သဘောတူခွင့်ပြုသော ဆန္ဒသဘောထားနှင့် လျှို့ဝှက်ထိန်းသိမ်းပေးမှုတို့ကို ကောင်းစွာ နားလည်သိရှိပြီး ထိုအခြေခံစည်းမျဉ်းများကို ကလေးများနှင့် ပြုစုစောင့်ရှောက်သူများအား မည်သို့ ရှင်းလင်းပြောပြမည်၊ ခက်ခဲသော အခြေအနေများတွင် ထိုစည်းမျဉ်းများကို လိုက်နာနိုင်ရန် မည်သို့ စီမံဆောင်ရွက်မည်ဆိုသည်တို့ကိုပါ နားလည်သိရှိစေရန် | • အသက်အရွယ်အမျိုးမျိုး ရှိသော ကလေးများအား သဘောတူခွင့်ပြုချက် (သို့မဟုတ်) သဘောတူခွင့်ပြုသော ဆန္ဒသဘောထား အကြောင်း နားလည်သိရှိအောင် မည်သို့ ရှင်းပြမည်နည်း။<br>• မိမိတို့ အလုပ်လုပ်နေသည့် နေရာဒေသတွင် မည်သည့်အခြေအနေများ၌ လျှို့ဝှက်ထိန်းသိမ်းပေးခြင်း စည်းမျဉ်းကို လိုက်နာကျင့်သုံးရန် ခက်ခဲနိုင်သနည်း။<br>• လျှို့ဝှက်ထိန်းသိမ်းပေးနိုင်မှု အကန့်အသတ်ရှိခြင်းကို ကလေးများအတွက် အဆင်ပြေပြီး နားလည်လွယ်စေရန်နှင့် ကလေးများအပေါ် လေးစားမှုရှိစွာ မည်သို့ ရှင်းပြပေးမည်နည်း။ |

| | | |
|---|---|---|
| **အနုစ်သာရရှိစွာ ကိုယ်တိုင် ပါဝင် ဆောင်ရွက်မှု** | အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်၊ မသန်စွမ်းမှုနှင့် အခွင့်အာဏာဆက်နွယ်မှု ကွာခြားချက်များကို သတိပြုသိရှိပြီး ကလေးများနှင့် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစု စောင့်ရှောက်သူများအား ဆုံးဖြတ်ချက် ချမှတ်မှုများတွင် အနှစ်သာရရှိစွာ ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်စေမည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်အောင် ဖြစ်ရပ် စီမံခန့်ခွဲသူများအား ကူညီပေးရန် | • ကလေးများကို ၎င်းတို့၏ ဖြစ်ရပ်နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် မည်သည့်နည်းလမ်းများဖြင့် လုပ်ဆောင်ပေးခဲ့သနည်း။<br>• မည်သည်တို့က ကလေးများ၏ အနှစ်သာရရှိစွာ ပါဝင်ဆောင်ရွက်နိုင်မှုကို အထောက်အပံ့ပြုပြီး မည်သည်တို့က အဟန့်အတားဖြစ်စေသနည်း။<br>• (မိသားစုများ (သို့) ဝန်ဆောင်မှုများအတွင်းရှိ) အခွင့်အာဏာဆက်နွယ်မှုများက ကလေးများ၏ ပါဝင်ဆောင်ရွက်မှုအပေါ် မည်သို့ သက်ရောက်မှု ရှိသနည်း။ |
| **ခွဲခြားဆက်ဆံမှု ကင်းခြင်း၊ လေးစား ခြင်းနှင့် စာနာခြင်း** | လေးစားမှုရှိပြီး အကောင်းအဆိုးဝေဖန်ခြင်းကင်းသည့် အလေ့အထများကို ပြန်လည်သုံးသပ်ဆင်ခြင်ရန်နှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ၏ တုံ့ပြန်မှုများ၊ စိတ်ဖိစီးမှု (သို့မဟုတ်) ဒေသ၏ ရှေးရိုးစွဲအယူအဆများက ကလေး များ၊ ပြုစု စောင့်ရှောက်သူများနှင့် ထိတွေ့ဆက်ဆံမှုများ အပေါ် မည်သို့ ဩဇာသက်ရောက်နိုင်ကြောင်း စူးစမ်းရှာ ဖွေနိုင်မည့် အခွင့်အလမ်းတစ်ခုကို ဖန်တီးပေးရန် | • ကျွန်ုပ်တို့၏ နေ့စဉ်အလုပ်တွင် လေးစားမှုရှိသည့်၊ စာနာနားလည်ပေးသည့် အလေ့အထကို မည်သည့် ပုံစံမျိုးဖြင့် တွေ့ရမည်နည်း။<br>• အဆိုးအကောင်း ဝေဖန်ခြင်း မပြုဘဲ နေရန် ခက်ခဲသည့် အခြေအနေများ ရှိပါ သလား။ အဘယ်ကြောင့်နည်း။<br>• အဆိုပါ စည်းမျဉ်းများ၊ အခြေခံမှုများကို လိုက်နာကျင့်သုံးနိုင်ရန် အသင်းအဖွဲ့တစ်ခု အနေဖြင့် ကျွန်ုပ်တို့သည် တစ်ဦးကို တစ်ဦး မည်သို့ ပံ့ပိုးကူညီနိုင်မည်နည်း။ |
| **အားသာချက်များ ပေါ် အခြေခံ၍ တစ်ဦး ချင်းစီအလိုက် ကူညီ ဆောင်ရွက်ပေးသည့် အလေ့အထ** | ဖြစ်ရပ်စီမံခန့်ခွဲသူများအား ပြဿနာကိုသာ အာရုံစိုက် ဆောင်ရွက်သည့် နည်းလမ်းများမှ ဖယ်ခွာကာ ကလေး များနှင့် မိသားစုများ၏ အားသာချက်များ၊ ကြံ့ကြံ့ခံနိုင် စွမ်းနှင့် အကျပ်အတည်း ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများကို နားလည်သိရှိ၍ အားပြုဆောင်ရွက်မှု ကို အားပေးရန် | • ဖြစ်ရပ်စီမံခန့်ခွဲမှုအတွင်း ကလေးများ (သို့မဟုတ်) ပြုစုစောင့်ရှောက်သူများ၏ မည်သည့် အားသာချက်များကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသနည်း။<br>• ဖြစ်ရပ်စီမံခန့်ခွဲမှုတွင် အားသာချက်များပေါ် အားပြုခြင်းအား ရည်ရွယ်ချက်ရှိရှိ မည်သို့ ဆောင်ရွက်နိုင်မည်နည်း။<br>• အားသာချက်များကို အဓိကအာရုံစိုက်ခြင်းသည် ကလေးတစ်ဦး၏ ကိုယ့်ဘဝကိုယ် ထိန်းချုပ်စီမံနိုင်သည်၊ ဂုဏ်သိက္ခာရှိသည်ဟု သိမြင်ခံစားရမှု ပြန်လည်ရရှိအောင် မည်သို့ကူညီပေးနိုင်မည်နည်း။ |

| | | |
|---|---|---|
| **ပြန်လည်ဆင်ခြင်သုံးသပ်သည့် အလေ့အထ၊ ဘက်လိုက်မှုများနှင့် စုပေါင်း၍ အပြန်အလှန် ဂရုစိုက်စောင့်ရှောက်ခြင်း** | စိတ်နေသဘောထားများ၊ ဘက်လိုက်မှုများနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ သက်ရောက်မှုတို့ကို ပြန်လည်သုံးသပ်ဆင်ခြင်သည့် အလေ့အထ ရှိစေရန်နှင့် အဖွဲ့တွင်း စုပေါင်း၍ အပြန်အလှန် ဂရုစိုက်စောင့်ရှောက်မှုကို အားပေးရန် | • မည်သို့သော ဖြစ်ရပ်အမျိုးအစားများသည် မိမိတို့အပေါ် စိတ်ခံစားချက်ပိုင်းဆိုင်ရာ/စိတ်ပိုင်းဆိုင်ရာအရ အများဆုံးသက်ရောက်မှု ရှိသနည်း၊ အဘယ်ကြောင့်နည်း။<br>• မိမိတို့ကိုယ်တိုင်၏ ယုံကြည်ချက်များ (သို့မဟုတ်) ရပ်ရွာတွင်းရှိ စံများ၊ ရှေးရိုးစွဲ အယူအဆများက မိမိတို့၏ အလုပ်အပေါ် မည်သို့ သက်ရောက်မှု ရှိသနည်း။<br>• တစ်ဦးနှင့်တစ်ဦး ကူညီပံ့ပိုးရန်နှင့် စိတ်ဖိစီးမှု (သို့မဟုတ်) ကိုယ်ရောစိတ်ပါ ချုံးချုံးကျခြင်းကို လျှော့ချရန်အတွက် မည်သည့် စုပေါင်းလုပ်ဆောင်မှု နည်းလမ်းများကို အသုံးပြုနိုင်မည်နည်း။ |

လုပ်ဆောင်ပါ - **ဖြစ်ရပ်လေ့လာချက် - CCS လမ်းညွှန်အခြေခံမူများကို လက်တွေ့အသုံးချခြင်း**

## ရည်ရွယ်ချက်

ဤလေ့ကျင့်ခန်းသည် ရုပ်ထွေးခက်ခဲသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်တစ်ခုတွင် လမ်းညွှန်အခြေခံမူများကို လက်တွေ့အသုံးချနိုင်အောင် ကူညီပေးပါသည်။ ဤလေ့ကျင့်ခန်းသည် ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်း၊ ကျင့်ဝတ်နှင့်ညီစွာ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် ကလေးသူငယ်ဗဟိုပြု၍ ဆောင်ရွက်သည့် အလေ့အထတို့ကို အားကောင်းစေပါသည်။

## ညွှန်ကြားချက်များ

- ဖြစ်ရပ်နမူနာကို ကိုယ့်ဘာသာ တစ်ဦးတည်း ဖတ်ရှုကြရန် အားလုံးကို ပြောပါ။
- လမ်းညွှန်အခြေခံမူတစ်ခုချင်းစီအောက်တွင် ရှိသော မေးခွန်းများထဲမှ တစ်ခုကို (အဖွဲ့ငယ်များခွဲ၍ (သို့) တစ်ဖွဲ့လုံးအတူတကွ) ဆွေးနွေးပါ။

## ဖြစ်ရပ်နမူနာ (ကိုယ်စားသရုပ်ဆောင်မှု role play နှစ်ခုစလုံးအတွက် အသုံးပြုရန်)

အမီနာသည် (၁၃) နှစ်အရွယ် မိန်းကလေးတစ်ဦး ဖြစ်ပြီး တစ်အိမ်တည်းအတူနေသူ သူမ၏ မိခင်ဘက်မှ ဦးလေးက လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခဲ့ကြောင်း ဖွင့်ဟအသိပေးပြီးနောက်တွင် သင့်ထံသို့ ဝန်ဆောင်မှု ရယူရန် လွှဲပြောင်းညွှန်းပို့ခံရခြင်း ဖြစ်သည်။ အမီနာသည် သူမ၏ မိခင်၊ မွေးချင်းအငယ်နှစ်ဦးနှင့်အတူ နေထိုင်သူ ဖြစ်သည်။ မိခင်ဖြစ်သူသည် အမီနာကို ယုံကြည်သော်လည်း မိသားစုတွင်း ပဋိပက္ခ ဖြစ်မည်၊ အများ၏ ကဲ့ရဲ့ပြစ်တင်ခံရမည်ကို စိုးရိမ်နေသလို ထိုဦးလေးဖြစ်သူသည် အိမ်ထောင်စုဝင်ငွေကို ပံ့ပိုးပေးနေသူဖြစ်သဖြင့် ငွေကြေးပံ့ပိုးမှု ဆုံးရှုံးမည်ကိုလည်း ပူပန်နေသည်။

ဖြစ်ရပ်အတွက် ကနဦးတွေ့ဆုံဆွေးနွေးစဉ်တွင် အမီနာက ဖြစ်ပျက်ခဲ့သည်များကို မိသားစုမှလွဲ၍ အခြားမည်သူ့ကိုမျှ အသိမပေးလိုကြောင်းနှင့် သူမ ပြောပြသမျှအားလုံးကို မိခင်ဖြစ်သူထံ ပြန်မပြောပြရန် ဖြစ်ရပ်စီမံခန့်ခွဲသူထံ တောင်းဆိုခဲ့သည်။ သူမသည် စိုးရိမ်မှုလွန်ကဲနေပုံရပြီး မျက်လုံးချင်းမဆုံမိအောင် ကြိုးစားနေသည်။ သို့သော် သူမကို နူးညံ့ညင်သာစွာ ပြောဆိုသောအခါ ပြန်လည်တုံ့ပြန်ပါသည်။ မိခင်ဖြစ်သူက ဖြစ်ရပ်စီမံခန့်ခွဲသူအား မည်သည်တို့ကို ဆောင်ရွက်ရန် အစီအစဉ်ရှိသနည်း၊ ဦးလေးဖြစ်သူကို နေအိမ်မှ ဖယ်ရှားခိုင်းမည်လားဆိုသည်ကို မေးမြန်းပါသည်။

ထိုနိုင်ငံတွင် ထိုသို့သော ဖြစ်ရပ်များကို အာဏာပိုင်များထံ မဖြစ်မနေ သတင်းပို့တိုင်ကြားရမည်ဟူသော ပြဋ္ဌာန်းချက် ရှိပါသည်။ သို့သော် အာဏာပိုင်များထံ လွှဲပြောင်းညွှန်းပို့မှုများသည် တစ်ခါတစ်ရံတွင် စနစ်တကျ ကိုင်တွယ်စီမံခြင်း မရှိလျှင် ကလေးများအတွက် အန္တရာယ်ပိုများနိုင်ကြောင်း ဖြစ်ရပ်စီမံခန့်ခွဲသူများက အစီရင်ခံတင်ပြမှုများ ရှိခဲ့သည်။ လုံခြုံစိတ်ချရသည့် ခိုနားရာနေရာ/ အခြားရွေးချယ်နိုင်သည့် နေရာထိုင်ခင်းများ အကန့်အသတ် ရှိနေသည့် အခြေအနေတွင် ဖြစ်ရပ်စီမံခန့်ခွဲသူသည် အမီနာ၏ ဆန္ဒကို လေးစားလိုက်နာလိုပြီး တစ်ဘက်တွင်လည်း သူမ၏ ဘေးကင်းလုံခြုံရေးအတွက် အလျှင်အမြန် ဆောင်ရွက်ပေးရန် လိုအပ်နေသည်ဖြစ်ရာ စိတ်ဖိစီးမှုများ ဖြစ်ပေါ်နေပါသည်။

## လမ်းညွှန်အခြေခံမူတစ်ခုအတွက် မေးခွန်းတစ်ခုကို ရွေးချယ်ဆွေးနွေးပေးပါ -

### ကလေး၏ ဘေးကင်းလုံခြုံရေးနှင့် အကောင်းဆုံးအကျိုးစီးပွား

- အမီနာ၏ ဘေးကင်းလုံခြုံမှုနှင့်ပတ်သက်၍ လက်ငင်းကျရောက်နိုင်သည့်၊ ရေရှည်တွင် ကျရောက်နိုင်သည့် မည်သို့သော အန္တရာယ်များကို သင် ဖော်ထုတ်တွေ့ရှိနိုင်သနည်း။

- ဤအခြေအနေမျိုးတွင် မည်သို့သော လုပ်ဆောင်မှုများသည် အမိနာ၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်း ဖြစ်မည်နည်း။

**သဘောတူခွင့်ပြုချက်၊ သဘောတူခွင့်ပြုသည့် ဆန္ဒသဘောထားနှင့် လျှို့ဝှက်ထိန်းသိမ်းပေးမှု**

- ဤဖြစ်ရပ်တွင် မည်သည့်သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းပေးထားရန် ဖြစ်နိုင်ပြီး မည်သည်တို့ကို လျှို့ဝှက်ထားပေးရန် မဖြစ်နိုင်သနည်း။
- ဖြစ်ရပ်စီမံခန့်ခွဲသူသည် အမိနာအား လျှို့ဝှက်ထိန်းသိမ်းပေးနိုင်မှု အကန့်အသတ်ရှိကြောင်းကို သူမ နားလည်နိုင်မည့် နည်းလမ်းဖြင့် မည်သို့ ရှင်းပြပေးသင့်သနည်း။

**အနှစ်သာရရှိစွာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှု**

- အမိနာသည် သူမ၏ အသက်အရွယ်၊ သူမ၏ စိတ်ခံစားချက်အခြေအနေအရ သူမကို ကူညီစောင့်ရှောက်ပေးမှုနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များတွင် အနှစ်သာရရှိစွာ မည်သို့ ပါဝင်နိုင်မည်နည်း။
- အမိနာ၏ ဆန္ဒကို လေးစားလိုက်နာလျက် မိခင်ဖြစ်သူအား မည်သည့်နည်းလမ်းဖြင့် ပါဝင်ဆောင်ရွက်ခွင့်ပြုနိုင်မည်နည်း။

**ခွဲခြားဆက်ဆံမှုကင်းခြင်း၊ လေးစားမှုနှင့် စာနာမှု**

- ဖြစ်ရပ်စီမံခန့်ခွဲသူသည် အမိနာ၏ ကြောက်ရွံ့မှု၊ မိခင်ဖြစ်သူ၏ စိုးရိမ်ပူပန်မှုတို့အပေါ် အပြစ်တင်ခြင်း (သို့မဟုတ်) အကောင်းအဆိုးဝေဖန်ခြင်း ကင်းစွာဖြင့် မည်သို့ တုံ့ပြန်ဆောင်ရွက်ပေးသင့်သနည်း။
- မည်သို့သော စိတ်သဘောထားခံယူချက်များ (သို့မဟုတ်) ယူဆချက်များသည် မရည်ရွယ်ဘဲ ထိခိုက်နစ်နာမှုများကို ဖြစ်ပေါ်စေနိုင်သနည်း။

**အားသာချက်များပေါ် အခြေခံ၍ တစ်ဦးချင်းစီအလိုက် ကူညီဆောင်ရွက်ပေးသည့် အလေ့အထ**

- အမိနာတွင် မည်သို့သော အားသာချက်များ (သို့မဟုတ်) အကာအကွယ်ဖြစ်စေနိုင်သော အကြောင်းအချက်များ ပိုင်ဆိုင်ထားသနည်း။ သူမ၏ မိသားစုတွင်း မည်သို့သော အားသာချက်များ (သို့မဟုတ်) အကာအကွယ် ဖြစ်စေနိုင်သော အကြောင်းအချက်များ ရှိနေသနည်း။
- ဘေးကင်းလုံခြုံရေးအစီအစဉ် ရေးဆွဲမှုနှင့် ဖြစ်ရပ်စီမံခန့်ခွဲမှုတို့တွင် ထိုအားသာချက်များအပေါ် မည်သို့ အားပြု၍ ဆောင်ရွက်နိုင်မည်နည်း။

**ပြန်လည်ဆင်ခြင်သုံးသပ်သည့် အလေ့အထနှင့် ဘက်လိုက်မှုများကို သတိပြုသိရှိမှု**

- ဤဖြစ်ရပ်၏ မည်သည့်အပိုင်းကဏ္ဍများသည် ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးအတွက် စိတ်ခံစားချက်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်သနည်း။
- ဤအခြေအနေတွင် ကျင့်ဝတ်နှင့်ညီသည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်အောင် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးမှုများက မည်သို့ ကူညီပေးနိုင်သနည်း။

### *၁-၅။ မေးမြန်းဆွေးနွေးခြင်း (၅ မိနစ်)*

- **မေးပါ** - အစီအစဉ်အဆုံးမသတ်မီ လမ်းညွှန်အခြေခံမှုများနှင့် ပတ်သက်၍ ၎င်းတို့ မျှဝေပေးလိုသည့် သုံးသပ်ချက်များ၊ တွေ့ရှိချက်များ ရှိပါသလား။

- အဓိကဆင်ခြင်သုံးသပ်ချက်များကို အနှစ်ချုပ်ပေးကာ CCS လမ်းညွှန်အခြေခံမူများနှင့် ဆက်နွယ်ချိတ်ဆက်နေမှုများကို ထောက်ပြဆွေးနွေးပေးပြီး အစီအစဉ်ကို အဆုံးသတ်ပါ။ **ရှင်းပြပါ -**
    - CCS လမ်းညွှန်အခြေခံမူများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်နေပြီး တစ်ခါတစ်ရံ ထိုအခြေခံမူများကို လက်တွေ့ကျင့်သုံးသောအခါတွင်မူ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက် ဖြစ်နေသကဲ့သို့ ခံစားရနိုင်သည်။
    - ကလေးသူငယ်ဗဟိုပြုသော၊ ဆက်လက်ရှင်သန်သူဗဟိုပြုသော၊ ကျင့်ဝတ်ညီသော နည်းလမ်းကို အသုံးပြုရင်း ထိုကဲ့သို့သော ခက်ခဲရှုပ်ထွေးသည့် အခြေအနေများကို ကြုံတွေ့ရလျှင် ကူညီပေးနိုင်ရန် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများက အသင့်ရှိကြောင်းကို အလေးပေး ပြောကြားပါ။
    - မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှုနှင့် စုပေါင်း၍ အပြန်အလှန်ဂရုစိုက်စောင့်ရှောက်မှုတို့ကို ကျင့်သုံးခြင်းဖြင့် CCS လမ်းညွှန်အခြေခံမူများကို လိုက်နာကျင့်သုံးနိုင်မည့်၊ ထိုသို့ကျင့်သုံးနိုင်ရန်အတွက် လိုအပ်သည့် အကြံပြုချက်များ တောင်းခံနိုင်မည့် အားပေးကူညီမှု၊ ပြန်လည်သုံးသပ်ဆင်ခြင်မှုနှင့် လုံခြုံစိတ်ချရမှု ရှိသော အလုပ်ပတ်ဝန်းကျင်များကို ဖန်တီးနိုင်မည် ဖြစ်ပါသည်။
- **မေးပါ -** ဤအစီအစဉ်မှ ၎င်းတို့အတွက် အထူးခြားဆုံး မှတ်မိလိုက်သည့်/ ၎င်းတို့နှင့်အတူ ယူဆောင်သွားမည့် လေ့လာသင်ယူမှု/ ဆင်ခြင်သုံးသပ်ချက်တစ်ခုကို တစ်ယောက်ချင်းစီ မျှဝေပေးရန် ပြောပါ။

## ၁-၆။ အစီအစဉ်အဆုံးသတ်ခြင်း (၅ မိနစ်)

- **ပြောပါ -** တက်ရောက်သူများအား အစီအစဉ်မှ ရရှိလိုက်သည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ပေးအပ်သည့် ဖောင်ပုံစံကို ဖြည့်စွက်ပေးရန် ပြောပါ။
- **ရှင်းပြပါ -** အစီအစဉ်၏ နောက်တစ်ပိုင်း မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ လုပ်ဆောင်ထားရန် လိုအပ်သည့် CCS နှင့်စပ်လျဉ်းသည့် သဘောထားခံယူချက် ဆန်းစစ်အကဲဖြတ်ချက် CCS Attitude Assessment အကြောင်း ရှင်းပြပေးပါ။
- CCS နှင့်စပ်လျဉ်းသည့် သဘောထားခံယူချက် ဆန်းစစ်အကဲဖြတ်ချက်သည် ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးတွင် ကလေးသူငယ်ဗဟိုပြုစိတ်ထား ရှိ/မရှိ ဆုံးဖြတ်သတ်မှတ်ရန် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူမှ အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူတစ်ခု ဖြစ်ပါသည်။ ကလေးသူငယ်ဗဟိုပြုစိတ်ထား ရှိမှသာလျှင် မတော်မတရား ပြုမူခံရသော ကလေးများအတွက် သင့်မြတ်လျော်ကန်သည့် ကူညီစောင့်ရှောက်မှုနှင့် ဆက်ဆံပြောဆိုမှုတို့ကို မေတ္တာတရားဖြင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူသည် ထိုဆန်းစစ်အကဲဖြတ်ချက်များကို စုစည်းပြီး ရလဒ်များကို ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးချင်းစီနှင့် ပြန်လည်သုံးသပ်ဆွေးနွေးမည်ဖြစ်သည်။
- **အတည်ပြုပါ -** အစီအစဉ်အပိုင်း (၂) အတွက် နေ့ရက်နှင့် အချိန်ကို အတည်ပြုပါ။

# အပိုင်း (၂) - ဖြစ်ရပ်စီမံခန့်ခွဲမှုတွင် ထားရှိရမည့် ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားများ

| | |
|---|---|
| ရည်ရွယ်ချက် | • မတော်မတရားပြုမှုခံရသော ကလေးများနှင့် အလုပ်လုပ်သောအခါတွင် ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားများ ရှိရန် အရေးကြီးပုံနှင့် လိုအပ်ပုံကို ရှင်းလင်းစွာ နားလည်သိရှိသွားစေရန်<br>• ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထား ထားရှိမှုအပေါ် ပြန်လည်ဆင်ခြင်သုံးသပ်နိုင်မည့် အခွင့်အလမ်းတစ်ခု ဖန်တီးပေးရန် |
| ကြာမြင့်ချိန် | (၆၀) မိနစ် |
| ဆွေးနွေးမည့် အကြောင်းအရာများ နှင့် အဆိုပြု ကြာ မြင့်ချိန်များ | • ကြိုဆိုနှုတ်ခွန်းဆက်ခြင်း *(၁၀ မိနစ်)*<br>　○ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း<br>• ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထား ဆိုသည်မှာ အဘယ်နည်း။ *(၅ မိနစ်)*<br>　○ ဖြစ်ရပ်စီမံခန့်ခွဲသူ၏ စိတ်နေသဘောထားများ အရေးကြီးပုံ<br>• ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားမျိုး ထားရှိမှုကို လက်တွေ့တွင် မည်သို့သော ပုံစံမျိုးဖြင့် တွေ့မြင်ရမည်နည်း။ *(၂၅ မိနစ်)*<br>　○ သုံးသပ်ဆင်ခြင်ခြင်းနှင့် ကိုယ်စားသရုပ်ဆောင်ခြင်း<br>• ပေါင်းစပ်ညှိနှိုင်းမှုအပေါ် အကျိုးသက်ရောက်မှုများ *(၁၀ မိနစ်)*<br>• မေးမြန်းဆွေးနွေးခြင်း *(၅ မိနစ်)*<br>• အစီအစဉ်အဆုံးသတ်ခြင်း *(၅ မိနစ်)* |
| သင်ထောက်ကူများ | ဖြန့်ဝေပေးရမည့် မှတ်စုစာရွက်များ<br>• ကိုယ်စားသရုပ်ဆောင်ခြင်း လေ့ကျင့်ခန်းအတွက် ဇာတ်ညွှန်းစာသားများ<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ |
| အစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လုပ်ဆောင် | • ဖြစ်ရပ်စီမံခန့်ခွဲသူများသည် CCS ဆိုင်ရာ စိတ်နေသဘောထား ဆန်းစစ်အကဲဖြတ်ချက် (CCS Attitude Assessment) ကို ဖြည့်စွက်ပြီး ၎င်းတို့၏ ကြီးကြပ်သူများထံ အစီအစဉ်မတိုင်မီ ကြိုတင်၍ ပေးပို့ရန် ဖြစ်ပါသည်။ သို့မှသာ ကြီးကြပ်သူ |

| | |
|---|---|
| ထားရမည့် သုံးသပ်ဆင်ခြင်လေ့လာမှု/ လုပ်ဆောင်မှု | များက ထိုဆန်းစစ်အကဲဖြတ်ချက်များကို ကြိုတင်သုံးသပ်လေ့လာထားနိုင်မည်ဖြစ်သည်။<br>• ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများသည် ၎င်းတို့ထံ ပေးပို့လာသည့် ဆန်းစစ်အကဲဖြတ်ချက်များကို အစီအစဉ်မတိုင်မီ ကြိုတင်သုံးသပ်လေ့လာကာ နည်းပြလမ်းညွှန်မှု အစီအစဉ်အတွင်း ဆွေးနွေးပေးရမည့်၊ ဖြေရှင်းပေးရမည့် အကြောင်းအရာများ/ ပြဿနာရပ်များကို ဖော်ထုတ်ထားသင့်သည်။ |
| **အစီအစဉ် ပြီးသည့်နောက် ဖတ်ရှုလိုက ဖတ်ရှုလေ့လာရန်** | • CCS လမ်းညွှန် အခန်း (၃) (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၅၈-၇၀)<br>• CCS သင်ရိုး မော်ဂျူး (၃) |
| | • CCS လမ်းညွှန် အခန်း (၄)<br>• CCS သင်ရိုး၊ မော်ဂျူး (၄)<br>• မော်ဂျူး (၄) မှတ်စု – ဆက်သွယ်ပြောဆိုမှုတွင် ဆောင်ရန်နှင့် ရှောင်ရန်များ |

# အစီအစဉ် အပိုင်း (၂) တွင် ပါဝင်သော အကြောင်းအရာများ

## *၂-၁။ ကြိုဆိုနှုတ်ခွန်းဆက်ခြင်း (၁၀ မိနစ်)*

- နည်းပြလမ်းညွှန်အစီအစဉ် အပိုင်း (၂) သို့ တက်ရောက်လာသူများကို ကြိုဆိုနှုတ်ခွန်းဆက်ပါ။
- **ပြောပါ -** နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် လုံခြုံစိတ်ချစွာ လေ့လာသင်ယူနိုင်သည့် အစီအစဉ်များဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေရန်အတွက် မေးခွန်းများနှင့် အကြံပြုချက်များကို ကြိုဆိုပါသည်။
- **မေးပါ -** ပြီးခဲ့သည့် အစီအစဉ်နောက်ပိုင်း အဆင်ပြေကြပါသလား၊ မည်သို့ ခံစားရပါသနည်း။ ပြီးခဲ့သည့် အစီအစဉ်နှင့် ပတ်သက်၍ ၎င်းတို့ မေးမြန်းလိုသည့် မေးခွန်းများ (သို့မဟုတ်) မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိပါသလား။
- **ရှင်းပြပါ -** ယနေ့အစီအစဉ်တွင် ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားများ အကြောင်း အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း ရှင်းပြပါ။ 'စိတ်နေသဘောထား' ဆိုသည်မှာ မည်သည်ကို ဆိုလိုကြောင်း လူတိုင်း နားလည်သဘောပေါက်ခြင်း ရှိ/မရှိ စစ်ဆေးအတည်ပြုပါ။ လိုအပ်လျှင် CCS လမ်းညွှန်မှ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို မျှဝေပေးပါ -
    - အဓိပ္ပါယ်ဖွင့်ဆိုချက် - "လူမှုအဖွဲ့အစည်းတိုင်းနှင့် ယဉ်ကျေးမှုတိုင်းတွင် ကလေးများနှင့် စပ်လျဉ်း၍၊ ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုမှုများနှင့် စပ်လျဉ်း၍ နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် တန်ဖိုးများနှင့် ယုံကြည်မှုများ ရှိနေတတ်သည်။ ထိုတန်ဖိုးများနှင့် ယုံကြည်မှုများသည် မတော်မတရားပြုမှုမှု ကျူးလွန်ခြင်းကို လျစ်လျူရှုကာ မတော်မတရားပြုမှုခံရသူများကို နှုတ်ဆိတ်နေအောင်၊ အရှက်ရစေအောင် သွယ်ဝိုက်သောနည်းဖြင့် လုပ်ဆောင်တတ်သည်။ ဖြစ်ရပ်စီမံခန့်ခွဲသူများ

ကိုယ်တိုင်သည်လည်း သိလျက်နှင့်ဖြစ်စေ၊ မသိဘဲဖြစ်စေ ထိုကဲ့သို့သော ဆိုးကျိုးဖြစ်စေနိုင်သည့် တန်ဖိုးများနှင့် ယုံကြည်မှုများကို စွဲကိုင်ထားနိုင်ပြီး နောက်ဆက်တွဲအနေဖြင့် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခံရသော ကလေးတစ်ဦးနှင့် ထိတွေ့ဆက်သွယ်အလုပ်လုပ်သည့် နည်းလမ်းအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ ဝန်ဆောင်မှုဆောင်ရွက်ပေးသူတစ်ဦး၏ စိတ်နေသဘောထားခံယူချက်များကို ပုံဖော်ပေးသည့် အဆိုပါတန်ဖိုးများနှင့် ယုံကြည်ချက်များသည် ကလေးတစ်ဦး၏ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခံခဲ့ရမှုကို ဖွင့်ဟပြောပြနိုင်ခြေနှင့် ကလေး၏ ပြန်လည်ကုစားမှုနှင့် ပြန်လည်ထူထောင်မှု လုပ်ငန်းစဉ်အပေါ် တိုက်ရိုက်သက်ရောက်မှု ရှိပါသည်။" [5]

- ယနေ့အစီအစဉ်သည် မတော်မတရားပြုမူခံရသော ကလေးများနှင့် အလုပ်လုပ်သောအခါတွင် ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထား ခံယူချက်များ ရှိရန် အရေးကြီးပုံနှင့် လိုအပ်ပုံကို အဓိကထား ဆွေးနွေးမည်ဖြစ်ပြီး ထိုကဲ့သို့သော သဘောထားခံယူချက်တစ်ခု ထားရှိမှုနှင့်ပတ်သက်၍ ပြန်လည်ဆင်ခြင်သုံးသပ်နိုင်မည့် အခွင့်အလမ်းတစ်ခု ရရှိမည်ဖြစ်သည်။
- ယနေ့အစီအစဉ်မတိုင်မီ ကြိုတင်၍ ဖြည့်စွက်ရသည့် CCS ဆိုင်ရာ စိတ်နေသဘောထား ဆန်းစစ်အကဲဖြတ်ချက်သည် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများအနေဖြင့် ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးတွင် ကလေးသူငယ်ဗဟိုပြု စိတ်ထားရှိ/မရှိ ဆုံးဖြတ်သတ်မှတ်ရန် အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူတစ်ခု ဖြစ်ပါသည်။ ကလေးသူငယ်ဗဟိုပြုစိတ်ထား ရှိမှသာလျှင် မတော်မတရား ပြုမူခံရသော ကလေးများအတွက် သင့်မြတ်လျော်ကန်သည့် ကူညီစောင့်ရှောက်မှုနှင့် ဆက်ဆံပြောဆိုမှုတို့ကို မေတ္တာတရားဖြင့် ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူသည် ထိုဆန်းစစ်အကဲဖြတ်ချက်များကို စုစည်းပြီး ရလဒ်များကို ဖြစ်ရပ်စီမံ ခန့်ခွဲသူတစ်ဦးချင်းစီနှင့် ပြန်လည်သုံးသပ်ဆွေးနွေးမည်ဖြစ်သည်။

**လုပ်ဆောင်ပါ - မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း - ကျေးဇူးတင်စရာကောင်းသည့် အရာကို ရှာဖွေခြင်း**

ပါဝင်တက်ရောက်သူများအား ၎င်းတို့၏ ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုကာ ၎င်းတို့ကို ပျော်ရွှင်စေသည့်၊ ကံကောင်းလိုက်တာဟု ခံစားရစေသည့် (သို့မဟုတ်) ၎င်းတို့အတွက် ကျေးဇူးတင်စရာကောင်းသည်ဟု ယူဆသည့် အရာဝတ္ထုတစ်ခု ကို ရှာဖွေခိုင်းပါ။

၎င်းတို့အတွက် အဆင်ပြေမည်ဆိုလျှင်၊ ပြသလိုသော ဆန္ဒရှိလျှင် ထိုပစ္စည်းကို ပြသခိုင်းပါ။ အဘယ်ကြောင့် ထိုပစ္စည်းကို ရွေးချယ်ရသည်၊ ထိုပစ္စည်းသည် မည်သည်ကို ကိုယ်စားပြုသည်ဆိုသည်တို့ကို ရှင်းပြခိုင်းပါ။

## *၂-၂။ ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားဆိုသည်မှာ အဘယ်နည်း (၅ မိနစ်)*

**ရှင်းပြပါ -** ဖြစ်ရပ်စီမံခန့်ခွဲသူများသည် မတော်မတရားပြုမူခံရသော ကလေးများနှင့် ထိတွေ့ဆက်သွယ်အလုပ်လုပ်သော အခါတွင် ၎င်းတို့၏ တွေးခေါ်ပုံ၊ ခံစားပုံနှင့် ပြုမူဆောင်ရွက်ပုံများကို ကြည့်လျှင် ကလေးများကို အဆင်ပြေပျော်ရွှင်စေ

[5] UNICEF & IRC (2023). Caring for Child Survivors of Sexual Abuse Guidelines (လိင်ပိုင်းဆိုင်ရာ မတော်မတရား ပြုမူခြင်း ခံရသော ကလေးများအား ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ လမ်းညွှန်), Second Edition. page 58. UNICEF, New York.

သည့် စိတ်နေသဘောထားခံယူချက်များ (child-friendly attitudes) ရှိ/မရှိ ထင်ဟပ်ပေါ်လွင်နေပါသည်။ ဖြစ်ရပ်စီမံခန့်ခွဲသူများ၏ နည်းပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများအပြင် ၎င်းတို့၏ စိတ်နေသဘောထားခံယူချက်များသည် ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် ကလေးများသည် လုံခြုံစိတ်ချရသည်၊ ၎င်းတို့အပေါ် ယုံကြည်သည်၊ လေးစားသည်၊ ဖေးမကူညီပံ့ပိုးပေးသည်ဟု ခံစားရခြင်း ရှိ/မရှိဆိုသည့်အပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်ဟု CCS လမ်းညွှန်တွင် အလေးပေး ဖော်ပြထားပါသည်။

ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားခံယူချက်များ (Child-friendly attitudes) သည် ကလေးများ၏ ဂုဏ်သိက္ခာကို လေးစားမှု၊ ၎င်းတို့၏ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲနေသော စွမ်းရည်များကို အသိအမှတ်ပြုမှုနှင့် မိမိတို့၏ လုပ်ဆောင်ချက်များကြောင့် ဆိုးကျိုးသက်ရောက်မှု မရှိစေရဟု သန္နိဋ္ဌာန်ချထားမှုတို့မှ အခြေတည်လာခြင်း ဖြစ်သည်။ ထိုသို့သော စိတ်နေသဘောထားမျိုး ရှိလျှင် ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ကလေးတိုင်းအား ၎င်း၏ အသက်အရွယ်၊ အမူအကျင့်၊ နောက်ခံအခြေအနေ (သို့မဟုတ်) ဘဝအခြေအနေ မည်သို့ပင် ရှိစေ **စာနာနားလည်မှု၊ စိတ်ရှည်မှုနှင့် ပွင့်လင်းရိုးသားမှု**တို့ဖြင့် ချဉ်းကပ်မည်၊ ဆက်ဆံမည်ဖြစ်သည်။

**ဖြစ်ရပ်စီမံခန့်ခွဲသူ၏ စိတ်နေသဘောထား ခံယူချက်များသည် ၎င်းတို့နှင့် ကလေးများကြားရှိ အခွင့်အာဏာဆက်နွယ်မှုကိုလည်း ပုံဖော်ပေးပါသည်။** လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်းကို တွေ့ကြုံခံစားခဲ့ရသော ကလေးများသည် အရာရာကို ထိန်းချုပ်စီမံနိုင်စွမ်း ဆုံးရှုံးနေသည်ဟု ခံစားနေကြရသူများ ဖြစ်သည်။ ထို့ကြောင့် အတင်းအကျပ် ထိန်းချုပ်စီမံမှု၊ အပူတပြင်း လောဆော်မှု (သို့မဟုတ်) ၎င်းတို့၏ အမြင်ကို အလေးမထားဘဲ အထင်အမြင်သေးနှိမ့်ချမှုတို့သည် ကလေးများကို ပို၍ ထိခိုက်နစ်နာစေမည်ဖြစ်သည်။ ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားများ ရှိလျှင်မူ ကလေးများက ၎င်းတို့တွင် ရွေးချယ်ပိုင်ခွင့်ရှိသည်၊ စီမံထိန်းချုပ်နိုင်သည်ဟု ခံစားသိမြင်မှုနှင့် ယုံကြည်မှုတို့ကို ပြန်လည်ရရှိအောင် ကူညီပေးနိုင်ပါသည်။

**ဆွေးနွေးပါ -**

- မိမိတို့၏ စိတ်နေသဘောထားခံယူချက်များသည် ကလေးများနှင့် နေ့စဉ်ထိတွေ့ဆက်ဆံမှုများတွင် မည်သို့သောပုံစံဖြင့် ပေါ်လွင်နေပါသနည်း။
- မည်သို့သော ပြုမူလုပ်ဆောင်မှုများသည် တမင်ရည်ရွယ်ခြင်း မဟုတ်လျှင်ပင် ဝေဖန်ပြစ်တင်မှု (သို့မဟုတ်) ဖိအားတစ်ခုအဖြစ် ကလေးများအနေဖြင့် မှတ်ယူသွားနိုင်သနည်း။
- မည်သို့သော အခြေအနေများတွင် ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားမျိုး ထားရှိရန် အခက်ခဲဆုံး ဖြစ်မည်နည်း၊ အဘယ်ကြောင့်နည်း။
- ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားများ အစဉ်အမြဲ ထားရှိနိုင်ရေးအတွက် ကြီးကြပ်ပံ့ပိုးမှုများနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူအချင်းချင်း ကူညီမှုများက မည်သို့ အထောက်အကူပြုနိုင်သနည်း။

## *၂-၃။ ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားမျိုး ထားရှိမှုကို လက်တွေ့တွင် မည်သို့သော ပုံစံမျိုးဖြင့် တွေ့မြင်ရမည်နည်း။ (၂၅ မိနစ်)*

**မေးမြန်းပါ -** ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားမျိုး ထားရှိမှုကို လက်တွေ့တွင် မည်သို့သော ပုံစံမျိုးဖြင့် တွေ့မြင်ရမည်နည်း။

ရှင်းပြပါ - လက်တွေ့တွင် ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားမျိုးဆိုသည်မှာ ဖြစ်ရပ်စီမံခန့်ခွဲသူများက အောက်ပါအတိုင်း လုပ်ဆောင်နေခြင်းကို ဆိုလိုပါသည် -

- **ကလေး၏ မတော်မတရားပြုမှုခံခဲ့ရကြောင်း ထုတ်ဖော်ဖွင့်ဟပြောပြခြင်းကို ယုံကြည်ပေးခြင်း**နှင့် ဖြစ်ပျက်ခဲ့သည်များအတွက် ကလေးကို မည်သည့်အခါမျှ ဝေဖန်ပြစ်တင်မှု မရှိခြင်း
- ကလေးများမှာ ကြီးစွာသော စိတ်သောကဖိစီးနေသောအခါ၊ စကားမပြောနိုင်ဘဲ တိတ်ဆိတ်နေသောအခါ (သို့မဟုတ်) စကားများ ရှေ့နောက်မညီ ဖြစ်နေသောအခါမျိုးတွင်ပင်လျှင် **အစဉ်အမြဲ တည်ငြိမ်အေးဆေးစွာဖြင့် စိတ်ရှည်လက်ရှည် ပြောဆိုပြုမူခြင်း**
- **စကားများများပြောဖို့ထက် များများ ပို၍ နားထောင်ပေးခြင်း၊** ကလေးကို နှေးသည်ဖြစ်စေ၊ မြန်သည် ဖြစ်စေ ၎င်းအတွက် အဆင်ပြေသည့် အနေအထားဖြင့် မျှဝေပြောဆိုခွင့်ပြုခြင်း
- **ကလေး၏ ခံစားချက်များ၊ အမြင်များနှင့် စည်းဘောင်များကို** အပြည့်အဝ လက်ခံဆောင်ရွက်ပေးနိုင်ခြင်း မရှိလျှင်ပင် **လေးစားမှု ရှိကြောင်း ပြသခြင်း**
- **အကောင်းအဆိုးဝေဖန်ပြစ်တင်ခြင်း၊ ဖိအားပေးခြင်း (သို့မဟုတ်) မိမိက ဦးဆောင်ညွှန်ကြားခြင်း ဟူသည့် အပြုအမူများကို ရှောင်ရှားခြင်း** (အထူးသဖြင့် ကလေးက မတော်မတရားပြုမှုခံရကြောင်း ဖွင့်ဟအသိပေးချိန်တွင်)
- ကလေး၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်၊ မသန်စွမ်းမှု၊ ယဉ်ကျေးမှုနှင့် စိတ်ခံစားချက်အခြေအနေ အလိုက် **၎င်းတို့၏ ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်း**
- ကလေးနားလည်နိုင်သည့် စကားလုံးအသုံးအနှုန်းများဖြင့် **လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတိကျစွာနှင့် ရိုးသားစွာ ရှင်းလင်းပြောပြခြင်း**
- ကြောက်ရွံ့မှု၊ ရှက်ရွံ့မှု (သို့မဟုတ်) ဝေခွဲမရဖြစ်ကာ ရှုပ်ထွေးနေမှုတို့အား **မတော်မတရားပြုမှုခံရသူများတွင် ပုံမှန်အားဖြင့် ဖြစ်ပေါ်တတ်သည့် တုံ့ပြန်မှုများအဖြစ် အသိအမှတ်ပြုနားလည်ပေးခြင်း**
- **၎င်းတို့ကိုယ်တိုင်တွင် ရှိနေသည့် ယုံကြည်ချက်များ၊ တုံ့ပြန်မှုများနှင့် စိတ်ဖိစီးမှုအခြေအနေများကို သုံးသပ်ဆင်ခြင်၍** မိမိတို့၏ စိတ်နေသဘောထားများတွင် ပြဿနာရှိသည်ဟု ခံစားရလျှင် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူထံမှ ကူညီပံ့ပိုးမှုများ၊ နည်းပေးလမ်းပြမှုများ တောင်းခံရယူခြင်း

ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားများသည် အမြဲတမ်း ပုံသေ သတ်မှတ်ထား၍ မရပါ။ မှန်ကန်ကောင်းမွန်သည့် စိတ်နေသဘောထားများကို အစဉ်အမြဲ ထိန်းသိမ်းထားရှိနိုင်ဖို့ဆိုလျှင် (အထူးသဖြင့် ဖိအားများသည့်၊ အရင်းအမြစ်နည်းပါးသည့် အခြေအနေများတွင်) ပြန်လည်ဆင်ခြင်သုံးသပ်မှု၊ ကြီးကြပ်ပံ့ပိုးမှုနှင့် စုပေါင်း၍ အပြန်အလှန်ဂရုစိုက်စောင့်ရှောက်မှုတို့ စဉ်ဆက်မပြတ် ပြုလုပ်နေရန်၊ ရရှိနေရန် လိုအပ်ပါသည်။

လုပ်ဆောင်ပါ - **ကိုယ်စားသရုပ်ဆောင်ခြင်း - လက်တွေ့လုပ်ငန်းခွင်တွင် ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားများ ထားရှိခြင်း**

**ရည်ရွယ်ချက်**

မိမိတို့ အသုံးပြုသည့် လေသံ၊ စကားအသုံးအနှုန်းနှင့် ပြုမူလုပ်ဆောင်ပုံများ မှတစ်ဆင့် မိမိတို့၏ စိတ်နေသဘောထားခံယူချက်များကို တစ်ဖက်သားထံ ဆက်သွယ်အသိပေးနိုင်ပုံကို ဖြစ်ရပ်စီမံခန့်ခွဲသူများ နားလည်သိရှိရန်နှင့် CCS လမ်းညွှန်နှင့်အညီ ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် အလေ့အထများ ပိုမို ရရှိရန်အတွက် အပြုသဘော

ဆောင်သည့် အကြံပြုချက်များ ပေးအပ်ခြင်းကို လက်တွေ့လေ့ကျင့်နိုင်ရန် ဤကိုယ်စားသရုပ်ဆောင်မှုက ကူညီပေးနိုင်ပါသည်။

**ညွှန်ကြားချက်များ -**

- အဖွဲ့ငယ်လေးများ ခွဲပါ။
- တစ်ဦးကို ဖြစ်ရပ်စီမံခန့်ခွဲသူအဖြစ်၊ တစ်ဦးကို ကလေးအဖြစ်နှင့် ကျန်လူများက စောင့်ကြည့်လေ့လာသူများအဖြစ် သရုပ်ဆောင်ရန် ပြောပါ။
- ကိုယ်စားသရုပ်ဆောင်ခြင်း (က) ကို ဦးစွာ လုပ်ခိုင်းပါ။ ပြီးမှ ကိုယ်စားသရုပ်ဆောင်ခြင်း (ခ) ကို လုပ်ဆောင်ပါ။
- ကိုယ်စားသရုပ်ဆောင်မှုတစ်ခု ပြီးတိုင်း ပေးထားသော လမ်းညွှန်မေးခွန်းများကို အသုံးပြု၍ အကြံပြုချက်၊ တုံ့ပြန်ချက်များ ပေးနိုင်အောင် ကူညီပေးပါ။
- စောင့်ကြည့်လေ့လာသူများသည် ဖြစ်ရပ်စီမံခန့်ခွဲမှုအဆင့်များ၏ နည်းပညာရပ်ပိုင်းဆိုင်ရာထက် *စိတ်နေသဘော ထားခံယူချက်များ*ကိုသာ အဓိကထား၍ ကြည့်ရှုသင့်သည်။ စိတ်နေသဘောထားများကို ညွှန်ပြသည့် ညွှန်ကိန်းအချို့မှာ -
  - စကားပြောသည့် လေသံ
  - အနေးအမြန်နှုန်းနှင့် ခေတ္တရပ်၍ စောင့်ပေးမှုများ
  - အသုံးပြုသည့် စကားအသုံးအနှုန်းများ
  - စကားလုံးမဲ့ ဆက်သွယ်ပြောဆိုမှုများ (ကိုယ်နေဟန်ထားနှင့် မျက်နှာအမူအရာများ)
  - အခွင့်အာဏာ ဆက်နွှယ်မှုပုံစံများ
  - ရွေးချယ်မှုနှင့် သဘောတူခွင့်ပြုချက်/ သဘောတူခွင့်ပြုသည့် ဆန္ဒသဘောထားတို့ကို လေးစားမှု
  - ကလေးအပေါ် စိတ်ခံစားချက်ပိုင်းဆိုင်ရာ သက်ရောက်မှု

**ဖြစ်ရပ်နမူနာ (ကိုယ်စားသရုပ်ဆောင်မှု နှစ်ခုစလုံးအတွက် အသုံးပြုရန်)**

ကလေးအမည်သည် ဒန်နီရယ်ဖြစ်ပြီး အသက် (၁၀) နှစ်အရွယ် ယောကျ်ားလေးတစ်ဦးဖြစ်သည်။ ဒန်နီရယ်က သူ့ထက် အသက်ကြီးသည့် အိမ်နီးချင်းတစ်ဦး၏ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်းကို ခံခဲ့ရကြောင်း ထုတ်ဖော်ဖွင့်ဟလာသည်။ ဒန်နီရယ်သည် ဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ပထမဆုံးအကြိမ်အဖြစ် တစ်ဦးချင်း တွေ့ဆုံခြင်းဖြစ်သည်။ ဒန်နီရယ်သည် နှုတ်ဆိတ်နေပြီး မျက်လုံးချင်းမဆုံအောင် ကြိုးစားနေသည်။ မေးခွန်းများကိုလည်း တိုတိုတုတ်တုတ်သာ ပြန်လည်ဖြေကြားသည်။

**ကိုယ်စားသရုပ်ဆောင်ခြင်း (က)**

**ဖြစ်ရပ်စီမံခန့်ခွဲသူ** *(တည်ငြိမ်အေးဆေးသည့် အသံဖြင့်၊ မျက်လုံးနှင့်တစ်တန်းတည်းဖြစ်အောင် ထိုင်လျက်) -* "ဒန်နီရယ်ရေ၊ မင်္ဂလာပါ။ ဦးဦးနာမည်က ဆမ်ပါ။ အခုလို ဦးဦးနဲ့ လာပြီးစကားပြောလို့ ကျေးဇူးတင်ပါတယ်။ ဒန်နီရယ့်ကို အရင်ဆုံးသိစေချင်တာက သား ပြောဖို့ အဆင်သင့်မဖြစ်သေးတဲ့ ဘယ်အရာကိုမှ သား အနေနဲ့ ပြောပြစရာမလိုဘူးဆိုတာပါ။ သားအတွက် အဆင်ပြေသလိုပဲ ပြောလို့ရပါတယ်။"

*(ခဏရပ်ပါ၊ ဒန်နီရယ်ကို စကားပြန်ပြောဖို့ အချိန်ပေးပါ။)*

"နောက်တစ်ခု သားကို သိစေချင်တာက သား ကြုံတွေ့ခဲ့ရတာတွေဟာ သားရဲ့ အမှားမဟုတ်ဘူးဆိုတာပါ။ ဒီလို ကိစ္စတွေအကြောင်း ပြောဆိုဆွေးနွေးတဲ့အခါ ကလေးအများစုက စိုးရိမ်ကြတယ်၊ စိတ်တွေ ရှုပ်ထွေးတတ်ကြတယ်၊ ဒါက ပုံမှန်ပါပဲနော်။"

*(ညင်သာပျော့ပျောင်းသော လေသံဖြင့်)*

"ဘယ်အချိန်မဆို သား ခဏ နားချင်တယ်ဆိုရင် ဒါမှမဟုတ် ဦးဦးပြောတာကို သား နားမလည်တာ တစ်ခုခု ရှိရင် ဦးဦးကို ပြောနော်။ သား မကြာသေးခင်က ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေအကြောင်း ဒီကနေ့ နည်းနည်း လောက်ပဲ ပြောဖြစ်ရင်လည်း ရတယ်၊ ကိစ္စမရှိဘူး၊ အဆင်ပြေတယ်နော်။"

**အားလုံးထံမှ တုံ့ပြန်ချက်၊ အကြံပြုချက် ရယူရန် မေးမြန်းရမည့် မေးခွန်းများ -**

- ဖြစ်ရပ်စီမံခန့်ခွဲသည် ၎င်း၏ လေသံနှင့် စကားအသုံးအနှုန်းများမှတစ်ဆင့် မည်သို့သော စိတ်နေသဘော ထားများကို ပြသခဲ့သနည်း။
- ဖြစ်ရပ်စီမံခန့်ခွဲသူသည် ဒန်နီရယ်၏ လုံခြုံစိတ်ချရသည်၊ ၎င်းကိုယ်တိုင် ထိန်းချုပ်စီမံခွင့်ရှိသည် ဟူသော ခံစားသိမြင်မှု ရရှိအောင် မည်သို့ ကူညီပေးခဲ့သနည်း။
- မည်သည့် စကားလုံးများ (သို့မဟုတ်) အပြုအမူများသည် လေးစားမှုနှင့် ယုံကြည်မှုကို ပြသခဲ့သနည်း။
- ဤပြောဆိုဆက်ဆံမှုတွင် ဒန်နီရယ်သည် မည်သို့ ခံစားရနိုင်သနည်း။

**ကိုယ်စားသရုပ်ဆောင်ခြင်း (ခ)**

**ဖြစ်ရပ်စီမံခန့်ခွဲသူ** *(မတ်တပ်ရပ်လျက်၊ လက်ထဲတွင် စာရေးရန် အမာခံပါသော ကတ်ပြားကို ကိုင်လျက်၊ တင်းမာသော လေသံဖြင့်) -*

"ဒန်နီရယ် မင်း ငါမေးတဲ့ မေးခွန်းတွေကို သေချာဖြေပေးဖို့ လိုမယ်နော်၊ ဒါမှ ဘာတွေ ဖြစ်ပျက်ခဲ့လဲဆိုတာ ငါ သိမယ်။ ငါ့ကို မခြွင်းမချန် ရှင်းရှင်းလင်းလင်း ပြောပြဖို့ အရေးကြီးတယ်။"

*(ခဏရပ်၍ စောင့်ပေးခြင်း မရှိသလောက်)*

"ကဲ မြန်မြန်ပြောလေ။ မင်း ပြောသလို တကယ် ဖြစ်ခဲ့တာရော သေချာရဲ့လား။"

*(သက်ပြင်းချ၍)*

"ဒီနေ့ ငါတို့ သိပ်အချိန်မရှိဘူး။ အဲဒီတော့ သေချာ အာရုံစိုက်ပြီး မေးတာကို ဖြေပေး။ ဒီအချက်အလက်တွေက အရမ်းအရေးကြီးတယ်၊ သိလား။"

**အားလုံးထံမှ တုံ့ပြန်ချက်၊ အကြံပြုချက် ရယူရန် မေးမြန်းရမည့် မေးခွန်းများ -**

- ဖြစ်ရပ်စီမံခန့်ခွဲသည် ၎င်း၏ လေသံနှင့် စကားအသုံးအနှုန်းများမှတစ်ဆင့် မည်သို့သော စိတ်နေသဘော ထားများကို ပြသခဲ့သနည်း။
- ဖြစ်ရပ်စီမံခန့်ခွဲသူသည် ဒန်နီရယ်၏ လုံခြုံစိတ်ချရသည်၊ ၎င်းကိုယ်တိုင် ထိန်းချုပ်စီမံခွင့်ရှိသည် ဟူသော ခံစားသိမြင်မှု ရရှိအောင် မည်သို့ ကူညီပေးခဲ့သနည်း။
- မည်သည့် စကားလုံးများ (သို့မဟုတ်) အပြုအမူများသည် လေးစားမှုနှင့် ယုံကြည်မှုကို ပြသခဲ့သနည်း။
- ဤပြောဆိုဆက်ဆံမှုတွင် ဒန်နီရယ်သည် မည်သို့ ခံစားရနိုင်သနည်း။

**ဆွေးနွေးမေးမြန်းရန်အတွက် မေးခွန်းများ**

ကိုယ်စားသရုပ်ဆောင်ခြင်း (ခ) ပြီးသည့်နောက်တွင် ဖြစ်ရပ်စီမံခန့်ခွဲသူအနေဖြင့် သူ၏ ချဉ်းကပ်ပုံ နည်းလမ်းကို မည်သို့ ပြုပြင်သင့်ကြောင်း အပြုသဘောဆောင်သည့် အကြံပြုချက်များကို တိတိကျကျ ပေးအပ်ရန် အားလုံးကို ပြောပါ။ ဥပမာ -

- လေသံ - ဖြစ်ရပ်စီမံခန့်ခွဲသူ၏ လေသံသည် ပို၍ တည်ငြိမ်အေးဆေးရန်၊ နွေးထွေးရန် (သို့မဟုတ်) ပို၍ နှစ်သိမ့်အားပေးနိုင်ရန် မည်သို့ ပြောဆိုနိုင်မည်နည်း။
- စကားအသုံးအနှုန်း - အပြစ်တင်ခြင်း၊ ဖိအားပေးခြင်း (သို့မဟုတ်) ဝေဖန်ပြစ်တင်ခြင်းတို့ကို ရှောင်ရှားရန် အတွက် မည်သည့် စကားလုံးများ (သို့မဟုတ်) မေးခွန်းများကို ပြောင်းလဲသင့်သနည်း။
- အနေးအမြန် - ဖြစ်ရပ်စီမံခန့်ခွဲသူသည် ကလေးကို ဖြေဆိုဖို့ အချိန်ပေးနိုင်ရန် မည်သည့် နေရာများတွင် အရှိန်နှေးသင့်သနည်း (သို့မဟုတ်) ခဏရပ်၍ စောင့်ပေးသင့်သနည်း။
- စကားလုံးမဲ့ ပြုမူလုပ်ဆောင်မှုများ - ကလေးကို ပို၍ အဆင်ပြေစေလိုလျှင်၊ စိတ်သက်တောင့်သက်သာ ရှိစေလိုလျှင် ကိုယ်ဟန်အနေအထား၊ မျက်လုံးနှင့် တစ်တန်းတည်းဖြစ်မှု၊ (သို့မဟုတ်) မျက်နှာအမူအရာ တို့ကို မည်သို့ ပြောင်းလဲသင့်သနည်း။
- ရွေးချယ်မှုနှင့် ထိန်းချုပ်စီမံမှု - ကလေးတွင် မည်သည့် သတင်းအချက်အလက်ကို မည်သည့်အချိန်တွင် မျှဝေပေးမည်ဆိုသည်ကို ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့် ရှိပါသည်။ ဖြစ်ရပ်စီမံခန့်ခွဲသူအနေဖြင့် ထိုရပိုင်ခွင့်အား လေးစားလိုက်နာပေးနိုင်ရန် မည်သို့ လုပ်ဆောင်ရမည်နည်း။

## *၂-၄။ ပေါင်းစပ်ညှိနှိုင်းမှုအပေါ် သက်ရောက်မှုများ (၁၀ မိနစ်)*

**ရှင်းပြပါ -** ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားများသည် ကလေးများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံမှုများအပေါ်တွင်သာ သက်ရောက်မှုရှိသည်မဟုတ်ဘဲ လွှဲပြောင်းညွှန်းပို့မှု၊ သတင်းအချက်အလက် မျှဝေပေးမှု၊ ဖြစ်ရပ်ဆိုင်ရာတိုင်ပင်ဆွေးနွေးမှုများနှင့် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးများအပါအဝင် ဖြစ်ရပ်စီမံခန့်ခွဲမှုအတွက် ပေါင်းစပ်ညှိနှိုင်းမှုများအပေါ်တွင်လည်း သိသိသာသာ ရိုက်ခတ်သက်ရောက်မှုများ ရှိပါသည်။ ပေါင်းစပ်ညှိနှိုင်းမှုများ လုပ်ဆောင်ရာတွင် ဘေးကင်းလုံခြုံမှု၊ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးမှု၊ လျှို့ဝှက်ထိန်းသိမ်းပေးမှုနှင့် အနှစ်သာရရှိစွာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှုဟူသော အခြေခံစည်းမျဉ်းများကို အစဉ်အမြဲလိုက်နာကျင့်သုံးရမည်ဟု CCS လမ်းညွှန်တွင် အလေးပေးဖော်ပြထားပြီး ထိုစည်းမျဉ်းများအားလုံးသည် ဖြစ်ရပ်စီမံခန့်ခွဲသူ၏ စိတ်နေသဘောထားများနှင့် တိုက်ရိုက်ဆက်စပ်မှု ရှိနေပါသည်။

ဖြစ်ရပ်စီမံခန့်ခွဲသူများတွင် ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားများ ရှိလျှင် ကျင့်ဝတ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်မှု၊ ထိရောက်မှုနှင့် ဘေးအန္တရာယ်ကင်းအောင် ဆောင်ရွက်ပေးမှုတို့ ပိုမိုအားကောင်းနိုင်ပါသည်။ ထိုသို့သော စိတ်နေသဘောထားများ မရှိလျှင်မူ ပေါင်းစပ်ညှိနှိုင်းမှုများကို လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သည်ဆိုလျှင်ပင် အန္တရာယ်ကျရောက်နိုင်ခြေများကို တိုးပွားစေပြီး ထိခိုက်နစ်နာမှုများကို ဖြစ်စေနိုင်ပါသည်။

**ဆွေးနွေးပါ -**

- ကလေးများဘက်မှ လွှဲပြောင်းညွှန်းပို့ပေးမှုများ (သို့မဟုတ်) ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းစဉ်များကို သဘောတူ/မတူ ဆိုသည့်အပေါ် ကျွန်ုပ်တို့၏ စိတ်နေသဘောထားများက မည်သို့ လွှမ်းမိုးသက်ရောက်မှု ရှိသနည်း (ဥပမာ ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးတစ်ခုတွင် ပါဝင်တက်ရောက်ခြင်း (သို့) ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးတစ်ခုတွင် မျှဝေပေးမည့် သတင်းအချက်အလက်အချို့ကို မျှဝေခွင့်ပြုရန် သဘောတူခြင်း)။

- ကလေးများ (သို့မဟုတ်) ပြုစုစောင့်ရှောက်သူများသည် ဖြစ်ရပ်အတွက် ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းစဉ်များတွင် ၎င်းတို့၏ အသံကို တင်ပြခွင့်မရ (သို့မဟုတ်) ၎င်းတို့အပေါ် လေးစားမှုမရှိဟု ခံစားရလျှင် မည်သို့သော ထိခိုက်နိုင်ခြေ အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သနည်း။
- မကြာမီက တွေ့ကြုံခဲ့ရသည့် ပေါင်းစပ်ညှိနှိုင်းမှု ပြုလုပ်ရန် ခက်ခဲသော အခြေအနေတစ်ခုကို ပြန်စဉ်းစားကြည့်ပေးပါ။ ထိုအခြေအနေတွင် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများထံမှ မတော်မတရားပြုမူခြင်းခံရသော ကလေးများအပေါ် အပြုသဘောဆောင်သည့် စိတ်နေသဘောထားများ ပြသနိုင်မှု မရှိခြင်းကြောင့် အခြေအနေ ပိုမိုဆိုးရွားခဲ့ရသည့် ဖြစ်ရပ်မျိုးကို စဉ်းစားစေလိုခြင်း ဖြစ်သည်။ ထိုအခြေအနေမှ မည်သည့်သင်ခန်းစာများ သင်ရရှိခဲ့သနည်း။ မည်သည့်အချက်ကို ထိုးထွင်းသိမြင်နားလည်သွားခဲ့သနည်း။ ထိုအခြေအနေမျိုးတွင် မည်သည့်အရာများက အထောက်အကူဖြစ်နိုင်သနည်း။
- မကြာခင်က သင် ကိုင်တွယ်ဆောင်ရွက်ခဲ့သော ဖြစ်ရပ်များထဲမှ ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့သဖြင့် ပေါင်းစပ်ညှိနှိုင်းမှုများ အဆင်ပြေထိရောက်ခဲ့သည့် ဥပမာအချို့ကိုလည်း စဉ်းစားပေးပါ။

## ဤအပိုင်းကို လုပ်ဆောင်ပေးသည့် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူအတွက် ရည်ညွှန်းကိုးကားချက်များ -

| **ပေါင်းစပ်ညှိနှိုင်းမှုအပေါ် ကောင်းမွန်သော အကျိုးသက်ရောက်နိုင်ခြေများတွင် အောက်ပါတို့ ပါဝင်ပါသည် -** | **အန္တရာယ်ကျရောက်နိုင်ခြေများနှင့် ပေါင်းစပ်ညှိနှိုင်းမှုအပေါ် ဆိုးကျိုးသက်ရောက်နိုင်ခြေများတွင် အောက်ပါတို့ ပါဝင်ပါသည် -** |
|---|---|
| • **ပိုမိုတိကျမှန်ကန်သည့် သတင်းအချက်အလက်များ မျှဝေပေးခြင်း -** လုံခြုံစိတ်ချရသည်၊ မိမိကို လေးစားစွာ ဆက်ဆံသည်ဟု ခံစားရသော ကလေးများသည် သက်ဆိုင်သည့် သတင်းအချက်အလက်များကို မျှဝေပေးနိုင်ခြေ၊ သင့်တော်သည့် လွှဲပြောင်းညွှန်းပို့မှုနှင့် ပေါင်းစပ်ညှိနှိုင်းတုံ့ပြန်ဆောင်ရွက်ပေးမှုတို့တွင် ပါဝင်ကူညီပေးနိုင်ခြေ ပိုများပါသည်။<br>• **ပိုမိုအားကောင်းနိုင်မာသော သဘောတူခွင့်ပြုချက်နှင့် သဘောတူခွင့်ပြုသည့် ဆန္ဒသဘောထားများ ရရှိခြင်း -** လေးစားစွာ၊ စိတ်ရှည်စွာ ဆက်သွယ်ပြောဆိုသော ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းစဉ်များအကြောင်းကို ပိုမို ရှင်းလင်းတိကျစွာ ရှင်းပြနိုင်ကြသဖြင့် ကလေးများနှင့်ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများကို ကောင်းစွာ နားလည်သိရှိစေကာ လွှဲပြောင်းညွှန်းပို့မှုများနှင့် ဖြစ်ရပ်ဆိုင်ရာ | • **ထုတ်ဖော်ဖွင့်ဟနိုင်ခြေ နည်းပါးခြင်းနှင့် သတင်းအချက်အလက်များ ပြည့်စုံစွာ မရရှိခြင်း -** ကလေးများသည် ၎င်းတို့ကို အပြစ်တင်သည်၊ အတင်းအကျပ် လောဆော်သည် (သို့မဟုတ်) လုံခြုံစိတ်ချရမှု မရှိဟု ခံစားရလျှင် သတင်းအချက်အလက်များကို ထိန်ချန်ထားနိုင်သဖြင့် သင့်တော်မှု (သို့မဟုတ်) ထိရောက်မှု မရှိသော လွှဲပြောင်းညွှန်းပို့မှုများ ဖြစ်နိုင်ပါသည်။<br>• **သဘောတူခွင့်ပြုချက်များ အားနည်းခြင်း (သို့မဟုတ်) နိုင်လုံမှုမရှိခြင်း -** ဖြစ်ရပ်စီမံခန့်ခွဲသူသည် အရာရာကို ထိန်းချုပ်စီမံချင်သည့် (သို့မဟုတ်) အထင်အမြင်သေးနှိမ့်ချသည့်၊ အလေးမထားသည့် သဘောထားများ ရှိလျှင် သဘောတူခွင့်ပြုချက်ကို အလောတကြီး တောင်းဆိုနိုင်သဖြင့် ကလေးနှင့် ပြုစုစောင့်ရှောက်သူများမှ ရှင်းလင်းမှု မရှိ (သို့မဟုတ်) သိသင့်သိထိုက်သည်များကို အမှန်တကယ် ပြည့်ပြည့်စုံစုံ မသိဘဲ ပေးအပ်ခြင်း ဖြစ်တတ် |

တိုင်ပင်ဆွေးနွေးမှုများအတွက် သဘောတူ ခွင့်ပြုချက် (သို့မဟုတ်) သဘောတူခွင့်ပြု သည့် ဆန္ဒသဘောထား ပေးအပ်နိုင်အောင် ကူညီပေးပါသည်။

- **ပိုမို ဘေးကင်းလုံခြုံသော လွှဲပြောင်းညွှန်း ပို့မှုများ -** ကလေးများကို အဆင်ပြေပျော်ရွှင် စေသော စိတ်နေသဘောထားများ ရှိလျှင် ကျရောက်နိုင်ခြေရှိသည့် အန္တရာယ်များကို စေ့စပ်သေချာစွာ ထည့်သွင်းစဉ်းစားနိုင်မည် ဖြစ်သဖြင့် ကလေးများကို ပိုမို ထိခိုက် နစ်နာ စေခြင်း၊ ကဲ့ရဲ့ပြစ်တင်မှု (သို့မဟုတ်) လက် တုံ့ပြန်ရန်ပြုမှုများ ခံရခြင်း မရှိစေဘဲ လွှဲပြောင်းညွှန်းပို့မှုများ ပြုလုပ်ပေးနိုင် ပါသည်။
- **ယုံကြည်မှုကို အခြေခံသည့် အဖွဲ့အစည်း ပေါင်းစုံ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှု -** လေးစားမှုရှိပြီး ဆက်လက်ရှင်သန်သူ ဗဟို ပြုသည့် အလေ့အထရှိသော ဖြစ်ရပ်စီမံ ခန့်ခွဲသူများသည် CCS လမ်းညွှန် အခြေခံ မှုများကို လိုက်နာစောင့်ထိန်းရင်း ကလေး၏ လိုအပ်ချက်များကို အခြားသော အဖွဲ့အစည်း များထံ အသိပေးတိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်ပေးရန် ပိုမို ကောင်းမွန်သည့် အနေ အထားသို့ ရောက်ရှိလာနိုင်ပါသည်။

ပါသည်။ ထိုအခါ ကျင့်ဝတ်နှင့်ညီသည့် ပေါင်းစပ် ညှိနှိုင်းမှုများ ဖြစ်ပေါ်ရန် ခက်ခဲပါလိမ့်မည်။

- **လျှို့ဝှက်ထိန်းသိမ်းပေးရမည့် စည်းမျဉ်းကို ဖောက်ဖျက်ခြင်း -** စိတ်နေသဘောထား ခံယူ ချက်ပိုင်းတွင် အားနည်းလျှင် မလိုအပ်ဘဲ သတင်း အချက်အလက်များ မျှဝေပေးခြင်း (သို့မဟုတ်) လုံလောက်သည့် ရှင်းပြမှု (သို့မဟုတ်) ဘေး အန္တရာယ်ကင်းအောင် အကာအကွယ်ပေးမှုများ မရှိဘဲ အခြားသူများကို ထုတ်ဖော်အသိပေးခြင်း များ ဖြစ်ပေါ်နိုင်ပါသည်။
- **ထိခိုက်နစ်နာမှုများ ပေါ်ပေါက်စေသည့် လွှဲပြောင်း ညွှန်းပို့မှုများ -** ကလေးသူငယ်ဗဟိုပြု၍ စေ့စပ် သေချာစွာ စဉ်းစားဆင်ခြင်မှု မရှိဘဲ လွှဲပြောင်း ညွှန်းပို့ပေးမှုများသည် ကလေးများကို ကဲ့ရဲ့ပြစ် တင်မှု၊ စိတ်ဒဏ်ရာ ထပ်မံရရှိမှု၊ လက်တုံ့ပြန် ရန်ပြုခံရမှု (သို့မဟုတ်) အခြားသော ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များနှင့် ကြုံတွေ့ ရစေနိုင်ပါသည်။
- **ဝန်ဆောင်မှုများအပေါ် ယုံကြည်မှု ပျက်ပြားခြင်း -** ကလေးများနှင့် ပြုစုစောင့်ရှောက်သူများသည် ဝန်ဆောင်မှုများကို လုံးဝ လက်ခံရယူခြင်း မရှိ တော့သဖြင့် ကူညီစောင့်ရှောက်မှုများ ဆက်လက် ဆောင်ရွက်ပေးနိုင်ခြင်း မရှိတော့ဘဲ ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ် ကျရောက်နိုင် ခြေများ ပိုမိုတိုးပွားလာနိုင်ပါသည်။
- **ပေါင်းစပ်ညှိနှိုင်းမှုများ ပျက်ပြားခြင်း -** CCS အခြေ ခံမှုများကို လိုက်နာခြင်းမရှိလျှင် အဖွဲ့အစည်းများ ကြား တင်းမာမှုများ ဖြစ်ပေါ်နိုင်ပါသည်။ အထူး သဖြင့် ကလေးများ၏ ဆန္ဒကို လေးစားမှု၊ အလေး ထားမှု မရှိလျှင် ပိုဆိုးပါသည်။

## ၂-၅။ *ဆွေးနွေးမေးမြန်းခြင်း (၅ မိနစ်)*

- **မေးပါ -** အစီအစဉ်အဆုံးမသတ်မီ ကလေးများကို အဆင်ပြေပျော်ရွှင်စေသော စိတ်နေသဘောထားများနှင့် ပတ်သက်၍ ၎င်းတို့ မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိ/မရှိ မေးမြန်းပါ။

- အဓိကကျသည့် ဆင်ခြင်သုံးသပ်ချက်များကို အနှစ်ချုပ်ပေးကာ ဖြစ်ရပ်စီမံခန့်ခွဲမှုအတွင်း ထားရှိရမည့် ကလေးများကို အဆင်ပြေပျော်ရွှင်စေလိုသော စိတ်နေသဘောထားများနှင့် ချိတ်ဆက်ဆွေးနွေးကာ အစီအစဉ်ကို အဆုံးသတ်ပါ။
- **ရှင်းပြပါ -**
- ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားများသည် ကျွန်ုပ်တို့ ပြောဆိုသည့် စကားများနှင့် ကျွန်ုပ်တို့ ပြောဆို၊ ပြုမူသည့် နည်းလမ်းပုံစံများမှတစ်ဆင့် သိသာပေါ်လွင်စေပါသည်။
    - ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် မေးမြန်းသည့် မေးခွန်းများသည်ပင်လျှင် အပြစ်တင်သည် (သို့မဟုတ်) အတင်းလောဆော်သည်ဟူသော ခံစားချက်များကို ဖြစ်စေသည့် လေသံ၊ စကားအသုံးအနှုန်း (သို့မဟုတ်) ဟန်ပန်အမူအရာများ ဖြစ်နေလျှင် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်ပါသည်။
- ကြီးကြပ်ပံ့ပိုးမှုများနှင့် ယခုအစီအစဉ်ကဲ့သို့ နည်းပြလမ်းညွှန်မှုများသည် ဖြစ်ရပ်စီမံခန့်ခွဲသူများအား ၎င်းတို့၏ စိတ်နေသဘောထားများကြောင့် ကလေးများအပေါ် ဆိုးကျိုးသက်ရောက်မှု မရှိမီ ကိုယ်တိုင်သတိပြုမိပြီး အချိန်မီ ပြုပြင်နိုင်အောင် ကူညီပေးပါသည်။
- **မေးပါ -** ဤအစီအစဉ်မှ ၎င်းတို့အတွက် အထူးခြားဆုံး ဖြစ်သည့်/ ၎င်းတို့နှင့်အတူ ယူဆောင်သွားမည့် လေ့လာသင်ယူမှု/ ဆင်ခြင်သုံးသပ်ချက်တစ်ခုကို တစ်ယောက်ချင်းစီ မျှဝေပေးရန် ပြောပါ။

## ၂-၆။ အစီအစဉ်အဆုံးသတ်ခြင်း (၅ မိနစ်)

- **တောင်းဆိုပါ -** တက်ရောက်သူများအား အစီအစဉ်မှ ရရှိလိုက်သည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ပေးအပ်သည့် ဖောင်ပုံစံကို ဖြည့်စွက်ပေးရန် ပြောပါ။
- **ရှင်းပြပါ -** အစီအစဉ်၏ နောက်တစ်ပိုင်း မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ လုပ်ဆောင်ထားရန် လိုအပ်သည့် CCS နှင့်စပ်လျဉ်းသည့် ဆက်သွယ်ပြောဆိုမှုစွမ်းရည် ဆန်းစစ်အကဲဖြတ်ချက် CCS Communication Skills Assessment အကြောင်း ရှင်းပြပေးပါ။
- CCS နှင့်စပ်လျဉ်းသည့် ဆက်သွယ်ပြောဆိုမှုစွမ်းရည် ဆန်းစစ်အကဲဖြတ်ချက်သည် ကျားမအခြေပြု အကြမ်းဖက်မှု ဖြစ်ရပ်စီမံခန့်ခွဲသူ (သို့မဟုတ်) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးတွင် မတော်မတရားပြုမှုခံရသော ကလေးများနှင့် အလုပ်လုပ်ရန် လိုအပ်သည့် ဆက်သွယ်ပြောဆိုမှု စွမ်းရည်များ ရှိ/မရှိ ဆုံးဖြတ်သတ်မှတ်နိုင်ရန် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများ အသုံးပြုသည့် နည်းလမ်းအထောက်အကူတစ်ခု ဖြစ်ပါသည်။ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူသည် ထိုဆန်းစစ်အကဲဖြတ်ချက်များကို စုစည်းပြီး ရလဒ်များကို ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးချင်းစီနှင့် ပြန်လည်သုံးသပ်ဆွေးနွေးမည်ဖြစ်သည်။
- **အတည်ပြုပါ -** အစီအစဉ်အပိုင်း (၃) အတွက် နေ့ရက်နှင့် အချိန်ကို အတည်ပြုပါ။

# အပိုင်း (၃) ဆက်သွယ်ပြောဆိုမှုစွမ်းရည်များ

| | |
|---|---|
| ရည်ရွယ်ချက်များ | • မတော်မတရားပြုမူခြင်း ခံရသော ကလေးများနှင့် ထိတွေ့ဆက်သွယ်အလုပ်လုပ်သောအခါတွင် ဆက်သွယ်ပြောဆိုမှု စွမ်းရည်များ ပြည့်ဝကောင်းမွန်ရန် အရေးကြီးပုံနှင့် လိုအပ်ပုံကို ရှင်းလင်းစွာ နားလည်သိရှိကြစေရန်<br>• မတော်မတရားပြုမူခြင်း ခံရသော ကလေးများနှင့် အလုပ်လုပ်ရာတွင် ကောင်းမွန်သော ဆက်သွယ်ပြောဆိုမှုစွမ်းရည်များကို လက်တွေ့အသုံးချမှု (စာနာဖေးမအားပေးစကားများ ပြောဆိုမှုအပါအဝင်) အပေါ် ပြန်လည်ဆင်ခြင်သုံးသပ်နိုင်မည့် အခွင့်အလမ်းတစ်ခု ပေးအပ်ရန် |
| ကြာမြင့်ချိန် | (၆၀) မိနစ် |
| ဆွေးနွေးမည့် အကြောင်းအရာများ နှင့် အဆိုပြု ကြာမြင့်ချိန်များ | • ကြိုဆိုနှုတ်ခွန်းဆက်ခြင်း *(၅ မိနစ်)*<br>    ○ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း<br>• ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် ဆက်သွယ်ပြောဆိုမှု စွမ်းရည်များနှင့် ဆက်သွယ်ပြောဆိုမှုစွမ်းရည် ဆန်းစစ်အကဲဖြတ်ချက်အကြောင်း အကျဉ်းချုပ် ပြန်လည်ဆွေးနွေးပေးခြင်း *(၁၀ မိနစ်)*<br>    ○ စကားလုံးဖြင့်/ စကားလုံးမဲ့ ဆက်သွယ်ပြောဆိုခြင်းနှင့် တက်ကြွစွာ စူးစိုက်နားထောင်ခြင်း<br>    ○ စာနာဖေးမအားပေးစကားများ အသုံးပြုခြင်း<br>• ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် ဆက်သွယ်ပြောဆိုမှု စွမ်းရည်များကို လက်တွေ့တွင် မည်သည့်ပုံစံဖြင့် တွေ့မြင်ရမည်နည်း။ *(၃၅ မိနစ်)*<br>    ○ ဖြစ်ရပ်စီမံခန့်ခွဲမှုအတွင်း ရရှိသည့် အောင်မြင်မှုများနှင့် ခက်ခဲစွာ ကြိုးစားရုန်းကန်ရမှုများ<br>    ○ နှစ်ယောက်တစ်တွဲ လေ့ကျင့်ခြင်း/ ဖြစ်ရပ်လေ့လာချက်များ<br>• မေးမြန်းဆွေးနွေးခြင်း *(၅ မိနစ်)*<br>• အစီအစဉ်အဆုံးသတ်ခြင်း *(၅ မိနစ်)* |
| သင်ထောက်ကူများ | ဖြန့်ဝေပေးရမည့် မှတ်စုစာရွက်များ -<br>• ဖြစ်ရပ်လေ့လာချက်အတွက် ဖြစ်ရပ်နမူနာများ<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ |

| | |
|---|---|
| အစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လုပ်ဆောင်ထားရမည့် သုံးသပ်ဆင်ခြင်လေ့လာမှု/ လုပ်ဆောင်မှု | • ဖြစ်ရပ်စီမံခန့်ခွဲသူများသည် CCS ဆိုင်ရာ ဆက်သွယ်ပြောဆိုမှုစွမ်းရည် ဆန်းစစ်အကဲဖြတ်ချက် ( [CCS Communication Skills Assessment](#) ) ကို ဖြည့်စွက်ပြီး ၎င်းတို့၏ ကြီးကြပ်သူများထံ အစီအစဉ်မတိုင်မီ ကြိုတင်၍ ပေးပို့ရန် ဖြစ်ပါသည်။ သို့မှသာ ကြီးကြပ်သူများက ထိုဆန်းစစ်အကဲဖြတ်ချက်များကို ကြိုတင်သုံးသပ်လေ့လာထားနိုင်မည် ဖြစ်သည်။<br>• ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများသည် ၎င်းတို့ထံ ပေးပို့လာသည့် ဆန်းစစ်အကဲဖြတ်ချက်များကို အစီအစဉ်မတိုင်မီ ကြိုတင်သုံးသပ်လေ့လာကာ နည်းပြလမ်းညွှန်မှု အစီအစဉ်အတွင်း ဆွေးနွေးပေးရမည့်၊ ဖြေရှင်းပေးရမည့် အကြောင်းအရာများ/ ပြဿနာရပ်များကို ဖော်ထုတ်ထားသင့်သည်။ |
| **အစီအစဉ် ပြီးသည့်နောက် ဖတ်ရှုလိုက ဖတ်ရှုလေ့လာရန်** | • [CCS လမ်းညွှန်အခန်း (၄) (အင်္ဂလိပ်ဗားရှင်းစာမျက်နှာ ၇၁-၉၁)](#)<br>• [CCS သင်ရိုး မော်ဂျူး (၄)](#)<br>• [မော်ဂျူး (၄) မှတ်စု - ဆက်သွယ်ပြောဆိုမှုတွင် ဆောင်ရန်နှင့် ရှောင်ရန်များ](#) |

## အစီအစဉ်အပိုင်း (၃) တွင် ပါဝင်သော အကြောင်းအရာများ

***၃-၁။ ကြိုဆိုနှုတ်ခွန်းဆက်ခြင်း*** *(၅ မိနစ်)*

- နည်းပြလမ်းညွှန်မှုအစီအစဉ် အပိုင်း (၃) သို့ တက်ရောက်လာသူများကို ကြိုဆိုနှုတ်ခွန်းဆက်ပါ။
- **ပြောပါ -** နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် လုံခြုံစိတ်ချစွာ လေ့လာသင်ယူနိုင်သည့် အစီအစဉ်များဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေရန်အတွက် မေးခွန်းများနှင့် အကြံပြုချက်များကို ကြိုဆိုပါသည်။
- **မေးပါ -** ပြီးခဲ့သည့် အစီအစဉ်နောက်ပိုင်း အဆင်ပြေကြပါသလား၊ မည်သို့ ခံစားရပါသနည်း။ ပြီးခဲ့သည့် အစီအစဉ်နှင့် ပတ်သက်၍ ၎င်းတို့ မေးမြန်းလိုသည့် မေးခွန်းများ (သို့မဟုတ်) မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိပါသလား။
- **ရှင်းပြပါ -** ယနေ့အစီအစဉ်တွင် ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် ဆက်သွယ်ပြောဆိုမှု စွမ်းရည်အကြောင်း အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း ရှင်းပြပြီး မည်သည်ကို ဆိုလိုကြောင်း လူတိုင်း နားလည်သဘောပေါက်ခြင်း ရှိ/မရှိ စစ်ဆေးအတည်ပြုပါ။
- ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးနှင့် မတော်မတရားပြုမှုခံရသော ကလေးတစ်ဦးကြား ဆက်သွယ်ပြောဆိုရခြင်း၏ ရည်ရွယ်ချက်မှာ လုံခြုံစိတ်ချရပြီး ယုံကြည်ရသည့်၊ ဖေးမကူညီအားပေးသည့် ဆက်ဆံရေးတစ်ခုကို တည်ဆောက်ရန် ဖြစ်သည်။ မတော်မတရားပြုမှုခံရသော ကလေး၊ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူနှင့် တွေ့ဆုံဆွေးနွေးပြောဆိုမှုတိုင်းသည် ဖြစ်ရပ်စီမံခန့်ခွဲသူအတွက် ထိုသို့သော ဆက်ဆံရေးကို တည်ဆောက်ခွင့်ရရှိစေမည့် အခွင့်အလမ်းတစ်ခု ဖြစ်ပါသည်။
- **ရှင်းပြပါ -** ဤအစီအစဉ်မတိုင်မီ လုပ်ဆောင်ရသည့် ဆန်းစစ်အကဲဖြတ်မှုသည် CCS ဆိုင်ရာ ဆက်သွယ်ပြောဆိုမှုစွမ်းရည် ဆန်းစစ်အကဲဖြတ်ချက် ဖြစ်ပြီး ယင်းသည် ကျားမအခြေပြု အကြမ်းဖက်မှု ဖြစ်ရပ်စီမံခန့်ခွဲသူ

(သို့မဟုတ်) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးတွင် မတော်မတရားပြုမှုခံရသော ကလေးများနှင့် အလုပ်လုပ်ရန် လိုအပ်သည့် ဆက်သွယ်ပြောဆိုမှု စွမ်းရည်များ ရှိ/မရှိ ဆုံးဖြတ်သတ်မှတ်နိုင်ရန် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများ အသုံးပြုသည့် နည်းလမ်းအထောက်အကူတစ်ခု ဖြစ်ပါသည်။ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူသည် ထိုဆန်းစစ်အကဲဖြတ်ချက်များကို စုစည်းပြီး ရလဒ်များကို ဖြစ်ရပ်စီမံ ခန့်ခွဲသူတစ်ဦးချင်းစီနှင့် ပြန်လည်သုံးသပ်ဆွေးနွေးမည်ဖြစ်သည်။

**လုပ်ဆောင်ပါ - မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောင်မှု လေ့ကျင့်ခန်း - ခန္ဓာကိုယ်တစ်ခုလုံးကို စိတ်ဖြင့် ဖြန့်ကျက်စစ်ဆေးခြင်း**

သက်တောင့်သက်သာ ဖြစ်သည့် အနေအထားတွင် ထိုင်၍ နှာခေါင်းမှ အသက်ကို ရှည်ရှည်ရှူသွင်းပြီး ပါးစပ်မှ ပြန်ထုတ်ရန် ပြောပါ။ အသက်ရှူထုတ်ရင်း မျက်လုံးများကို အသာအယာမှိတ်ခိုင်းပါ။

ဦးခေါင်းမှစတင်၍ အောက်သို့ တစ်ဖြည်းဖြည်းဆင်းကာ ခန္ဓာကိုယ်တစ်ခုလုံးကို စိတ်ဖြင့် ဖြန့်ကျက်အာရုံပြုကာ စစ်ဆေးမည်ဖြစ်ကြောင်း ရှင်းပြပါ။ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုချင်းစီတွင် မည်သို့ ခံစားနေရကြောင်းကို သတိပြုကြည့်ရှုခိုင်းပါ - ပြေလျော့နေသလား၊ တောင့်တင်းနေသလား။ ပေါ့ပါးနေလား၊ လေးလံနေလား။ သက်တောင့်သက်သာ ရှိနေလား၊ မသက်မသာ ခံစားနေရလား။ ဤလေ့ကျင့်ခန်းသည် မည်သည့်အရာကိုမျှ ပြောင်းလဲပစ်ရန် ကြိုးစားခြင်း မဟုတ်ဘဲ ခဏတာ ငြိမ်သက်စွာ နေ၍ မိမိခန္ဓာကိုယ်၏ အခြေအနေကို သိရှိအောင် လုပ်ခြင်းသာ ဖြစ်ကြောင်း ရှင်းပြပါ။ အသက်မှန်မှန်ရှူ၍ ပုခုံးများ၊ လက်များ၊ ရင်ဘတ်၊ ဝမ်းဗိုက်၊ တင်ပါးများ၊ ခြေထောက်များနှင့် နောက်ဆုံး ခြေဖျားအထိ ခန္ဓာကိုယ်အောက်ပိုင်းသို့ တဖြည်းဖြည်းချင်း ဆင်းကာ ထိုအစိတ်အပိုင်းတိုင်းတွင် မည်သို့ ခံစားနေရသည်ကို သိရှိစေရန် အာရုံပြုကြည့်ပါ။

အသက်ရှူသွင်း၊ ရှူထုတ်လိုက်တိုင်း မိမိခန္ဓာကိုယ်ပေါ်တွင်သာ အာရုံစိုက်နေစေရန် ကြိုးစားပါ။ စိတ်များ ပျံ့လွင့်သွားလျှင် စိတ်ကို ရောက်ရှိစစ်ဆေးနေသည့် ခန္ဓာကိုယ်အစိတ်အပိုင်းသို့ ညင်သာစွာ ပြန်ယူလာပြီး ပြန်လည်အာရုံစိုက်ပါ။

## *၃-၂။ ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် ဆက်သွယ်ပြောဆိုမှု စွမ်းရည်များနှင့် ဆက်သွယ်ပြောဆိုမှုစွမ်းရည်ဆန်းစစ်အကဲဖြတ်ချက်အကြောင်း အကျဉ်းချုပ် ဆွေးနွေးပေးခြင်း (၁၀ မိနစ်)*

- **ပြောပါ -** ဖြစ်ရပ်စီမံခန့်ခွဲသူ၏ မတော်မတရားပြုမှုခံရသည့် ကလေးများနှင့် ဆက်သွယ်ပြောဆိုမှုနည်းလမ်းပုံစံသည် ထိုကလေးများအတွက် လုပ်ဆောင်ပေးသည့် လုပ်ဆောင်မှုများကဲ့သို့ ထပ်တူ အရေးကြီးကြောင်း CCS လမ်းညွှန်တွင် အလေးပေးဖော်ပြထားပါသည်။ ဘေးကင်းလုံခြုံမှု ရှိစေရန်၊ ယုံကြည်မှုတည်ဆောက်ရန်၊ ထုတ်ဖော်ဖွင့်ဟပြောပြနိုင်အောင် ကူညီပေးရန်နှင့် စိတ်ဒဏ်ရာ ထပ်မံ ရရှိနိုင်သည့် အန္တရာယ်ကို လျှော့ချရန်အတွက် ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် ကောင်းမွန်သော ဆက်သွယ်ပြောဆိုမှုစွမ်းရည်များ မရှိမဖြစ်လိုအပ်ပါသည်။ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်းကို တွေ့ကြုံခံစားခဲ့ရသော ကလေးများသည် ကြောက်ရွံ့ခြင်း၊ ရှက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း (သို့မဟုတ်) အရာရာကို စီမံထိန်းချုပ်နိုင်စွမ်း မရှိဟု ခံစားရခြင်းများ ရှိနိုင်ပါသည်။ နားလည်စာနာပေးမှု မရှိသော၊ အလျင်လိုသော (သို့မဟုတ်) ညံ့ဖျင်းသော ဆက်သွယ်ပြောဆိုမှုများ

သည် မရည်ရွယ်ဘဲ ထိခိုက်နစ်နာမှုများ ပိုမို ဖြစ်ပေါ်စေနိုင်ပြီး ကလေးများမှ ၎င်းတို့နှင့် ဆက်သွယ်ပြောဆို လိုစိတ် မရှိတော့အောင် လုပ်ဆောင်နိုင်ပါသည်။

ထိရောက်သော ဆက်သွယ်ပြောဆိုမှုများသည် သဘောတူခွင့်ပြုချက်နှင့် သဘောတူခွင့်ပြုသော ဆန္ဒသဘော ထားကို ရယူနိုင်ခြင်း၊ အနှစ်သာရရှိစွာ ပူးပေါင်းပါဝင်မှု ရရှိနိုင်ခြင်း၊ ဆက်လက်ရှင်သန်သူဗဟိုပြု ဆုံးဖြတ်ချက် ချမှတ်မှုများ ပြုလုပ်နိုင်ခြင်းကြောင့် CCS လမ်းညွှန်အခြေခံမှုများကို လိုက်နာဆောင်ရွက်နိုင်ရေး များစွာ အထောက်အကူဖြစ်ပါသည်။ ကောင်းမွန်သည့် ဆက်သွယ်ပြောဆိုမှု စွမ်းရည်များသည် ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ကလေးများက ၎င်းတို့အပေါ် ယုံကြည်ပေးသည်၊ လေးစားမှုရှိသည်၊ ဖေးမ ကူညီသည် ဟူသော ခံစားချက်များကို ရရှိစေပါသည်။

## စကားလုံးများဖြင့် ဆက်သွယ်ပြောဆိုခြင်း (Verbal Communication)

ဤဆက်သွယ်ပြောဆိုမှုတွင် ကလေးများနှင့် စကားပြောရာတွင် အသုံးပြုသော စကားလုံးများ၊ မေးခွန်းများနှင့် ရှင်းလင်း ပြောပြချက်များ ပါဝင်ပါသည်။

**မေးပါ -** စကားလုံးဖြင့် ဆက်သွယ်ပြောဆိုမှု နမူနာအချို့ကို ဦးစွာ ပြောပြခိုင်းပါ။ ၎င်းတို့ ပြောပြီးချိန်ကျမှသာ ၎င်းတို့ ပြောပြသည့်ထဲတွင် အောက်ပါတို့ ပါဝင်ခြင်း မရှိလျှင် ဖြည့်စွက်ပြောပေးပါ -

- ရှင်းလင်းတိကျပြီး ရိုးရှင်းသည့်၊ အသက်အရွယ်နှင့် သင့်တော်သည့် စကားအသုံးအနှုန်းများကို အသုံးပြုခြင်း
- လမ်းကြောင်းပေးသည့်၊ လိုချင်သည့် အဖြေကို အရိပ်အမြွက်ဖော်ပြသည့် မေးခွန်းများ (သို့မဟုတ်) အပြစ်တင် သည်ဟု ခံစားရစေနိုင်သည့် "ဘာကြောင့်" နှင့်စသော မေးခွန်းများ မေးမြန်းခြင်းကို ရှောင်ရှားခြင်း
- လုပ်ငန်းစဉ်များနှင့် လျှို့ဝှက်ထိန်းသိမ်းပေးနိုင်မှု အကန့်အသတ်များကို ရိုးရိုးသားသား အသိပေးပြောပြခြင်း
- မေးခွန်းများကို ခပ်ဖြည်းဖြည်း မေးပေးကာ ပြန်လည်ဖြေကြားနိုင်ရန် အချိန်ပေးခြင်း

## စကားလုံးမဲ့ ဆက်သွယ်ပြောဆိုမှု (Non-Verbal Communication)

စကားလုံးမပါသည့် ပြုမူလုပ်ဆောင်မှုများသည် များသောအားဖြင့် မိမိတို့၏ စိတ်နေသဘောထားခံယူချက်များကို စကားလုံးများထက် ပိုမိုပေါ်လွင်အောင် ပြသနိုင်ပါသည်။

**မေးပါ -** အောက်ပါတို့ကို မဆွေးနွေးမီ စကားလုံးမဲ့ ဆက်သွယ်ပြောဆိုမှု နမူနာအချို့ကို မေးမြန်းပါ -

- ကလေး၏ မျက်လုံးအကြည့်နှင့် တစ်တန်းတည်းဖြစ်သည့် အနေအထားတွင် ထိုင်ခြင်း
- တည်ငြိမ်အေးဆေးပြီး နွေးထွေးကြိုဆိုသည့် ကိုယ်နေဟန်ထား ရှိခြင်း
- မျက်နှာအမူအရာ ညင်သာပျော့ပျောင်းပြီး ဆွေးနွေးပြောဆိုမှု၊ ကလေး/ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစု စောင့်ရှောက်သူထံ မျှဝေပြောပြပေးသည့်အကြောင်းအရာနှင့် ကိုက်ညီသင့်တော်သည့် မျက်နှာအမူအရာ ရှိခြင်း
- မနီးလွန်း၊ မဝေးလွန်း သင့်တော်သည့် အကွာအဝေးတွင် နေခြင်း၊ ထိန်းသိမ်းလိုက်နာသင့်သည့် စည်းဘောင် များကို လေးစားခြင်း
- စိတ်မရှည်သည့် လက္ခဏာများ ပြသမှုကို ရှောင်ရှားခြင်း (ဥပမာ အလောတကြီး ပြောဆိုခြင်း၊ သက်ပြင်းချခြင်း၊ သည်းကြီးမည်းကြီး မှတ်စုလိုက်ခြင်း)

**တက်ကြွစွာ စူးစိုက်နားထောင်ခြင်း (Active Listening)**

တက်ကြွစွာ စူးစိုက်နားထောင်ခြင်းသည် ကလေးပြောသည်များကို သေချာစွာ နားထောင်သည်၊ တန်ဖိုးထားသည် ဆိုသည်ကို ကလေးအား ပြသခြင်းဖြစ်သည်။

**မေးပါ** - အောက်ပါတို့ကို ဆွေးနွေးမပေးမီ တက်ကြွစွာ စူးစိုက်နားထောင်မှု နမူနာအချို့ကို ပြောပြခိုင်းပါ -

- စကားဖြတ်မပြောဘဲ အပြည့်အဝ အာရုံစိုက်၍ နားထောင်ခြင်း
- နားလည်ကြောင်း၊ နားထောင်နေကြောင်း အသိအမှတ်ပြု တုံ့ပြန်မှုများ ပြုလုပ်ခြင်း (ဥပမာ ခေါင်းညိတ်ပြခြင်း၊ အသိအမှတ်ပြုစကားအတိုလေးများ ပြောပေးခြင်း)
- စိတ်ခံစားချက်များ (သို့မဟုတ်) အဓိကပြောဆိုချက်များကို နားလည်ကြောင်း ပြသခြင်း
- တိတ်ဆိတ်နေလျှင် စကားပြောရန် ဖိအားမပေးဘဲ စောင့်ပေးခြင်း

**စာနာဖေးမအားပေးစကားများ (Healing Statements) အသုံးပြုခြင်း**

စာနာဖေးမအားပေးစကားများသည် မိမိကိုယ်မိမိ အပြစ်တင်မှု၊ စိုးရိမ်ကြောက်ရွံ့မှုနှင့် ရှက်ရွံ့မှုတို့ကို လျှော့ချပေးနိုင်သည့် CCS ၏ အဓိကကျသော ဆက်သွယ်ပြောဆိုမှု စွမ်းရည်တစ်ခု ဖြစ်သည်။ မှန်ကန်စွာ အသုံးပြုမည်ဆိုလျှင် စိတ်လုံခြုံမှု ရရှိအောင် ကူညီပေးနိုင်ပြီး ၎င်းတို့တွင် ဖြစ်ပေါ်နေသည့် စိတ်ခံစားချက်များသည် မှားယွင်းမှု မရှိ၊ ပုံမှန်ဖြစ်လေ့ဖြစ်ထ ရှိကြောင်း အတည်ပြုပေးနိုင်ပါသည်။

**မေးပါ** - အောက်ပါတို့ကို မဆွေးနွေးမီ စာနာဖေးမအားပေးစကား နမူနာအချို့ကို မေးမြန်းကြည့်ပါ -

- "အခုလို ကြုံတွေ့ခဲ့ရတာဟာ သား/သမီးရဲ့ အပြစ် မဟုတ်ပါဘူး။"
- "တစ်ယောက်ယောက်ကို ခုလို ဖွင့်ပြောပြတာဟာ လုပ်သင့်တဲ့အရာတစ်ခုကို လုပ်လိုက်တာပဲ။"
- "ဒီလိုကိစ္စမျိုး ကြုံတွေ့ရပြီးတဲ့နောက်မှာ ကလေးအများစုက စိတ်ရှုပ်ထွေးတာ ဒါမှမဟုတ် ကြောက်ရွံ့တာတွေ ခံစားရတတ်ပါတယ်။"
- "သား/သမီး တစ်ယောက်တည်း မဟုတ်ဘူးနော်၊ အားမငယ်နဲ့။ ကူညီပေးမယ့်သူတွေ အများကြီး ရှိပါတယ်။"

စာနာဖေးမအားပေးစကားများသည် -

- စစ်မှန်ပြီး အေးဆေးတည်ငြိမ်စွာ ပြောဆိုသင့်သည်။
- သင့်တော်သည့် အချိန်တွင် အသုံးပြုသင့်သည်။ ထပ်ခါတလဲလဲ (သို့မဟုတ်) ရင်ထဲကမပါဘဲ တာဝန်ကျေပြောဆိုမှုမျိုး မဖြစ်သင့်။
- ကလေး၏ စိတ်ခံစားမှုအခြေအနေ၊ နားလည်သိရှိနိုင်စွမ်းနှင့် ကိုက်ညီသင့်သည်။

## *၃-၃။ ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် ဆက်သွယ်ပြောဆိုမှု စွမ်းရည်များကို လက်တွေ့တွင် မည်သည့်ပုံစံမျိုးဖြင့် တွေ့ရှိရသနည်း။ (၁၅ မိနစ်)*

**မေးပါ** - ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် ဆက်သွယ်ပြောဆိုမှု စွမ်းရည်များကို လက်တွေ့တွင် မည်သည့်ပုံစံမျိုးဖြင့် တွေ့ရှိရသနည်း။

**လုပ်ဆောင်ပါ -** ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများသည် အဖွဲ့လိုက်ဆွေးနွေးမှုတွင် ဆင်ခြင်သုံးသပ်မှုများ၊ စိတ်ဝင်တစား ဆွေးနွေးမှုများ ဖြစ်ပေါ်လာအောင် ကူညီပေးနိုင်ရန်အတွက် ပေးထားသော ဇယားကို အသုံးပြုနိုင်သည်။ ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် ဆက်သွယ်ပြောဆိုမှု စွမ်းရည်များအကြောင်း ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ကူညီပံ့ပိုးပေး သင့်သည်။ ဤဆွေးနွေးမှုများကို ဖြစ်ရပ်လေ့လာချက် မတိုင်မီ လုပ်ဆောင်နိုင်ပါသည်။ သို့မဟုတ် ပါဝင်တက်ရောက် သူများသည် ထိုဆက်သွယ်ပြောဆိုမှုစွမ်းရည်များအကြောင်း ပိုင်နိုင်ကျွမ်းကျင်ပြီးသား ဖြစ်လျှင် ဖြစ်ရပ်လေ့လာချက် လေ့ကျင့်ခန်းကို တန်း၍ လုပ်ဆောင်နိုင်ပါသည်။

**ဆွေးနွေးပါ -** ဖြစ်ရပ်စီမံခန့်ခွဲမှု၏ အဆင့်တိုင်းရှိ ကလေးများကို အဆင်ပြေပျော့ပြောင်းစေသည့် ဆက်သွယ်ပြောဆိုမှု စွမ်းရည်များနှင့် အောင်မြင်သော ဆက်သွယ်ပြောဆိုမှုနှင့် ခက်ခဲစွာ ရုန်းကန်ရမှု နမူနာများကို ဆွေးနွေးခိုင်းပါ။ အဆင့်တိုင်းတွင် ဆက်သွယ်ပြောဆိုမှုစွမ်းရည်များ၏ အရေးပါမှုအကြောင်း ဆွေးနွေးနိုင်အောင် အစဖော်ပေးနိုင်ရန်နှင့် ပေါ်လွင်အောင် ပြသနိုင်ရန်အတွက် အောက်ပါဇယားကို အသုံးပြုနိုင်ပါသည်။

| | **ဆက်သွယ်ပြောဆိုမှု၏ အဓိက ဦးတည်ချက်** | **အောင်မြင်မှုများ** | **အခက်အခဲများ** |
|---|---|---|---|
| **အဆင့် (၁) မိတ်ဆက်ခြင်းနှင့် စတင်ရှင်းလင်း ဆွေးနွေးပေးခြင်း** | ဘေးကင်းလုံခြုံမှု၊ ယုံကြည်မှုနှင့် ရင်းနှီးမှုကို တည်ဆောက်ခြင်း | • ဖြစ်ရပ်စီမံခန့်ခွဲသူသည် အေးဆေးတည်ငြိမ်သည့် လေသံ၊ ရိုးရှင်းသည့် စကားအသုံးအနှုန်းနှင့် နွေးထွေးမှု၊ ကြိုဆိုမှု ရှိသည့် ကိုယ်ဟန်အမူအရာကို အသုံးပြုခြင်း<br>• မိမိကိုယ်ကိုယ် သေချာစွာ မိတ်ဆက်ပြီး မိမိ၏ အခန်းကဏ္ဍကို ရှင်းလင်းပြောပြခြင်း<br>• ကလေးကို အဆင်ပြေသည့် အနေအထိုင်မြန်နှုန်းဖြင့် ပြောခွင့်ပြုခြင်းနှင့် တိတ်ဆိတ်နေလျှင် လေးစားစွာ စောင့်ဆိုင်းပေးခြင်း<br>• ကြောက်ရွံ့မှုနှင့် မိမိကိုယ်မိမိ အပြစ်တင်မှုများ လျော့နည်းသွားစေရန်အတွက် စာနာဖေးမ အားပေးစကားများ ပြောကြားခြင်း | • အချိန်အခက်အခဲကြောင့် အလောတကြီး မိတ်ဆက်ခြင်း<br>• ကြီးကျယ်သည့် (သို့မဟုတ်) ပညာရပ်ဆန်သည့် စကားအသုံးအနှုန်းများ အသုံးပြုခြင်း<br>• ကလေးကို မိုး၍ မတ်တပ်ရပ်နေခြင်း၊ ကလေးနှင့် မျက်လုံးချင်းဆုံကြည့်မှု နည်းပါးခြင်း (သို့မဟုတ်) အာရုံကောင်းစွာ မစိုက်ဘဲ ငုံ့၍သာ မှတ်စုလိုက်နေခြင်း<br>• ယုံကြည်မှုကို အရင်မတည်ဆောက်ဘဲ မေးခွန်းများ မေးမြန်းခြင်း |
| **အဆင့် (၂) ဆန်းစစ်အကဲဖြတ်ခြင်း** | ထိခိုက်နစ်နာမှုများ မရှိစေဘဲ သတင်းအချက်အလက်များ ရယူစုဆောင်းခြင်း | • လိုရာကို လမ်းကြောင်းပေးခြင်း မရှိဘဲ လွတ်လပ်စွာ ဖြေဆိုနိုင်သည့် မေးခွန်းများ (open questions) မေးမြန်းခြင်း | • မေးခွန်းများစွာကို တစ်ထိုင်တည်း မေးမြန်းခြင်း<br>• ကလေးကို ကြားဖြတ်ပြောခြင်း (သို့မဟုတ်) စကားကို ပြင်ပေးခြင်း |

| | | | |
|---|---|---|---|
| | | • စူးစိုက်နားထောင်ပေးခြင်းနှင့် ခံစားချက်များကို နားလည်ကြောင်း ပြသခြင်း<br>• ကလေး၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် စိတ်ခံစားချက်အခြေအနေကိုလိုက်၍ လိုက်လျောညီထွေ ဆက်သွယ်ပြောဆိုပေးခြင်း<br>• သတင်းအချက်အလက် စုဆောင်းမှုနှင့် စိတ်ခံစားချက်ကို နားလည်စာနာဖေးမပေးမှုတို့အား ဟန်ချက်ညီညီ ချိန်ဆဆောင်ရွက်ခြင်း | • တုန်လှုပ်မှု၊ မယုံကြည်နိုင်မှု (သို့မဟုတ်) စိတ်မရှည်မှုတို့ကို စကားလုံးမဲ့ ဆက်သွယ်ရေးနည်းလမ်းပုံစံများဖြင့် ပြသခြင်း<br>• ကလေးထက် ဖြည့်စွက်ရမည့် ဖောင်ပုံစံများကို အလွန်အကျွံအာရုံစိုက်ခြင်း |
| **အဆင့် (၃) ဖြစ်ရပ်အစီအစဉ် ရေးဆွဲခြင်း** | ပါဝင်ဆောင်ရွက်မှု၊ နားလည်သိရှိမှုနှင့် ဆုံးဖြတ်ရွေးချယ်မှု | • ရွေးချယ်စရာများကို ရှင်းရှင်းလင်းလင်း ချပြခြင်းနှင့် နားလည်ကြောင်း သေချာစေရန် စစ်ဆေးခြင်း<br>• ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လိုအပ်ပါက၊ သင့်တော်ပါက ကလေး (နှင့် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူ) ကို ပါဝင်စေခြင်း<br>• ဆက်လက်ဆောင်ရွက်မည့် အဆင့်များကို ရိုးရှင်းလွယ်ကူသည့် စကားများဖြင့် ရှင်းပြခြင်း<br>• ကလေး၏ ပြောရေးဆိုခွင့်ကို အားပေးခြင်း | • ကလေးကို ပါဝင်ခွင့်မပြုဘဲ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း<br>• ဆောင်ရွက်မည့် အစီအစဉ်များကို လူကြီးကို ပြောပြသကဲ့သို့ (သို့မဟုတ်) ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများဖြင့် ရှင်းပြခြင်း<br>• ကောင်းစွာ နားလည်ခြင်း ရှိ/မရှိ အတည်ပြုခြင်း မရှိဘဲ သဘောတူခွင့်ပြုသည်ဟု မိမိဘာသာ ယူဆခြင်း<br>• ကလေး၏ စိုးရိမ်ပူပန်မှုများ (သို့မဟုတ်) လိုလားနှစ်သက်မှုများကို အလေးမထားခြင်း |
| **အဆင့် (၄) - ဖြစ်ရပ်အစီအစဉ် အကောင်အထည်ဖော်ခြင်း** | ကူညီပံ့ပိုးမှုနှင့် နှစ်သိမ့်အားပေးမှုများ စဉ်ဆက်မပြတ်ပေးအပ်ခြင်း | • ကလေးများကို အဆင်ပြေပျော်ရွှင်စေမည့် စကားအသုံးအနှုန်းများဖြင့် နောက်ဆုံးအခြေအနေများကို ပုံမှန် အသိပေးခြင်း<br>• စိတ်ဖိစီးနေသည့် အချိန်များတွင် စာနာဖေးမအားပေးစကားများကို ပြောပေးခြင်း | • ကလေးနှင့် ဆက်သွယ်ပြောဆိုမှုများတွင် လုပ်ကိုင်ဆောင်ရွက်ရမည့် အလုပ်များကိုသာ အဓိကထား၍ ပြောဆိုခြင်း |

| | | | |
|---|---|---|---|
| | | • ဆောင်ရွက်ရမည့် လုပ်ငန်းများကိုသာမက စိတ်ခံစားချက်များကိုပါ မေးမြန်းခြင်း<br>• ဘာကို မျှော်လင့်ထားရမည်ဆိုသည်ကို ကလေးအား အသိပေး၍ ကြိုတင်ပြင်ဆင်ပေးထားခြင်း | • ကလေးအား လွှဲပြောင်းညွှန်းပို့မှုများ (သို့မဟုတ်) ပေါင်းစပ်ညှိနှိုင်းမှုများအတွက် အဆင်သင့်ဖြစ်အောင် ကြိုတင်ပြင်ဆင်ပေးမှု မရှိခြင်း<br>• မကြာခဏ ဆက်သွယ်ခြင်း မရှိသည့် (သို့မဟုတ်) ရှင်းလင်းမှုမရှိသည့် ဆက်သွယ်ပြောဆိုမှုများက စိုးရိမ်ပူပန်မှုများကို မြင့်တက်စေခြင်း<br>• ဖြစ်ရပ်စီမံခန့်ခွဲသူသည် မိမိအတွက် စိတ်သက်တောင့်သက်သာ မရှိသည့်၊ ပြောဆိုဆွေးနွေးရန် ခက်ခဲသည့် စကားများကို ပြောဆိုခြင်း မရှိဘဲ ရှောင်ရှားခြင်း |
| **အဆင့် (၅) - နောက်ဆက်တွဲ ဆက်လက်ကူညီ ဆောင်ရွက်ခြင်း/ မေးမြန်းစုံစမ်းခြင်း** | ပြန်လည်သုံးသပ်ခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်းနှင့် စဉ်ဆက်မပြတ် ကူညီခြင်း | • လက်ခံရရှိသည့် ကူညီပံ့ပိုးမှုများနှင့် ပတ်သက်၍ မည်သို့ ခံစားရကြောင်း ကလေးကို မေးမြန်းခြင်း<br>• ကလေး၏ တုံ့ပြန်ချက်၊ အကြံပြုချက်ပေါ် အခြေခံ၍ ဆက်သွယ်ပြောဆိုမှုများကို ပြောင်းလဲပြင်ဆင်ပေးခြင်း<br>• ဆက်လက်ဖြစ်ပေါ်နေသည့် စိတ်ခံစားချက်များ (သို့မဟုတ်) တိုးတက်မှုမရှိဘဲ ဆုတ်ယုတ်မှုများကို ဖြစ်လေ့ဖြစ်ထရှိ၍ စိတ်ပူရန်မလိုကြောင်း အတည်ပြုပေးခြင်း<br>• လေးစားမှုရှိသည့်၊ တစ်သမတ်တည်းဖြစ်သည့် လေသံဖြင့်သာ ပြောဆိုခြင်း | • သေချာမေးမြန်းစစ်ဆေးမှုမရှိဘဲ တိုးတက်မှုရှိသည်ဟု မိမိဘာသာ ယူဆခြင်း<br>• ကောင်းစွာ ရှင်းလင်းပြောပြခြင်းမရှိဘဲ မိမိဘက်မှ ဆက်သွယ်မှုကို လျှော့ချခြင်း<br>• တိုးတက်မှုကို ညွှန်ပြသည့် ညွှန်ကိန်းများကိုသာ အာရုံစိုက်၍ စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှုကို အလေးမထားခြင်း<br>• စိုးရိမ်သောကဖိစီးမှု (သို့မဟုတ်) စိတ်ပါဝင်စားခြင်း မရှိတော့မှု လက္ခဏာများကို သတိမပြုမိခြင်း |

| | | | |
|---|---|---|---|
| **အဆင့် (၆) - ဖြစ်ရပ်ပိတ်သိမ်းခြင်းနှင့် ပြန်လည်သုံးသပ်အကဲဖြတ်ခြင်း** | ကြိုတင်ပြင်ဆင်ခြင်း၊ ရှင်းရှင်းလင်းလင်း သိရှိစေခြင်းနှင့် လေးစားစွာ အဆုံးသတ်ခြင်း | • ဖြစ်ရပ်ပိတ်သိမ်းရန်အတွက် ကလေးကို ကြိုတင်ပြင်ဆင်ပေးခြင်း<br>• ဖြစ်ရပ်ပိတ်သိမ်းရခြင်း အကြောင်းရင်းနှင့် မည်သည့်အကူအညီများကို ဆက်လက်ပေး အပ်နေဦးမည်ဆိုသည်ကို သေချာရှင်းပြခြင်း<br>• ကလေး၏ ကြိုးပမ်းအားထုတ်မှုများနှင့် အားသာချက်များကို အသိအမှတ်ပြု ချီးကျူးခြင်း<br>• မေးခွန်းများ မေးခွင့်ပြုခြင်း၊ စိတ်ခံစားချက်များကို လက်ခံနားထောင်၍ နှစ်သိမ့်ပေးခြင်း | • ဖြစ်ရပ်ကို ရုတ်တရက် (သို့မဟုတ်) ကောင်းစွာ ရှင်းပြခြင်း မရှိဘဲ ပိတ်သိမ်းခြင်း<br>• လူကြီးများကိုသာ အလေးထား၍ ရှင်းပြခြင်း<br>• ပြင်းထန်သည့် စိတ်ခံစားချက် ဖြစ်ပေါ်နိုင်သည့် နှုတ်ဆက်မှု ခွဲခွာမှုများကို ရှောင်ရှားခြင်း<br>• ကလေးသည် သူ့အား စွန့်ခွာသွားသည်ဟု ခံစားရစေခြင်း (သို့မဟုတ်) ဝေခွဲမရ ဖြစ်ကျန် ခဲ့စေခြင်း |

**ဆွေးနွေးပါ -**

- ဖြစ်ရပ်စီမံခန့်ခွဲမှု၏ မည်သည့်အဆင့်တွင် ဆက်သွယ်ပြောဆိုမှုဆိုင်ရာ စိန်ခေါ်မှုများ အများဆုံး ကြုံတွေ့ရလေ့ရှိသနည်း။
- စိတ်ဖိစီးမှု၊ အလုပ်ဝန်ပိမှု (သို့မဟုတ်) အချိန်မရှိမှုတို့က ကျွန်ုပ်တို့၏ ဆက်သွယ်ပြောဆိုမှုများအပေါ် မည်သို့ သက်ရောက်မှု ရှိသနည်း။
- မည်သည့်ဆက်သွယ်ပြောဆိုမှု စွမ်းရည်များကို ယုံကြည်ချက်ရှိရှိ အသုံးချနိုင်သနည်း၊ မည်သည့် စွမ်းရည်များကို ပိုမိုအားကောင်းအောင် လုပ်ဆောင်ဖို့ လိုအပ်နေသနည်း။
- ဖိအားအောက် အလုပ်လုပ်ရသည့် အခြေအနေများတွင်ပင်လျှင် ကောင်းမွန်သည့် ဆက်သွယ်ပြောဆိုမှုများ ဆက်လက်လုပ်ဆောင်နိုင်အောင် ကြီးကြပ်ပံ့ပိုးမှုနှင့် အချင်းချင်း ကူညီမှုများက မည်သို့ အထောက်အကူပြုနိုင်မည်နည်း။။

**ကြီးကြပ်ပံ့ပိုးသူအတွက် မှတ်ချက် -** ကြီးကြပ်ပံ့ပိုးသူများသည် ဖြစ်ရပ်စီမံခန့်ခွဲသူများ မှ ဤအစီအစဉ်မတိုင်မီက ဖြည့်စွက်ပေးပို့ထားပြီး မိမိတို့ လေ့လာသုံးသပ်ထားသည့် ဆက်သွယ်ပြောဆိုမှုစွမ်းရည် ဆန်းစစ်အကဲဖြတ်ချက်များမှ တွေ့ရှိချက်များနှင့် မှတ်ချက်များကို ထပ်မံဖြည့်စွက်၍ ထောက်ပြဆွေးနွေးပေးသင့်သည်။

**လုပ်ဆောင်ပါ - ဖြစ်ရပ်လေ့လာချက် - ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် ဆက်သွယ်ပြောဆိုမှု စွမ်းရည်များကို လက်တွေ့အသုံးချခြင်း**

**ရည်ရွယ်ချက်**

ဤလေ့ကျင့်ခန်းသည် ဖြစ်ရပ်စီမံခန့်ခွဲသူများအား ဖြစ်ရပ်စီမံခန့်ခွဲမှုအဆင့်များအားလုံးတွင် အသုံးပြုနိုင်မည့် ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် ဆက်သွယ်ပြောဆိုမှုစွမ်းရည်များကို ဖော်ထုတ်သိရှိပြီး လက်တွေ့လေ့ကျင့်နိုင်ရန် အထောက်အကူပြုပါသည်။ ဖြစ်ရပ်စီမံခန့်ခွဲမှု အဆင့်အမျိုးမျိုးတွင် အောင်မြင်သည့်၊ ခက်ခဲသည့် ဆက်သွယ်ပြောဆိုမှုများ ဖြစ်နိုင်ပုံကို နားလည်သိရှိအောင်လည်း ကူညီပေးပါသည်။ စကားလုံးဖြင့် ဆက်သွယ်ပြောဆိုမှု၊ စကားလုံးမဲ့ ဆက်သွယ်ပြောဆိုမှု၊ တက်ကြွစွာ စူးစိုက်နားထောင်မှုနှင့် စာနာဖေးမအားပေးစကားများ အသုံးပြုမှုကို CCS လမ်းညွှန်နှင့်အညီ လိုက်လျောညီထွေ ပြောင်းလဲပြင်ဆင် အသုံးပြုနိုင်စွမ်း မြင့်မားလာအောင် ကူညီပေးပါသည်။

**ညွှန်ကြားချက်များ -**

- နှစ်ယောက်တစ်တွဲစီ တွဲခိုင်းပါ။
- တစ်တွဲစီအတွက် ဖြစ်ရပ်လေ့လာချက်တစ်ခုစီ ပေးပါ။ ဖြစ်ရပ်နမူနာနှင့် ပေးထားသည့် မေးခွန်းများကို ဆွေးနွေးရန် (၁၀) မိနစ် အချိန်ပေးပါ။
- အားလုံးကို ပြန်စုပါ။ အတွဲတိုင်းအား အောင်မြင်စွာ ဆက်သွယ်ပြောဆိုနိုင်မှု၊ ခက်ခဲစွာ ရှန်းကန်ရမှုနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးအနေဖြင့် ပြုလုပ်နိုင်မည့် လက်တွေ့ကျသည့် ပြောင်းလဲပြင်ဆင်မှုတစ်ခုကို မျှဝေပေးဖို့ ပြောပါ။
- **ကြီးကြပ်ပံ့ပိုးသူအတွက် မှတ်ချက် -** တစ်ဦးချင်းနည်းပြလမ်းညွှန်ပေးသည့် အစီအစဉ်ဖြစ်လျှင် ဖြစ်ရပ်လေ့လာချက်နှစ်ခုစလုံးကို လေ့လာရန် အချိန်လုံလောက်ခြင်း ရှိ/မရှိ စဉ်းစားဆုံးဖြတ်ပါ။

**ဖြစ်ရပ်လေ့လာချက် (က) ငယ်ရွယ်သော ကလေး - ဖြစ်ရပ်စီမံခန့်ခွဲမှု အစောပိုင်းအဆင့်များ**

**ဖြစ်ရပ်နမူနာ**

ဆယ်ရာသည် အသက် (၇) နှစ်အရွယ် မိန်းကလေးတစ်ဦး ဖြစ်ပြီး အိမ်နီးချင်းတစ်ဦး၏ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်း ခံရပြီးနောက် လွှဲပြောင်းညွှန်းပို့ပေးလာခြင်း ဖြစ်သည်။ ဖြစ်ရပ်စီမံခန့်ခွဲသူသည် သူမနှင့် ပထမဆုံး အကြိမ်တွေ့ဆုံခြင်း ဖြစ်သည်။ ဆယ်ရာသည် မျက်လုံးချင်းမဆုံဘဲနေနေပြီး အရုပ်ကလေးတစ်ရုပ်ကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ မေးခွန်းများကို စကားလုံးတစ်လုံးတည်းဖြင့်သာ ဖြေကြားသည်။

**နှစ်ယောက်တစ်တွဲတွဲ၍ အောက်ပါတို့ကို ဆွေးနွေးပါ -**

- အဆင့် (၁) (မိတ်ဆက်ခြင်းနှင့် စတင်ရှင်းလင်းဆွေးနွေးပေးခြင်း) နှင့် အဆင့် (၂) (ဆန်းစစ်အကဲဖြတ်ခြင်း) တွင် မည်သည့် ဆက်သွယ်ပြောဆိုမှုစွမ်းရည်များသည် အရေးအကြီးဆုံးဖြစ်သနည်း။
- မည်သည့် စကားလုံးဖြင့်၊ စကားလုံးမဲ့ ဆက်သွယ်ပြောဆိုမှု စွမ်းရည်များ၊ တက်ကြွစွာ စူးစိုက်နားထောင်မှု စွမ်းရည်များကို ဦးစားပေးအသုံးပြုသင့်သနည်း။
- မည်သို့သော စာနာဖေးမအားပေးစကားများကို အသုံးပြုလျှင် သင့်တော်မည်နည်း။
- ထိတွေ့ဆက်သွယ်မှု၏ ပထမဆုံး မိနစ်အနည်းငယ်အတွင်းတွင် မည်သည်က ဆယ်ရာကို စိတ်လုံခြုံမှု ပိုမို ရရှိစေနိုင်မည်နည်း။
- မည်သည့် ဆက်သွယ်ပြောဆိုမှု အမှားများကို လုပ်မိလျှင် ကြောက်ရွံ့မှု (သို့မဟုတ်) နောက်ဆုတ်မှုကို ပို၍ ဖြစ်စေနိုင်မည်နည်း။
- ဖြစ်ရပ်စီမံခန့်ခွဲသူသည် သတင်းအချက်အလက် ရယူစုဆောင်းမှုကို မည်မျှထိ အချိန်စောင့်ဆိုင်း၍ လုပ်ဆောင်သင့်သနည်း။

**ဖြစ်ရပ်လေ့လာချက် (ခ) ဆယ်ကျော်သက်အရွယ် - နောက်ပိုင်းအဆင့်များ**

**ဖြစ်ရပ်နမူနာ**

မိုက်ကယ်သည် အသက် (၁၅) နှစ်အရွယ် ဆယ်ကျော်သက်တစ်ဦးဖြစ်ပြီး ဖြစ်ရပ်စီမံခန့်ခွဲသူက သူနှင့် ဆက်သွယ် အလုပ်လုပ်နေသည်မှာ လအနည်းငယ် ရှိပြီ ဖြစ်သည်။ နောက်ပိုင်းတွေ့ဆုံမှုများတွင် မိုက်ကယ်သည် ပို၍ စကား နည်းလာပြီး “ဘာဖြစ်ဖြစ် ဂရုမစိုက်တော့ဘူး” ဟု သူက ပြောလာသည်။ ဖြစ်ရပ်စီမံခန့်ခွဲသူသည် မိုက်ကယ်ကို အထူး ပြုကျွမ်းကျင်သူများထံမှ MHPSS ဝန်ဆောင်မှု ရယူနိုင်အောင် လွှဲပြောင်းညွှန်းပို့ပေးရန် စဉ်းစားနေပြီး လွှဲပြောင်း ညွှန်းပို့ပေးပြီးနောက် လာမည့် ရက်သတ္တပတ်များတွင် ဖြစ်ရပ်ပိတ်သိမ်းမှု ပြုလုပ်နိုင်ပါသည်။

**နှစ်ယောက်တစ်တွဲတွဲ၍ အောက်ပါတို့ကို ဆွေးနွေးပါ -**

- အဆင့် (၄) (ဖြစ်ရပ်အစီအစဉ် အကောင်အထည်ဖော်ခြင်း)၊ အဆင့် (၅) (နောက်ဆက်တွဲ ဆက်လက်ကူညီ ဆောင်ရွက်ပေးခြင်း) နှင့် အဆင့် (၆) (ဖြစ်ရပ်ပိတ်သိမ်းခြင်း) အဆင့်များတွင် အောင်မြင်သော ဆက်သွယ် ပြောဆိုမှုများနှင့် ကျရောက်နိုင်သော အန္တရာယ်များမှာ အဘယ်နည်း။
- လွှဲပြောင်းညွှန်းပို့မှုနှင့် ဖြစ်ရပ်ပိတ်သိမ်းမှုအကြောင်းကို ကလေးအတွက် အဆင်ပြေမည့်၊ နားလည်လွယ်မည့် နည်းလမ်းဖြင့် မည်သို့ ရှင်းပြမည်နည်း။
- အလေးမထားသည့် ပုံစံ (သို့မဟုတ်) ထပ်ခါတလဲလဲ ပြောဆိုသည့် ပုံစံမျိုး မပေါက်စေဘဲ စာနာဖေးမ အားပေးစကားများကို မည်သို့ ပြောဆိုမည်နည်း။
- လေသံနှင့် ကိုယ်ဟန်အမူအရာသည် မိုက်ကယ်၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ် မည်သို့ သက်ရောက်မှု ရှိနိုင်သနည်း။

- လွှဲပြောင်းညွှန်းပို့မှု (သို့မဟုတ်) ဖြစ်ရပ်ပိတ်သိမ်းမှု မပြုမီ မည်သည်တို့ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် သေချာစွာ ရှင်းပြပေးသင့်သနည်း။
- ဖြစ်ရပ်စီမံခန့်ခွဲသူသည် မိုက်ကယ်၏ ခံစားချက်များကို ဖိအား မပေးဘဲ မည်သို့ အသိအမှတ်ပြုပေးနိုင်သနည်း။

## ၃-၄။ မေးမြန်းဆွေးနွေးခြင်း (၅ မိနစ်)

- **မေးပါ** - အစီအစဉ်အဆုံးမသတ်မီ ကလေးများကို အဆင်ပြေပျော်ရွှင်စေသော ဆက်သွယ်ပြောဆိုမှုစွမ်းရည်များနှင့် ပတ်သက်၍ ၎င်းတို့ မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိ/မရှိ မေးမြန်းပါ။
- အဓိကျသည့် ဆင်ခြင်သုံးသပ်ချက်များကို အနှစ်ချုပ်ပေးကာ CCS လမ်းညွှန်များတွင် ပါရှိသည့် ဆက်သွယ်ပြောဆိုမှုစွမ်းရည်များနှင့် ချိတ်ဆက်ဆွေးနွေးပေးကာ အစီအစဉ်ကို ပိတ်သိမ်းပါ။
- **ရှင်းပြပါ** -
  - ဆက်သွယ်ပြောဆိုမှုစွမ်းရည်များကို ဖြစ်ရပ်စီမံခန့်ခွဲမှု၏ အဆင့်တိုင်းတွင် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်အသုံးပြုရမည်ဖြစ်ကြောင်း၊ အဆင့်များအားလုံးတွင် တစ်ပုံစံတည်း အသုံးမပြုသင့်ကြောင်း အလေးပေးရှင်းပြပါ။
  - ဆက်သွယ်ပြောဆိုမှု အခက်အခဲများ ကြုံတွေ့ရခြင်းသည် အတွေ့ရများသည့် ပြဿနာတစ်ခု ဖြစ်ပြီး ကြီးကြပ်ပံ့ပိုးမှုများက ထိုအခက်အခဲများကို ကျော်လွှားနိုင်အောင် ကူညီပေးကြောင်း ပြောပြပါ။
  - ကလေးများ၏ ဘေးကင်းလုံခြုံမှု၊ ပါဝင်ဆောင်ရွက်နိုင်မှုနှင့် ဆိုးကျိုးဖြစ်ပေါ်ခြင်း မရှိစေရန် ဆောင်ရွက်မှုဆိုင်ရာ အခြေခံစည်းများနှင့် ချိတ်ဆက်၍ သုံးသပ်ဆွေးနွေးပေးပါ။
- **တောင်းဆိုပါ** - ဤအစီအစဉ်မှ ၎င်းတို့အတွက် အထူးခြားဆုံး ဖြစ်သည့်/ ၎င်းတို့နှင့်အတူ ယူဆောင်သွားမည့် လေ့လာ သင်ယူမှု/ ဆင်ခြင်သုံးသပ်ချက်တစ်ခုကို တစ်ယောက်ချင်းစီ မျှဝေပေးရန် တောင်းဆိုပါ။

## ၃-၆။ အစီအစဉ်အဆုံးသတ်ခြင်း (၅ မိနစ်)

- **ပြောပါ** - တက်ရောက်သူများအား အစီအစဉ်မှ ရရှိလိုက်သည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ပေးအပ်သည့် ဖောင်ပုံစံကို ဖြည့်စွက်ပေးရန် ပြောပါ။
- **အတည်ပြုပါ** - အစီအစဉ်အပိုင်း (၄) အတွက် နေ့ရက်နှင့် အချိန်ကို အတည်ပြုပါ။

# အပိုင်း (၄) - အားလုံးပါဝင်နိုင်မှုကို အားပေးသည့် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များ

| | |
|---|---|
| ရည်ရွယ်ချက် | • မတော်မတရားပြုမှုခံရသော ကလေးများနှင့် အလုပ်လုပ်သောအခါ ထိရောက်မှုရှိသည့် (အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့်ကိုက်ညီသော) ဆက်သွယ်ပြောဆိုမှုနည်းစနစ်များ၏ အရေးကြီးပုံနှင့် လိုအပ်ပုံကို နားလည်သိရှိကြစေရန်<br>• မတော်မတရားပြုမှုခြင်း ခံရသော ကလေးများနှင့် အလုပ်လုပ်ရာတွင် ထိရောက်သည့် ဆက်သွယ်ပြောဆိုမှုနည်းစနစ်များ လက်တွေ့အသုံးချမှုအပေါ် ပြန်လည်ဆင်ခြင်သုံးသပ်နိုင်မည့် အခွင့်အလမ်းတစ်ခု ပေးအပ်ရန် |
| ကြာမြင့်ချိန် | (၆၀) မိနစ် |
| ဆွေးနွေးမည့် အကြောင်းအရာများ နှင့် အဆိုပြု ကြာမြင့်ချိန်များ | • ကြိုဆိုနှုတ်ခွန်းဆက်ခြင်း *(၅ မိနစ်)*<br>• အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှုနည်းစနစ်များ ဆိုသည်မှာ အဘယ်နည်း *(၁၀ မိနစ်)*<br>    ○ ညွှန်ကြားပြသပေးသည့် နည်းစနစ်များ (Directive techniques)/ ညွှန်ကြားမှု၊ ဦးဆောင်မှု မပြုဘဲ ကလေးသူငယ်ကို ဗဟိုပြုသည့် နည်းစနစ်များ (Non-directive techniques)<br>    ○ အသက်အရွယ်နှင့် စွမ်းဆောင်ရည်အလိုက် သင့်တော်သည့် ချဉ်းကပ်နည်းများ<br>• မသန်စွမ်းကလေးများနှင့် ဆက်သွယ်ပြောဆိုရန်အတွက် သီးခြားထည့်သွင်းစဉ်းစားရမည့် အချက်များ *(၅ မိနစ်)*<br>• အခက်အခဲစိန်ခေါ်မှုများအကြောင်း ဆွေးနွေးခြင်း *(၂၀ မိနစ်)*<br>    ○ အားလုံးပါဝင်နိုင်မှု ရှိစေသည့် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များကို ကျင့်သုံးခြင်း<br>• ပေါင်းစပ်ညှိနှိုင်းမှုအပေါ် သက်ရောက်မှုများ *(၁၀ မိနစ်)*<br>• မေးမြန်းဆွေးနွေးခြင်း *(၅ မိနစ်)*<br>• အစီအစဉ်အဆုံးသတ်ခြင်း *(၅ မိနစ်)* |
| သင်ထောက်ကူများ | ဖြန့်ဝေပေးရမည့် မှတ်စုစာရွက်များ<br>• ကိုယ်စားသရုပ်ဆောင်ခြင်း လေ့ကျင့်ခန်း<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ |

| | |
|---|---|
| အစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လုပ်ဆောင်ထားရမည့် သုံးသပ်ဆင်ခြင်လေ့လာမှု/ လုပ်ဆောင်မှု | • မရှိပါ။ |
| အစီအစဉ် ပြီးသည့်နောက် ဖတ်ရှုလိုက ဖတ်ရှုလေ့လာရန် | • CCS လမ်းညွှန် အခန်း (၄) (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၇၁-၉၁)<br>• CCS သင်ရိုး မော်ဂျူး (၄)<br>• မော်ဂျူး (၄) မှတ်စု - ဆက်သွယ်ပြောဆိုမှုတွင် ဆောင်ရန်နှင့် ရှောင်ရန်များ |

## အစီအစဉ်အပိုင်း (၄) တွင် ပါဝင်သော အကြောင်းအရာများ

### *၄-၁။ ကြိုဆိုနှုတ်ခွန်းဆက်ခြင်း (၅ မိနစ်)*

- နည်းပြလမ်းညွှန်ခြင်းအစီအစဉ် အပိုင်း (၄) သို့ တက်ရောက်လာသူများကို ကြိုဆိုနှုတ်ခွန်းဆက်ပါ။
- **ပြောပါ -** နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် လုံခြုံစိတ်ချစွာ လေ့လာသင်ယူနိုင်သည့် အစီအစဉ်များဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေရန်အတွက် မေးခွန်းများနှင့် အကြံပြုချက်များကို ကြိုဆိုပါသည်။
- **မေးပါ -** ပြီးခဲ့သည့် အစီအစဉ်နောက်ပိုင်း အဆင်ပြေကြပါသလား၊ မည်သို့ ခံစားရပါသနည်း။ ပြီးခဲ့သည့် အစီအစဉ်နှင့် ပတ်သက်၍ ၎င်းတို့ မေးမြန်းလိုသည့် မေးခွန်းများ (သို့မဟုတ်) မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိပါသလား။
- **ရှင်းပြပါ -** ယနေ့အစီအစဉ်တွင် ကလေးများကို အဆင်ပြေပျော်ရွှင်စေမည့် ဆက်သွယ်ပြောဆိုမှုစွမ်းရည်များအကြောင်းကို ဆက်လက်ဆွေးနွေးမည်ဖြစ်ပြီး အထူးသဖြင့် အားလုံးပါဝင်နိုင်မှုကို အားပေးသည့် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များ (inclusive communication techniques) ကို လေ့လာကြမည်ဖြစ်သည်။

**လုပ်ဆောင်ပါ - မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း - စိတ်ကို တည်ငြိမ်အောင် စုစည်းခြင်း**

အားလုံးကို သက်တောင့်သက်သာရှိသည့် အနေအထားဖြင့် ထိုင်ခိုင်းပါ။ ဤလေ့ကျင့်ခန်းသည် ခဏတာ ငြိမ်သက်စွာ နေမည့် လေ့ကျင့်ခန်းဖြစ်ပြီး ၎င်းတို့ ဆန္ဒရှိလျှင် ပါဝင်လုပ်ဆောင်နိုင်ကြောင်း အသိပေးပါ။ ပါဝင်လုပ်ဆောင်မည့်သူများကို အောက်ပါအတိုင်း ညွှန်ကြားပါ -

- ခြေဖဝါးနှစ်ဖက်စလုံး ကြမ်းပြင်ပေါ်တွင် ချထားပါ။
- အသက်ကို နှာခေါင်းမှ ဖြည်းညင်းစွာ ရှူသွင်းပါ။
- ပါးစပ်မှ ဖြည်းညင်းစွာ ရှူထုတ်ပါ။
- ဤသည်ကို မိမိအတွက် အဆင်ပြေမည့် နှုန်းဖြင့် ၃-၄ ကြိမ် လုပ်ပါ။

တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေရင်း အောက်ပါတို့ကို အာရုံပြုခိုင်းပါ -

- ၎င်းတို့ခန္ဓာကိုယ်ရှိ တောင့်တင်းနေသော နေရာတစ်နေရာ
- ပြေလျော့နေသော (သို့မဟုတ်) ပုံမှန်အတိုင်း ရှိနေသည့် နေရာတစ်နေရာ
  တောင့်တင်းနေသော နေရာအား နောက်တစ်ကြိမ် ရှုထုတ်လိုက်သည့် လေနှင့်အတူ အသာအယာ ဖြေလျှော့ခိုင်းပါ။

တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေရင်း အောက်ပါတို့ကို စဉ်းစားခိုင်းပါ -

- ယနေ့ ၎င်းတို့၏ အလုပ်မှ ယူဆောင်လာသော အရာတစ်ခု၏ အမည်
- ၎င်းတို့ကို ပို၍ စိတ်တည်ငြိမ်အောင် (သို့မဟုတ်) အားရှိသည်ဟု ခံစားရအောင် ကူညီပေးသည့် သေးငယ်သော အရာလေးတစ်ခု၏ အမည်

ပါဝင်လုပ်ဆောင်သူများကို ကျေးဇူးတင်စကားဆိုကာ အစီအစဉ်ကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ပြောပါ။

## ***၄-၂။ အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှုနည်းစနစ်များမှာ အဘယ်နည်း*** *(၁၀ မိနစ်)*

**မေးပါ -** အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှု နည်းစနစ်များ (inclusive communication techniques) မှာ အဘယ်နည်း။

**ရှင်းပြပါ -** အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှု နည်းစနစ်များဆိုသည်မှာ ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်အတွင်း ထိတွေ့ဆက်ဆံမှုများ ပြုလုပ်စဉ်တွင် ကလေးများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်၊ မသန်စွမ်းမှု၊ ဘာသာစကား (သို့မဟုတ်) စိတ်ခံစားမှုအခြေအနေ မည်သို့ပင်ရှိစေ ကလေးများအားလုံး နားလည်သိရှိနိုင်၊ ပါဝင်ဆောင်ရွက်နိုင်ပြီး စိတ်လုံခြုံမှု ရရှိစေသည့် နည်းလမ်းများ ဖြစ်ပါသည်။ ဘေးကင်းလုံခြုံမှု၊ ခွဲခြားဆက်ဆံမှုကင်းခြင်း၊ အနှစ်သာရပြည့်ဝစွာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းနှင့် ဆိုးကျိုးဖြစ်ပေါ်မှု မရှိစေခြင်း စည်းမျဉ်းများကို လိုက်နာနိုင်ရေးတွင် အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှုများသည် မရှိမဖြစ်လိုအပ်ကြောင်း CCS လမ်းညွှန်တွင် အလေးပေးဖော်ပြထားပါသည်။

အားလုံးပါဝင်နိုင်သော ဆက်သွယ်ပြောဆိုမှုများ ဖြစ်ဖို့ဆိုလျှင် ပြောင်းလွယ်ပြင်လွယ်ရှိမှု (flexibility) လိုအပ်ပါသည်။ ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ကလေးများထံမှ လူကြီးများ၏ စနစ်များ (သို့မဟုတ်) ဆက်သွယ်ပြောဆိုမှု နည်းလမ်းဟန်ပန်များအတိုင်း လိုက်လျောညီထွေလိုက်ပါရန် မျှော်လင့်မည့်အစား ကလေးတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်၊ လိုအပ်ချက်များနှင့် အခြေအနေကိုလိုက်၍ မိမိတို့၏ ဆက်သွယ်ပြောဆိုမှု နည်းလမ်းကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပြောင်းလဲကြရမည်ဖြစ်သည်။

### ညွှန်ကြားမှု၊ ဦးဆောင်မှု မပြုဘဲ ကလေးသူငယ်ကို ဗဟိုပြုသည့် နည်းစနစ်များ (Non-directive techniques)

ဤနည်းစနစ်များတွင် ထိတွေ့ဆက်ဆံမှု၏ အနေးအမြန်နှုန်းထား၊ ပြောဆိုဆွေးနွေးသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ကလေးကို ဦးဆောင်ခွင့်ပြုခြင်းဖြင့် ၎င်းတို့တွင် မိမိကိုယ်မိမိ စိုးပိုင်မှုနှင့် စိတ်လုံခြုံမှု ရရှိအောင် ပံ့ပိုးကူညီပေးပါသည်။ ဤနည်းစနစ်များတွင် စကားလုံးဖြင့်ဖြစ်စေ၊ စကားလုံးမဲ့ဖြစ်စေ ဆက်သွယ်ပြောဆိုနိုင်ပါသည်။

**တောင်းဆိုပါ -** အောက်ပါနည်းစနစ်များအကြောင်း မဆွေးနွေး၊ မပြောပြမီ ညွှန်ကြားမှု၊ ဦးဆောင်မှုမပြုဘဲ ကလေး သူငယ်ကို ဗဟိုပြုသည့် ဆက်သွယ်ပြောဆိုမှု နမူနာအချို့ကို ပြောပြပေးရန် တောင်းဆိုပါ -

- ဖြေလိုရာ လွတ်လပ်စွာ ဖြေဆိုနိုင်ရန် ဖွင့်ပေးသော မေးခွန်းများ (ဥပမာ "သား/သမီးရဲ့ ဒီနေ့တစ်နေ့တာ ဖြတ်သန်းခဲ့ပုံလေး ပြောပြပေးနိုင်မလား")
- ကလေး၏ စိတ်ခံစားချက်များ (သို့မဟုတ်) စကားလုံးများကို အသိအမှတ်ပြုပေးခြင်း/ နားလည်ကြောင်း ပြသခြင်း
- စကားမပြောဘဲ တိတ်ဆိတ်နေခြင်းနှင့် ခဏ ရပ်နားခြင်းများကို စိတ်ရှည်စွာ စောင့်ဆိုင်းပေးခြင်း
- ကလေးသည် မည်သည်ကို မျှဝေပြောပြရန် အသင့်ဖြစ်နေကြောင်း ပြသသည့် အရိပ်လက္ခဏာများကို သတိပြု ကြည့်ရှု၍ ထိုအတိုင်း လိုက်ပါပြောဆိုပေးခြင်း
- စကားလုံးမဲ့ဆက်သွယ်ပြောဆိုမှု နည်းစနစ်များ - ဘာကို ဘယ်လို လုပ်ရမည်၊ ပြောရမည်ဟူသည့် ညွှန်ကြား ချက်များ မပါရှိဘဲ ကလေးအား ပုံဆွဲပြရန် (သို့မဟုတ်) ဇာတ်လမ်းပုံပြင်တစ်ခု ပြောပြရန် ဖိတ်ခေါ်ခြင်း

## ဤနည်းစနစ်များသည် မည်သည့်အချိန်တွင် အသင့်အတော်ဆုံးဖြစ်မည်နည်း -

- စတင်ထိတွေ့ဆက်သွယ်စဉ်နှင့် ယုံကြည်မှုတည်ဆောက်စဉ်
- မတော်မတရားပြုမူခြင်းခံခဲ့ရမှုကို ထုတ်ဖော်ဖွင့်ဟပြောပြနိုင်ရန် ကူညီဖေးမပေးသောအခါ
- ကလေးသည် ပြင်းထန်စွာ စိတ်သောကဖိစီးနေသောအခါ၊ စကားပြောရန်ငြင်းဆန်ပြီး တစ်ဦးတည်း နေလို ကြောင်း ပြသသောအခါ (သို့မဟုတ်) ဘာလုပ်ရမည်ဆိုသည်ကို သေချာမဝေခွဲနိုင် ဖြစ်နေသောအခါ

## ညွှန်ကြားပြသပေးသည့် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များ (Directive Communication techniques)

ကလေးများ ကောင်းစွာ နားလည်သိရှိနိုင်ရန်နှင့် လုံခြုံစိတ်ချမှု ရရှိစေရန်အတွက် ရှင်းလင်းတိကျသည့် နည်းလမ်း၊ လမ်းညွှန်မှု (သို့မဟုတ်) သတင်းအချက်အလက်များကို ပေးအပ်သည့် နည်းစနစ်များ ဖြစ်ပါသည်။

**တောင်းဆိုပါ -** အောက်ပါနည်းစနစ်များအကြောင်း မဆွေးနွေး၊ မပြောပြမီ ညွှန်ကြားပြသပေးသည့် ဆက်သွယ်ပြောဆိုမှု နမူနာအချို့ကို ပြောပြပေးရန် တောင်းဆိုပါ -

- လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းပြောပြခြင်း
- ရွေးချယ်ခွင့် ပေးခြင်း (ဥပမာ "အခု စကားပြောချင်လည်းရတယ် ဒါမှမဟုတ် ခဏနားချင်လည်း ရတယ်")
- မေးမြန်းရန် လိုအပ်သည့် မေးခွန်းများကို တိကျစွာ မေးမြန်းခြင်း
- လျှို့ဝှက်ထိန်းသိမ်းပေးနိုင်မှု အကန့်အသတ်များ (သို့မဟုတ်) ဘေးကင်းလုံခြုံရေးအတွက် လုပ်ဆောင်မှုများ အကြောင်း ရှင်းရှင်းလင်းလင်း သိရှိစေခြင်း
- စကားလုံးမဲ့ ဆက်သွယ်ပြောဆိုမှု နည်းစနစ်များ - ကလေးကို ၎င်း၏ မိသားစု/နေ့စဉ်လုပ်ငန်းဆောင်တာများ ကို ပုံဆွဲပြခိုင်းခြင်း (သို့မဟုတ်) ဘိုမရုပ်ကလေးများ/ ရုပ်သေးရုပ်လေးများကို အသုံးပြု၍ မေးခွန်းများကို ဖြေဆိုခိုင်းခြင်း

## ဤနည်းစနစ်များသည် မည်သည့်အချိန်တွင် အသင့်အတော်ဆုံးဖြစ်မည်နည်း -

- သဘောတူခွင့်ပြုချက်၊ သဘောတူခွင့်ပြုသော ဆန္ဒသဘောထား ရယူရန် (သို့မဟုတ်) ရှေ့လုပ်ငန်းစဉ် များအကြောင်း ရှင်းလင်းပြောပြသောအခါ
- ဘေးကင်းလုံခြုံရေးအစီအစဉ် ရေးဆွဲစဉ် (သို့မဟုတ်) လွှဲပြောင်းညွှန်းပို့မှုများ ပြုလုပ်ပေးစဉ်အတွင်း

- ကလေးတစ်ဦးတွင် စိုးရိမ်သောကများ လျော့နည်းသွားစေရန်အတွက် ရှင်းရှင်းလင်းလင်း နားလည်သိရှိအောင် ရှင်းပြပေးရန် လိုအပ်သောအခါ

**အသက်အရွယ်/ ဖွံ့ဖြိုးမှုအဆင့်နှင့် မသန်စွမ်းမှုအတွက် ပြင်ဆင်ပြောင်းလဲပေးမှုများ**

| | |
|---|---|
| **၀-၅ နှစ်** | • စကားလုံးများဖြင့် ဆက်သွယ်ပြောဆိုနိုင်မှု အကန့်အသတ် ရှိ - ကိုယ်တိုင် ထုတ်ဖော်ဖွင့်ဟပြောပြနိုင်စွမ်း မရှိ<br>• ၎င်းတို့၏ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခံရမှုအကြောင်း တိုက်ရိုက်ပြောဆိုခြင်း မပြုသင့်ပါ။<br>• မတော်မတရားပြုမှုခံရသော ကလေးနှင့် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုမှု အကြောင်း သိရှိနိုင်မည့် အဓိကသတင်းရင်းမြစ်မှာ ကိုယ်တိုင်ကျူးလွန်ခဲ့ခြင်း မရှိသည့် ကလေး၏ ပြုစုစောင့်ရှောက်သူ(များ) ဖြစ်သည်။ |
| **၆-၁၂ နှစ်** | • မိနစ် (၃၀) နှင့် အောက်<br>• လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခံရမှုအကြောင်း တိုက်ရိုက် ပြောဆိုဆွေးနွေးနိုင်သည်။<br>• ကိုယ်တိုင်ကျူးလွန်ခဲ့ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူ (များ) (သို့မဟုတ်) ကလေးယုံကြည်သူတစ်ဦးဦးကို ၎င်းတို့နှင့်အတူ အဖော်ပြုခွင့် ပေးနိုင်သည်။<br>• အရုပ်များ၊ ပန်းချီနှင့် အခြား ကလေးကို စိတ်ပျော်ရွှင်စေမည့် ပစ္စည်းများကို အသုံးပြုပါ။<br>• သဘောတူခွင့်ပြုသော ဆန္ဒသဘောထား/ သဘောတူခွင့်ပြုချက် ရယူကာ မတော်မတရားပြုမှုခံရသော ကလေး၏ ဘ၀တွင် ယုံကြည်စိတ်ချရသူများထံမှ အချက်အလက်များကို ရယူစုဆောင်းပါ။ |
| **၁၃-၁၈ နှစ်** | • ၃၀-၆၀ မိနစ်<br>• ဤအသက်အရွယ်အုပ်စုအတွင်းရှိသော မတော်မတရားပြုမှုခံရသော ကလေးများနှင့် တိုက်ရိုက်ဆက်သွယ်ပြောဆိုနိုင်သည်။<br>• ကိုယ်တိုင်ကျူးလွန်ခြင်းမရှိသည့် ပြုစုစောင့်ရှောက်သူ(များ) (သို့မဟုတ်) ကလေးက ယုံကြည်စိတ်ချသူတစ်ဦးဦးကို ပါ၀င်ဆွေးနွေးပေးရန် ကလေးမှ တောင်းဆိုပါက ခွင့်ပြုပေးနိုင်သည်။<br>• ပန်းချီအနုပညာနှင့် ဆယ်ကျော်သက်များ နှစ်သက်သော ပစ္စည်းများ အသုံးပြုခြင်းသည် ဆက်သွယ်ပြောဆိုမှုများကို အထောက်အကူပြုနိုင်ပြီး ဆယ်ကျော်သက်များအား ၎င်းတို့၏ စိတ်ခံစားချက်များကို ဖော်ပြနိုင်အောင် ကူညီပေးပါသည်။ |
| **မသန်စွမ်း ကလေးများ** | • မသန်စွမ်းကလေးများအားလုံးသည် ဆက်သွယ်ပြောဆိုမှု မပြုနိုင် (သို့မဟုတ်) အခြားကလေးများနှင့် မတူကွဲပြားစွာ ဆက်သွယ်ပြောဆိုလိမ့်မည်ဟု တရားသေ မယူဆထားပါနှင့်။<br>• ဆက်သွယ်ပြောဆိုမှုစွမ်းရည်သည် မသန်စွမ်းမှုအမျိုးအစားပေါ် မူတည်၍ ကွဲပြားပါသည်။ |

| | |
|---|---|
| | • ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများ (သို့မဟုတ်) အခြားယုံကြည်ရသူများထံမှ မတော်မတရားပြုမှုခံရသော ကလေးနှင့် မည်သည့်နည်းဖြင့် ဆက်သွယ်ပြောဆိုနိုင်မည်ဆိုသည်ကို အကြံဉာဏ်တောင်းခံနိုင်ပါသည်။ |

## ၄-၃။ မသန်စွမ်းကလေးများနှင့် ဆက်သွယ်ပြောဆိုရာတွင် သီးခြား ထည့်သွင်းစဉ်းစားရမည့် အချက်များ *(၅ မိနစ်)*

**ရှင်းပြပါ -** မသန်စွမ်းကလေးများအတွက် ဆက်သွယ်ပြောဆိုမှုနည်းလမ်းများကို သင့်တော်သလို ပြင်ဆင်ပြောင်းလဲ၍ အသုံးမပြုလျှင် ထိုကလေးများသည် ဖယ်ကြဉ်ခံရနိုင်သည့် အန္တရာယ် ပိုမိုများပြားသည်ဟု CCS လမ်းညွှန်တွင် အလေးပေးဖော်ပြထားသည်။

**မေးပါ -** မသန်စွမ်းကလေးများနှင့် ဆက်သွယ်ပြောဆိုရာတွင် မည်သည့်အချက်များကို ထည့်သွင်းစဉ်းစားရမည်နည်း။ အောက်ပါဥပမာများကို ပေးကာ မဆွေးနွေးမီ ထိုမေးခွန်းကို မေးမြန်းပါ -

- ကလေး (နှင့် လိုအပ်လျှင် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူ) ကို ၎င်းတို့နှစ်သက်သည့် ဆက်သွယ်ပြောဆိုမှုနည်းလမ်းများအကြောင်း မေးမြန်းခြင်း၊
- လိုအပ်လျှင် ရုပ်မြင်အထောက်အကူများ၊ လက်ဟန်အမူအရာများ (သို့မဟုတ်) ဆက်သွယ်ရေးအထောက်အကူပစ္စည်းများကို အသုံးပြုခြင်း
- ပြုစုစောင့်ရှောက်သူများ (သို့မဟုတ်) စကားပြန်များကိုသာမက ကလေးကိုပါ တိုက်ရိုက် စကားပြောခြင်း
- ဉာဏ်ရည်ဉာဏ်သွေး (သို့မဟုတ်) စိတ်ခံစားချက်များကို ထိန်းညှိနိုင်မှု စွမ်းရည်နှင့် ပတ်သက်၍ မိမိဘာသာ ထင်မြင်ယူဆခြင်း၊ ကောက်ချက်ချခြင်းများကို ရှောင်ရှားခြင်း
- လိုအပ်သလို အချိန်ပိုပေးခြင်းနှင့် ထပ်ခါထပ်ခါ ပြောပြပေးခြင်း
- ထိရောက်စွာ ဆက်သွယ်ပြောဆိုမှုကို အထောက်အပံ့ပြုသော ပတ်ဝန်းကျင် ဖြစ်စေရန် စီစဉ်ဆောင်ရွက်ထားခြင်း (ဆိတ်ငြိမ်သောနေရာ၊ နေရာထိုင်ခင်း၊ အလင်းရောင်)

မသန်စွမ်းကလေးများအတွက် အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှုများကို ပြုလုပ်ပေးခြင်းသည် ဝန်ဆောင်မှုများ သာတူညီမျှ လက်လှမ်းမီရရှိမှုနှင့် အနှစ်သာရရှိသည့် ပါဝင်ဆောင်ရွက်မှုတို့ ရရှိရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။

## ၄-၄။ အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှုများ ပြုလုပ်ရာတွင် ကြုံတွေ့ရသည့် အဓိက စိန်ခေါ်မှုများ *(၂၀ မိနစ်)*

အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှုများ (inclusive communication) တွင် စိန်ခေါ်မှုများရှိခြင်းသည် ဖြစ်လေ့ဖြစ်ထရှိပြီး အသိသတိရှိစွာဖြင့် ရည်ရွယ်ချက်ထား၍ ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ကြောင်း ဖြစ်ရပ်စီမံခန့်ခွဲသူများ နားလည်သိရှိအောင် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများမှ ပြောပြပေးသင့်သည်။

**တောင်းဆိုပါ** - အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှုနည်းစနစ်များကို အသုံးပြုရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများအား ပြောပြပေးရန် ပါဝင်တက်ရောက်လာသူများကို တောင်းဆိုပါ။

အတွေ့ရများသည့် စိန်ခေါ်မှုအချို့မှာ -

- အချိန်အခက်အခဲကြောင့် အလောတကြီး ပြောဆိုရခြင်း
- ညွှန်ကြားပြသသည့် နည်းစနစ်များ (directive) နှင့် ညွှန်ကြားမှု၊ ဦးဆောင်မှု မပြုဘဲ ကလေးသူငယ်ကို ဗဟိုပြုသည့် နည်းစနစ်များ (non-directiv) ကို ဟန်ချက်ညီအောင် ချိန်ဆအသုံးပြုရခြင်း
- မသန်စွမ်းကလေးများနှင့် ဆက်သွယ်ပြောဆိုဖူးသည့် အတွေ့အကြုံ နည်းပါးခြင်း
- ဘာသာစကားအခက်အခဲများ (သို့မဟုတ်) စကားပြန် မရှိမှု
- ဖြစ်ရပ်စီမံခန့်ခွဲသူအတွက် စိတ်သက်တောင့်သက်သာ မရှိမှု (သို့မဟုတ်) "တစ်ခုခုမှားပြောမိလေမလား" ဟု စိုးရိမ်မှု
- ဆက်သွယ်ပြောဆိုမှုများကို ထိခိုက်နိုင်သော စိတ်ခံစားချက် ပြင်းထန်နေမှု (ကလေး (သို့) ဖြစ်ရပ်စီမံခန့်ခွဲသူ)

အဖွဲ့လိုက် နည်းပြလမ်းညွှန်ပေးသည့် အစီအစဉ်များနှင့် ကြီးကြပ်ပံ့ပိုးမှုများသည် အဆိုပါ စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ဆွေးနွေးကာ မိမိတို့ ကျင့်သုံးဆောင်ရွက်နေသည့် အလေ့အထများ ပိုမိုအားကောင်းလာအောင် လုပ်ပေးနိုင်သည့် အခွင့်အလမ်းကောင်းများ ဖြစ်သည်။

**လုပ်ဆောင်ပါ - ကိုယ်စားသရုပ်ဆောင်ခြင်း - အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှု နည်းစနစ်များကို လက်တွေ့အသုံးချခြင်း**

**ရည်ရွယ်ချက်**

ဤကိုယ်စားသရုပ်ဆောင်မှု လေ့ကျင့်ခန်းတွင် ဖြစ်ရပ်စီမံခန့်ခွဲသူများသည် CCS လမ်းညွှန်နှင့်အညီ (ကလေးတစ်ဦး၏ အသက်အရွယ်၊ စွမ်းဆောင်ရည်နှင့် မသန်စွမ်းမှု ရှိ/မရှိ ပေါ်မူတည်၍) directive နှင့် non-directive နည်းစနစ်များ အပါအဝင် အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှုနည်းနစစ်များကို လိုက်လျောညီထွေ ပြောင်းလဲအသုံးပြုခြင်းအား လက်တွေ့လေ့ကျင့်နိုင်မည်ဖြစ်သည်။ ဤလေ့ကျင့်ခန်းတွင် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များ မှန်ကန်စွာ ရွေးချယ်နိုင်မှုသည် ဘေးကင်းလုံခြုံမှု၊ ပါဝင်ဆောင်ရွက်နိုင်မှုနှင့် နားလည်သိရှိမှုတို့အပေါ် မည်သို့ သက်ရောက်မှုရှိကြောင်း ပါဝင်လေ့ကျင့်သူများကို သိရှိသတိပြုစေမည် ဖြစ်ပါသည်။

**ညွှန်ကြားချက်များ**

- အဖွဲ့ငယ်များ ခွဲပါ။ တစ်ဦးကို ဖြစ်ရပ်စီမံခန့်ခွဲသူ၊ တစ်ဦးကို ကလေးနှင့် ၁-၃ ဦးကို စောင့်ကြည့်လေ့လာသူများအဖြစ် ရွေးချယ်သတ်မှတ်ဖို့ ပြောပါ။
- စောင့်ကြည့်လေ့လာသူများအား အောက်ပါတို့ကို အဓိကထားကြည့်ရှုလေ့လာရန် ပြောပါ -
- Directive နှင့် non-directive ဆက်သွယ်ပြောဆိုမှုနည်းစနစ်များကို အသုံးပြုမှု
- ကလေး၏ အသက်အရွယ်နှင့် စွမ်းဆောင်ရည်အလိုက် လိုက်လျောညီထွေ ပြင်ဆင်ပြောင်းလဲမှု
- စကားလုံးဖြင့်၊ စကားလုံးမဲ့ ဆက်သွယ်ပြောဆိုမှုများနှင့် အနေးအမြန်နှုန်းကို ရွေးချယ်ခွင့်ပေးခြင်း
- ကိုယ်စားသရုပ်ဆောင်မှုတစ်ခုသည် ၅-၇ မိနစ်ခန့် ကြာမြင့်သင့်သည်။ ပြီးလျှင် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရမည်။ အချိန်ရလျှင် အဖွဲ့များကို သရုပ်ဆောင်သည့် ဇာတ်ကောင်နေရာများ ပြောင်းလဲ၍ နောက်ထပ် တစ်ကြိမ် ထပ်မံလေ့ကျင့်ခိုင်းနိုင်သည်။

**ကိုယ်စားသရုပ်ဆောင်ခြင်းအတွက် ဖြစ်ရပ်နမူနာ (၁) - နှုတ်မှ ထုတ်ဖော်ပြောဆိုနိုင်စွမ်း အကန့်အသတ်ရှိသည့် ငယ်ရွယ်သော ကလေး**

**ဖြစ်ရပ်နမူနာ**

လေလာသည် အသက် (၆) နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်သည်။ သူမသည် များသောအားဖြင့် ပုံဆွဲခြင်း၊ လက်ဟန်အမူအရာပြခြင်း နည်းလမ်းများဖြင့် ဆက်သွယ်ပြောဆိုလေ့ရှိပြီး သူမကို မေးခွန်းများ တိုက်ရိုက် မေးမြန်းလျှင် တိတ်ဆိတ်သွားတတ်သည်။ ဤသည်မှာ သူမနှင့် စတင်တွေ့ဆုံမှု ဖြစ်သည်။

**ကလေး နေရာတွင် သရုပ်ဆောင်မှုအတွက် လမ်းညွှန်**

- အစပိုင်းတွင် မျက်လုံးချင်းဆုံကြည့်ခြင်း မပြုဘဲ မျက်နှာလွှဲနေပါ။
- စကားများထက် လက်ဟန်အမူအရာဖြင့် (သို့မဟုတ်) ပုံဆွဲ၍ တုံ့ပြန်ဖြေဆိုပါ။
- ဖြစ်ရပ်စီမံခန့်ခွဲသူမှ မေးခွန်းအများအပြားကို တိုက်ရိုက်မေးမြန်းလာလျှင် ဆိတ်ဆိတ်နေပါ။

**ဖြစ်ရပ်စီမံခန့်ခွဲသူ နေရာတွင် သရုပ်ဆောင်မှုအတွက် လမ်းညွှန်**

- ကလေးနှင့် ဆက်သွယ်ပြောဆိုရန်အတွက် non-directive နည်းစနစ်များကို အသုံးပြုပါ။
- Directive နည်းစနစ်များကို လိုအပ်မှသာ အသုံးပြုပါ (ဥပမာ ရည်ရွယ်ချက်ကို ရှင်းပြခြင်း (သို့) ရွေးချယ်စရာများကို ချပြပေးခြင်း)
- စကားအသုံးအနှုန်း၊ အနေးအမြန်နှုန်းနှင့် စကားလုံးမဲ့ ဆက်သွယ်ပြောဆိုမှုများကို လိုက်လျောညီထွေ ပြောင်းလဲအသုံးပြုပါ။

**စောင့်ကြည့်လေ့လာသူများမှ တုံ့ပြန်အကြံပြုဆွေးနွေးပေးရမည့် မေးခွန်းများ**

- မည်သည့် non-directive နည်းစနစ်များသည် လေလာကို စိတ်လုံခြုံမှု ပိုမို ရရှိအောင် ကူညီပေးနိုင်ခဲ့ သနည်း။
- မည်သည့်အချိန်တွင် directive နည်းစနစ်ဖြင့် ဆက်သွယ်ပြောဆိုခြင်းသည် အသုံးဝင်သနည်း (သို့မဟုတ်) လိုအပ်သနည်း။
- လေသံ၊ ကိုယ်နေဟန်ထားနှင့် အနေးအမြန်နှုန်းတို့သည် ကလေး၏ ပါဝင်ဆောင်ရွက်မှုအပေါ် မည်သို့ သက်ရောက်မှု ရှိခဲ့သနည်း။
- အားလုံးပါဝင်နိုင်မှု ပိုမိုရရှိစေရန် မည်သည်တို့ကို ပြင်ဆင်ပြောင်းလဲနိုင်မည်နည်း။

**ကိုယ်စားသရုပ်ဆောင်ခြင်းအတွက် ဖြစ်ရပ်နမူနာ (၂) - မသန်စွမ်း ဆယ်ကျော်သက်**

**ဖြစ်ရပ်နမူနာ**

အိုမာသည် အသက် (၁၄) နှစ်အရွယ် ဆယ်ကျော်သက်ယောကျ်ားလေးတစ်ဦးဖြစ်ပြီး ကိုယ်လက်အင်္ဂါမသန်စွမ်းမှုနှင့် လေ့လာသင်ယူရန် ခက်ခဲမှု ရှိသူဖြစ်ပါသည်။ ဤသည်မှာ ဖြစ်ရပ်အစီအစဉ်ရေးဆွဲရန် ဆွေးနွေးသည့် တွေ့ဆုံမှု ဖြစ်သည်။ အိုမာသည် အစီအစဉ်ကို ချက်ချင်း သဘောတူခဲ့ပြီး ထွေထွေထူးထူး မေးခွန်းထုတ်ခြင်းလည်း မရှိပါ။

**ကလေး နေရာတွင် သရုပ်ဆောင်မှုအတွက် လမ်းညွှန်**

- မရှင်းလင်းသည်များ ပြန်လည်မေးမြန်းခြင်း မရှိဘဲ ခေါင်းညိတ်၍ သဘောတူပါ။
- မေးခွန်းများ မေးလျှင် တိုတောင်းသော အဖြေများကို ပေးပါ။
- ယဉ်ကျေးစွာ ပြောဆိုနေသော်လည်း မသေချာမရေရာဖြစ်နေသည့်ပုံမျိုး ပေါ်လွင်ပါစေ။

**ဖြစ်ရပ်စီမံခန့်ခွဲသူ နေရာတွင် သရုပ်ဆောင်မှုအတွက် လမ်းညွှန်**

- Directive နည်းစနစ်များ (ရွေးချယ်စရာများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းပြခြင်း) နှင့် non-directive နည်းစနစ်များ (နားလည်ခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ အမြင်များကို ပြောပြရန် ဖိတ်ခေါ်ခြင်း)
- အားလုံးပါဝင်နိုင်မှုအတွက် သင့်လျော်သည့် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များကို စဉ်းစားရွေးချယ် အသုံးပြုပါ။

**စောင့်ကြည့်လေ့လာသူများမှ တုံ့ပြန်အကြံပြုဆွေးနွေးပေးရမည့် မေးခွန်းများ**

- ဖြစ်ရပ်စီမံခန့်ခွဲသူသည် ကလေး နားလည်ခြင်း ရှိ/မရှိ နှင့် သဘောတူခွင့်ပြုချက်/ သဘောတူခွင့်ပြုသော ဆန္ဒသဘောထားကို မည်သို့ စစ်ဆေးခဲ့သနည်း။
- ဖြစ်ရပ်စီမံခန့်ခွဲသူတွင် အိုမာ၏ စွမ်းဆောင်ရည်နှင့်ပတ်သက်၍ ၎င်းဘာသာ ထင်မြင်ယူဆချက်များ ပြုလုပ်ခဲ့ပါသလား။
- ကလေးထံမှ အနှစ်သာရ ရှိသည့် ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှု ရရှိရန် ဆက်သွယ်ပြောဆိုမှုနည်းလမ်းများ ဖြင့် ယခုထက်ပို၍ မည်သို့ ပံ့ပိုးပေးနိုင်မည်နည်း။
- မည်သို့သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျှင် အားလုံးပါဝင်နိုင်မှုကို ယခုထက်ပို၍ အားကောင်းစေမည်နည်း။

## *၄-၅။ ပေါင်းစပ်ညှိနှိုင်းမှုအပေါ် သက်ရောက်မှုများ (၁၀ မိနစ်)*

**ရှင်းပြပါ -** အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှုနည်းစနစ်များသည် ဖြစ်ရပ်စီမံခန့်ခွဲအတွက် ပေါင်းစပ်ညှိနှိုင်းများ လက်တွေ့တွင် မည်မျှထိ အဆင်ပြေထိရောက်နိုင်မည်ဆိုသည့်အပေါ် တိုက်ရိုက်သက်ရောက်မှု ရှိပါသည်။ ပေါင်းစပ်ညှိနှိုင်းမှုများ (ဥပမာ လွှဲပြောင်းညွှန်းပို့ပေးခြင်း၊ သတင်းအချက်အလက်မျှဝေပေးခြင်း၊ ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများနှင့် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးများ) ပြုလုပ်ရာတွင် ဘေးကင်းလုံခြုံမှု၊ သဘောတူခွင့်ပြုချက်/ သဘောတူခွင့်ပြုသော ဆန္ဒသဘောထား၊ အနှစ်သာရရှိသည့် ပါဝင်ဆောင်ရွက်မှုနှင့် ဆိုးကျိုးသက်ရောက်မှု မရှိစေရ ဟူသော စည်းမျဉ်းများကို လိုက်နာကြရမည်ဟု CCS လမ်းညွှန်တွင် အလေးပေး ဖော်ပြထားပါသည်။ ထိုစည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်မှု ရှိ/မရှိ ဆိုသည်မှာ ဆက်သွယ်ပြောဆိုမှုများတွင် အားလုံးပါဝင်နိုင်မှု၊ လက်လှမ်းမီမှု၊ ကလေးတစ်ဦးချင်းစီ၏ အသက်အရွယ်၊ စွမ်းဆောင်ရည်နှင့် လိုအပ်ချက်များအလိုက် ပြင်ဆင်ပြောင်းလဲမှု ရှိ/မရှိ ဆိုသည့်ပေါ်တွင် မူတည်ပါသည်။

**ဆွေးနွေးပါ -**

- အားလုံးပါဝင်နိုင်မှုကို အားပေးသည့် ဆက်သွယ်ပြောဆိုမှုများသည် ကလေးတစ်ဦး၏ လွှဲပြောင်းညွှန်းပို့မှုများ (သို့မဟုတ်) ပေါင်းစပ်ညှိနှိုင်းမှုများကို သဘောတူလိုသော ဆန္ဒအပေါ် မည်သို့ သက်ရောက်မှု ရှိသနည်း။
- ဆက်သွယ်ပြောဆိုမှုများသည် အလောတကြီးနိုင်သောအခါ (သို့မဟုတ်) လူကြီးများကိုသာ ဗဟိုပြုသောအခါ မည်သည့်နေရာများတွင် ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာ စိန်ခေါ်မှုများ ပေါ်ထွက်လာတတ်သနည်း။
- မသန်စွမ်းကလေးများကို ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များမှ ဖယ်ကြဉ်မခံရလေအောင် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များကို မည်သို့ ပြင်ဆင်ပြောင်းလဲအသုံးပြုနိုင်မည်နည်း။

- ပေါင်းစပ်ညှိနှိုင်းမှုများတွင် အားလုံးပါဝင်နိုင်သော ဆက်သွယ်ပြောဆိုမှုများ အားကောင်းစေရန် ကြိုးကြပ်ပံ့ပိုးမှုများက မည်သည့်အခန်းကဏ္ဍမှ ပါဝင်ပေးနိုင်မည်နည်း။

## ဤအပိုင်းကို ဆွေးနွေးပေးနေသည့် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူအတွက် ရည်ညွှန်းကိုးကားချက် -

| **ပေါင်းစပ်ညှိနှိုင်းမှုအပေါ် ကောင်းကျိုးသက်ရောက်မှုများတွင် အောက်ပါတို့ ပါဝင်ပါသည် -** | **ကျရောက်နိုင်ခြေအန္တရာယ်များနှင့် ပေါင်းစပ်ညှိနှိုင်းမှုအပေါ် ဆိုးကျိုးသက်ရောက်မှုများတွင် အောက်ပါတို့ ပါဝင်ပါသည် -** |
|---|---|
| • **ပေါင်းစပ်ညှိနှိုင်းမှုအတွက် ကောင်းစွာ နားလည်သိရှိပြီးမှ ပေးအပ်သည့် ခိုင်လုံသော သဘောတူခွင့်ပြုချက်/ သဘောတူခွင့်ပြုသော ဆန္ဒသဘောထား ရရှိခြင်း -** ကလေးများနှင့် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများသည် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် လိုအပ်ရခြင်း အကြောင်းရင်း၊ မျှဝေပေးမည့် သတင်းအချက်အလက်များ၊ မည်သူ့ထံမျှဝေပေးမည် ဆိုသည်တို့ကို ပိုမိုနားလည်သိရှိသဖြင့် ပြီးစလွယ် သဘောတူခြင်း မဟုတ်ဘဲ စစ်မှန်သည့် သဘောတူခွင့်ပြုချက် (သို့မဟုတ်) သဘောတူခွင့်ပြုသော ဆန္ဒသဘောထားကို ပေးအပ်နိုင်ပါသည်။<br>• **ဘေးကင်းလုံခြုံမှုနှင့် သင့်တော်မှု ပိုရှိသည့် လွှဲပြောင်းညွှန်းပို့မှုများ -** အားလုံးပါဝင်နိုင်မှုကို အားပေးသည့် ဆက်သွယ်ပြောဆိုမှုများသည် ဖြစ်ရပ်စီမံခန့်ခွဲသူများအား ကလေး၏ အမှန်တကယ်လိုအပ်ချက်များ၊ နှစ်သက်မှုများနှင့် စိုးရိမ်မှုများကို ဖော်ထုတ်နိုင်ရန် ကူညီပေးသဖြင့် သင့်တော်သည့်၊ အချိန်မီသည့်၊ ထိခိုက်နစ်နာမှု ဖြစ်နိုင်ခြေ (သို့မဟုတ်) ဆက်လက်ပါဝင်ခြင်း မရှိဘဲ ရပ်တန့်လိုက်နိုင်ခြေနည်းပါးသည့် လွှဲပြောင်းညွှန်းပို့မှုများကို ပြုလုပ်နိုင်မည်ဖြစ်သည်။<br>• **ဖြစ်ရပ်အစီအစဉ်ရေးဆွဲမှုတွင် အနှစ်သာရရှိစွာ ပါဝင်ဆောင်ရွက်ခြင်း -** ကလေးများ၏ အသက်အရွယ်၊ စွမ်းဆောင်ရည်နှင့် ကလေး၏ အမြင်များပေါ် မူတည်၍ လိုက်လျောညီထွေ ပြောင်းလဲအသုံးပြုသည့် ဆက်သွယ်ပြောဆိုမှု | • **ခိုင်လုံမှုမရှိသည့် (သို့မဟုတ်) နားလည်မှုလွဲမှားစွာ ပေးအပ်သည့် သဘောတူခွင့်ပြုချက်/ သဘောတူခွင့်ပြုသော ဆန္ဒသဘောထား -** ကလေးများသည် ပေါင်းစပ်ညှိနှိုင်းမှုများကို ကောင်းစွာ နားလည်ခြင်း မရှိဘဲ သဘောတူညီချက် ပေးနိုင်သဖြင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြဿနာရှိနိုင်ပြီး ထိခိုက်နစ်နာမှုများလည်း ဖြစ်နိုင်ခြေ ရှိပါသည်။<br>• **သင့်လျော်မှုမရှိသည့် (သို့မဟုတ်) ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေသည့် လွှဲပြောင်းညွှန်းပို့မှုများ -** လွှဲပြောင်းညွှန်းပို့မှုများကို ကလေး၏ လိုအပ်ချက်များအား ပြည့်စုံစွာ နားမလည်ဘဲ ပြုလုပ်ပေးမိနိုင်သည်။ ထိုအခါ ဝန်ဆောင်မှုများကို လက်လှမ်းမမီခြင်း၊ စိတ်ဖိစီးရခြင်း (သို့မဟုတ်) လုံခြုံမှု မရှိခြင်းတို့ ဖြစ်လာနိုင်ပါသည်။ အထူးသဖြင့် မသန်စွမ်းကလေးများဆိုလျှင် ပို၍ ထိခိုက်နိုင်ပါသည်။<br>• ဆုံးဖြတ်ချက်ချမှတ်မှုများမှ ဖယ်ကြဉ်ထားခြင်း - ဆက်သွယ်ပြောဆိုမှုများသည် ခက်ခဲရှုပ်ထွေးလွန်းလျှင်၊ အလျင်လိုလျှင် (သို့မဟုတ်) လူကြီးများကိုသာ ဗဟိုပြုလျှင် ကလေးများကို ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းစဉ်များမှ ဖယ်ကြဉ်ထားမိနိုင်ပါသည်။<br>• **ကလေး၏ အမြင်များကို အဓိပ္ပါယ်ကောက်ယူမှုလွဲမှားခြင်း -** ညံ့ဖျင်းသည့် ဆက်သွယ်ပြောဆိုမှုများကြောင့် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများ (သို့မဟုတ်) ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးများတွင် ကလေး၏ ဆန္ဒများကို မှန်ကန်စွာ ကိုယ်စားပြုပေးနိုင်မည် မဟုတ်ပါ။ |

နည်းစနစ်များသည် ၎င်းတို့၏ အကောင်းဆုံး အကျိုးစီးပွားကို ကိုယ်စားပြုသည့် မှန်ကန်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန် အထောက်အကူပြုပါသည်။

- **သတင်းအချက်အလက်များ၏ အရည်အသွေးနှင့် ပေါင်းစပ်ညှိနှိုင်းမှု ရလဒ်များ တိုးတက်ကောင်းမွန်ခြင်း -** မိမိအပေါ် နားလည်ပေးသည်၊ လေးစားမှုရှိသည်ဟု ခံစားရသော ကလေးများသည် တိကျမှန်ကန်၍ အသုံးဝင်သည့် သတင်းအချက်အလက်များကို မျှဝေပေးနိုင်ခြေ ပိုမို များပြားသဖြင့် ကဏ္ဍများအားလုံး (ဥပမာ CP၊ GBV၊ MHPSS၊ ကျန်းမာရေး၊ ဥပဒေရေးရာ) ရှိ ပေါင်းစပ်ညှိနှိုင်းမှုများကို ပိုမိုထိရောက်မှု ရှိစေပါသည်။
- **ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများအပေါ် ယုံကြည်မှု ပိုမိုအားကောင်းလာခြင်း -** အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှုများသည် ဝန်ဆောင်မှုများအပေါ် ယုံကြည်မှုကို တည်ဆောက်ပေးနိုင်သဖြင့် လွှဲပြောင်းညွှန်းပို့မှုများနှင့် စဉ်ဆက်မပြတ် ပြုစုစောင့်ရှောက်ပေးမှုတို့တွင် အဆုံးအထိ ပါဝင်မှုနှုန်းကို တိုးတက်စေပါသည်။
- **အဖွဲ့အစည်းပေါင်းစုံကြား ပေါင်းစပ်ညှိနှိုင်းမှုများ ပျက်ပြားခြင်း -** ထိရောက်မှု မရှိသည့် ဆက်သွယ်ပြောဆိုမှုများကြောင့် ကလေးသည် ဆက်လက်ပါဝင်ခြင်း မရှိတော့သောအခါ လွှဲပြောင်းပေးလိုက်သည့် ဝန်ဆောင်မှု အသီးသီးသို့ လာရောက်မှု အားနည်းခြင်း၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ် ကျရောက်နိုင်ခြေများ တိုးပွားလာခြင်းတို့ ဖြစ်နိုင်ပါသည်။
- **စိတ်ဒဏ်ရာ ထပ်မံရရှိခြင်း (သို့မဟုတ်) အများ၏ ကဲ့ရဲ့ပြစ်တင်ခံရခြင်း အန္တရာယ်များ တိုးလာခြင်း -** အားလုံးပါဝင်နိုင်သည့် ဆက်သွယ်ပြောဆိုမှုနည်းစနစ်များကို အသုံးမပြုဘဲ ဆောင်ရွက်သည့် ပေါင်းစပ်ညှိနှိုင်းမှုများကြောင့် ကလေးများသည် မတော်မတရားပြုမှုခံခြင်းနှင့် ပတ်သက်သည့် မေးခွန်းများကို ထပ်ခါတလဲလဲ မေးမြန်းခံရခြင်း၊ စိတ်ရှုပ်ထွေးခြင်း (သို့မဟုတ်) ထိခိုက်နစ်နာခြင်းများ ကြုံတွေ့ရနိုင်ပါသည်။

## *၄-၆။ မေးမြန်းဆွေးနွေးခြင်း (၅ မိနစ်)*

- **မေးပါ -** အစီအစဉ်အဆုံးမသတ်မီ ကလေးများကို အဆင်ပြေပျော်ရွှင်စေသော ဆက်သွယ်ပြောဆိုမှုစွမ်းရည်များနှင့် ပတ်သက်၍ ၎င်းတို့ မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိ/မရှိ မေးမြန်းပါ။
- အဓိကကျသည့် ဆင်ခြင်သုံးသပ်ချက်များကို အနှစ်ချုပ်ပေးကာ CCS လမ်းညွှန်များတွင် ပါရှိသည့် ဆက်သွယ်ပြောဆိုမှုစွမ်းရည်များနှင့် ချိတ်ဆက်ဆွေးနွေးပေးကာ အစီအစဉ်ကို ပိတ်သိမ်းပါ။
- **ရှင်းပြပါ -**
    - အားလုံးပါဝင်နိုင်မှုကို အားပေးသော ဆက်သွယ်ပြောဆိုမှုများကို ပြုလုပ်နိုင်ဖို့ဆိုလျှင် ဇာတ်ညွှန်းစာသားများကို ပုံသေ ရွတ်ဖတ်နေ၍ ရမည်မဟုတ်ဘဲ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပြောင်းလဲပေးမှုများကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ဖို့ လိုအပ်ပါသည်။
    - Directive နှင့် non-directive နည်းစနစ်နှစ်မျိုးစလုံးကို သင့်တော်သလို အသုံးပြုရန် လိုအပ်ပါသည်။

- မသန်စွမ်းကလေးများအတွက်ဆိုလျှင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုကို လျှော့ချရမည်မဟုတ်ဘဲ ဆက်သွယ်ပြောဆိုမှု နည်းလမ်းများကို ၎င်းတို့နှင့် သင့်တော်ကိုက်ညီမှုရှိအောင် ပြင်ဆင်ပြောင်းလဲပေးရန် လိုအပ်ပါသည်။
- ကိုယ်စားသရုပ်ဆောင်ခြင်းနှင့် ပြန်လည်ဆင်ခြင်သုံးသပ်ခြင်းများသည် ကလေးများကို မရည်ရွယ်ဘဲ ဖယ်ကြဉ်ထားမိနိုင်သည့် အလေ့အထများကို ဖော်ထုတ်သိရှိနိုင်အောင် ကူညီပေးပါသည်။

- **တောင်းဆိုပါ -** ဤအစီအစဉ်မှ ၎င်းတို့အတွက် အထူးခြားဆုံး ဖြစ်သည့်/ ၎င်းတို့နှင့်အတူ ယူဆောင်သွားမည့် လေ့လာသင်ယူမှု/ ဆင်ခြင်သုံးသပ်ချက်တစ်ခုကို တစ်ယောက်ချင်းစီ မျှဝေပေးရန် တောင်းဆိုပါ။

## ၄-၇။ *အစီအစဉ်အဆုံးသတ်ခြင်း (၅ မိနစ်)*

- **ပြောပါ -** တက်ရောက်သူများအား အစီအစဉ်မှ ရရှိလိုက်သည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ပေးအပ်သည့် ဖောင်ပုံစံကို ဖြည့်စွက်ပေးရန် ပြောပါ။
- **အတည်ပြုပါ -** အစီအစဉ်အပိုင်း (၅) အတွက် နေ့ရက်နှင့် အချိန်ကို အတည်ပြုပါ။

# အပိုင်း (၅) ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်၊ အဆင့်များနှင့် စပ်လျဉ်းသည့် ခက်ခဲရှုပ်ထွေးသော အခြေအနေများ

| | |
|---|---|
| ရည်ရွယ်ချက် | • CCS ဖြစ်ရပ်စီမံခန့်ခွဲမှုအတွင်း ပေါ်ပေါက်လာနိုင်သည့် အဓိကပြဿနာ/ ခက်ခဲရှုပ်ထွေးသည့် အခြေအနေအချို့ကို ပြန်လည်ဆွေးနွေးပေးရန်<br>• မိမိတို့ အလုပ်လုပ်နေသော နေရာဒေသအတွင်း ပေါ်ပေါက်လေ့ရှိသည့် ပြဿနာ နှစ်ခုကို ရွေးချယ်၍ ထိုပြဿနာများကို ကိုင်တွယ်ဆောင်ရွက်မှုအပေါ် ပြန်လည် သုံးသပ်ဆင်ခြင်နိုင်မည့် အခွင့်အလမ်းတစ်ခု ပေးအပ်ရန် |
| ကြာမြင့်ချိန် | (၆၀) မိနစ် |
| ဆွေးနွေးမည့် အကြောင်းအရာများ နှင့် အဆိုပြု ကြာမြင့်ချိန်များ | • ကြိုဆိုနှုတ်ခွန်းဆက်ခြင်း *(၅ မိနစ်)*<br>  ○ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း<br>• ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် အဓိကပြဿနာများနှင့် ခက်ခဲရှုပ်ထွေးသော အခြေအနေများ အကျဉ်းချုပ်တင်ပြချက် (စာရင်းထဲမှ ပြဿနာနှစ်ခုကို ရွေးချယ်၍ အသေးစိတ်သုံးသပ်ဆင်ခြင်ရန်) *(၄၀ မိနစ်)* -<br>  ○ ဆယ်ကျော်သက်မိန်းကလေးများနှင့် ထိတွေ့ဆက်သွယ် အလုပ်လုပ်ခြင်း<br>  ○ မသန်စွမ်းကလေးများနှင့် ထိတွေ့ဆက်သွယ်အလုပ်လုပ်ခြင်း<br>  ○ ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်း<br>  ○ ဥပဒေအရ မဖြစ်မနေ သတင်းပို့အစီရင်ခံရန် တာဝန်ရှိခြင်း (ဥပဒေရှိလျှင်)<br>  ○ သတင်းအချက်အလက်စီမံခန့်ခွဲမှု/ သတင်းအချက်အလက်မျှဝေခြင်း<br>  ○ ပြုစုစောင့်ရှောက်သူကိုယ်တိုင် ကျူးလွန်သည့် မတော်မတရားပြုမှုမှု<br>  ○ အခြားကလေးတစ်ဦးမှ ကျူးလွန်သည့် ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုမှု ဖြစ်ရပ်များ<br>• မေးမြန်းဆွေးနွေးခြင်း *(၁၀ မိနစ်)*<br>• အစီအစဉ်အဆုံးသတ်ခြင်း *(၅ မိနစ်)* |
| သင်ထောက်ကူများ | ဖြန့်ဝေပေးရမည့် မှတ်စုစာရွက်များ -<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ |

| | |
|---|---|
| အစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လုပ်ဆောင်ထားရမည့် သုံးသပ်ဆင်ခြင်လေ့လာမှု/ လုပ်ဆောင်မှု | • နည်းပြလမ်းညွှန်မှုအစီအစဉ် အပိုင်း (၅) နှင့် (၆) တွင် အဓိကထား ဆွေးနွေးမည့် အကြောင်းအရာများကို ရွေးချယ်နိုင်ရန်အတွက် ပါဝင်တက်ရောက်မည့်သူများအား ဦးစားပေးအဆင့်သတ်မှတ်ချက်စာရွက် (the ranking worksheet) ကို တစ်ပတ်ကြိုတင်၍ ဖြည့်စွက်ပေးပို့ရန် တောင်းဆိုပါ။ |
| အစီအစဉ် ပြီးသည့်နောက် ဖတ်ရှုလိုက ဖတ်ရှုလေ့လာရန် | • CCS လမ်းညွှန် အခန်း (၅) (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၉၂-၁၁၀)<br>• CCS သင်တန်း မော်ဂျူး (၅)<br>• UNHCR ၏ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများအတွက် အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှုသည့် လုပ်ထုံးလုပ်နည်းများ (အွန်လိုင်းသင်တန်း)<br>• UNHCR (၂၀၂၁) အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှုသည့် လုပ်ထုံးလုပ်နည်း လမ်းညွှန် - ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဆန်းစစ်ခြင်းနှင့် ဆုံးဖြတ်သတ်မှတ်ခြင်း |

# အစီအစဉ်အပိုင်း (၅) တွင် ပါဝင်သည့် အကြောင်းအရာများ

## *၅-၁။ ကြိုဆိုနှုတ်ခွန်းဆက်ခြင်း (၅ မိနစ်)*

- နည်းပြလမ်းညွှန်ခြင်းအစီအစဉ် အပိုင်း (၅) သို့ တက်ရောက်လာသူများကို ကြိုဆိုနှုတ်ခွန်းဆက်ပါ။
- **ပြောပါ** - နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် လုံခြုံစိတ်ချစွာ လေ့လာသင်ယူနိုင်သည့် အစီအစဉ်များဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေရန်အတွက် မေးခွန်းများနှင့် အကြံပြုချက်များကို ကြိုဆိုပါသည်။
- **မေးပါ** - ပြီးခဲ့သည့် အစီအစဉ်နောက်ပိုင်း အဆင်ပြေကြပါသလား၊ မည်သို့ ခံစားရပါသနည်း။ ပြီးခဲ့သည့် အစီအစဉ်နှင့် ပတ်သက်၍ ၎င်းတို့ မေးမြန်းလိုသည့် မေးခွန်းများ (သို့မဟုတ်) မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိပါသလား။
- **ရှင်းပြပါ** - ယနေ့အစီအစဉ်တွင် ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် အဓိကပြဿနာများနှင့် ခက်ခဲရှုပ်ထွေးသော အခြေအနေများကို အဓိကထား ဆွေးနွေးမည်ဖြစ်သည်။ ကြိုတင်ဖြည့်စွက်ပေးပို့ထားကြသည့် ဦးစားပေးအဆင့်သတ်မှတ်ချက်များပေါ် အခြေခံ၍ [အကြောင်းအရာ ၂ ခုကို ထည့်သွင်းပါ] တို့ကို ဆွေးနွေးမည်ဖြစ်သည်။ အစီအစဉ်နောက်တစ်ပိုင်းတွင် နောက်ထပ် အကြောင်းအရာ နှစ်ခုကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

**လုပ်ဆောင်ပါ - မိမိကိုယ်ကို ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း - တစ်မိနစ်စာ ကျေးဇူးတင်ခြင်း လေ့ကျင့်ခန်း**

တက်ရောက်လာသူများကို အောက်ပါတို့အား စဉ်းစားခိုင်းပါ -

- ယနေ့ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့သည့် အရာတစ်ခု

- ကျေးဇူးတင်မိသည့် လူတစ်ဦး
- မျှော်လင့်စောင့်စားနေသည့် အရာတစ်ခု

မျှဝေလိုသူများ ရှိလျှင် မျှဝေပေးဖို့ ဖိတ်ခေါ်ပါ။ ဤလေ့ကျင့်ခန်းတွင် ဘာကိုမျှ မျှော်လင့်မထားပါ။ နည်းပြလမ်းညွှန်မှု အစီအစဉ်ကို စတင်ရန်အတွက် ကောင်းမွန်သည့် စိတ်အပြောင်းအလဲတစ်ခု ဖြစ်အောင် လုပ်ဆောင်ရုံသက်သက်မျှသာ ဖြစ်ပါသည်။

## ၅-၂။ ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် အဓိက ပြဿနာများနှင့် ခက်ခဲရှုပ်ထွေးသော အခြေအနေများ *(စုစုပေါင်း ၄၀ မိနစ် - အကြောင်းအရာတစ်ခုလျှင် မိနစ် ၂၀ စီ)*

**ရှင်းပြပါ -** ဤအစီအစဉ်တွင် ဖြစ်ရပ်စီမံခန့်ခွဲသူများသည် CCS ဖြစ်ရပ်စီမံခန့်ခွဲမှုအတွင်း ပေါ်ပေါက်လာနိုင်သည့် ခက်ခဲရှုပ်ထွေးသော၊ အကဲဆတ်သော ပြဿနာများကို ပြန်လည်သုံးသပ်ဆင်ခြင်နိုင်မည့် အခွင့်အရေးတစ်ခုကို ရရှိမည်ဖြစ်သည်။ ဖြစ်ရပ်စီမံခန့်ခွဲမှုသည် စနစ်တကျ ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပြီး ထိုလုပ်ငန်းစဉ်အတွင်းတွင် လေ့ကျင့်ပေးထားသော၊ ကြီးကြပ်ပံ့ပိုးမှုများ ရရှိနေသော ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးသည် မိမိ ကူညီဆောင်ရွက်ပေးနေသူ၏ လိုအပ်ချက်များနှင့် သင့်လျော်ပါက ၎င်းမိသားစု၏ လိုအပ်ချက်များကိုပါ အကဲဖြတ်ဆန်းစစ်ရပါသည်။ ထို့နောက် ၎င်းတို့၏ ခက်ခဲရှုပ်ထွေးသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဝန်ဆောင်မှုအမျိုးမျိုးကို ရရှိအောင် စီစဉ်ပေးခြင်း၊ တစ်ခါတစ်ရံ ကိုယ်တိုင်ဆောင်ရွက်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းနှင့် အသိပေးနှိုးဆော်တိုက်တွန်းခြင်းတို့ကို ဆောင်ရွက်ပါသည်။

ပြဿနာများ ပေါ်ပေါက်လာသောအခါ ဖြစ်ရပ်စီမံခန့်ခွဲသူများသည် အောက်ပါတို့ကို ဟန်ချက်ညီအောင် ချိန်ဆဆောင်ရွက်ပေးနိုင်ရန် စဉ်းစားဖို့ လိုပါသည် -

- ကလေး၏ ဘေးကင်းလုံခြုံမှု
- ကလေးကိုယ်တိုင် ပါဝင်ဆောင်ရွက်မှု
- မိသားစုတွင်း အခြေအနေ
- ဥပဒေရေးရာနှင့် မူဝါဒပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းသတ်မှတ်ချက်များ
- ရရှိနိုင်သည့် ဝန်ဆောင်မှုများ

ဖြစ်ရပ်များတွင် ကျရောက်နိုင်ခြေ အန္တရာယ်မြင့်မားလျှင် (သို့မဟုတ်) ကျင့်ဝတ်စောင့်ထိန်းမှုပိုင်းဆိုင်ရာ အခက်အခဲများရှိလျှင် **ကြီးကြပ်ပံ့ပိုးမှုများသည် မရှိမဖြစ် လိုအပ်ပါသည်။**

| **အကြောင်းအရာ** | **ဆယ်ကျော်သက်မိန်းကလေးများနှင့် ထိတွေ့ဆက်သွယ်အလုပ်လုပ်ခြင်း** |
|---|---|
| **ဤအခြေအနေသည် အဘယ်ကြောင့် ခက်ခဲရှုပ်ထွေးသနည်း** | **လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခံရသော ဆယ်ကျော်သက်မိန်းလေးများသည် များသောအားဖြင့် အောက်ပါအခြေအနေများနှင့် ရင်ဆိုင်ရတတ်ပါသည် -**<br>• အိမ်ထောင်ပြုရန်၊ ပြေလည်အောင်ညှိနှိုင်းရန် (သို့မဟုတ်) ဆိတ်ဆိတ်နေရန် ဖိအားပေးခံရခြင်း |

| | |
|---|---|
| | • အရွယ်ရောက်လာမှု၊ ထမ်းဆောင်ရမည့် တာဝန်နှင့် ပတ်သက်၍ မျှော်လင့်ချက်များ ဝေဝါးနေခြင်း<br>• ရင်းနှီးသောအဖော်၏ အကြမ်းဖက်မှု (IPV)၊ လူ့အသိုင်းအဝိုင်း၏ ကဲ့ရဲ့ပြစ်တင်မှု (သို့မဟုတ်) ဖယ်ကြဉ်ထားမှု၊ ပညာရေးနှင့် အခြားအခွင့်အလမ်းများကို ငြင်းပယ်၍ သီးခြားနေထိုင်မှုတို့ ဖြစ်နိုင်ခြေ အန္တရာယ်များ တိုးပွားလာခြင်း<br>• အပေါ်ယံကြည့်လျှင် "လွတ်လပ်၍ အမှီအခိုကင်းသည်" ဟု ထင်ရသော်လည်း လုံခြုံစိတ်ချစွာ ရွေးချယ်နိုင်သည့်အရာများ အကန့်အသတ်ရှိခြင်း<br><br>**၎င်းတို့တွင် မိမိကိုယ်မိမိ ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ခံစားရခြင်း မရှိစေဘဲ** ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုကို အားပေးပံ့ပိုးရမည်ဖြစ်သည်။ |
| **ဤဖြစ်ရပ်များတွင် မထင်မှတ်ဘဲ ပြုမိနိုင်သော အမှားများ/ ကျရောက်နိုင်သော အန္တရာယ်များထဲမှ အချို့ ...** | • ဆယ်ကျော်သက်မိန်းကလေးများကို အရွယ်ရောက်ပြီးသူများကဲ့သို့ ဆက်ဆံခြင်း<br>• မတော်မတရားပြုမူခံရသူအပေါ် အပြစ်တင်ခြင်း - ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားများ မရှိခြင်း<br>• ဆယ်ကျော်သက်မိန်းကလေးများသည် မိမိကိုယ်မိမိ ယုံကြည်မှု ရှိသည့်ပုံပေါ်လျှင် ၎င်းတို့ ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကို လျှော့တွက်မိတတ်ခြင်း<br>• ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ (ဥပမာ မရည်ရွယ်ဘဲ ကိုယ်ဝန်ရသွားခြင်း) ကိုသာ အဓိကအာရုံစိုက်ကာ အခြားလိုအပ်ချက်များကို လုံလောက်စွာ ထည့်သွင်းစဉ်းစားပေးမှု မရှိခြင်း |
| **ဖြစ်ရပ်စီမံခန့်ခွဲသူများ သေချာပေါက် လုပ်ဆောင်သင့်သည့် အလုပ်များ ...** | • ဆယ်ကျော်သက်မိန်းကလေးများအား အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်နေသည့် စွမ်းရည်များကို ပိုင်ဆိုင်သော ကလေးများအဖြစ် အသိအမှတ်ပြုခြင်း<br>• ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှုကို ကာကွယ်စောင့်ရှောက်ပေးရေး၊ ဘေးကင်းလုံခြုံရေးတို့နှင့် ချိန်ညှိ၍ လုပ်ဆောင်စေခြင်း<br>• အခွင့်အာဏာ၊ ကျားမရေးရာစံများနှင့် ရပ်ရွာဖိအားတို့ကို သုံးသပ်ဆင်ခြင်စဉ်းစားခြင်း |
| **လေ့ကျင့်ခန်း** | **ဖြစ်ရပ်နမူနာ**<br><br>[အမည်] သည် (၁၆) နှစ်အရွယ် မိန်းကလေးတစ်ဦး ဖြစ်ပြီး အသက်ကြီးသည့် အမျိုးသားတစ်ဦး၏ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခံခဲ့ရကြောင်း ထုတ်ဖော်ဖွင့်ဟခဲ့သည်။ ရပ်ရွာလူကြီးများက "ထိုအခြေအနေကို ပြေလည်စေရန်အတွက်" သူမကို ထိုသူနှင့် အိမ်ထောင်ချပေးရန် သူမ၏ မိသားစုကို ဖိအားပေးနေသည်။ သူမသည် ဒေါသထွက်နေသော်လည်း သူမ၏ မိဘများ ဒုက္ခရောက်မည်ကိုလည်း စိုးရိမ်နေသည်ဟု ဆိုသည်။ သူမနှင့် ပြောဆိုဆွေးနွေးမှုများတွင် သူမသည် တည်တည်ငြိမ်ငြိမ် ရှိသော်လည်း အနာဂတ်အကြောင်း ဆွေးနွေးပြောဆိုခြင်း မပြုဘဲ ရှောင်ရှားနေသည်။<br><br>**ဆွေးနွေးရမည့် မေးခွန်းများ -** |

| | |
|---|---|
| | • ဤအခြေအနေတွင် ထပ်မံ ကျရောက်လာနိုင်ခြေရှိသည့် အန္တရာယ်များမှာ အဘယ်နည်း။<br>• ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်အတွင်း သူမအပေါ် တာဝန်များ မပိစေဘဲ ပါဝင် ဆောင်ရွက်နိုင်အောင် မည်သို့ ကူညီပံ့ပိုးပေးမည်နည်း။<br>• မည်သည့်ကြီးကြပ်ပံ့ပိုးမှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ အကူအညီများ လိုအပ်နိုင်သနည်း။ |
| **အားလုံးနှင့် ပြန်လည် ဆွေးနွေးမေးမြန်းခြင်း** | • ဆယ်ကျော်သက် မိန်းကလေးများအပေါ် အန္တရာယ်များ ထပ်မံကျရောက်ခြင်း မရှိစေဘဲ ၎င်းတို့၏ အသံကို မည်သို့ မြှင့်တင်ပေးမည်နည်း။ |

| အကြောင်းအရာ | မသန်စွမ်းကလေးများနှင့် ထိတွေ့ဆက်သွယ်အလုပ်လုပ်ခြင်း |
|---|---|
| **ဤအခြေအနေသည် အဘယ်ကြောင့် ခက်ခဲရှုပ်ထွေးသနည်း** | **မသန်စွမ်းကလေးများ -**<br>• မသန်စွမ်းကလေးများသည် မသန်စွမ်းမှု မရှိသည့် အသက်အရွယ်တူ၊ ဂျန်ဒါတူ ကလေးများနှင့် နှိုင်းစာလျှင် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်းကို ခံရနိုင်ခြေ အန္တရာယ် သိသိသာသာ ပိုမို များပြားပါသည်။<br>• ကလေးတစ်ဦးတွင် ရှိသည့် မသန်စွမ်းမှုအမျိုးအစားပေါ်မူတည်၍ ၎င်းတို့၏ အမြင်များကို ထုတ်ဖော်ပြောဆိုနိုင်စွမ်းနှင့် ၎င်းတို့ ကြုံတွေ့ရသည့် မတော်မတရားပြုမူမှုကို ဖွင့်ဟပြောပြနိုင်စွမ်း ပိုမို နည်းပါးနိုင်ပြီး သွေးဆောင်ဖြားယောင်းမှု ခံရနိုင်ခြေ ပိုများပါသည်။ (ဥပမာ ကလေးတစ်ဦးတွင် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုတစ်ခုခု ရှိလျှင်)<br>• ဘက်လိုက်မှုများနှင့် ပုံသေကားကျ ယူဆချက်များကြောင့် မသန်စွမ်း ဆယ်ကျော်သက်မိန်းကလေးများသည် ၎င်းတို့၏ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး လိုအပ်ချက်များနှင့် ဆန္ဒများအတွက် ရပ်တည်ပြောဆိုနိုင်စွမ်း ပိုမို နည်းပါးနိုင်ပါသည် (ဥပမာ ၎င်းတို့တွင် လိင်စိတ်ဆန္ဒများ မရှိ၊ နားလည်နိုင်စွမ်း မရှိ၊ ၎င်းတို့အတွက် မည်သည်က အကောင်းဆုံးဖြစ်ကြောင်း မသိရှိ၊ စသည်ဖြင့် ထင်မြင်ယူဆနိုင်သည်)။<br>• မသန်စွမ်းကလေးများသည် မတော်မတရားပြုမူခြင်း ခံရကြောင်း ဖွင့်ဟပြောပြသောအခါ အခြားကလေးများနှင့် မတူဘဲ များစွာ ကွဲပြားသည့် တုံ့ပြန်မှုမျိုးကို လက်ခံရရှိနိုင်ပါသည်။ ဥပမာ ၎င်းတို့၏ မသန်စွမ်းမှုသည် ဉာဏ်ရည်ဉာဏ်သွေးအပေါ် သက်ရောက်မှု မရှိလျှင်ပင် ၎င်းတို့၏ ဉာဏ်ရည်နှင့် ပတ်သက်၍ ထားရှိသည့် ယုံကြည်ချက်များကြောင့် ၎င်းတို့၏ ဖွင့်ဟပြောပြမှုကို မယုံကြည်ခြင်းများ ရင်ဆိုင်ရနိုင်သည်။<br>• ထို့ပြင် ကလေးတစ်ဦး၏ မသန်စွမ်းမှု အမျိုးအစားပေါ် မူတည်၍ လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲမှုများနှင့် လက်လှမ်းမီအောင် ကူညီလုပ်ဆောင်ပေးရန် လိုအပ်ချက်များ ကွဲပြားနိုင်ပါသည်။ |
| **ဤဖြစ်ရပ်များတွင် မထင်မှတ်ဘဲ ပြုမိနိုင်သော အမှားများ/ ကျရောက်နိုင်သော အန္တရာယ်များထဲမှ အချို့ …** | • ပြုစုစောင့်ရှောက်သူများနှင့်သာ ပြောဆိုဆွေးနွေးခြင်း<br>• ပြုစုစောင့်ရှောက်သူများ/ အုပ်ထိန်းသူများကိုယ်တိုင် ကျူးလွန်သူများ ဖြစ်နိုင်ကြောင်း လက်ခံအသိအမှတ်မပြုခြင်း<br>• ဆက်သွယ်ပြောဆိုမှုများမှာ ရှုပ်ထွေးပြီး နားလည်သဘောပေါက်ဖို့ ခက်ခဲခြင်း<br>• "၎င်းတို့ကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက်" ဟူသော အကြောင်းပြချက်ဖြင့် ကလေးများကို ဆုံးဖြတ်ချက်ချမှတ်မှုများမှ ဖယ်ထုတ်ထားခြင်း<br>• လက်လှမ်းမမီနိုင်သည့် ဝန်ဆောင်မှုများကို ရယူရန် အကြံပြုတိုက်တွန်းခြင်း |

| | |
|---|---|
| **ဖြစ်ရပ်စီမံခန့်ခွဲသူများ သေချာပေါက် လုပ်ဆောင်သင့်သည့် အလုပ်များ …** | • ကလေးများ၏ နားလည်သိရှိမှု (သို့မဟုတ်) ယုံကြည်စိတ်ချနိုင်မှုနှင့် ပတ်သက်၍ မိမိဘာသာ ထင်မြင်ယူဆခြင်းများကို ရှောင်ရှားခြင်း၊ **ဝန်ဆောင်မှုများ လက်လှမ်းမီရရှိနိုင်မှု**ကို စဉ်းစားသောအခါ ရုပ်ပိုင်းဆိုင်ရာ ရှုထောင့်များ (ဆင်ခြေလျှောလမ်းများ၊ လုံခြုံစိတ်ချရသော တည်နေရာ၊ ဘားများ၊ ရုပ်ရှင်ရုံများ၊ ကော်ဖီဆိုင်များ၊ ရဲစခန်းများ သို့မဟုတ် လုံခြုံရေးဂိတ်များ၊ စသည်ကဲ့သို့သော နေရာများမှ ဝေးကွာစွာ တည်ရှိခြင်း) သာမက ဆက်သွယ်ရေးနှင့် စိတ်သဘောထားခံယူချက်ပိုင်းဆိုင်ရာ ရှုထောင့်များ (ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ၎င်းတို့ကိုယ်တိုင်၏ မသန်စွမ်းသူများအပေါ် ထားရှိသည့် စိတ်နေသဘောထားများနှင့် ယုံကြည်ချက်များကို ပြန်လည်ဆန်းစစ်ခြင်း၊ ဆက်သွယ်ပြောဆိုမှု နည်းစနစ်များကို လိုက်လျောညီထွေဖြစ်အောင် မည်သို့ ပြောင်းလဲပြင်ဆင်ရမည်ဆိုသည်ကို နားလည်သိရှိခြင်း၊ စသည်) မှပါ ထည့်သွင်းစဉ်းစားပေးခြင်း<br>• ကလေးကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် **သင့်တင့်လျောက်ပတ်သည့် ညှိနှိုင်းပြင်ဆင်မှုများ** စီစဉ်ဆောင်ရွက်ပေးခြင်းအပါအဝင် ဖြစ်နိုင်လျှင် ကလေး၏ ပါဝင်ဆောင်ရွက်မှုကို ရရှိရန်အတွက် ကလေးနှင့် တိုက်ရိုက် ဆက်သွယ်ပြောဆိုခြင်း<br>    ○ လက်သင်္ကေတပြစကားပြန်များ၊ အလွယ်တကူဖတ်ရှုနားလည်နိုင်သည့် ဖောင်ပုံစံများ၊ ကလေးကို အနီးကပ်ကူညီပေးနိုင်မည့်သူတစ်ဦး စီစဉ်ထားရှိပေးခြင်း၊ သဘောတရားများနှင့် ရွေးချယ်စရာများကို ရှင်းပြပေးရန်၊ ကလေး၏ မေးခွန်းများကို ဖြေကြားရန်၊ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးရန်အတွက် အချိန်ပိုပေးခြင်း၊<br>• မသန်စွမ်းမှုနှင့် ပတ်သက်၍ မိမိကိုယ်တိုင်၏ စိတ်နေသဘောထားများကို ဆန်းစစ်ခြင်း<br>• မသန်စွမ်းမှုဟူသည် ကလေးတွင် ရှိနေသည့် ချို့ယွင်းချက်ကြောင့်ထက် လူမှုအဖွဲ့အစည်းအတွင်းရှိ အတားအဆီးများကြောင့်သာ အဓိက ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း နားလည်သိရှိခြင်း<br>• မသန်စွမ်းကလေးများ ပါဝင်ဆောင်ရွက်နိုင်ရေး ကြုံတွေ့ရသော အတားအဆီးများကို နားလည်သိရှိခြင်းနှင့် ထည့်သွင်းစဉ်းစားပေးခြင်း၊ တာဝန်ခံမှုနှင့် အားလုံးပါဝင်ဆောင်ရွက်နိုင်မှုကို အားပေးမြှင့်တင်ခြင်း -<br>    ○ မိမိကိုယ်တိုင်၏ ဝန်ဆောင်မှုများကို ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ဆက်သွယ်ရေးနှင့် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကို ဖယ်ရှားပေးနိုင်ရန် သင့်တင့်လျောက်ပတ်သည့် ပြောင်းလဲပြင်ဆင်မှုများ စီစဉ်ပြုလုပ်ပေးခြင်း<br>    ○ လွှဲပြောင်းညွှန်းပို့ပေးမည့် ဝန်ဆောင်မှုများ၏ ဘေးကင်းလုံခြုံမှု အခြေအနေနှင့် မသန်စွမ်းကလေးများအပေါ် ထားရှိသော စိတ်နေသဘောထားများကို ဦးစွာ ဆန်းစစ်အကဲဖြတ်ခြင်း<br>    ○ ကလေးတစ်ဦး၏ အခြေအနေသည် ၎င်း၏ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအပေါ် သက်ရောက်မှု ရှိနိုင် |

| | |
|---|---|
| | သည့် နည်းလမ်းများကို နားလည်သိရှိအောင် လေ့လာထားခြင်း (ဥပမာ အချို့အခြေအနေများသည် အပျိုဘော်၊လူပျိုဘော် ဝင်ချိန်ကို စောစေနိုင်ပြီး အချို့ကမူ နောက်ကျစေနိုင်သည်။) |
| **လေ့ကျင့်ခန်း** | **ဖြစ်ရပ်နမူနာ**<br>[အမည်] သည် အကြားအာရုံချို့ယွင်းနေသည့် (၈) နှစ်အရွယ် မိန်းကလေးတစ်ဦး ဖြစ်သည်။ သူမ၏ မိဘများက သူမကို အလွန်ဂရုစိုက်သည်။ သို့သော် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများသည် မိဘများနှင့်သာ စကားပြောလေ့ရှိသည်။ သူမသည် အာရုံစိုက်၍ နားထောင်နေပုံပေါ်ပြီး သိလိုစိတ်၊ စူးစမ်းလိုစိတ်လည်း ရှိပုံရသည်။ သို့သော် ဆွေးနွေးပြောဆိုမှု များတွင် တိုက်ရိုက်ပါဝင်ဆွေးနွေးခဲ့သည်။ သူမသည် ဖြစ်ရပ်စီမံခန့်ခွဲသူနှင့် တွေ့ဆုံချိန်းဆိုထားသည့် အချိန် နီးကပ်လာလျှင် စိုးရိမ်ပူပန်စိတ်များ ဖြစ်နေတတ်သည်ဟု သူမ၏ မိဘများက ပြောသည်။<br>**ဆွေးနွေးရမည့် မေးခွန်းများ -**<br>• သူမကို တိုက်ရိုက်ပါဝင်ဆွေးနွေးလာစေရန်အတွက် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များကို သူမနှင့် လိုက်လျောညီထွေဖြစ်အောင် မည်သို့ ပြောင်းလဲပြင်ဆင်ပေးနိုင်မည်နည်း။<br>• မည်သည့်ထင်မြင်ယူဆချက်များကို စောဒကတက် မေးခွန်းထုတ်သင့်သနည်း။<br>• အားလုံးပါဝင်နိုင်မှုကို အားပေးသည့် အလေ့အထ စွဲမြဲစေရန်အတွက် မည်သို့ ကြီးကြပ်ပံ့ပိုးပေးနိုင်သနည်း။ |
| **အားလုံးနှင့် ပြန်လည် ဆွေးနွေးမေးမြန်းခြင်း** | • မသန်စွမ်းသူများကို သင် မည်သို့ ဆက်ဆံသနည်း။<br>• သင်သည် ကလေးဘဝတွင် မသန်စွမ်းသူများနှင့် ပတ်သက်၍ မည်သို့ အသင်ခံခဲ့ရဖူးသနည်း။<br>• သင်သည် ယခုအခါ မသန်စွမ်းသူများကို မည်သို့ ဆက်ဆံနေသနည်း။<br>• မသန်စွမ်းကလေးတစ်ဦး၏ ကိုယ်တိုင်ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းကို အလေးပေးရန်၊ ၎င်းတို့၏ လိုအပ်ချက်များကို လေးစားကြောင်း ပြသနိုင်ရန်အတွက် မည်သည့်နည်းဖြင့် ထိတွေ့ဆက်ဆံအလုပ်လုပ်မည်နည်း။ |

| အကြောင်းအရာ | **ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်း** |
|---|---|
| **အဓိပ္ပါယ်ဖွင့်ဆိုချက်** | မတော်မတရားပြုမူခြင်း ခံရသည့် ကလေးများအတွက် ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်တွင် ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှု ဆောင်ရွက်ပေးသည့် လုပ်ဆောင်ချက်များတွင် အောက်ပါတို့ ပါဝင်ပါသည် -<br>• ၎င်းအပေါ် ကျရောက်နိုင်ခြေအလားအလာရှိသည့် (သို့မဟုတ်) ထပ်မံ ကျရောက်လာနိုင်သည့် စိတ်ခံစားချက်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ (သို့မဟုတ်) ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နိုင်ခြေအန္တရာယ်များ (သို့မဟုတ်) ထိုအန္တရာယ်များအားလုံးမှ ကလေးကို ကာကွယ်စောင့်ရှောက်ပေးခြင်း<br>• ကလေး၏ လိုလားချက်များနှင့် လိုအပ်ချက်များကို သုံးသပ်စဉ်းစားပေးခြင်း<br>• ကလေးများနှင့် မိသားစုများကို စွမ်းရည်မြှင့်တင်ပေးခြင်း<br>• ရရှိနိုင်သည့် အကျိုးကျေးဇူးများနှင့် ထိခိုက်နစ်နာစေနိုင်သည့် အကျိုးဆက်များကို ဆန်းစစ်ခြင်းနှင့် ချိန်ဆခြင်း၊ ပြန်လည်ထူထောင်နိုင်ရန်နှင့် ပြန်လည်ကုစားနိုင်ရန် အားပေးကူညီခြင်း |
| **ဤအခြေအနေသည် အဘယ်ကြောင့် ခက်ခဲရှုပ်ထွေးသနည်း** | **ကလေးအတွက် အကောင်းဆုံးအကျိုးစီးပွားဟု ဆုံးဖြတ်သတ်မှတ်ခြင်း/ အကောင်းဆုံး အကျိုးကျေးဇူးကို ဆောင်ရွက်ပေးရန် ရှေးရှုသည့် ဆုံးဖြတ်ချက်များ -**<br>• အစဉ်အမြဲ ရှင်းလင်းသဲကွဲစွာ မသိနိုင်ခြင်း (သို့မဟုတ်) အားလုံး၏ သဘောတူညီမှု အစဉ်အမြဲ မရရှိနိုင်ခြင်း<br>• ပြုစုစောင့်ရှောက်သူ (သို့မဟုတ်) ရပ်ရွာလူထု၏ အမြင်များနှင့် ဆန့်ကျင်ဘက် ဖြစ်နေနိုင်ခြင်း<br>• ဘေးကင်းလုံခြုံမှု၊ ကျန်းမာပျော်ရွှင်အဆင်ပြေမှုနှင့် ကလေး၏ အမြင်များကို ဟန်ချက်ညီညီ ချိန်ညှိဆောင်ရွက်ရခြင်း<br>• အချိန်ကာလ ရွေ့လျောလာသည်နှင့်အမျှ ကလေးအတွက် အကောင်းဆုံး အကျိုးစီးပွားမှာလည်း ပြောင်းလဲလာနိုင်ခြင်း |
| **ဤဖြစ်ရပ်များတွင် မထင်မှတ်ဘဲ ပြုမိနိုင်သော အမှားများ/ ကျရောက်နိုင်သော အန္တရာယ်များထဲမှ အချို့ ...** | • လူကြီးများ (သို့မဟုတ်) အဖွဲ့အစည်း၏ ဦးစားပေးကိစ္စများကိုသာ အလိုအလျောက် အလေးပေးမိခြင်း<br>• အကောင်းဆုံးအကျိုးစီးပွားဟူသည်ကို ပုံသေသတ်မှတ်၍ ဆောင်ရွက်ပေးခြင်း<br>• မှားမည်စိုး၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို ရှောင်ရှားခြင်း |

| | |
|---|---|
| **ဖြစ်ရပ်စီမံခန့်ခွဲသူများ သေချာပေါက် လုပ်ဆောင်သင့်သည့် အလုပ်များ …** | ကလေးတစ်ဦး၏ အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှု၍ မည်သည်တို့ကို မည်သည့် နည်းလမ်းဖြင့် ဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်ပါ။ ထိုအတွက် ဖြစ်ရပ်စီမံခန့်ခွဲသူသည် အောက်ပါတို့ကို လုပ်ဆောင်ရန် လိုအပ်ပါသည် -<br>• ကလေး၏ အခြေအနေကို စေ့စေ့ငုငု သုံးသပ်အကဲဖြတ်စစ်ဆေးခြင်း<br>• ကလေးနှင့်၊ ပြုစုစောင့်ရှောက်သူများနှင့် အနှစ်သာရရှိသည့် ဆွေးနွေးမှုများ ပြုလုပ်၍ ကလေးအတွက် အကောင်းဆုံးအကျိုးစီးပွားသည် မည်သည် ဖြစ်မည်ဟု ၎င်းတို့ ယုံကြည်သနည်းဆိုသည်ကို သိရှိအောင် လုပ်ခြင်း၊<br>• ထိခိုက်နိုင်ခြေအနည်းဆုံး နည်းလမ်းဖြင့် လုပ်ဆောင်မှုများကို ရွေးချယ်၍ လုပ်ဆောင်ခြင်း<br>ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ၎င်းတို့၏ အခန်းကဏ္ဍများကို ကျွမ်းကျင်ပြောင်မြောက်စွာ ထမ်းဆောင်ရန်သာမက ကလေး၏ ထူးခြားသော လက္ခဏာရပ်များ၊ အခြေအနေများနှင့် ရရှိနိုင်သည့် အကူအညီများပေါ်တွင် အခြေခံ၍ ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်နိုင်ရန် အလို့ငှာ စေ့စပ် သေချာသည့် စိစစ်လေ့လာမှုများနှင့် ဘက်စုံထောင့်စုံမှ စဉ်းစား၍ ဆုံးဖြတ်မှုများကို လုပ်ဆောင်ရန် လိုအပ်ပါသည်။ |
| **လေ့ကျင့်ခန်း** | **ဖြစ်ရပ်နမူနာ**<br>[အမည်] သည် အသက် (၁၀) နှစ်အရွယ် ယောကျ်ားလေးတစ်ဦးဖြစ်သည်။ သူသည် စောင့်ရှောက်ပေးမှုနှင့် ဘေးကင်းလုံခြုံရေးအတွက်စိုးရိမ်ပူပန်မှုများ ရှိသော်လည်း သူ၏ မိသားစုနှင့်သာ အတူတကွ ဆက်လက်နေထိုင်လိုသည်။ သူ၏ ပြုစုစောင့်ရှောက်သူက လည်း အခြေအနေအားလုံး “အဆင်ပြေသွားပြီ၊ တည်ငြိမ်သွားပြီ” ဟု ဆိုသည်။ ကလေး ကလည်း လုံခြုံသည်ဟု ခံစားရကြောင်း ပြောသည်။ သို့သော် တွေ့ဆုံဆွေးနွေးမှုများ အတွင်း ကလေးသည် စိုးရိမ်ပူပန်သည့်ပုံ ပေါ်နေသည်။<br>**ဆွေးနွေးရမည့် မေးခွန်းများ -**<br>• ကလေး၏ အမြင်များကို ဘေးကင်းလုံခြုံရေးကိစ္စများနှင့် ချိန်ဆ၍ မည်သို့ ထည့်သွင်းစဉ်းစားပေးနိုင်မည်နည်း။<br>• ဤဖြစ်ရပ်တွင် မည်သည့်သတင်းအချက်အလက်များကို ထပ်မံသိရှိရန် လိုအပ်နေသေးသနည်း။<br>• ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှုသည့် ဆုံးဖြတ်ချက်များ ချမှတ် နိုင်ရေးတွင် ကြီးကြပ်ပံ့ပိုးမှုများက မည်သို့ အထောက်အကူပြုနိုင်သနည်း။ |
| **အားလုံးနှင့် ပြန်လည် ဆွေးနွေးမေးမြန်းခြင်း** | • ကလေးတစ်ဦး၏ အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ပေးရေးနှင့် ၎င်းတို့၏ လိုအပ်ချက်များ၊ ရှုထောင့်အမြင်များကို လေးစားလိုက်နာပေးရေး ကြားတွင် မည်သို့သော အားပြိုင်မှုများကို တွေ့ရှိရသနည်း။ |

| | |
|---|---|
| | • သင် လက်ရှိကိုင်တွယ်စီမံနေရသည့် ဖြစ်ရပ်များတွင် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရေး အခြေခံမှုကို လက်တွေ့အသုံးချမှုကို အားကောင်းစေမည့် မည်သည့်အခွင့်အလမ်းများကို တွေ့ရှိရသနည်း။<br>• အကောင်းဆုံးအကျိုးစီးပွားကို ဆုံးဖြတ်သတ်မှတ်နိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် သင်၏ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူထံမှ လမ်းညွှန်မှုများ (သို့မဟုတ်) အကူအညီများကို မည်သည့်အချိန်တွင် ထပ်မံလိုအပ်မည်ဟု ထင်ပါသနည်း။ |

| အကြောင်းအရာ | ဥပဒေအရ မဖြစ်မနေ သတင်းပို့အစီရင်ခံရန် တာဝန်ရှိခြင်း |
|---|---|
| **အဓိပ္ပါယ်ဖွင့်ဆိုချက်** | မဖြစ်မနေသတင်းပို့အစီရင်ခံရန် ပြဋ္ဌာန်းထားသော ဥပဒေများသည် များသောအားဖြင့် ကလေးများနှင့် ပုံမှန် ထိတွေ့အလုပ်လုပ်ရလေ့ရှိသော ဆရာဝန်များ၊ သူနာပြုများ၊ ရဲများ၊ လူမှုဝန်ထမ်း လုပ်သားများနှင့် ဆရာ/ဆရာမများကဲ့သို့ အများပြည်သူ ဝန်ဆောင်မှု ပေးနေသူများသည် ကလေးများအပေါ် မတော်မတရားပြုမူသည့် အမှုကိစ္စများကို သံသယရှိလျှင် ဖြစ်စေ၊ သိရှိလျှင် ဖြစ်စေ သတ်မှတ်ထားသည့် အစိုးရဌာနများသို့ သတင်းပို့ အစီရင်ခံရမည်ဟု ပြဋ္ဌာန်းထားလေ့ရှိပါသည်။ နေရာဒေသအခြေအနေပေါ် မူတည်၍ ရဲ၊ အစိုးရ၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဌာနများ (သို့မဟုတ်) တရားရေး စနစ်အတွင်းရှိ ဌာနများထံသို့ တိုက်ရိုက် အစီရင်ခံရနိုင်ပါသည်။ ကလေး သူငယ်အပေါ် မတော်မတရား ပြုမူမှုနှင့် စပ်လျဉ်း၍ မဖြစ်မနေ သတင်းပို့ အစီရင်ခံရန် ပြဋ္ဌာန်းထားသော ဥပဒေများ ရှိသည့် နိုင်ငံများတွင် အဆုံးစွန်ရည်မှန်းချက်မှာ မတော် မတရားပြုမူမှု ဖြစ်ပွားကြောင်း သိရှိရလျှင် (သို့မဟုတ်) သံသယရှိလျှင် ကလေးများကို ထိခိုက်နစ်နာမှုများ မရှိအောင် ကာကွယ်စောင့်ရှောက်ပေးရန်နှင့် သက်ဆိုင်ရာ အာဏာ ပိုင်များမှ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ဖြစ်သည်။<br><br>GBV လုပ်ငန်းများတွင် မဖြစ်မနေ သတင်းပို့အစီရင်ခံမှုများသည် အမြဲတမ်းလိုလို ထိခိုက် နစ်နာမှုများကို ဖြစ်ပေါ်စေသည်ဟု ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် အရွယ်ရောက်ပြီးဖြစ်သည့် ဆက်လက်ရှင်သန်သူမှ ထုတ်ဖော်ပြောကြားထားသော ဆန္ဒ များကို ဆန့်ကျင်ရလေ့ရှိခြင်း (သို့မဟုတ်) လိုအပ်သည့် ဝန်ဆောင်မှုများကို ရယူနိုင်ရေး အတွက် အာဏာပိုင်များထံ သတင်းပို့ရန် အတင်းအကျပ် တိုက်တွန်းရခြင်းကြောင့် ဖြစ်ပြီး များသောအားဖြင့် ထိုသို့ သတင်းပို့မှုများသည် ဘေးကင်းလုံခြုံရေးအပေါ် ထိခိုက် သက်ရောက်မှုများ ရှိတတ်သောကြောင့် ဖြစ်သည်။ ကလေးများနှင့် ပတ်သက်လျှင်မူ ထိုသို့ အစဉ်အမြဲ ယူဆ၍ မရပါ။ မဖြစ်မနေ သတင်းပို့အစီရင်ခံခြင်းကြောင့် ကလေးနှင့် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများအတွက် အကျိုးရှိနိုင်သည့်၊ အကျိုးကျေးဇူးများ ထပ်ဆောင်းရရှိနိုင်သည့် ဖြစ်ရပ်အခြေအနေအချို့လည်း ရှိပါသည်။ ဥပမာ လူမှုရေးဝန်ဆောင်မှုများနှင့် တရားရေးယန္တရားများ ကောင်းစွာ အခြေခိုင်နေပြီ ဖြစ်သည့် နိုင်ငံများတွင် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်း ခံရသော ကလေးနှင့် ၎င်း၏ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများအတွက် များစွာ လိုအပ်လျက် ရှိသည့် အကူအညီများ၊ ပံ့ပိုးမှုများကို ရရှိစေနိုင်ပါသည်။ |

| | |
|---|---|
| **ဤအခြေအနေသည် အဘယ်ကြောင့် ခက်ခဲရှုပ်ထွေးသနည်း** | **မဖြစ်မနေ သတင်းပို့အစီရင်ခံခြင်းသည် -**<br>• ကလေးများ၊ ပြုစုစောင့်ရှောက်သူများနှင့် တည်ဆောက်ထားသော ယုံကြည်မှုများကို ပျက်ပြားစေနိုင်သည်။<br>• ကလေးများနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူ/ ဝန်ဆောင်မှု ဆောင်ရွက်ပေးသူမှန်သမျှကြား ရှိ ယုံကြည်မှုကို ပျက်ပြားစေနိုင်သည်။<br>• သေချာစွာ မရှင်းပြလျှင် (သို့မဟုတ်) သင့်လျော်သည့် အချိန်အခါတွင် မရှင်းပြလျှင် ထိခိုက်နိုင်ခြေအန္တရာယ်များ တိုးပွားလာနိုင်သည်။<br>• ဖြစ်ရပ်စီမံခန့်ခွဲသူများအတွက် ကျင့်ဝတ်ပိုင်းဆိုင်ရာ အားပြိုင်မှုများ ရှိလာနိုင်သည်။ |
| **ဤဖြစ်ရပ်များတွင် မထင်မှတ်ဘဲ ပြုမိနိုင်သော အမှားများ/ ကျရောက်နိုင်သော အန္တရာယ်များထဲမှ အချို့ ...** | • ဤတာဝန်အကြောင်း မရှင်းပြသေးဘဲ အချိန်ဆွဲနေမိခြင်း<br>• ခက်ခဲရှုပ်ထွေးမှု - အချို့နေရာများတွင် ဥပဒေအရ သတင်းပို့ အစီရင်ခံမှု လုပ်ထုံးလုပ်နည်းများသည် ရှင်းလင်းမှု မရှိခြင်း (သို့မဟုတ်) အချိန်နှင့်အမျှ ပြောင်းလဲနေခြင်း<br>• မတည်နိုင်သည့် ကတိများကို ပေးထားမိခြင်း<br>• သတင်းပို့အစီရင်ခံခြင်းသည် လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းတစ်ခုမျှသာ ဖြစ်သည်ဟု ယူဆခြင်း |
| **ဖြစ်ရပ်စီမံခန့်ခွဲသူများ သေချာပေါက် လုပ်ဆောင်သင့်သည့် အလုပ်များ ...** | မဖြစ်မနေ သတင်းပို့အစီရင်ခံရန် တာဝန်ကို ဘေးကင်းစွာနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ၎င်းတို့နိုင်ငံရှိ မဖြစ်မနေ သတင်းပို့ အစီရင်ခံခြင်းဆိုင်ရာ ဥပဒေများ/ မူဝါဒများကို ကောင်းစွာ နားလည်သိရှိထားရန် လိုအပ်သည်။ အထူးသဖြင့် -<br>• မဖြစ်မနေသတင်းပို့အစီရင်ခံရမည့် ဥပဒေသည် ဖြစ်ရပ်စီမံခန့်ခွဲသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အခြားသော ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများနှင့် သက်ဆိုင်မှု ရှိ/မရှိ (ဥပမာ အချို့နိုင်ငံများတွင် ထိုဥပဒေများအရ ဖြစ်ရပ်စီမံခန့်ခွဲသူများ မဟုတ်ဘဲ ကျန်းမာရေးဝန်ထမ်းများက သတင်းပို့အစီရင်ခံရန် တာဝန်ရှိပါသည်။)<br>• အဆိုပါ ဥပဒေများ/ မူဝါဒများသည် ကလေးများနှင့် ၎င်းတို့၏ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများအပေါ် မည်သို့ သက်ရောက်မှု ရှိသနည်း<br>• အဆိုပါ ဥပဒေများ/ မူဝါဒများကို ကလေးများနှင့် ၎င်းတို့၏ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများအား မည်သို့ ရှင်းပြမည်နည်း<br>• မတော်မတရားပြုမှုခြင်း ခံရသော ကလေးများအားလုံးအတွက် မဖြစ်မနေ သတင်းပို့အစီရင်ခံခြင်းကြောင့် ကျရောက်နိုင်ခြေရှိသော အန္တရာယ်များ (ဥပမာ ရဲများသည် ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုမှုများနှင့် ပတ်သက်၍ သင်တန်းကောင်းစွာ ရမထားခြင်း/ လုံးဝ ရမထားခြင်း၊ ကလေး (သို့မဟုတ်) ကိုယ်တိုင် ကျူးလွန်ခြင်း မရှိသည့်ပြုစုစောင့်ရှောက်သူ (သို့မဟုတ်) နှစ်ဦးစလုံးကို အရေးယူဒဏ်ခတ်မှုများ ပြုလုပ်ခြင်း၊ တရားမျှတမှု ရရှိနိုင်ခြေ |

အလွန်နည်းပါးသည့် ပျက်ပြားနေသော သို့မဟုတ် အစိတ်စိတ်အပိုင်းပိုင်း ကွဲနေသော ဥပဒေစနစ်၊ စသည်)

- မဖြစ်မနေသတင်းပို့အစီရင်ခံခြင်းသည် အချို့သော လူမှုလက္ခဏာများကို ပိုင်ဆိုင်ထားသည့် မတော်မတရားပြုမှုခံရသော ကလေးများအပေါ် အန္တရာယ်များ ကျရောက်နိုင်ခြင်း (ဥပမာ ဒုက္ခသည်ကလေးများကို ခွဲခြားဆက်ဆံသည့် အလေ့အထများ၊ လိင်ပိုင်းဆိုင်ရာနှင့် စပ်လျဉ်း၍ ပုံသေကားကျယူဆချက်များကြောင့် ဆယ်ကျော်သက်မိန်းကလေးများကို ရဲများ (သို့မဟုတ်) တရားရေးစနစ်အတွင်းရှိ အခြားသူများက ထိခိုက်နစ်နာအောင် ထပ်မံလုပ်ဆောင်ခြင်း၊ ဂုဏ်သိက္ခာအတွက် သတ်ဖြတ်ခြင်း (သို့မဟုတ်) ကလေးကို အရွယ်မတိုင်မီ (သို့မဟုတ်) အတင်းအကျပ် အိမ်ထောင် ချပေးခြင်းကဲ့သို့ အန္တရာယ်ရှိသော အလေ့အထများ)
- မဖြစ်မနေသတင်းပို့အစီရင်ခံခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးထက် ကျရောက်နိုင်သည့် အန္တရာယ်များက ပိုများနေလျှင် မည်သူထံသို့ သွား၍ လမ်းညွှန်မှုနှင့် အကူအညီ တောင်းခံသင့်သည်ဆိုသည်ကို နားလည်သိရှိခြင်း
- သတင်းပို့အစီရင်ခံမှုသည် ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆန်းစစ်ဆုံးဖြတ်သည့် စံသတ်မှတ်ချက်များကို အသုံးပြုခြင်းနှင့် ထိုအချက်အလက်များကို မှတ်တမ်းတင်ကာ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများထံ အစီရင်ခံတင်ပြခြင်း
- ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ် အစမှာပင် မဖြစ်မနေ သတင်းပို့အစီရင်ခံရမည့် တာဝန်အကြောင်း ကလေးများနှင့် ပြုစုစောင့်ရှောက်သူများကို ရှင်းပြထားခြင်း၊ ဤသို့ ရှင်းပြခြင်းကို ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ် အဆင့် (၁) မိတ်ဆက်ခြင်းနှင့် စတင်ရှင်းလင်း ဆွေးနွေးပေးခြင်း၏ သဘောတူခွင့်ပြုချက် ရယူမှုအတွင်း ထည့်သွင်းလုပ်ဆောင်ပေးသင့်သည်။
- ဖြစ်ရပ်စီမံခန့်ခွဲသူများသည် လွှဲပြောင်းညွှန်းပို့မှုတစ်ခု မပြုလုပ်မီ ကြိုတင်၍ ကလေးနှင့် ပြုစုစောင့်ရှောက်သူကို အသိပေးရန် အရေးကြီးပြီး မဖြစ်မနေ သတင်းပို့အစီရင်ခံမှုကြောင့် ဖြစ်နိုင်ခြေ ရှိသည့် နောက်ဆက်တွဲအကျိုးဆက်များကို ဆွေးနွေးတိုင်ပင်ကာ ထိုအတွက် ဘေးကင်းလုံခြုံရေး အစီအစဉ်တစ်ခုကို ရေးဆွဲထားသင့်သည်။
- မိမိတို့၏ စဉ်ဆက်မပြတ် လုပ်ဆောင်နေသော ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု/ စွမ်းရည်မြှင့်တင်မှု လုပ်ငန်းစဉ်ထဲတွင် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများ၏ အကူအညီဖြင့် မဖြစ်မနေသတင်းပို့ အစီရင်ခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပြောင်းအလဲများကို အမြဲမပြတ် စောင့်ကြည့်လေ့လာနေသင့်သည်။

မဖြစ်မနေ သတင်းပို့အစီရင်ခံရမည့် တာဝန်ရှိလျှင် ဖြစ်ရပ်စီမံခန့်ခွဲသူများသည် မတော်မတရားပြုမှုခံရသော ကလေး၊ ၎င်း၏ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူနှင့် ပြုလုပ်သည့် ပထမဆုံးအကြိမ် အစည်းအဝေး အစမှာပင် အောက်ပါ သတင်းအချက်အလက်များကို မျှဝေပေးရမည် -

- ဖြစ်ရပ်စီမံခန့်ခွဲသူ သတင်းပို့အစီရင်ခံရမည့် ဌာန/ ပုဂ္ဂိုလ်
- သတင်းပို့အစီရင်ခံရမည့် သတင်းအချက်အလက်အတိအကျ

| | |
|---|---|
| | • ထိုသတင်းအချက်အလက်များကို မည်သည့်အချိန်တွင် မည်သို့ ပေးပို့ အစီရင်ခံရမည် (စာဖြင့်၊ နှုတ်ဖြင့်၊ စသည်)<br>• သတင်းပို့အစီရင်ခံပြီးနောက် ထွက်ပေါ်လာနိုင်သည့် ရလဒ်<br>• ဤလုပ်ငန်းစဉ်အတွင်းရှိ ကလေးနှင့် မိသားစု၏ ရပိုင်ခွင့်ရှိသော အခွင့်အရေးများ<br><br>ကလေးများ (အထူးသဖြင့် ဆယ်ကျော်သက်ကဲ့သို့ အရွယ်ကြီးသော ကလေးများ) နှင့် ပြုစုစောင့်ရှောက်သူများသည် မဖြစ်မနေ သတင်းပို့အစီရင်ခံမှုကို အချက်အလက်များကို အတတ်နိုင်ဆုံးလျှို့ဝှက်၍ ဘေးကင်းလုံခြုံမှုအရှိဆုံးနည်းလမ်းဖြင့် မည်သို့ ဆောင်ရွက်နိုင်မည်ကို စဉ်းစားဆုံးဖြတ်သည့် လုပ်ငန်းစဉ်အတွင်း ပါဝင်ခွင့်ပြုသင့်သည်။ ဆိုလိုသည်မှာ ဖြစ်ရပ်စီမံခန့်ခွဲသူများသည် သတင်းပို့အစီရင်ခံမှုကို မည်သို့ လုပ်ဆောင်ရမည်ဆိုသည်နှင့် ပတ်သက်၍ ၎င်းတို့၏ အမြင်များနှင့် စိတ်ကူးများကို မေးမြန်းကာ ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်သည်။ သို့သော် သတင်းပို့အစီရင်ခံမှုကို ပြုလုပ်မည်/ မပြုလုပ်ဆိုသည့် ဆုံးဖြတ်ချက်ကို ကလေးနှင့် ပြုစုစောင့်ရှောက်သူက ချမှတ်နိုင်သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ မည်သည့်အချိန်တွင် မည်သို့ သတင်းပို့ရမည်ဆိုသည်ကို ဆုံးဖြတ်ရာတွင် ပါဝင်ကူညီနိုင်သည်ဟု ဆိုလိုခြင်းသာ ဖြစ်သည်။<br><br>မဖြစ်မနေသတင်းပို့အစီရင်ခံရမည့် ဥပဒေပြဋ္ဌာန်းချက်များ ရှိသော နိုင်ငံမျိုးတွင်ပင်လျှင် ကလေးများကိုယ်စား ဆောင်ရွက်သောအခါ အစဉ်အမြဲ ထည့်သွင်းစဉ်းစားရမည့် အဓိကအချက်မှာ ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ပေးနိုင်ရေးသာ ဖြစ်သင့်သည်။ ကလေးအတွက် အကျိုးအများဆုံး/ ထိခိုက်နိုင်ခြေအနည်းဆုံး၊ ကလေး၏ ဘေးကင်းလုံခြုံရေးကို အာမခံချက် ပေးနိုင်သရွေ့ မိသားစုအပေါ် ဝင်ရောက်စွက်ဖက်ခံရနိုင်ခြေအနည်းဆုံး နည်းလမ်းဖြင့် လုပ်ဆောင်မှုများကိုသာ ရွေးချယ်လုပ်ဆောင်သင့်သည်။ |
| **လေ့ကျင့်ခန်း** | **ဖြစ်ရပ်နမူနာ**<br><br>[အမည်] သည် (၁၃) နှစ် အရွယ် ကလေးတစ်ဦးဖြစ်ပြီး ဖြစ်ရပ်စီမံခန့်ခွဲသူနှင့် တွေ့ဆုံဆွေးနွေးမှုတစ်ခုအတွင်း လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခံရမှုကို ဖွင့်ဟပြောပြကာ ဖြစ်ရပ်စီမံခန့်ခွဲသူအား အခြားမည်သူ့ကိုမျှ ပြောမပြရန် တောင်းဆိုခဲ့သည်။ မဖြစ်မနေ သတင်းပို့အစီရင်ခံရမည့် တာဝန်ကလည်း ရှိနေသည်။ သတင်းပို့အစီရင်ခံရမည့် တာဝန်ရှိကြောင်း ပြောပြသောအခါ ကလေးသည် တိတ်ဆိတ်ငြိမ်သက်သွားသည်။<br><br>**ဆွေးနွေးရမည့် မေးခွန်းများ -**<br><br>• သတင်းပို့အစီရင်ခံရန် တာဝန်ရှိသည့်အကြောင်း ကလေး နားလည်လွယ်မည့် နည်းလမ်းဖြင့် မည်သို့ ရှင်းပြမည်နည်း။<br>• ဖြစ်ရပ်စီမံခန့်ခွဲသူသည် မည်သို့သော ကူညီပံ့ပိုးမှုများကို လိုအပ်မည်နည်း။ |

| | |
|---|---|
| | • ကလေး၏ ယုံကြည်မှု မပျက်ပြားအောင် မည်သို့ ဆက်လက်ထိန်းသိမ်းထားနိုင်မည်နည်း။ |
| **အားလုံးနှင့် ပြန်လည်ဆွေးနွေးမေးမြန်းခြင်း** | • မဖြစ်မနေသတင်းပို့အစီရင်ခံရမည့် တာဝန်နှင့် မတော်မတရားပြုမှုခံရသော ကလေး၏ လိုအပ်ချက်များ၊ ဆန္ဒများ၊ အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းပေးမှုတို့ကြား မည်သို့သော အားပြိုင်မှုများကို တွေ့ရှိရသနည်း။<br>• မဖြစ်မနေသတင်းပို့အစီရင်ခံရမည့် တာဝန်အကြောင်း ပိုမို နားလည်သိရှိလာသောအခါ မိမိ လက်ရှိ စီမံကိုင်တွယ်နေသည့် ဖြစ်ရပ်များတွင် ထိုတာဝန်ကို အဆင်ပြေအောင် ထမ်းဆောင်နိုင်မည့် မည်သည့် အခွင့်အလမ်းများကို တွေ့ရှိသနည်း။<br>• မဖြစ်မနေသတင်းပို့ အစီရင်ခံခြင်းနှင့်စပ်လျဉ်း၍ သင်၏ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူထံမှ လမ်းညွှန်မှုများ (သို့မဟုတ်) အကူအညီများကို မည်သည့်အချိန်တွင် ထပ်မံလိုအပ်မည်ဟု ထင်ပါသနည်း။ |

| **အကြောင်းအရာ** | **သတင်းအချက်အလက်စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်မျှဝေခြင်း** |
|---|---|
| **အဓိပ္ပါယ်ဖွင့်ဆိုချက်** | ကောင်းမွန်ထိရောက်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်အတွက် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခံရသော ကလေးများနှင့် ထိတွေ့၍ အခြေခံစည်းမျဉ်းများနှင့်အညီ အလုပ်လုပ်ရသည့် အခြေအနေတွင် သတင်းအချက်အလက်များကို မျှဝေသောအခါ သဘောတူခွင့်ပြုချက်နှင့် သဘောတူ ခွင့်ပြုသော ဆန္ဒသဘောထား တောင်းခံရယူခြင်း၊ ‘သိရှိရန် လိုအပ်သူကိုသာ မျှဝေပေး ခြင်း’ စည်းမျဉ်းများအတိုင်း တိကျစွာ လိုက်နာခြင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး သတင်းအချက်အလက် စီမံခန့်ခွဲမှု၊ GBV သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်တို့ နှင့်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သင့်သည်။ ဖြစ်ရပ်တစ်ခုနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ကလေး (သို့မဟုတ်) ပြုစုစောင့်ရှောက်သူ (သို့မဟုတ်) နှစ်ဦးစလုံးအား တိုက်ရိုက်ကူညီပံ့ပိုးပေးမည့် လူပုဂ္ဂိုလ်များ (အဖွဲ့အစည်းများမဟုတ်ဘဲ) ထံ မျှဝေပေးသင့်သော အချိန်များ ရှိပါသည်။ ထိုအချိန်များတွင် မျှဝေပေးသည့် သတင်းအချက်အလက်များသည် ကလေး (သို့မဟုတ်) ပြုစုစောင့်ရှောက်သူ (သို့မဟုတ်) နှစ်ဦးစလုံးကို ကူညီပေးရန် (သို့မဟုတ်) ဝန်ဆောင်မှုတစ်ခုကို ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်အတွက် လက်ခံရယူမည့်သူ လိုအပ်သလောက်ကိုသာ နည်းနိုင်သမျှ အနည်းဆုံး မျှဝေပေးသင့်သည်။<br><br>ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူသည့် ဖြစ်ရပ်များအတွက် လွှဲပြောင်းညွှန်းပို့မှု ယန္တရားများကို ဒီဇိုင်းရေးဆွဲရာတွင် ကလေးနှင့် ၎င်း၏ ပြုစုစောင့်ရှောက်သူ ဘေးကင်းလုံခြုံရေးနှင့် ၎င်းတို့၏ အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းပေးနိုင်ရေး အတတ်နိုင်ဆုံး အလေးထား၍ ရေးဆွဲသင့်သည်။ ဥပမာ လွှဲပြောင်းညွှန်းပို့မှု ဖောင်ပုံစံ hard-copy များတွင် မည်သူမည်ဝါဆိုသည်ကို ဖော်ပြသည့် သတင်းအချက်အလက်များကို မည်သည့်အခါမျှ ထည့်သွင်းဖော်ပြမှု မပြုသင့်ခြင်း၊ အီလက်ထရောနစ် ဖောင်ပုံစံများကို သီးသန့် password ဖြင့် (အခြားမည်သည့် ဖြစ်ရပ်/လွှဲပြောင်းညွှန်းပို့မှု ဖောင်ပုံစံနှင့်မျှ တူညီသည့် password တစ်ခုတည်း မထားရှိဘဲ) ကာကွယ်စောင့်ရှောက်ထားသင့်ခြင်း (သို့မဟုတ်) တစ်ကြိမ်တစ်ခါသာ အသုံးပြုရသည့် သင်္ကေတဝှက်စနစ်များ (encryption) အသုံးပြုခြင်းတို့ ဖြစ်သည်။<br><br>လူပုဂ္ဂိုလ်အဆင့် အချက်အလက်များအား (မည်သူမည်ဝါဆိုသည်ကို ဖော်ပြသည့် အချက်အလက်များ မပါဝင်လျှင်ပင်) ဝန်ဆောင်မှု ဆောင်ရွက်ပေးသည့် လုပ်ငန်းတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း မရှိသည့် လူများ၊ လုပ်ဆောင်သူများ နှင့်/သို့မဟုတ် အဖွဲ့အစည်းများထံ မည်သည့်အခါမျှ မျှဝေမပေးသင့်ပါ။ ဤစည်းမျဉ်းအတွက် တစ်ခုတည်းသော ခြွင်းချက်မှာ မဖြစ်မနေ သတင်းပို့အစီရင်ခံရမည့် ပြဋ္ဌာန်းချက်များ ရှိနေသောအခါတွင် ဖြစ်ပြီး ယင်းကိုလည်း မတော်မတရားပြုမူခံရသော ကလေး (သို့မဟုတ်) ပြုစုစောင့်ရှောက်သူ (သို့မဟုတ်) နှစ်ဦးစလုံးကို ကြိုတင်အသိပေး ပြောပြထားရပါမည်။ |

| | |
|---|---|
| **ဤအခြေအနေသည် အဘယ်ကြောင့် ခက်ခဲရှုပ်ထွေးသနည်း** | **သတင်းအချက်အလက်မျှဝေခြင်းသည် -**<br>• ကာကွယ်စောင့်ရှောက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများအတွက် မရှိမဖြစ် လိုအပ်သည်။<br>• ကိုင်တွယ်ဆောင်ရွက်ပုံ မှားယွင်းလျှင် အန္တရာယ်ကျရောက်နိုင်ခြေများ တိုးပွားလာနိုင်သည်။<br>• သဘောတူခွင့်ပြုချက်၊ ရှင်းလင်းစွာ သိရှိနားလည်မှုနှင့် ရှင်းလင်းတိကျသော ရည်ရွယ်ချက်တို့ လိုအပ်ပါသည်။ |
| **ဤဖြစ်ရပ်များတွင် မထင်မှတ်ဘဲ ပြုမိနိုင်သော အမှားများ/ ကျရောက်နိုင်သော အန္တရာယ်များထဲမှ အချို့ …** | • "လိုကောင်းလိုနိုင်သည်" ဟု ယူဆကာ လိုသည်ထက်ပို၍ မျှဝေပေးခြင်း<br>• စိုးရိမ်ကြီးမှုကြောင့် သတင်းအချက်အလက်များ လုံလောက်စွာ မျှဝေမပေးခြင်း<br>• သေချာရှင်းလင်းပြောပြခြင်း မရှိဘဲ သဘောတူခွင့်ပြုမှာပါဟု မိမိဘာသာ ထင်မြင်ယူဆခြင်း |
| **ဖြစ်ရပ်စီမံခန့်ခွဲသူများ သေချာပေါက် လုပ်ဆောင်သင့်သည့် အလုပ်များ …** | • သတင်းအချက်အလက်များအား သိရှိရန် လိုအပ်သလောက်ကိုသာ မျှဝေပေးခြင်း<br>• သတင်းအချက်အလက်မျှဝေပေးမှုနှင့် ပတ်သက်၍ ကလေးများနှင့် ပြုစုစောင့် ရှောက်သူများအား သေချာစွာ ရှင်းလင်းပြောပြခြင်းနှင့် ၎င်းတို့ ကောင်းစွာ နားလည်ခြင်း ရှိ/မရှိ ပြန်လည်စစ်ဆေးခြင်း<br>• မတော်မတရားပြုမှုခံရသော ကလေးများနှင့် ၎င်းတို့၏ ကိုယ်တိုင် ကျူးလွန်ခြင်း မရှိသော ပြုစုစောင့်ရှောက်သူများအား သတင်းအချက်အလက်မျှဝေမှုနှင့် ပတ်သက်၍ ၎င်းတို့၏ သဘောတူခွင့်ပြုချက်/ သဘောတူခွင့်ပြုသော ဆန္ဒ သဘောထားကို ပြန်လည်ရုပ်သိမ်းနိုင်ကြောင်း၊ မည်သည့် ဌာန၊ အဖွဲ့အစည်း ထံသို့ မည်သည့်သတင်းအချက်အလက်ကိုသာ မျှဝေပေးမည်ဆိုသည်ကို ရွေးချယ်နိုင်ကြောင်း ရှင်းရှင်းလင်းလင်း သိရှိအောင် ပြောပြပါ (မဖြစ်မနေ သတင်းပို့အစီရင်ခံရန် တာဝန်ရှိလျှင် ထိုအကြောင်းကို ထည့်သွင်းပြောပြပါ။ ထိုအကြောင်းကို ရှေ့အပိုင်းတွင် လေ့လာနိုင်ပါသည်။)<br>• ဆုံးဖြတ်ချက်များနှင့် ကျိုးကြောင်းရှင်းလင်းချက်များကို မှတ်တမ်းတင်ထားခြင်း<br>• မသေချာလျှင် ခဏရပ်ကာ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူနှင့် တိုင်ပင်ခြင်း |
| **လေ့ကျင့်ခန်း** | **ဖြစ်ရပ်နမူနာ**<br>[အမည်] သည် အိမ်နီးချင်းတစ်ဦး၏ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်းကို ခံခဲ့ရသောကြောင့် ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးထံမှ အကူအညီများ ရယူနေပါသည်။ အခြားအဖွဲ့အစည်းတစ်ခုက ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတစ်ခုအတွက် ဖြစ်ရပ်နှင့် ပတ်သက်သော သတင်းအချက်အလက်များကို တောင်းခံလာသည်။ ကလေးကို ထို အချက်အလက် တောင်းခံမှုအကြောင်း ပြောမပြထားရသေးပါ။ ကလေးသည် မတော်မတရားပြုမှုခံရ |

| | |
|---|---|
| | ခြင်းအကြောင်း အခြားသူများ သိရှိသွားမည်ကို စိုးရိမ်နေသည်။<br><br>**ဆွေးနွေးရမည့် မေးခွန်းများ -**<br>• မည်သည့်သတင်းအချက်အလက်များကို မျှဝေပေးရန် လိုအပ်သနည်း။<br>• သဘောတူခွင့်ပြုချက် ရယူမှုကို မည်သို့ ကိုင်တွယ်ဆောင်ရွက်သင့်သနည်း။<br>• ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူထံမှ မည်သည့် လမ်းညွှန်မှုကို လိုအပ်သနည်း။ |
| **အားလုံးနှင့် ပြန်လည် ဆွေးနွေးမေးမြန်းခြင်း** | • သတင်းအချက်အလက်မျှဝေပေးခြင်းနှင့် မတော်မတရားပြုမူခံရသော ကလေး၏ လိုအပ်ချက်များ၊ ဆန္ဒများ၊ အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းပေးမှု တို့ကြား မည်သို့သော အားပြိုင်မှုများကို တွေ့ရှိရသနည်း။<br>• သင် လက်ရှိကိုင်တွယ်စီမံနေသော ဖြစ်ရပ်များအတွင်း သင်၏ သတင်းအချက် အလက် စီမံခန့်ခွဲမှု၊ သတင်းအချက်အလက်မျှဝေမှုများ အားကောင်းစေရေး အတွက် မည်သည့် အခွင့်အလမ်းများကို တွေ့ရှိရသနည်း။<br>• သတင်းအချက် အလက် စီမံခန့်ခွဲမှု၊ သတင်းအချက်အလက်မျှဝေမှုနှင့်စပ်လျဉ်း၍ သင်၏ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူထံမှ လမ်းညွှန်မှုများ (သို့မဟုတ်) အကူအညီများ ကို မည်သည့်အချိန်တွင် ထပ်မံလိုအပ်မည်ဟု ထင်ပါသနည်း။ |

| | |
|---|---|
| **အကြောင်းအရာ** | **ပြုစုစောင့်ရှောက်သူကိုယ်တိုင် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုမှု** |
| **အဓိပ္ပါယ်ဖွင့်ဆိုချက်** | ကျူးလွန်သူဆိုသည်မှာ ကလေးတစ်ဦးကို လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူသည့် လူတစ်ဦး (သို့မဟုတ်) လူများကို ဆိုလိုပါသည်။ ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူမှု ကျူးလွန်သူများသည် ကလေးနှင့် သိကျွမ်းသူများ ဖြစ်နိုင်သလို သူစိမ်းများလည်း ဖြစ်နိုင်သည်။ ကလေးကို ပြုစုစောင့်ရှောက်သူများသည် ကလေးအပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူမှုကို ကျူးလွန်နိုင်ပြီး ၎င်းတို့ပေါ် ထားရှိသည့် ယုံကြည်မှုကို အလွဲသုံးစား ပြုနိုင်ပါသည်။ ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ကိုယ်တိုင်ကျူးလွန်ထားသည့် ပြုစုစောင့်ရှောက်သူများနှင့် တိုက်ရိုက်ဆက်သွယ် အလုပ်လုပ်ခြင်း မပြုသင့်ပါ။ ယင်းသည် မတော်မတရားပြုမူခံရသော ကလေး၏ ဘေးကင်းလုံခြုံရေးနှင့် ကလေး၏ အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းပေးနိုင်မှုတို့အပေါ် ထိခိုက်စေနိုင်ပါသည်။ ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရား ပြုမူမှု ကျူးလွန်သူများသည် များသောအားဖြင့် အမျိုးသားများ ဖြစ်လေ့ရှိသော်လည်း အမြဲတမ်းတော့ မဟုတ်ပါ။ |
| **ဤအခြေအနေသည် အဘယ်ကြောင့် ခက်ခဲရှုပ်ထွေးသနည်း** | ပြုစုစောင့်ရှောက်သူများကိုယ်တိုင် ကျူးလွန်သောအခါ -<br>• ကလေး၏ ဘေးကင်းလုံခြုံရေးနှင့် မိသားစုမပြိုကွဲရေးသည် ပဋိပက္ခ ဖြစ်လာနိုင်သည်။<br>• ထိတွေ့ဆက်သွယ်မှုများကြောင့် မတော်မတရားပြုမူခံရသော ကလေးများအပေါ် အန္တရာယ်ကျရောက်နိုင်သည်။<br>• ထိတွေ့ဆက်သွယ်မှုများကြောင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ၊ ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများနှင့် အချို့ အခြေအနေများတွင် ၎င်းတို့၏ ဆွေမျိုးများ၊ သိကျွမ်းခင်မင်သူများအပေါ်တွင်ပါ အန္တရာယ်များ ကျရောက်လာနိုင်သည်။<br>• ကိုယ်တိုင် ကျူးလွန်ခဲ့သည့် ပြုစုစောင့်ရှောက်သူသည် မတော်မတရားပြုမူမှုအတွက် သူ့တွင် တာဝန်မရှိကြောင်း ငြင်းဆိုနိုင်ပြီး အခြားသူများတွင် တာဝန်ရှိသည်ဟု ဖြောင်ဖြင်းနိုင်သည်။ ပြောဆိုသည့်စကားများ၊ ဇာတ်ကြောင်းများ၊ ကလေး လက်လှမ်းမီ ရယူနိုင်သည့် ဝန်ဆောင်မှု အမျိုးအစားများကို လိုသလို ထိန်းချုပ်နိုင်ရန်အတွက် ကလေးနှင့် ချိန်းဆိုထားသည့် တွေ့ဆုံဆွေးနွေးပွဲများသို့ လာတက် နိုင်သည်။<br>• ကလေးများသည် ကျူးလွန်သူအပေါ် သစ္စာရှိရမည်ဟု ခံစားရမှု၊ ကြောက်ရွံ့မှု (သို့မဟုတ်) မှီခိုအားထားနေရမှုတို့ ရှိနိုင်သည်။ |
| **ဤဖြစ်ရပ်များတွင် မထင်မှတ်ဘဲ ပြုမိနိုင်သော အမှားများ/ ကျရောက်နိုင်သော** | • ပြုစုစောင့်ရှောက်သူကိုယ်တိုင် ကျူးလွန်ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိနိုင်မှု မရှိခြင်း<br>• ကျူးလွန်သူနှင့် ဆက်သွယ်အလုပ်လုပ်ခြင်းဖြင့် ၎င်းအား ဆုံးဖြတ်ချက်ချမှတ်မှုများတွင် သတင်းအချက်အလက်များနှင့် ထိန်းချုပ်စီမံခွင့်များ ပေးအပ်မိခြင်း၊ ကျူးလွန်သူသည် ၎င်း စောင့်ရှောက်ပေးရမည့် ကလေးကို မတော်မတရား |

| | |
|---|---|
| **အန္တရာယ်များထဲမှ အချို့ ...** | ပြုမူခဲ့ပြီး ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသူဖြစ်နေသဖြင့် ထိုသတင်းအချက်အလက်များနှင့် ဆုံးဖြတ်ခွင့်များကို မရရှိသင့်ပေ။<br>• ဆက်ဆံရေးများကို ထိန်းသိမ်းထားနိုင်ရန်အတွက် ကျရောက်နိုင်သည့် အန္တရာယ်များကို အလေးမထားခြင်း၊ လျှော့တွက်ခြင်း<br>• ဤသို့သော ဖြစ်ရပ်များကို ကြီးကြပ်ပံ့ပိုးမှုများ ရယူခြင်း မရှိဘဲ စီမံခန့်ခွဲခြင်း |
| **ဖြစ်ရပ်စီမံခန့်ခွဲသူများ သေချာပေါက် လုပ်ဆောင်သင့်သည့် အလုပ်များ ...** | • ကလေး၏ ဘေးကင်းလုံခြုံရေးနှင့် အကောင်းဆုံးအကျိုးစီးပွားကို ဦးစားပေး ဆောင်ရွက်ခြင်း<br>• အလုပ်သဘောဆန်သည့်၊ ပညာရှင်ပီသသည့် စည်းဘောင်များ (professional boundaries) ရှင်းရှင်းလင်းလင်း ချမှတ်ထားရှိခြင်း<br>• ကျူးလွန်သူများနှင့် တိုက်ရိုက်ဆက်သွယ်အလုပ်လုပ်မှုကို ရှောင်ရှားခြင်းနှင့် အချို့သော ပြုစုစောင့်ရှောက်သူများသည် ကျူးလွန်သူများ ဖြစ်နိုင်သည်ဟူသော အချက်ကို အမြဲ နိုးကြားသတိရှိခြင်း<br>• ကလေး၏ ဘေးကင်းလုံခြုံရေးအတွက် ကျူးလွန်သူများနှင့် တိုက်ရိုက် ဆွေးနွေး ညှိနှိုင်းမှုများကို ရှောင်ရှားခြင်း<br>• ကြီးကြပ်ပံ့ပိုးမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ စဉ်ဆက်မပြတ် အသုံးပြုခြင်း<br>• မိမိကိုယ်တိုင်၏ ကျန်းမာပျော်ရွှင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် စိုးရိမ်ပူပန်မှုများရှိလျှင် မိမိ၏ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများထံ အသိပေးခြင်း၊ အစီရင်ခံ တင်ပြခြင်း |
| **လေ့ကျင့်ခန်း** | **ဖြစ်ရပ်နမူနာ (က)**<br>[အမည်] သည် အသက် (၉) နှစ်အရွယ် ကလေးတစ်ဦးဖြစ်ပြီး သူ၏ ပထွေးဖြစ်သူသည် မတော်မတရားပြုမူမှုကို ကျူးလွန်သည်ဟု စွပ်စွဲခံထားရသည်။ ကလေး၏ မိခင်သည် ဘာလုပ်ရမည်မသိ ဝေခွဲမရ ဖြစ်ကာ စိတ်ထဲတွင် လွန်ဆွဲနေပြီး ဖြစ်ရပ်စီမံခန့်ခွဲသူအား အခြား ဝန်ဆောင်မှု များ ပါဝင်ပတ်သက်လာခြင်း မရှိအောင် လုပ်ဆောင်ပေးရန် တောင်းဆိုထားသည်။ ကလေးသည် ဆွေးနွေးမှုများတွင် စကား သိပ်မပြောပေ။ တစ်ခုခုကို စိုးရိမ်ပူပန်နေပုံလည်း ရသည်။<br><br>**ဆွေးနွေးရမည့် မေးခွန်းများ -**<br>• ချက်ချင်းလက်ငင်း ကျရောက်နိုင်သည့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များမှာ အဘယ်နည်း။<br>• ကလေးပြုစုစောင့်ရှောက်သူနှင့် ထိတွေ့ဆက်သွယ်မှုအား မည်သို့ ကိုင်တွယ် လုပ်ဆောင်သင့်သနည်း။<br>• မည်သည့် ပေါင်းစပ်ညှိနှိုင်းမှုနှင့် ကြီးကြပ်ပံ့ပိုးမှု လုပ်ငန်းအဆင့်များ လိုအပ်သနည်း။ |

| | |
|---|---|
| | **ဖြစ်ရပ်နမူနာ (ခ)**<br>[အမည်] သည် (၁၁) နှစ်အရွယ် မိန်းကလေးတစ်ဦး ဖြစ်ပြီး သူမ၏ ပထွေးဖြစ်သူက သူမကို ဖြစ်ရပ်စီမံခန့်ခွဲသူထံ ခေါ်ဆောင်လာခြင်း ဖြစ်သည်။ ကလေးကို လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခဲ့သူသည် ထိုသူ ကိုယ်တိုင်ပင် ဖြစ်သည်။ သူက ဖြစ်ရပ်စီမံခန့်ခွဲသူအား လူစိမ်းတစ်ဦးက သူ့သမီးအား လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူနေသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ သူမ ကိုယ်ဝန်ရမသွားစေရန် (သို့မဟုတ်) လိင်မှတစ်ဆင့် ကူးစက်သော ရောဂါများ မရစေရန်အတွက် သူမကို ဆေးကုသစောင့်ရှောက်ပေးစေလိုကြောင်း ပြောသည်။ ဆရာဝန်မှ လွဲ၍ အခြား မည်သည့် ဝန်ဆောင်မှုကိုမျှ ရယူလိုခြင်း မရှိဟု သူက ဆိုသည်။ မိန်းကလေးသည် ထိုဆွေးနွေးမှုအတွင်း လုံးဝတိတ်ဆိတ်နေကာ ကြမ်းပြင်ကိုသာ စိုက်ကြည့်နေသည်။<br>**ဆွေးနွေးရမည့် မေးခွန်းများ -**<br>• ချက်ချင်းလက်ငင်း ကျရောက်နိုင်သည့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များမှာ အဘယ်နည်း။<br>• ကလေးပြုစုစောင့်ရှောက်သူနှင့် ထိတွေ့ဆက်သွယ်မှုများအား မည်သို့ ကိုင်တွယ်လုပ်ဆောင်သင့်သနည်း။<br>• မည်သည့် ပေါင်းစပ်ညှိနှိုင်းမှုနှင့် ကြီးကြပ်ပံ့ပိုးမှု လုပ်ငန်းအဆင့်များ လိုအပ်သနည်း။ |
| **အားလုံးနှင့် ပြန်လည်ဆွေးနွေးမေးမြန်းခြင်း** | • ကျူးလွန်သူနှင့် ထိတွေ့ဆက်ဆံမှု မပြုခြင်းနှင့် ထိုသူနှင့် ဆက်သွယ်ဆောင်ရွက်ရန် တောင်းဆိုလာသည့် မတော်မတရားပြုမူခံရသော ကလေး/ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူ၏ အမြင်များ/ ဆန္ဒများကို လေးစားပေးခြင်းကြား မည်သည့်အားပြိုင်မှုများကို မြင်တွေ့ရသနည်း။<br>• ကျူးလွန်သူကြောင့် ထပ်မံ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်နစ်နာမှုများမှ သင် ကူညီပေးနေသည့် မတော်မတရားပြုမူခံရသော ကလေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် သင်၏ စည်းဘောင်များ (boundaries) ချမှတ်ထားရှိမှုကို ပိုမို ခိုင်မာအားကောင်းအောင် လုပ်ဆောင်နိုင်မည့် မည်သည့် အခွင့်အလမ်းများကို တွေ့ရှိရသနည်း။<br>• ကိုယ်တိုင်ကျူးလွန်ခဲ့သည့် ပြုစုစောင့်ရှောက်သူများနှင့်ပတ်သက်သော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ သင်၏ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူထံမှ လမ်းညွှန်မှုများ (သို့မဟုတ်) အကူအညီများကို မည်သည့်အချိန်တွင် ထပ်မံလိုအပ်မည်ဟု ထင်ပါသနည်း။ |
| **ကြီးကြပ်ပံ့ပိုးသူများ/ သင်တန်းဆရာများ အတွက် မှတ်ချက်** | • ဤအခြေအနေသည် ဖြစ်ရပ်နမူနာထဲတွင် ပါရှိသည့်အတိုင်း ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ကလေးပြုစုစောင့်ရှောက်သူအတွက်လည်း အားပြိုင်မှုများ ရှိနိုင်ပါသည်။ ဤအခြေအနေနှင့် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် မည်သို့ ဆက်သွယ်အလုပ်လုပ်ရမည် |

| | |
|---|---|
| | ဆိုသည်ကို သီးခြားအစီအစဉ်တစ်ခုတွင် အသေးစိတ် ထပ်မံ လေ့လာသွားရန် ရှိပါသည် (အပိုင်း-၁၀ ကို ကြည့်ပါ)။ ဤကိစ္စကို မည်သို့ ကိုင်တွယ်ရမည်ဆိုသည် မေးခွန်းများ မေးမြန်းလာလျှင် မှတ်သားထားပြီး ထိုအပိုင်းကို ပြုလုပ်ပေးသော အချိန်တွင် ပြန်လည်ချိတ်ဆက်ဆွေးနွေးပေးဖို့ မမေ့ပါနှင့်။ |

| | |
|---|---|
| **အကြောင်းအရာ** | **အခြားကလေးတစ်ဦးမှ ကျူးလွန်သည့် ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူမှု ဖြစ်ရပ်များ** |
| **အဓိပ္ပါယ်ဖွင့်ဆိုချက်** | အသက် (၁၈) နှစ်အောက် ရှိသူကို ကလေးဟု သတ်မှတ်ပါသည်။ ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူမှုဆိုသည်မှာ ကလေးသူငယ်အပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်သည့် အခွင့်အာဏာရှိသော အရွယ်ရောက်သူ လူကြီး တစ်ဦး (သို့) အခြားကလေးတစ်ဦးမှ ကလေးတစ်ဦးအပေါ် ကိုယ်ထိလက်ရောက်ပြုကျင့်မှု ပါရှိ၍ ဖြစ်စေ၊ မပါဘဲဖြစ်စေ ကျူးလွန်သည့် လိင်မှုဆိုင်ရာ သဘာဝရှိသော ပြုမူလုပ်ဆောင်မှု ပုံစံတစ်ခု ဖြစ်သည်။ ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူမှုတွင် မကြာခဏဆိုသလို ခန္ဓာကိုယ်ကို ထိကိုင်မှု ရှိတတ်သော်လည်း အမြဲတမ်းမဟုတ်ပေ။ |
| **ဤအခြေအနေသည် အဘယ်ကြောင့် ခက်ခဲရှုပ်ထွေးသနည်း** | • ထိခိုက်နစ်နာသည့် ကလေးနှင့် နစ်နာအောင် လုပ်ဆောင်သည့် ကလေး နှစ်ဦးစလုံးသည် ရပိုင်ခွင့်များ၊ လိုအပ်ချက်များနှင့် ထိခိုက်လွယ်မှုများ ရှိကြသည့် ကလေးများ ဖြစ်ပါသည်။<br>• လူကြီးများက ထိခိုက်နစ်နာမှုကို အလေးမထားခြင်း (“ကလေးတွေက စမ်းသပ်ကြည့်ချင်တာပါ”) (သို့မဟုတ်) ထိုအပြုအမူကို ရာဇဝတ်ပြစ်မှုအဖြစ် အလွန်အကျူး ပုံဖော်ခြင်းတို့ ပြုလုပ်နိုင်သည်။<br>• မိသားစုများသည် ရှက်ခြင်း၊ ဒေါသထွက်ခြင်း (သို့မဟုတ်) ဝေခွဲမရဖြစ်ခြင်းတို့ကို ခံစားရနိုင်ပြီး ပူးပေါင်းဆောင်ရွက်မှုအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။<br>• ရပ်ရွာမှ တုံ့ပြန်မှုများကြောင့် ကဲ့ရဲ့ပြစ်တင်၍ အရှက်ရအောင် လုပ်ဆောင်မှု (သို့မဟုတ်) လက်တုံ့ပြန်ရန်ပြုမူမှုများ တိုးလာနိုင်ပါသည်။<br>• ထိုအပြုအမူသည် ကလေးကိုယ်တိုင် ကြုံတွေ့ခဲ့ဖူးသည့် အကြမ်းဖက်မှု၊ မတော်မတရားပြုမူမှု (သို့မဟုတ်) လျစ်လျူရှုခံရမှုတို့နှင့် ဆက်စပ်နေနိုင်ပါသည်။<br><br>**တစ်ချိန်တည်းတွင် သတိပြုသင့်သည့် အချက်မှာ** ဆယ်ကျော်သက်များကြား လုပ်ဆောင်သည့် လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုများအားလုံးသည် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူမှု မဟုတ်ဟူသော အချက် ဖြစ်သည်။ အရွယ်ပိုကြီးသည့် ဆယ်ကျော်သက်များကြားတွင် နှစ်ဦးသဘောတူ လုပ်ဆောင်သည့် လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှု ရှိနိုင်သည်ဆိုသည်ကို ဖြစ်ရပ်စီမံခန့်ခွဲသူများ သိရှိသတိပြုသင့်သည်။<br><br>• လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူမှုတွင် သဘောတူခွင့်ပြုချက် မပါခြင်း၊ အကျပ်ကိုင်ခြင်း၊ အတင်းအကျပ်လုပ်ဆောင်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း (သို့မဟုတ်) အခွင့်အာဏာ မညီမျှခြင်းတို့ ပါရှိပါသည်။<br>• ဆယ်ကျော်သက်များကြား နှစ်ဦး သဘောတူ လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုကို ယဉ်ကျေးမှုအရ မပြောအပ်၊ မလုပ်အပ်ဟု တားမြစ်ထားချက်များ (သို့မဟုတ်) အကျင့်စာရိတ္တပိုင်းဆိုင်ရာ ကိစ္စများကြောင့် မတော်မတရားပြုမူမှုအဖြစ် သတ်မှတ်၍ မရပါ။ |

| | |
|---|---|
| | • CCS ဖြစ်ရပ်စီမံခန့်ခွဲမှုတွင် လူမှုရေးစံများ/ ရှေးရိုးစွဲအယူအဆများ (သို့မဟုတ်) ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ စံနှုန်းများကို ထောက်ခံပံ့ပိုးရန်ထက် ထိခိုက်နစ်နာခြင်း မရှိအောင် ကာကွယ်စောင့်ရှောက်ပေးရန်ကိုသာ အဓိကအာရုံစိုက်ပါသည်။ |
| **ဤဖြစ်ရပ်များတွင် မထင်မှတ်ဘဲ ပြုမိနိုင်သော အမှားများ/ ကျရောက်နိုင်သော အန္တရာယ်များထဲမှ အချို့ ...** | • ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ထိခိုက်နစ်နာမှုကို အလေးမထားခြင်း ("ကလေးတွေက စမ်းသပ်ကြည့်ချင်တာပါ") နှင့် ဖြစ်ရပ်တစ်ခုချင်းစီအလိုက် ဆန်းစစ်အကဲဖြတ်မှုများ မလုပ်ဆောင်ခြင်း<br>• ဖြစ်ရပ်စီမံခန့်ခွဲသူများက နှစ်ဦးသဘောတူ လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဆိုသော ဆယ်ကျော်သက်၏ စကားထက် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသော ပြုစုစောင့်ရှောက်သူမှ မတော်မတရားပြုမှုမှု ဖြစ်ပွားခဲ့ပါသည်ဟု စွပ်စွဲပြောဆိုသည့် စကားကို ပို၍ အလေးထားနိုင်ခြင်း |
| **ဖြစ်ရပ်စီမံခန့်ခွဲသူများ သေချာပေါက် လုပ်ဆောင်သင့်သည့် အလုပ်များ ...** | ဖြစ်ရပ်စီမံခန့်ခွဲသူသည် အောက်ပါတို့ကို လုပ်ဆောင်သင့်သည် -<br>• ဖြစ်ရပ်တစ်ခုချင်းစီအလိုက်ကို ဆန်းစစ်အကဲဖြတ်ပါ။ ဖြစ်ရပ်အားလုံးကို တစ်ပုံစံတည်း သတ်မှတ်ဆောင်ရွက်ခြင်း မပြုပါနှင့်။<br>• အရွယ်ပိုကြီးသည့် ဆယ်ကျော်သက်များ ပါဝင်ပတ်သက်နေသည့် ဖြစ်ရပ်များတွင် ၎င်းတို့အား ဖြစ်ရပ်စီမံခန့်ခွဲသူနှင့် သီးသန့် တွေ့ဆုံပြောဆိုနိုင်မည့် အခွင့်အရေး ရရှိစေရန်အတွက် လိုအပ်သည့် ကြိုးပမ်းအားထုတ်မှုများအားလုံးကို လုပ်ဆောင်ပါ။ သို့မှသာ အကျပ်ကိုင်ခြင်းနှင့် အခွင့်အာဏာ အလွဲသုံးစားလုပ်ခြင်း ရှိ/မရှိ (သို့မဟုတ်) သဘောတူခွင့်ပြုခဲ့ခြင်း ရှိ/မရှိ ဟူသည်နှင့်ပတ်သက်၍ ၎င်းတို့၏ ရှုထောင့်အမြင်ကို နားလည်သိရှိနိုင်မည်ဖြစ်သည်။<br>• ရှေးရိုးစွဲ အယူအဆများ၊ လူမှုရေးနှင့် ကျားမရေးရာ စံများကြောင့် အချို့သော ဆယ်ကျော်သက်များအနေဖြင့် ၎င်းတို့သည် လိင်ဆက်ဆံမှုများ ပြုလုပ်ကြောင်း ၎င်းတို့၏ ပြုစုစောင့်ရှောက်သူများကို ဝန်ခံရန် ခက်ခဲနိုင်သည်ဆိုသည်ကိုလည်း သိရှိထားဖို့ လိုပါသည်။<br><br>မတော်မတရား ပြုမှုမှု မရှိခဲ့လျှင် ဖြစ်ရပ်စီမံခန့်ခွဲသူ၏ အခန်းကဏ္ဍသည် အောက်ပါ အတိုင်း ပြောင်းလဲသွားနိုင်သည် -<br>• သတင်းအချက်အလက်နှင့် လမ်းညွှန်မှုများ ပေးခြင်း<br>• မိသားစုတွင်း ထိုကိစ္စနှင့် ပတ်သက်၍ ဆက်သွယ်ပြောဆိုမှုများ ပြုလုပ်နိုင်အောင် ကူညီပေးခြင်း<br>• ဆယ်ကျော်သက်များအတွက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများ (သို့မဟုတ်) SRH ဝန်ဆောင်မှုများသို့ သင့်လျော်သလို လွှဲပြောင်းညွှန်းပို့ပေးခြင်း |

| | |
|---|---|
| လေ့ကျင့်ခန်း | **ဖြစ်ရပ်နမူနာ (က)**<br><br>[အမည်] သည် အသက် (၁၀) နှစ်အရွယ် ယောကျ်ားလေးတစ်ဦးဖြစ်ပြီး သူ၏ ဆွေမျိုးအိမ်သို့ သွားရောက်လည်ပတ်စဉ်တွင် (၁၃) နှစ်အရွယ် ဝမ်းကွဲအစ်ကိုဖြစ်သူက သူ၏ လိင်အင်္ဂါ အစိတ်အပိုင်းများကို ထိကိုင်သည်ဟု ဖွင့်ဟပြောပြခဲ့သည်။ မိသားစုက ထိုအပြုအမူအား "ကလေးအချင်းချင်း စူးစမ်းခြင်း၊ စမ်းသပ်ခြင်း" မျှသာ ဖြစ်သည်ဟု ဆိုကာ ဖြစ်ရပ်စီမံခန့်ခွဲသူအနေဖြင့် ဤဖြစ်ရပ်အား အလွတ်သဘော ကိုင်တွယ်ပေးစေလိုကြောင်း ပြောသည်။ ထိုကလေး နှစ်ဦးမှာလည်း ယခင်ကကဲ့သို့ ပုံမှန်တွေ့ဆုံနေဆဲ ဖြစ်သည်ဟု ဆိုသည်။<br><br>**ဆွေးနွေးရန် မေးခွန်းများ -**<br><br>• ဘေးကင်းလုံခြုံမှုအတွက် ချက်ချင်းလက်ငင်း ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ အဘယ်နည်း။<br>• ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရမည်ဟူသည့် စည်းမျဉ်းကို ကလေး *နှစ်ဦးစလုံး* အတွက် လက်တွေ့မည်သို့ ကျင့်သုံးမည်နည်း။<br>• ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်များကို ဆုံးဖြတ်သည့်နေရာတွင် ကြီးကြပ်ပံ့ပိုးမှု၏ အခန်းကဏ္ဍမှာ အဘယ်နည်း။<br>• မည်သည့် ပေါင်းစပ်ညှိနှိုင်းမှု (သို့မဟုတ်) လွှဲပြောင်းညွှန်းပို့မှုများ လိုအပ်နိုင်သနည်း။<br><br>**ဖြစ်ရပ်နမူနာ (ခ)**<br><br>[အမည်] သည် (၁၇) နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ပြီး သူမသည် (၁၇) နှစ်အရွယ် ချစ်သူရည်းစားကောင်လေးနှင့် လိင်ပိုင်းဆိုင်ရာ ဆက်နွယ်ပတ်သက်မှု ရှိကြောင်း သိရှိပြီးနောက်တွင် ဖြစ်ရပ်စီမံခန့်ခွဲသူထံသို့ လွှဲပြောင်းညွှန်းပို့ပေးခဲ့ခြင်း ဖြစ်သည်။ ဆယ်ကျော်သက်နှစ်ဦးစလုံးက ၎င်းတို့၏ ဆက်ဆံရေးသည် နှစ်ဦးသဘောတူ အပြန်အလှန် နှစ်သက်၍ ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း ပြောသည်။ အကျပ်ကိုင်ခြင်း၊ အတင်းအကျပ်လုပ်ဆောင်ခြင်း၊ သိသာထင်ရှားသည့် အခွင့်အာဏာ မညီမျှမှု (သို့မဟုတ်) စိတ်ဖိစီးသောကရောက်မှု လက္ခဏာများ မတွေ့ရှိရပေ။ မိဘများမှာ အလွန်စိတ်ဆင်းရဲနေပြီး ၎င်းတို့၏ ယဉ်ကျေးမှုတွင် အိမ်ထောင်မပြုမီ လိင်ဆက်ဆံခြင်းကို လုံးဝ လက်သင့်မခံကြောင်း ပြောဆိုပြီး ဖြစ်ရပ်စီမံခန့်ခွဲသူအား ယောကျ်ားလေးကို "အရေးယူပေးရန်" အတင်းအကျပ် တောင်းဆိုနေသည်။<br><br>**ဆွေးနွေးရမည့် မေးခွန်းများ -**<br><br>• ဤဖြစ်ရပ်အခြေအနေတွင် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူမှု ဖြစ်ပွားခဲ့ခြင်း ရှိ/မရှိ ဆန်းစစ်အကဲဖြတ်ရန်အတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။ |

| | |
|---|---|
| | • ဆယ်ကျော်သက်များကြား အန္တရာယ်ရှိသည့် လိင်မှုဆိုင်ရာ ပြုမူလုပ်ဆောင်မှု လား၊ နှစ်ဦးသဘောတူ၊ အသက်အရွယ်နှင့် ကိုက်ညီသင့်တော်သည့် လိင်မှု ကိစ္စလား ဆိုသည်ကို မည်သို့ ခွဲခြား သိရှိနိုင်မည်နည်း။<br>• ဤဖြစ်ရပ်ကို ရှုမြင်ပုံအပေါ် ယဉ်ကျေးမှုစံများ (သို့မဟုတ်) ရပ်ရွာလူမှုအသိုင်း အဝိုင်း၏ စံများက မည်သို့ သက်ရောက်မှု ရှိနိုင်သနည်း။<br>• ဤပြုမူလုပ်ဆောင်မှုသည် မတော်မတရားပြုမူမှု မဟုတ်သော်လည်း မိသားစု ပဋိပက္ခ (သို့မဟုတ်) စိတ်ဆင်းရဲသောကရောက်မှုများကို ဖြစ်ပေါ်စေသောအခါ ဖြစ်ရပ်စီမံခန့်ခွဲသူဘက်မှ ဆောင်ရွက်ပေးရမည့် အခန်းကဏ္ဍမှာ အဘယ်နည်း။<br>• ဤအခြေအနေတွင် ဖြစ်ရပ်စီမံခန့်ခွဲသူသည် စည်းဘောင်များ ချမှတ်ကာ ဘေးကင်းလုံခြုံမှု ရှိအောင် ကူညီပေးနိုင်ရေးအတွက် မည်သည့် ကြီးကြပ်ပံ့ပိုးမှု များက အထောက်အကူဖြစ်မည်နည်း။ |
| **အားလုံးနှင့် ပြန်လည် ဆွေးနွေးမေးမြန်းခြင်း** | • အခြားကလေးတစ်ဦးမှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်း ခံရသော ကလေးများအတွက် သင် ကျင့်သုံးဆောင်ရွက်သည့် အလေ့အထ ပိုမို အားကောင်းအောင် လုပ်ဆောင်နိုင်မည့် မည်သည့်အခွင့်အလမ်းကို တွေ့ရှိရ သနည်း။<br>• ကလေးတစ်ဦးအပေါ် အခြားကလေးတစ်ဦးမှ လိင်ပိုင်းဆိုင်ရာ မတော်မတရား ပြုမူမှု ကျူးလွန်သော ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ ခက်ခဲရှုပ်ထွေးမှုများကို ကိုင်တွယ်ဖြေရှင်းပေးရန်အတွက် သင်၏ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူထံမှ လမ်းညွှန်မှုများ (သို့မဟုတ်) အကူအညီများကို မည်သည့်အချိန်တွင် ထပ်မံ လိုအပ်နိုင်မည်ဟု ထင်သနည်း။ |

## ၅-၃။ မေးမြန်းဆွေးနွေးခြင်း *(၁၀ မိနစ်)*

- **မေးပါ -** အစီအစဉ်အဆုံးမသတ်မီ [ဤအပိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ထည့်သွင်းပါ] နှင့် ပတ်သက်၍ ၎င်းတို့ မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိ/မရှိ မေးမြန်းပါ။
- အဓိကကျသည့် ဆင်ခြင်သုံးသပ်ချက်များကို အနှစ်ချုပ်ပေးကာ CCS လမ်းညွှန်နှင့် ချိတ်ဆက်ဆွေးနွေးပေးကာ အစီအစဉ်ကို ပိတ်သိမ်းပါ။
- **တောင်းဆိုပါ -** ဤအစီအစဉ်မှ ၎င်းတို့အတွက် အထူးခြားဆုံး ဖြစ်သည့်/ ၎င်းတို့နှင့်အတူ ယူဆောင်သွားမည့် လေ့လာ သင်ယူမှု/ ဆင်ခြင်သုံးသပ်ချက်တစ်ခုကို တစ်ယောက်ချင်းစီ မျှဝေပေးရန် တောင်းဆိုပါ။

## ၅-၄။ အစီအစဉ်အဆုံးသတ်ခြင်း *(၅ မိနစ်)*

- **ပြောပါ -** တက်ရောက်သူများအား အစီအစဉ်မှ ရရှိလိုက်သည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ပေးအပ်သည့် ဖောင်ပုံစံကို ဖြည့်စွက်ပေးရန် ပြောပါ။
- **အတည်ပြုပါ -** အစီအစဉ်အပိုင်း (၆) အတွက် နေ့ရက်နှင့် အချိန်ကို အတည်ပြုပါ။

# အပိုင်း (၆) - ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်၊ အဆင့်များနှင့် စပ်လျဉ်းသည့် ခက်ခဲရှုပ်ထွေးသော အခြေအနေများ

| | |
|---|---|
| ရည်ရွယ်ချက် | • CCS ဖြစ်ရပ်စီမံခန့်ခွဲမှုအတွင်း ပေါ်ပေါက်လာနိုင်သည့် အဓိကပြဿနာ/ ခက်ခဲရှုပ်ထွေးသည့် အခြေအနေအချို့ကို ပြန်လည်ဆွေးနွေးပေးရန်<br>• မိမိတို့ အလုပ်လုပ်နေသော နေရာဒေသအတွင်း ပေါ်ပေါက်လေ့ရှိသည့် ပြဿနာ နှစ်ခုကို ရွေးချယ်၍ ထိုပြဿနာများကို ကိုင်တွယ်ဆောင်ရွက်မှုအပေါ် ပြန်လည်သုံးသပ်ဆင်ခြင်နိုင်မည့် အခွင့်အလမ်းတစ်ခု ပေးအပ်ရန် |
| ကြာမြင့်ချိန် | (၆၀) မိနစ် |
| ဆွေးနွေးမည့် အကြောင်းအရာများ နှင့် အဆိုပြု ကြာမြင့်ချိန်များ | • ကြိုဆိုနှုတ်ခွန်းဆက်ခြင်း *(၅ မိနစ်)*<br>  ○ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း<br>• ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် အဓိကပြဿနာများနှင့် ခက်ခဲရှုပ်ထွေးသော အခြေအနေများအကြောင်း အကျဉ်းချုပ်တင်ပြချက် (စာရင်းထဲမှ ပြဿနာနှစ်ခု ကို ရွေးချယ် ၍ အသေးစိတ်သုံးသပ်ဆင်ခြင်ရန်) *(၄၀ မိနစ်)* -<br>  ○ ဆယ်ကျော်သက်မိန်းကလေးများနှင့် ထိတွေ့ဆက်သွယ် အလုပ်လုပ်ခြင်း<br>  ○ မသန်စွမ်းကလေးများနှင့် ထိတွေ့ဆက်သွယ်အလုပ်လုပ်ခြင်း<br>  ○ ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်း<br>  ○ ဥပဒေအရ မဖြစ်မနေ သတင်းပို့အစီရင်ခံရန် တာဝန်ရှိခြင်း (ဥပဒေရှိလျှင်)<br>  ○ သတင်းအချက်အလက်စီမံခန့်ခွဲမှု/ သတင်းအချက်အလက်မျှဝေခြင်း<br>  ○ ပြုစုစောင့်ရှောက်သူကိုယ်တိုင် ကျူးလွန်သည့် မတော်မတရားပြုမူမှု<br>  ○ အခြားကလေးတစ်ဦးမှ ကျူးလွန်သည့် ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူမှု ဖြစ်ရပ်များ<br>• မေးမြန်းဆွေးနွေးခြင်း *(၁၀ မိနစ်)*<br>• အစီအစဉ်အဆုံးသတ်ခြင်း *(၅ မိနစ်)* |
| သင်ထောက်ကူများ | ဖြန့်ဝေပေးရမည့် မှတ်စုစာရွက်များ -<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ |

| | |
|---|---|
| အစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လုပ်ဆောင်ထားရမည့် သုံးသပ်ဆင်ခြင်လေ့လာမှု/ လုပ်ဆောင်မှု | • နည်းပြလမ်းညွှန်မှုအစီအစဉ် အပိုင်း (၅) နှင့် (၆) တွင် အဓိကထား ဆွေးနွေးမည့် အကြောင်းအရာများကို ရွေးချယ်နိုင်ရန်အတွက် ပါဝင်တက်ရောက်မည့်သူများအား ဦးစားပေးအဆင့်သတ်မှတ်ချက်စာရွက် (the ranking worksheet) ကို တစ်ပတ်ကြိုတင်၍ ဖြည့်စွက်ပေးပို့ရန် တောင်းဆိုပါ။ |
| အစီအစဉ် ပြီးသည့်နောက် ဖတ်ရှုလိုက ဖတ်ရှုလေ့လာရန် | • CCS လမ်းညွှန် အခန်း (၅) (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၉၂-၁၁၀)<br>• CCS သင်တန်း မော်ဂျူး (၅)<br>• UNHCR ၏ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများအတွက် အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှုသည့် လုပ်ထုံးလုပ်နည်းများ (အွန်လိုင်းသင်တန်း)<br>• UNHCR (၂၀၂၁) အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှုသည့် လုပ်ထုံးလုပ်နည်းလမ်းညွှန် - ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဆန်းစစ်ခြင်းနှင့် ဆုံးဖြတ်သတ်မှတ်ခြင်း |

## *အစီအစဉ်အပိုင်း (၆) တွင် ပါဝင်သည့် အကြောင်းအရာများ*

### *၆-၁။ ကြိုဆိုနှုတ်ခွန်းဆက်ခြင်း (၅ မိနစ်)*

- နည်းပြလမ်းညွှန်ခြင်းအစီအစဉ် အပိုင်း (၆) သို့ တက်ရောက်လာသူများကို ကြိုဆိုနှုတ်ခွန်းဆက်ပါ။
- **ပြောပါ -** နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် လုံခြုံစိတ်ချစွာ လေ့လာသင်ယူနိုင်သည့် အစီအစဉ်များဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေရန်အတွက် မေးခွန်းများနှင့် အကြံပြုချက်များကို ကြိုဆိုပါသည်။
- **မေးပါ -** ပြီးခဲ့သည့် အစီအစဉ်နောက်ပိုင်း အဆင်ပြေကြပါသလား၊ မည်သို့ ခံစားရပါသနည်း။ ပြီးခဲ့သည့် အစီအစဉ်နှင့် ပတ်သက်၍ ၎င်းတို့ မေးမြန်းလိုသည့် မေးခွန်းများ (သို့မဟုတ်) မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိပါသလား။
- **ရှင်းပြပါ -** ယနေ့အစီအစဉ်တွင် [ကြိုတင်ဖြည့်စွက်ပေးပို့ထားကြသည့် ဦးစားပေးအဆင့်သတ်မှတ်ချက်များပေါ်အခြေခံရွေးချယ်ထားသည့် အကြောင်းအရာ ၂ ခုကို ထည့်သွင်းပါ] ကို အဓိကထား ဆွေးနွေးမည်ဖြစ်သည်။

**လုပ်ဆောင်ပါ - မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း - ပေါ့ပေါ့ပါးပါး ကိုယ်လက်လှုပ်ရှားမှုများ**

တက်ရောက်လာသူများအား အောက်ပါ လှုပ်ရှားမှုတစ်ခုစီကို စက္ကန့် ၂၀-၃၀ ခန့် ပြုလုပ်နိုင်အောင် ပြသပေးပါ -

- ခါးလှည့်ခြင်း
- ခြေကျင်းဝတ်များကို တစ်ပတ်ပြည့်အောင် လှည့်ခြင်း၊ နောက်တစ်ဖက် ပြောင်း၍ လှည့်ခြင်း
- ပုခုံးနှစ်ဖက် အပေါ်မြှင့်လိုက်၊ ချလိုက် လုပ်ခြင်း
- ခေါင်းတစ်ပတ်ပြည့်အောင်လှည့်ခြင်း၊ နောက်တစ်ဖက် ပြောင်း၍ လှည့်ခြင်း

စိတ်နှင့် ခန္ဓာ နိုးကြားလာရုံမျှ လှုပ်ရှားမှုလေးများကို ပေါ့ပေါ့ပါးပါး ပြုလုပ်ရန် ဖြစ်သည်။

အစီအစဉ်မစတင်မီ တောင့်တင်းနေမှုများ (သို့မဟုတ်) နာကျင်နေမှုများ ရှိလျှင် ဆန့်ထုတ်ဖြေလျှော့နိုင်ပြီး ခန္ဓာကိုယ်ကို သက်တောင့်သက်သာ ရှိစေမည်ဖြစ်သည်။ တက်ရောက်လာသူများအား ၎င်းတို့၏ ခန္ဓာကိုယ်ကို သတိပြုမိစေရန်အတွက် လှုပ်ရှားနေစဉ်အတွင်းနှင့် လှုပ်ရှားပြီးနောက် မည်သို့ ခံစားရကြောင်း သတိပြုကြည့်ရှုရန် အားပေးတိုက်တွန်းပါ။

## *၆-၂။ ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် အဓိက ပြဿနာများနှင့် ခက်ခဲရှုပ်ထွေးသော အခြေအနေများ (စုစုပေါင်း ၄၀ မိနစ် - အကြောင်းအရာတစ်ခုလျှင် မိနစ် ၂၀ စီ)*

- **ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများသည် အစီအစဉ် အပိုင်း (၅) မတိုင်မီက ဖြည့်စွက်ပေးပို့ထားသည့် ဦးစားပေးအဆင့်သတ်မှတ်ချက်ပေါ် အခြေခံ၍ ဤအပိုင်းတွင် အဓိကထား ဆွေးနွေးမည့် အကြောင်းအရာနှစ်ခုကို ရွေးချယ်သင့်သည်။**
- **ဆွေးနွေးရမည့် အကြောင်းအရာများကို အစီအစဉ်အပိုင်း (၅) မှ ရယူပါ (ရှေ့တွင် ကြည့်ပါ)။**

## *၆-၃။ မေးမြန်းဆွေးနွေးခြင်း (၁၀ မိနစ်)*

- **မေးပါ** - အစီအစဉ်အဆုံးမသတ်မီ [ဤအပိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ထည့်သွင်းပါ] နှင့် ပတ်သက်၍ ၎င်းတို့ မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိ/မရှိ မေးမြန်းပါ။
- အဓိကျသည့် ဆင်ခြင်သုံးသပ်ချက်များကို အနှစ်ချုပ်ပေးကာ CCS လမ်းညွှန်နှင့် ချိတ်ဆက်ဆွေးနွေးပေးကာ အစီအစဉ်ကို ပိတ်သိမ်းပါ။
- **တောင်းဆိုပါ** - ဤအစီအစဉ်မှ ၎င်းတို့အတွက် အထူးခြားဆုံး ဖြစ်သည့်/ ၎င်းတို့နှင့်အတူ ယူဆောင်သွားမည့် လေ့လာ သင်ယူမှု/ ဆင်ခြင်သုံးသပ်ချက်တစ်ခုကို တစ်ယောက်ချင်းစီ မျှဝေပေးရန် တောင်းဆိုပါ။

## *၆-၄။ အစီအစဉ်အဆုံးသတ်ခြင်း (၅ မိနစ်)*

- **ပြောပါ** - တက်ရောက်သူများအား အစီအစဉ်မှ ရရှိလိုက်သည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ပေးအပ်သည့် ဖောင်ပုံစံကို ဖြည့်စွက်ပေးရန် ပြောပါ။
- **အတည်ပြုပါ** - အစီအစဉ်အပိုင်း (၇) အတွက် နေ့ရက်နှင့် အချိန်ကို အတည်ပြုပါ။

# အပိုင်း (၇) - ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ထိတွေ့ဆက်သွယ် အလုပ်လုပ်ခြင်း

| | |
|---|---|
| ရည်ရွယ်ချက် | • CCS လမ်းညွှန်များနှင့်အညီ မတော်မတရားမှုကို ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ကလေးပြုစုစောင့်ရှောက်သူများနှင့် မည်သည့်အချိန်တွင် မည်သို့ ဆက်သွယ်အလုပ်လုပ်ရမည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း နားလည်သိရှိ သွားစေရန်<br>• ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ကိုယ်တိုင် ကျူးလွန်ခြင်း မရှိသည့် ကလေးပြုစု စောင့်ရှောက်သူများနှင့် လက်ရှိတွင် မည်သို့မည်ပုံ ဆက်သွယ်ဆောင်ရွက်နေ ကြောင်းနှင့် ထိုအတွက် ၎င်းတို့ ကျင့်သုံးနေသည့် အလေ့အထကို ပိုမိုအား ကောင်းအောင် မည်သို့ လုပ်ဆောင်နိုင်မည်ဆိုသည်ကို ပြန်လည်သုံးသပ်ဆင်ခြင် နိုင်မည့် အခွင့်အလမ်းတစ်ခု ပေးအပ်ရန် ဖြစ်သည်။ |
| ကြာမြင့်ချိန်: | (၆၀) မိနစ် |
| ဆွေးနွေးမည့် အကြောင်းအရာများ နှင့် အဆိုပြု ကြာမြင့်ချိန်များ | • ကြိုဆိုနှုတ်ခွန်းဆက်ခြင်း *(၁၀ မိနစ်)*<br>  ○ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း<br>• စဉ်းစားသုံးသပ်ချက်များကို မျှဝေခြင်း *(၁၅ မိနစ်)*<br>• လေ့ကျင့်ခန်း *(၂၅ မိနစ်)*<br>• မေးမြန်းဆွေးနွေးခြင်း *(၅ မိနစ်)*<br>• အစီအစဉ်အဆုံးသတ်ခြင်း *(၅ မိနစ်)* |
| သင်ထောက်ကူများ | ဖြန့်ဝေပေးရမည့် မှတ်စုစာရွက်များ<br>• ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ကလေးပြုစုစောင့်ရှောက်သူများနှင့် အလုပ်လုပ်ခြင်း ဖြစ်ရပ်နမူနာများ<br>• ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လေ့လာရှာဖွေခြင်း<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိ ချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ |

| | |
|---|---|
| အစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လုပ်ဆောင်ထားရမည့် သုံးသပ်ဆင်ခြင်လေ့လာမှု/ လုပ်ဆောင်မှု | • အစီအစဉ်မတိုင်မီ အောက်ပါ မေးခွန်းများကို စဉ်းစားသုံးသပ်ဆင်ခြင်ထားရပါမည် -<br>○ သင်သည် CCS လုပ်ငန်းတွင် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် တက်ကြွစွာ ဆက်သွယ်၍ အလုပ်လုပ်ဖူးပါသလား။ လုပ်ဖူးပါသည်/ မလုပ်ဖူးပါ။<br>○ လုပ်ဖူးလျှင် ဖြစ်ရပ်စီမံခန့်ခွဲမှု၏ မည်သည့်အဆင့်များတွင် ၎င်းတို့နှင့် အများဆုံး ဆက်သွယ်အလုပ်လုပ်ဖြစ်သည်ကို သတိပြုမိပါသနည်း။ အဘယ်ကြောင့် ထိုအဆင့်များတွင် အများဆုံး ဆက်သွယ်ဖြစ်သည်ဟု ထင်သနည်း။<br>○ ယေဘုယျခြုံကြည့်လျှင် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ထိတွေ့ဆက်ဆံမှုများသည် ကောင်းကျိုးပိုများပါသလား၊ ဆိုးကျိုးပိုများပါသလား၊ ကောင်းကျိုး၊ ဆိုးကျိုး နှစ်မျိုးစလုံး ရောနေပါသလား။<br>○ ရှေ့မှ မေးခွန်းတွင် ပေးခဲ့သော သင်၏ အဖြေအတွက် အကြောင်းပြချက်နှင့် မည်သည့်အကြောင်းအချက်များကြောင့် သင် ထိုသို့ ရှုမြင်ရခြင်းဖြစ်ကြောင်း အကျဉ်းချုပ် ရှင်းပြပါ။ |
| အစီအစဉ် ပြီးသည့်နောက် ဖတ်ရှုလိုက ဖတ်ရှုလေ့လာရန် | • CCS လမ်းညွှန် အခန်း (၂) (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၄၉-၅၀)<br>• CCS လမ်းညွှန် အခန်း (၄) (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၈၉-၉၀)<br>• CCS လမ်းညွှန် အခန်း (၅) (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၉၆-၁၀၀)<br>• CCS လမ်းညွှန် (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၁၇၇-၁၇၈) |

# အစီအစဉ်အပိုင်း (၇) တွင် ပါဝင်သည့် အကြောင်းအရာများ

## *၇-၁။ ကြိုဆိုနှုတ်ခွန်းဆက်ခြင်း (၁၀ မိနစ်)*

- နည်းပြလမ်းညွှန်ခြင်းအစီအစဉ် အပိုင်း (၇) သို့ တက်ရောက်လာသူများကို ကြိုဆိုနှုတ်ခွန်းဆက်ပါ။
- **ပြောပါ -** နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် လုံခြုံစိတ်ချစွာ လေ့လာသင်ယူနိုင်သည့် အစီအစဉ်များဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေရန်အတွက် မေးခွန်းများနှင့် အကြံပြုချက်များကို ကြိုဆိုပါသည်။
- **မေးပါ -** ပြီးခဲ့သည့် အစီအစဉ်နောက်ပိုင်း အဆင်ပြေကြပါသလား၊ မည်သို့ ခံစားရပါသနည်း။ ပြီးခဲ့သည့် အစီအစဉ်နှင့် ပတ်သက်၍ ၎င်းတို့ မေးမြန်းလိုသည့် မေးခွန်းများ (သို့မဟုတ်) မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိပါသလား။
- **ရှင်းပြပါ -** ယနေ့အစီအစဉ်တွင် ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုကို ကိုယ်တိုင်ကျူးလွန်ထားခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ်အလုပ်လုပ်ခြင်းအကြောင်းကို အဓိကထား ဆွေးနွေးမည်ဖြစ်သည်။

**လုပ်ဆောင်ပါ - မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း - မိမိကိုယ်မိမိ မေတ္တာထားခြင်း**

မကြာခဏဆိုသလို ကျွန်ုပ်တို့သည် မိမိကိုယ်ကိုယ် အခြားသူတစ်ဦးဦးအပေါ် ဆက်ဆံသည့်ပုံစံထက် ပိုမို ဆိုးရွားပြင်းထန်စွာ ဆက်ဆံမိတတ်သည်။ ဤလေ့ကျင့်ခန်းတွင် သင့်ကိုယ်သင် ချစ်ခင်ကြောင်း ဖော်ပြသည့် စာတစ်စောင်ကို ရေးသားရမည်ဖြစ်သည်။ ကလေးငယ်လေးတစ်ဦးကို စကားပြောနေသည့် ပုံစံမျိုးဖြင့် သင့်ကိုယ်သင် စကားပြောနေသည်ဟု စိတ်ကူးထဲတွင် မြင်ယောင်ကြည့်ပါ။ ပြောသမျှကို လက်ခံနားထောင်ပေးပြီး ချစ်ခြင်းမေတ္တာကို ပြသပါ။ ထိုကလေးလေးအား သူ/သူမ/သူတို့သည် အဖိုးတန် လုပသည့်၊ ကောင်းခြင်းများနှင့် ထိုက်တန်သည့် လူသားတစ်ဦး ဖြစ်ကြောင်း သင် မည်သို့ နှစ်သိမ့်အားပေးနေမည်ဆိုသည်ကို စိတ်ထဲတွင် တွေးကာ သင့်ကိုယ်သင် ရေးသားပေးပို့မည့် စာတိုလေးကို မေတ္တာတရားအပြည့်ဖြင့် ချစ်ခင်ကြင်နာစွာ ရေးသားပါ။

လူများသည် မည်သည့်နည်းလမ်းဖြင့် မိမိကိုယ်မိမိ ချစ်ခြင်းမေတ္တာကို ပြသခဲ့ကြသနည်း။

**ပြောပါ -** ဤလေ့ကျင့်ခန်းကို လုပ်ဆောင်ခဲ့ကြသူတိုင်းကို ကျေးဇူးတင်ပါသည်။ စိတ်ထဲတွင် နေလို့ကောင်းစေရန်အတွက် မိမိကိုယ်မိမိ အားပေးပြီး ချစ်ခြင်းမေတ္တာကို ပြသရာတွင် အသုံးပြုခဲ့သည့် စကားအချို့ကို မျှဝေပေးနိုင်ပါသည်။

မိမိကိုယ်မိမိ မေတ္တာပြသနိုင်သည့် နည်းလမ်းကောင်းအချို့ကို အောက်တွင် ဖော်ပြပေးထားပါသည်။

(**ကြီးကြပ်ပံ့ပိုးသူများအတွက် မှတ်ချက် -** အောက်ဖော်ပြပါစာရင်းမှ သင့်တော်သည့် ဥပမာများကို ပြောပြပေးနိုင်သလို တက်ရောက်လာသူများ မျှဝေပေးသည့် စကားများထဲမှ သင် ထူးထူးခြားခြား သတိပြုမိသည်များကိုလည်း ပြန်လည်သုံး သပ်ဆွေးနွေးပေးရပါမည်။)

- မင်းဟာ ကောင်းခြင်းတွေနဲ့ ထိုက်တန်တယ်။
- မင်းဟာ ချစ်ခြင်းမေတ္တာနဲ့ ထိုက်တန်တယ်။
- မင်းကို လူတွေက ချစ်ကြတယ်။
- မင်းဟာ ဘဝမှာ ဘာတွေကို လုပ်ဖို့ ရွေးချယ်ခဲ့၊ ရွေးချယ်ခဲ့ ရတယ်၊ အဆင်ပြေတယ်။
- မင်းကို အရမ်းသဘောကျတယ်။
- မင်းမှာ ပင်ကိုအစွမ်းအစတွေ အများကြီးရှိတယ်။
- မင်းရဲ့ နဂိုပုံစံလေးအတိုင်းပဲ မင်းဟာ ပကတိ ကောင်းမွန်ပြည့်စုံနေပါပြီ။
- ဘယ်သူ ဘာပြောပြော စိတ်ဓာတ်မကျနဲ့။ မင်းကို ငါ ယုံတယ်။
- တောင့်ထား၊ အားတင်းထား။
- အားလုံး အဆင်ပြေသွားမှာ။
- မင်းဟာ ကြံ့ခိုင်သန်မာတယ်။
- မင်းမှာ အလားအလာတွေ အများကြီး ရှိတယ်။
- မင်းဟာ လုံလောက်တယ်၊ ပြည့်စုံတယ်၊ ကောင်းမွန်တယ်။

**ပြောပါ -** နောက်တစ်ကြိမ် မိမိကိုယ်မိမိ မေတ္တာထားသည့် လေ့ကျင့်ခန်းကို လုပ်သောအခါ အဆိုပါ ဖော်ပြချက်များကို အသုံးပြု၍ သင်သည် အလွန်ထူးခြားကောင်းမွန်သူတစ်ဦး ဖြစ်ကြောင်း သင့်ကိုယ်သင် သတိပေးပါ။ ဤလေ့ကျင့်ခန်းကို သင်၏ မိမိကိုယ်မိမိ စောင့်ရှောက်မှု အလေ့အထထဲတွင် ထည့်သွင်းလုပ်ဆောင်နိုင်အောင် ကြိုးစားပါ။ ခက်ခက်ခဲခဲ ရုန်းကန်နေရချိန်များတွင် သင်၏ စိတ်ဓာတ်ကို ပြန်လည်မြှင့်တင်ရန် (သို့မဟုတ်) မိမိစိတ်ထဲ၊ အတွေးထဲတွင် မိမိ၏ ကောင်းမွန်သည့် ပုံရိပ်ကို အစဉ်အမြဲ ထိန်းထားနိုင်ရန်အတွက် ဤလေ့ကျင့်ခန်းက များစွာ အထောက်အကူပြုပါသည်။

*[ဤနေရာမှာ ရယူထားပါသည် - Tchiki Davis, MA, PhD. Self-compassion exercise. Berkeley Wellbeing.]*

## ၇-၂။ သုံးသပ်ချက်များကို မျှဝေခြင်း (၁၅ မိနစ်)

**ရှင်းပြပါ -** ဖြစ်ရပ်စီမံခန့်ခွဲသူများအဖြစ် မတော်မတရားပြုမှုခံရသော ကလေးများကို ကူညီစောင့်ရှောက်ပေးသည့် လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကိုယ်တိုင်ကျူးလွန်ခဲ့ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ်အလုပ်လုပ်ခြင်းအကြောင်းကို ယနေ့ အဓိကထား ဆွေးနွေးမည်ဖြစ်သည်။

ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူဆိုသည်မှာ ၎င်းတို့ကလေးအပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုမှုကို ကျူးလွန်ခဲ့ခြင်း (သို့မဟုတ်) တိုက်ရိုက်ပါဝင်ပတ်သက်ခဲ့ခြင်း မရှိသည့် မိဘတစ်ဦး (သို့မဟုတ်) ပြုစုစောင့်ရှောက်သူတစ်ဦးကို ဆိုလိုပါသည်။ ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ကလေး၏ ဘေးကင်းလုံခြုံရေး၊ အချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းပေးရေးနှင့် ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် တတ်နိုင်သမျှ ထိတွေ့ဆက်သွယ်သင့်သည်။ ထိုသို့ ထိတွေ့ဆက်သွယ်နေကြောင်းကို မတော်မတရားပြုမှုခံရသော ကလေးမှ သိရှိထားပြီးလည်း ဖြစ်သင့်သည်။ ဖြစ်ရပ်စီမံခန့်ခွဲသူများသည် (လမ်းညွှန်အခြေခံမူများနှင့်အညီ) ကိုယ်တိုင် ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ဘေးအန္တရာယ်ကင်းစွာနှင့် ထိရောက်စွာ ဆက်သွယ်အလုပ်လုပ်လျှင် မတော်မတရားပြုမှုခံရသော ကလေးအတွက် ရလဒ်ကောင်းများကို ပိုမိုရရှိစေနိုင် ပါသည်။

**ဆွေးနွေးပါ -** ဤအစီအစဉ်မတိုင်မီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စဉ်းစားသုံးသပ်ခိုင်းထားသော အောက်ပါမေးခွန်းများကို ယနေ့အချိန်အထိ ကျင့်သုံးလုပ်ဆောင်ခဲ့သည့် သင်၏ အတွေ့အကြုံများပေါ်တွင် အခြေခံကာ ဆွေးနွေးပေးပါ -

- **မေးပါ -** CCS လုပ်ငန်းတွင် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့် ရှောက်သူများနှင့် တက်ကြွစွာ ဆက်သွယ်၍ အလုပ်လုပ်ဖူးသူများ လက်ထောင်ပြပါ။ လုပ်ဖူးသူများ ဖြစ်လျှင် ….
- **မေးပါ -** ဖြစ်ရပ်စီမံခန့်ခွဲမှု၏ မည်သည့်အဆင့်များတွင် ၎င်းတို့နှင့် အများဆုံး ဆက်သွယ်အလုပ်လုပ်ဖြစ်သည်ကို သတိပြုမိပါသနည်း။ အဘယ်ကြောင့် ထိုအဆင့်များတွင် အများဆုံး ဆက်သွယ်ဖြစ်သည်ဟု ထင်သနည်း။
- **မေးပါ -** ယေဘုယျခြုံကြည့်လျှင် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ထိတွေ့ဆက်ဆံမှုများသည် ကောင်းကျိုးပိုများသည်၊ ဆိုးကျိုး ပိုများသည်၊ ကောင်းကျိုး၊ ဆိုးကျိုး နှစ်မျိုးစလုံး ရောနေသည်ဟု ထင်သူများ လက်ထောင်ပြပါ။
- **မေးပါ -** မျှဝေပေးလိုသူ တစ်ဦးကို ဖိတ်ခေါ်၍ အဘယ်ကြောင့် ဆိုးကျိုးထက် ကောင်းကျိုးပိုများသည်ဟု ထင်သနည်းဆိုသည်ကို အကျဉ်းချုပ် ရှင်းပြခိုင်းပါ။ နောက်ထပ် မျှဝေပေးလိုသူ တစ်ဦးကို ဖိတ်ခေါ်၍ အဘယ်ကြောင့် ကောင်းကျိုးထက် ဆိုးကျိုးပိုများသည်ဟု ထင်သနည်းဆို သည်ကို အကျဉ်းချုပ် ရှင်းပြခိုင်းပါ။ ထိုသို့သော ရှုထောင့်အမြင်ကို ရရှိစေရန် အထောက်အပံ့ပြုသည့်/ သက်ရောက်မှုရှိသည့် အကြောင်းအချက်များကိုလည်း မျှဝေခိုင်းပါ။

**ကြီးကြပ်ပံ့ပိုးသူများအတွက် မှတ်ချက် -** သိလျက်နှင့်ဖြစ်စေ၊ မသိဘဲဖြစ်စေ ဘက်လိုက်မှုများ၊ ကျားမရေးရာစံများနှင့် လူမှုရေးစံများ (ရေးရိုးစွဲအယူအဆများ) က ၎င်းတို့၏ အမြင်များအပေါ် သက်ရောက်မှုရှိသည်ဟု ထင်သလားဟု မေးမြန်းကာ သူတို့ထံမှ စကားများ ထွက်လာအောင် အစဖော်ပေးနိုင်ပါသည်။

သုံးသပ်ချက်များကို မျှဝေပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောပါ။

## ၇-၃။ လေ့ကျင့်ခန်း (၂၅ မိနစ်)

- **ပြောပါ -** ယခု လေ့ကျင့်ခန်းတစ်ခု လုပ်ပါမည်။ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခံရပြီးနောက် ကလေးအား ပြုစုစောင့်ရှောက်မှုများအတွင်းနှင့် ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ကိုယ်တိုင် ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရရှိရန်အတွက် ၎င်းတို့နှင့် (၎င်းတို့၏ အားသာချက်များကို ထည့်သွင်းစဉ်းစားလျက်) ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်ကြရပါမည်။ ဤလေ့ကျင့်ခန်းတွင် ထိုသို့ ဆက်သွယ်အလုပ်လုပ်နိုင်ရန်အတွက် ကျွန်ုပ်တို့၏ အလေ့အထများကို ပိုမိုအားကောင်းအောင် လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများကို ရှာဖွေကြမည်ဖြစ်သည်။

**ကြီးကြပ်ပံ့ပိုးသူအတွက် မှတ်ချက် -** ကြီးကြပ်ပံ့ပိုးသူများအနေဖြင့် ဖြစ်ရပ်နမူနာများကို မိမိတို့၏ နေရာဒေသအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ခြင်း (သို့မဟုတ်) မိမိတို့အဖွဲ့အစည်းမှ မကြာမီက ကိုင်တွယ်ခဲ့သော ဖြစ်ရပ်များနှင့် ပိုမိုနီးစပ်သည့် ဖြစ်ရပ်နမူနာများကို ကာယကံရှင်၏ အမည်မဖော်ပြဘဲ အစားထိုးအသုံးပြုခြင်းတို့ ပြုလုပ်နိုင်သည်။ အစီအစဉ်တွင် ပါဝင်တက်ရောက်သူများအား အဖွဲ့ငယ်လေးများ ခွဲကာ အဖွဲ့၏ လိုအပ်ချက်ပေါ်မူတည်၍ မတူညီသည့် ဖြစ်ရပ်နမူနာများကို ခွဲဝေပေး၍ဖြစ်စေ၊ ဖြစ်ရပ်နမူနာတစ်ခုတည်းကိုဖြစ်စေ ဆွေးနွေးခိုင်းရပါမည်။

**လုပ်ဆောင်ပါ - ကိုယ်တိုင်ကျူးလွန်ခြင်းမရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ်အလုပ်လုပ်ခြင်း ဖြစ်ရပ်နမူနာများ**

### ရည်ရွယ်ချက်

လက်တွေ့လုပ်ငန်းခွင်တွင် ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တစ်လျှောက် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ထိတွေ့ဆက်သွယ်ရန်နှင့် ၎င်းတို့၏ ပူးပေါင်းပါဝင်မှု အားကောင်းအောင် လုပ်ဆောင်ရန် အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန် ဤလေ့ကျင့်ခန်းက ကူညီပေးနိုင်ပါသည်။

ဤလေ့ကျင့်ခန်း၏ ရည်ရွယ်ချက်မှာ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရှာဖွေရန် ဖြစ်သည်။ ထိုသို့ ထိတွေ့ဆက်သွယ်ရခြင်းသည် အဓိကအားဖြင့် ၎င်းတို့ကလေးအား ပြုစုစောင့်ရှောက်မှုတွင် ပါဝင်ကူညီပေးရန်နှင့် ဒုတိယအနေဖြင့် ၎င်းတို့ကိုယ်တိုင်၏ ကလေးကို ကာကွယ်စောင့်ရှောက်၊ ဖေးမကူညီပေးနိုင်မည့် စွမ်းရည်များနှင့် အားသာချက်များကို မြှင့်တင်ပေးရန်အတွက် ဖြစ်ပါသည်။

### ညွှန်ကြားချက်များ

၁။ လေ့ကျင့်ခန်းအကြောင်း မိတ်ဆက်ပေးပြီး တက်ရောက်သူများအား ပေးထားသည့် ဖြစ်ရပ်နမူနာတစ်ခု (သို့မဟုတ်) ထို့ထက်ပိုသော ဖြစ်ရပ်နမူနာများ (ရရှိသည့် အချိန်ပေါ် မူတည်၍) အသုံးပြု၍ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရှာဖွေရမည်ဖြစ်ကြောင်း ရှင်းပြပါ။

၂။ *ကိုယ်တိုင်ကျူးလွန်ခြင်းမရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ်အလုပ်လုပ်ခြင်း ဖြစ်ရပ်နမူနာများ* စာရွက်ကို ဝေပေးပါ။

၃။ ၎င်းတို့အတွက် သတ်မှတ်ပေးသော ဖြစ်ရပ်နမူနာ(များ) ကို ဖတ်ရှုရန် ပြောပါ။ (၂-၃ မိနစ်)

၄။ အဖွဲ့ငယ်များ ဖွဲ့၍ ဖြစ်စေ၊ တစ်ဦးချင်းစီဖြစ်စေ *ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လေ့လာရှာဖွေခြင်း* စာရွက်တွင် ပါရှိသည့် ဇယားကို ဖြည့်စွက်ခိုင်းပါ။ အဓိကဆက်သွယ်ဆောင်ရွက်နိုင်မည့် နေရာများနှင့် နည်းလမ်းများကို ဖော်ပြပါ။ (၂၀ မိနစ်)

၅။ လေ့ကျင့်ခန်း စမလုပ်မီ မေးလိုသည့် မေးခွန်းများ ရှိ/မရှိနှင့် လေ့ကျင့်ခန်းလုပ်နေစဉ်အတွင်း အကူအညီလိုလျှင် တောင်းခံနိုင်ကြောင်း အသိပေးပါ။

၆။ လူပြန်စုပြီး အဓိကစဉ်းစားသုံးသပ်ချက်များနှင့် ဖော်ထုတ်တွေ့ရှိသည့် နည်းလမ်းများကို အကျဉ်းချုပ် ပြန်လည်မျှဝေခိုင်းပါ။

**ဖြန့်ဝေရန်မှတ်စုစာရွက်- ကိုယ်တိုင်ကျူးလွန်ခြင်းမရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ်အလုပ်လုပ်ခြင်း ဖြစ်ရပ်နမူနာများ**

**ဖြစ်ရပ်နမူနာ-၁။** [အမည်] သည် (၁၂) အရွယ် ယောကျ်ားလေးတစ်ဦး ဖြစ်ပြီး မိသားစုနှင့် သိကျွမ်းသူတစ်ဦးက သူ့အား လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခဲ့သည်။ သူသည် ဖခင်ဖြစ်သူနှင့်အတူ နေထိုင်သည်။ ဖခင်ဖြစ်သူက ထိုကလေးကို ယုံကြည်သော်လည်း မည်သို့ ကူညီပေးရမှန်းမသိဘဲ ဖြစ်နေသည်။ ကလေးသည် နှလုံးခုန်နှုန်း ရုတ်တရက် မြန်လာပြီး အသက်ရှူမဝဖြစ်တတ်သည်ဟု ဆိုသည်။ အထူးသဖြင့် သူတစ်ယောက်တည်း ရှိနေချိန် (သို့မဟုတ်) မတော်မတရားပြုမူခံရမှုကို ပြန်လည်အမှတ်ရချိန်များတွင် ဖြစ်တတ်သည်ဟု ဆိုသည်။ ကလေးသည် အိမ်ပြင်မထွက်ဘဲ သူ၏ ပြုစုစောင့်ရှောက်သူအနီးတွင်သာ အမြဲတွယ်ကပ်၍ နေလိုသည်ဟု သိရသည်။

**ဖြစ်ရပ်နမူနာ-၂။** [အမည်] သည် အသက် (၁၄) နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ပြီး သူမ ဖခင်က သူမကို (၃) နှစ်ကြာ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်းကို ခံစားခဲ့ရသူ ဖြစ်သည်။ မိခင်ဖြစ်သူသည်လည်း ခင်ပွန်းသည်၏ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူမှုနှင့် ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများကို တွေ့ကြုံခံစားခဲ့ရသည်။ [အမည်] သည် လစဉ်ဓမ္မတာ မလာတော့သဖြင့် မိခင်ဖြစ်သူက သူမတွင် ကိုယ်ဝန်ရှိမည်ကို စိုးရိမ်နေသည်။ သားအမိ နှစ်ဦးစလုံးသည် အကြမ်းဖက်မှု ထပ်မံ ခံစားရမည်ကို ကြောက်ရွံ့စိုးရိမ်နေကြသည်။ သူတို့နှစ်ဦးစလုံးသည် ဤအခြေအနေတွင် မျှော်လင့်ချက်ကင်းမဲ့နေကြပြီး ‘ဤဘဝတွင် ဆက်၍ အသက်မရှင်လိုတော့’ ဟု မိခင်ဖြစ်သူက ဆိုသည်။

**ဖြစ်ရပ်နမူနာ-၃။** [အမည်] သည် (၁၆) နှစ်အရွယ် မိန်းကလေးတစ်ဦး ဖြစ်ပြီး အသက်ကြီးသည့် အမျိုးသားတစ်ဦးက သူမကို လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခဲ့ကြောင်း ထုတ်ဖော်ဖွင့်ဟထားသည်။ ရပ်ရွာလူကြီးများက “ထိုအခြေအနေကို ဖြေရှင်းရန်” ထိုသူနှင့် သူမအား အိမ်ထောင်ချပေးရန် ဖိအားပေးနေသည်။ ထို့အတွက် သူမသည် ဒေါသထွက်နေသလို သူမ၏ မိဘများ ဒုက္ခရောက်မည်ကိုလည်း စိတ်ပူနေသည်။ တွေ့ဆုံဆွေးနွေးမှုများတွင် သူမသည် တည်တည်ငြိမ်ငြိမ် ရှိနေသော်လည်း အနာဂတ်အကြောင်း ပြောဆိုဆွေးနွေးရန် ငြင်းဆန်နေသည်။

**ဖြစ်ရပ်နမူနာ-၄။** [အမည်] သည် အသက် (၉) နှစ်အရွယ် သူ၏ ပထွေးဖြစ်သူသည် မတော်မတရားပြုမူမှုကို ကျူးလွန်သည်ဟု စွပ်စွဲခံထားရသည်။ ကလေး၏ မိခင်သည် ဘာလုပ်ရမည်မသိ ဝေခွဲမရ ဖြစ်ကာ စိတ်ထဲတွင် လွန်ဆွဲနေပြီး ဖြစ်ရပ်စီမံခန့်ခွဲသူအား အခြား ဝန်ဆောင်မှု များ ပါဝင်ပတ်သက်လာခြင်း မရှိအောင် လုပ်ဆောင်ပေး

ရန် တောင်းဆိုထားသည်။ ကလေးသည် ဆွေးနွေးမှုများတွင် စကား သိပ်မပြောပေ။ တစ်ခုခုကို စိုးရိမ်ပူပန်နေပုံ လည်း ရသည်။

**ဖြစ်ရပ်နမူနာ-၅။** [အမည်] သည် (၁၃) နှစ်အရွယ် ဆယ်ကျော်သက် မိန်းကလေးတစ်ဦးဖြစ်ပြီး သူမ၏ ဖခင်က လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခဲ့သည်ဟု စွပ်စွဲခံထားရသည်။ ကလေး၏ မိခင်က သမီးဖြစ်သူကို အပြစ်တင်ပြီး ကျူးလွန်သူတွင် တာဝန်မရှိဟုဆိုကာ ကာကွယ်ပေးနေသည်။ ဖြစ်ရပ်စီမံခန့်ခွဲသူနှင့် တွေ့ဆုံဆွေးနွေးမှုများအတွင်း ဆယ်ကျော်သက် မိန်းကလေးက သူမ၏ မိခင်အား ကျူးလွန်သူကို ကာကွယ်ပေးနေခြင်းကို ရပ်တန့်ကာ သူမအား အကြမ်းဖက်မှု၊ မတော်မတရားပြုမူမှုတို့မှ ကင်းဝေးစွာ နေထိုင်နိုင်အောင် ကူညီပေးဖို့ တောင်းပန်နေသည်။

**ဆွေးနွေးရန် မေးခွန်းများ -**

- လက်ငင်းကျရောက်နိုင်သည့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များမှာ အဘယ်နည်း။
- ပြုစုစောင့်ရှောက်သူနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို မည်သို့ ကိုင်တွယ်သင့်သနည်း။
- မည်သည့် ပေါင်းစပ်ညှိနှိုင်းမှုနှင့် ကြီးကြပ်ပံ့ပိုးမှု လုပ်ငန်းအဆင့်များ လိုအပ်သနည်း။

| ဖြန့်ဝေရန် မှတ်စုစာရွက် - ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လေ့လာရှာဖွေခြင်း | | | |
|---|---|---|---|
| ဖြစ်ရပ်စီမံခန့်ခွဲမှု အဆင့် | …. သောအခါတွင်/ အချိန်တွင် ကိုယ်တိုင် ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူနှင့် ဆက်သွယ်ဆောင်ရွက် နိုင်မည့် အခွင့်အလမ်း ရှိသည်။ | ဤအဆင့်တွင် ကိုယ်တိုင် ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူကို ဤသို့ […] ပြောနိုင်သည်။ | မတော်မတရားပြုမူခံရ သော ကလေး နှင့်/သို့ မဟုတ် ကိုယ်တိုင် ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူကို ….. အတွက် ကူညီပေးရန် ဖြစ်သည်။ |
| အဆင့် (၁) မိတ်ဆက်ခြင်းနှင့် စတင်ရှင်းလင်း ဆွေးနွေးပေးခြင်း | | | |
| အဆင့် (၂) ဆန်းစစ် အကဲဖြတ်ခြင်း | | | |
| အဆင့် (၃) ဖြစ်ရပ်အစီအစဉ် ရေးဆွဲခြင်း | | | |
| အဆင့် (၄) ဖြစ်ရပ်အစီအစဉ် အကောင်အထည် ဖော်ခြင်း | | | |
| အဆင့် (၅) နောက် ဆက်တွဲ ဆက်လက် ကူညီဆောင်ရွက်ခြင်း/ မေးမြန်းစုံစမ်းခြင်း | | | |

| | | | |
|---|---|---|---|
| **အဆင့် (၆) ဖြစ်ရပ်ဝိတ် သိမ်းခြင်း နှင့် သုံးသပ် အကဲဖြတ်ခြင်း** | | | |

## *၇-၄။ မေးမြန်းဆွေးနွေးခြင်း (၅ မိနစ်)*

- **တောင်းဆိုပါ -** မျှဝေပေးလိုသူ (၁) ဦး (သို့မဟုတ်) (၂) ဦးအား ဤလေ့ကျင့်ခန်းမှ ရရှိလိုက်သည့် အဓိကအချက်များနှင့် သင်ယူရရှိခဲ့သည်များကို လက်တွေ့တွင် မည်သို့ အသုံးချမည်ဆိုသည်ကို အကျဉ်းချုပ်မျှဝေပေးရန် ပြောပါ။
- **မေးပါ -** အစီအစဉ် အဆုံးမသတ်မီ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူနှင့် ဆက်သွယ်အလုပ်လုပ်ခြင်းနှင့် ပတ်သက်၍ ၎င်းတို့ မျှဝေပေးလိုသည့် သုံးသပ်ချက်များ ရှိ/မရှိ မေးမြန်းပါ။
- အဓိကျသည့် ဆင်ခြင်သုံးသပ်ချက်များကို အနှစ်ချုပ်ပေးကာ CCS လမ်းညွှန်နှင့် ချိတ်ဆက်ဆွေးနွေးပေးကာ အစီအစဉ်ကို ပိတ်သိမ်းပါ။
- **ရှင်းပြပါ -** ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ်အလုပ်လုပ်ခြင်းနှင့် စပ်လျဉ်းသော အဓိကသတင်းစကားများ -
    - အမှတ်ရသင့်သည့်အချက် - ဝန်ဆောင်မှုများ လာရောက်ရယူသောအခါ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်း ခံရသော ကလေး၏ အန္တရာယ်လုံခြုံရေးနှင့် စိတ်လုံခြုံမှုရှိရေး (ရေတိုနှင့် ရေရှည်) ဆောင်ရွက်ပေးခြင်း၊ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် မိသားစုဝင်များကို ကူညီပံ့ပိုးပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရန်မှာ CCS ၏ လမ်းညွှန်အခြေခံမူတစ်ခု ဖြစ်ပါသည်။
    - ကလေးသူငယ်ဗဟိုပြုသည့် နည်းလမ်းတွင် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူ၏ အားသာချက်များအပါအဝင် ကလေးတစ်ဦး၏ အကာအကွယ်ဖြစ်နိုင်သော အကြောင်းအချက်များ (protective factors) ကို ရှာဖွေဖော်ထုတ်၍ ထိုအချက်များပေါ်တွင် အားပြုပြီး အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းအချက်များ (risk factors) ကို ကိုင်တွယ်ဖြေရှင်းပေးပါသည်။
    - မတော်မတရားပြုမူခံရသော ကလေးများနှင့် ၎င်းတို့၏ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများသည် ၎င်းတို့ဘဝနှင့်ပတ်သက်၍ အကျွမ်းကျင်ဆုံး၊ နားအလည်ဆုံး သူများဖြစ်ပြီး ၎င်းတို့ဘဝအပေါ် သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ဆောင်ရွက်ပိုင်ခွင့် ရှိပါသည်။
    - ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူတစ်ဦးသည်လည်း ဖြစ်ရပ်စီမံခန့်ခွဲပေးသည့် ဝန်ဆောင်မှုများကို လိုအပ်နေသည့် အခြေအနေမျိုးကို ဖြစ်ရပ်စီမံခန့်ခွဲသူများ တွေ့ရှိကောင်း တွေ့ရှိနိုင်ပါသည်။ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများမှလည်း ဝန်ဆောင်မှုများ လိုအပ်နေသည့် အခါမျိုးတွင် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများနှင့် ဖြစ်ရပ်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ချက် ပိုမို မြင့်မားလာနိုင်ပါသည်။
    - အကြမ်းဖက်မှုများပါ တစ်ပြိုင်တည်း တွဲဖက်ဖြစ်ပေါ်နေသည့် အခြေအနေများတွင် ဖြစ်ရပ်စီမံခန့်ခွဲသူများသည် အခြားအကြမ်းဖက်မှုပုံစံများကို ထုတ်ဖော်ဖွင့်ဟလာသည့် အခြားမိသားစုဝင်များကိုလည်း လွှဲပြောင်းညွှန်းပို့ပေးရန် လိုအပ်ပါသည်။ ဥပမာ မတော်မတရားပြုမူခံရသည့် ကလေး၏ အမျိုးသမီးပြုစု

စောင့်ရှောက်သူသည် အရင်းနှီးဆုံးအဖော်၏ အကြမ်းဖက်မှုကို ဖွင့်ဟလာလျှင် သူမကိုလည်း GBV ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးထံ လွှဲပြောင်းညွှန်းပို့ပေးမည်ဟု ကမ်းလှမ်းသင့်သည်။ ထို GBV ဖြစ်ရပ်စီမံခန့်ခွဲသူသည် ယခု မတော်မတရားပြုမှုခံရသော ကလေးကို ကူညီပေးနေသည့် ဖြစ်ရပ်စီမံခန့်ခွဲသူမဟုတ်ဘဲ သီးခြားတစ်ယောက် ဖြစ်ရပါမည်။ သို့မှသာ ၎င်းတို့သည် ဆက်လက်ရှင်သန်သူ ဗဟိုပြုသည့် ပံ့ပိုးကူညီမှုများကို သီးသန့်စီ အာရုံစိုက်၍ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

- ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများကို ၎င်းတို့၏ ဂုဏ်သိက္ခာအား အလေးထား၍ လေးစားမှု၊ မေတ္တာတရားတို့ဖြင့် ဆက်ဆံသင့်သည်။
- သိလျက်နှင့်ဖြစ်စေ၊ မသိဘဲဖြစ်စေ ဖြစ်ရပ်စီမံခန့်ခွဲသူထံတွင် ယုံကြည်မှုများနှင့် ဘက်လိုက်မှုများ မည်သို့ပင် ရှိနေစေကာမူ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများသည် ခွဲခြားမှု မရှိသော ဆက်ဆံရေးမျိုးကို ရပိုင်ခွင့် ရှိပါသည်။
- ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများသည် စေ့စပ်ဖျန်ဖြေခြင်း၊ လင်မယားနှစ်ယောက်ကို ဆွေးနွေးပညာပေးခြင်း (သို့မဟုတ်) မိသားစုအကူအညီဖြင့် ကုစားပေးသည့် ကုထုံးတို့ကို ပြုလုပ်ပေးရန် တောင်းခံလာနိုင်သည်။ ထိုဝန်ဆောင်မှုများကို သင့်အဖွဲ့အစည်းမှ ဆောင်ရွက်ပေးသင့်သည် (သို့မဟုတ်) ဆောင်ရွက်ပေးရမည်ဟု မဆိုလိုပါ။ သင့်အဖွဲ့အစည်းမှ ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုများ၊ ထိုဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပုံနှင့် ထိုဝန်ဆောင်မှုများနှင့် ဒွန်တွဲပါလာနိုင်သည့် အန္တရာယ်ကျရောက်နိုင်ခြေများနှင့် အကျိုးကျေးဇူးများအကြောင်း မှန်ကန်တိကျသည့် သတင်းအချက်အလက်များကို ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများထံ ပေးအပ်နိုင်ဖို့ အရေးကြီးသည်။ သတိချပ်ရန် - အဖွဲ့အစည်းများကြား တစ်ပြေးညီလိုက်နာသည့် GBV လမ်းညွှန် (Inter-agency GBV Guidelines) ထဲတွင် အရင်းနှီးဆုံးအဖော်မှ အကြမ်းဖက်သည့် ဖြစ်ရပ်များ (IPV) အတွင်း စေ့စပ်ဖျန်ဖြေပေးခြင်းကို မလုပ်ဆောင်ဖို့ အကြံပြုထားပါသည်။
- ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူအချို့သည် မတော်မတရားပြုမှုခံရသော ကလေးအတွက် အထောက်အကူဖြစ်သည့်/ ကလေးကို ဗဟိုပြုသည့် နည်းလမ်းများဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခြင်း မရှိသည်ကို တွေ့ရနိုင်သည်။ ၎င်းတို့သည် လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရေး၊ ကလေးကို ကူညီဖေးမရေးနှင့် ပတ်သက်၍ မတင်မကျ/ စိတ်တွင်း ပဋိပက္ခဖြစ်နေနိုင်သည်။ ကျူးလွန်သူကိုပင် အကာအကွယ်ပေးနေနိုင်သည် (ဥပမာ ကျူးလွန်သူတွင် တာဝန်မရှိဟု အကြောက်အကန်ပြောခြင်း)၊ ကလေးကို ကူညီဖေးမပေးခြင်း မရှိဘဲ နေနိုင်သည် (ဥပမာ အပြစ်တင်ခြင်း၊ အရှက်ခွဲခြင်းတို့ကိုပင် လုပ်နိုင်သည်)။ ကလေးသူငယ်အပေါ် မတော်မတရားပြုမှုမှုသည် လက်ခံရင်ဆိုင်ရန် ခက်ခဲသည့် ကိစ္စဖြစ်သဖြင့် ထိုတုံ့ပြန်မှု နှစ်မျိုးစလုံးသည် ဖြစ်လေ့ဖြစ်ထ ရှိကြောင်း သိရှိရပါမည်။

ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ဆက်လက်ရှင်သန်သူ ဗဟိုပြုသည့် ကူညီစောင့်ရှောက်မှုကို **အစဉ်အမြဲ** ဦးစားပေးကာ ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို **ဦးထိပ်ထား**ရန် အရေးကြီးပါသည်။ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းသည် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပြီး အခြားသော အကျိုးစီးပွားများ/ ဦးစားပေးကိစ္စများထက် ကလေးများ၏ လိုအပ်ချက်များကို အဓိကထား ဆောင်ရွက်ပေးရန် အဘယ်ကြောင့် လိုအပ်ကြောင်း ရှင်းလင်းတိကျသော သတင်းအချက်အလက်များကို ၎င်းတို့ထံ ပေးအပ်ရပါမည်။

အချိန်ကြာလာသည်နှင့်အမျှ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူအချို့သည် နောက်ဆုံးတွင် ၎င်းတို့၏ ရပ်တည်ချက်များကို ပြောင်းလဲကာ လက်မခံမှု၊ ဆန့်ကျင်မှုများ နည်းလာခြင်း (သို့မဟုတ်) ကြားနေခြင်းနှင့် ကလေးကို ပို၍ ဖေးမကူညီလာခြင်းများ ဖြစ်နိုင်ပါသည်။ **သို့သော် ဖြစ်ရပ်စီမံခန့်ခွဲသူများ အနေဖြင့် ကြိုတင်မျှော်လင့်ထားသင့်သည်မှာ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူအချို့သည် ၎င်းတို့၏ ရပ်တည်ချက်ကို မပြောင်းလဲဘဲ ကလေးသူငယ်မဟုတ်ပြသည့်၊ ဆက်လက်ရှင်သန်သူ မဟုတ်ပြသည့် နည်းလမ်းနှင့် မကိုက်ညီသည့် ရှုထောင့်ကို ဆက်လက်ဆုပ်ကိုင်ထားနိုင်သည်ဟူသော အချက်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြိုးစားခြင်းထက် ကလေးကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် လိုအပ်သည်များကို လုပ်ဆောင်သွားရမည်ဖြစ်သည်။** ကလေး၏ ဘဝတွင် ယုံကြည်စိတ်ချရသည့်၊ ကလေး၏ အုပ်ထိန်းသူ/ ပြုစုစောင့်ရှောက်သူအဖြစ် ဆောင်ရွက်ပေးနိုင်မည့် နောက်ထပ် လူကြီးတစ်ဦး (၎င်းသည် ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ပေးနိုင်မည်ဆိုလျှင်) ကို ရှာဖွေရမည်ဟူသော အဓိပ္ပါယ်လည်း သက်ရောက်ပါသည်။ ထိုသူမျိုးကို ရှာမတွေ့ပါက ဖြစ်ရပ်စီမံခန့်ခွဲသူ/ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူက ကလေးအတွက် ထိုအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးနိုင်ပါသည်။

- **တောင်းဆိုပါ -** ဤအစီအစဉ်မှ ၎င်းတို့အတွက် အထူးခြားဆုံး ဖြစ်သည့်/ ၎င်းတို့နှင့်အတူ ယူဆောင်သွားမည့် လေ့လာ သင်ယူမှု/ ဆင်ခြင်သုံးသပ်ချက်တစ်ခုကို တစ်ယောက်ချင်းစီ မျှဝေပေးရန် တောင်းဆိုပါ။

## *၇-၅။ အစီအစဉ်အဆုံးသတ်ခြင်း (၅ မိနစ်)*

- **ပြောပါ -** တက်ရောက်သူများအား အစီအစဉ်မှ ရရှိလိုက်သည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ပေးအပ်သည့် ဖောင်ပုံစံကို ဖြည့်စွက်ပေးရန် ပြောပါ။
- **အတည်ပြုပါ -** အစီအစဉ်အပိုင်း (၈) အတွက် နေ့ရက်နှင့် အချိန်ကို အတည်ပြုပါ။

# အပိုင်း (၈) – MHPSS ဆန်းစစ်အကဲဖြတ်ခြင်း

| | |
|---|---|
| ရည်ရွယ်ချက် | • မတော်မတရားပြုမှုခံရသော ကလေးများနှင့် အလုပ်လုပ်သောအခါတွင် MHPSS ဆန်းစစ်အကဲဖြတ်မှုကို ထိရောက်စွာ လုပ်ဆောင်ရန် အရေးကြီးပုံနှင့် လိုအပ်ပုံကို ရှင်းလင်းစွာ နားလည်သိရှိသွားစေရန်<br>• MHPSS ဆန်းစစ်အကဲဖြတ်မှုများနှင့် မတော်မတရားပြုမှုခံရသော ကလေးများ၏ MHPSS လိုအပ်ချက်များကို ပြန်လည်သုံးသပ်ဆင်ခြင်နိုင်မည့် အခွင့်အလမ်းတစ်ခုကို ပေးအပ်ရန် |
| ကြာမြင့်ချိန် | ၆၀-၉၀ မိနစ် (လူမှုအသိုင်းအဝိုင်းမှ ကဲ့ရဲ့ပြစ်တင်ဖယ်ကြဉ်ခြင်းအကြောင်း ဆွေးနွေးပြောဆိုရန်အတွက် လိုအပ်သည့် အချိန်အတိုင်းအတာပေါ် မူတည်) |
| ဆွေးနွေးမည့် အကြောင်းအရာများ နှင့် အဆိုပြု ကြာမြင့်ချိန်များ | • ကြိုဆိုနှုတ်ခွန်းဆက်ခြင်း *(၅ မိနစ်)*<br>    ○ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း<br>• ထိရောက်သည့် MHPSS ဆန်းစစ်အကဲဖြတ်ချက်ဆိုသည်မှာ အဘယ်နည်း။ *(၇ မိနစ်)*<br>• ပေါင်းစပ်ညှိနှိုင်းမှုအပေါ် သက်ရောက်မှုများ *(၃ မိနစ်)*<br>• MHPSS ဆန်းစစ်အကဲဖြတ်မှု စွမ်းရည် မြှင့်တင်ရေး သုံးသပ်ဆန်းစစ်မှု *(၃၀ မိနစ်)*<br>• မေးမြန်းဆွေးနွေးခြင်း *(၅ မိနစ်)*<br>• အစီအစဉ်အဆုံးသတ်ခြင်း *(၅ မိနစ်)* |
| သင်ထောက်ကူများ | ဖြန့်ဝေပေးရမည့် မှတ်စုစာရွက်များ<br>• လေ့ကျင့်ခန်းအတွက် အသုံးပြုမည့် ဖြစ်ရပ်နမူနာများ<br>နေရာဒေသအခြေအနေနှင့် လိုက်လျောညီထွေပြုရန် - ကြီးကြပ်ပံ့ပိုးသူများသည် ဖြစ်ရပ်နမူနာများထဲတွင် မိမိတို့ ဒေသရှိ အမည်များကို ထည့်သွင်း၍ ပြင်ဆင်ရေးသားသင့်သည်။ အစီအစဉ်တွင် ပါဝင်တက်ရောက်နေသည့် ဝန်ထမ်းများ၏ အမည်ကို အသုံးပြုခြင်းအား တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။<br>• CCS MHPSS ဆန်းစစ်အကဲဖြတ်မှုပုံစံ (CCS MHPSS Assessment Tool) ကို တစ်ဦးလျှင် တစ်ရွက်စီ ဝေပေးပါ။<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ |

| | |
|---|---|
| အစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လုပ်ဆောင်ထားရမည့် သုံးသပ်ဆင်ခြင်လေ့လာမှု/ လုပ်ဆောင်မှု | • မတော်မတရားပြုမူခြင်းခံရသော ကလေးများအတွက် PSS အကဲဖြတ်ဆန်းစစ်မှု ဗီဒီယိုကို ကြည့်ရှုပါ။ (၂၁ မိနစ်)<br>• လမ်းညွှန်စာအုပ်တွင် ပါရှိသည့် CCS MHPSS ဆန်းစစ်အကဲဖြတ်မှုပုံစံ (CCS MHPSS Assessment Tool) ကို ဖတ်ရှုပါ။ |
| **အစီအစဉ် ပြီးသည့်နောက် ဖတ်ရှုလိုက ဖတ်ရှုလေ့လာရန်** | • CCS လမ်းညွှန် (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၁၃၉-၁၆၆)<br>• CCS သင်ရိုး မော်ဂျူး ၆(ခ) |

# အစီအစဉ်အပိုင်း (၈) တွင် ပါဝင်သော အကြောင်းအရာများ

## *၈-၁။ ကြိုဆိုနှုတ်ခွန်းဆက်ခြင်း (၅ မိနစ်)*

- နည်းပြလမ်းညွှန်ခြင်းအစီအစဉ် အပိုင်း (၈) သို့ တက်ရောက်လာသူများကို ကြိုဆိုနှုတ်ခွန်းဆက်ပါ။
- **ပြောပါ -** နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် လုံခြုံစိတ်ချစွာ လေ့လာသင်ယူနိုင်သည့် အစီအစဉ်များဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေရန်အတွက် မေးခွန်းများနှင့် အကြံပြုချက်များကို ကြိုဆိုပါသည်။
- **မေးပါ -** ပြီးခဲ့သည့် အစီအစဉ်နောက်ပိုင်း အဆင်ပြေကြပါသလား၊ မည်သို့ ခံစားရပါသနည်း။ ပြီးခဲ့သည့် အစီအစဉ်နှင့် ပတ်သက်၍ ၎င်းတို့ မေးမြန်းလိုသည့် မေးခွန်းများ (သို့မဟုတ်) မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိပါသလား။
- **ရှင်းပြပါ -** ယနေ့အစီအစဉ်တွင် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်း အထောက်အပံ့ပေးခြင်း (MHPSS) နှင့် MHPSS ဆန်းစစ်အကဲဖြတ်မှုပုံစံ/ နည်းလမ်းအကြောင်းကို အဓိကထား ဆွေးနွေးမည်ဖြစ်သည်။

**လုပ်ဆောင်ပါ - မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း - ဝမ်းဗိုက်ကို အာရုံစိုက်၍ ထိန်းချုပ်အသက်ရှူခြင်း**

ဝမ်းဗိုက်ကို အာရုံစိုက်၍ ထိန်းချုပ်အသက်ရှူခြင်း (Controlled belly breathing) သည် စိတ်နှင့် ခန္ဓာ ဖြေလျှော့သည့် လေ့ကျင့်ခန်းတစ်ခု၊ MHPSS အတွက် အသုံးဝင်သည့် လေ့ကျင့်ခန်းတစ်ခုအဖြစ် CCS လမ်းညွှန်တွင် အကြံပြုဖော်ပြပေးထားပါသည်။ စိတ်နှင့်ခန္ဓာ ဖြေလျှော့မှု သင်တန်းများသည် ကလေးများအား စိတ်ဖိစီးမှုကို ကိုင်တွယ်ရန်နှင့် နှလုံးခုန်မြန်ခြင်း (သို့မဟုတ်) တဒိန်းဒိန်းခုန်ခြင်း၊ အိပ်မပျော်ခြင်း (သို့မဟုတ်) အာရုံစိုက်ရန် ခက်ခဲခြင်း၊ ဒေါသ၊ စိုးရိမ်သောက၊ စသည့် ဇီဝကမ္မဆိုင်ရာ လက္ခဏာများကို လျှော့ချနိုင်မည့် နည်းလမ်းများကို သင်ကြားပေးခြင်း ဖြစ်သည်။

- စတင်ရန်အတွက် သက်တောင့်သက်သာရှိသော အနေအထားတွင် နေပါ။ ခါးမတ်မတ်ထိုင်နိုင်သည်၊ သို့မဟုတ် ပက်လက်အနေအထားဖြင့် လှဲလျောင်းနေနိုင်သည်။
- လက်များကို ဗိုက်ပေါ်တွင် တင်ကာ လေးစက္ကန့်ကြာအောင် ဖြည်းညင်းစွာ အသက်ကို ရှည်ရှည်ရှူပါ။ အသက်ကို ရှူသွင်းလိုက်သောအခါ သင့်ဗိုက်သည် ဘောလုံးတစ်လုံးကဲ့သို့ ဖောင်းလာသည်ကို ခံစားရမှသာ မှန်ကန်သည့် အသက်ရှူနည်းဖြစ်ပါသည်။ ဗိုက်ဖောင်းမလာလျှင် အသက်ကို တိမ်တိမ်ရှူနေသောကြောင့် ဖြစ်သည်။
- အသက်ကို လေးစက္ကန့်ကြာအောင် အောင့်ထားပါ။ ဗိုက်ကို ဖောင်းနိုင်သမျှ ဖောင်းအောင် ထိန်းထားပါ။
- အသက်ကို ဖြည်းညင်းစွာ ရှူထုတ်ပါ။ အသက်ကို ဖြည်းဖြည်း မရှူထုတ်တတ်လျှင် အအေးသောက်သည့် ပိုက်မှ လေကို ရှူထုတ်နေသကဲ့သို့ အသက်ကို ထိန်း၍ ရှူထုတ်ကြည့်ပါ။
- ထိုအတိုင်း အကြိမ်အနည်းငယ် ပြန်လုပ်ပါ။

## ၈-၂။ ထိရောက်သည့် MHPSS ဆန်းစစ်အကဲဖြတ်မှု ဆိုသည်မှာ အဘယ်နည်း *(၇ မိနစ်)*

**ရှင်းပြပါ -** MHPSS ဆန်းစစ်အကဲဖြတ်မှုသည် ရောဂါရှာဖွေသတ်မှတ်သည့် အလုပ် မဟုတ်သလို ယင်းကို လုပ်ဆောင်ရန်အတွက် စိတ်ကျန်းမာရေးနှင့် ပတ်သက်၍ အထူးပြုကျွမ်းကျင်မှု ရရှိအောင် သင်တန်းပေးထားသူ ဖြစ်ရန်လည်း မလိုအပ်ဟု CCS လမ်းညွှန်တွင် ဖော်ပြထားပါသည်။ ကလေးတစ်ဦးသည် စိတ်ခံစားချက်ပိုင်းဆိုင်ရာနှင့် စိတ်လူမှုပိုင်းဆိုင်ရာ အခက်အခဲများကို မည်သို့ ရင်ဆိုင်ကျော်လွှားနေကြောင်း နားလည်သိရှိရန် စနစ်တကျ ဆောင်ရွက်သည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ဤသည်ကို နားလည်သိရှိလျှင် ဖြစ်ရပ်စီမံခန့်ခွဲသူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည် -

- သင့်တော်သည့် နည်းလမ်းဖြင့် တုံ့ပြန်ဆောင်ရွက်ပေးနိုင်ခြင်း
- အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ အပြောင်းအလဲများကို စောင့်ကြည့်စစ်ဆေးနိုင်ခြင်း
- အကူအညီ (သို့မဟုတ်) လွှဲပြောင်းညွှန်းပို့မှု ထပ်ဆောင်းလိုအပ်လာသောအခါ ဆုံးဖြတ်ပေးနိုင်ခြင်း

ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများသည် ထိရောက်သည့် MHPSS ဆန်းစစ်အကဲဖြတ်မှု ဖြစ်စေရန်အတွက် အောက်ပါတို့ကို အားကောင်းအောင် ပံ့ပိုးဆောင်ရွက်ပေးရမည် -

- ကလေးသူငယ်ဗဟိုပြုခြင်းနှင့် အားသာချက်များပေါ် အခြေခံခြင်း
- စိတ်ခံစားချက်များ၊ အမူအကျင့်များနှင့် နေ့စဉ်လုပ်ငန်းဆောင်တာများ လုပ်ဆောင်နိုင်မှုကို စစ်ဆေးကြည့်ရှုခြင်း
- စိတ်သောကဖိစီးမှုသည် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခံရမှုတွင် ဖြစ်လေ့ဖြစ်ထရှိသော တုံ့ပြန်မှုတစ်ခု ဖြစ်ကြောင်း နားလည်သိရှိခြင်း
- တစ်ကြိမ်တစ်ခါမျှသာ မဟုတ်ဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်နေခြင်း
- တစ်သမတ်တည်းဖြစ်မှုနှင့် ကြီးကြပ်ပံ့ပိုးမှုများကို အထောက်အကူဖြစ်စေရန်အတွက် MHPSS ဆန်းစစ်အကဲဖြတ်မှု ဖောင်ပုံစံကို အသုံးပြု၍ မှတ်တမ်းတင်ထားခြင်း

**မေးပါ** - မိမိတို့ နိုင်ငံ၊ နေရာဒေသအခြေအနေတွင် MHPSS ဆန်းစစ်အကဲဖြတ်မှုကို ခက်ခဲအောင် မည်သည့်အရာများကို လုပ်ဆောင်နိုင်သနည်း။

| | | |
|---|---|---|
| **လူမှုအသိုင်းအဝိုင်းမှ ကဲ့ရဲ့ပြစ်တင်ဖယ်ကြဉ်မှု အကြောင်း မှတ်စု** | **လူမှုအသိုင်းအဝိုင်းမှ ကဲ့ရဲ့ပြစ်တင်ဖယ်ကြဉ်မှု (stigma) အကြောင်း တက်ရောက်သူများ ကောင်းစွာ နားလည်သိရှိလျှင် ဤလေ့ကျင့်ခန်းကို ကျော်သွားနိုင်ပါသည်။**<br>သို့သော် လူမှုအသိုင်းအဝိုင်းမှ ကဲ့ရဲ့ပြစ်တင်ဖယ်ကြဉ်မှုသည် ထိရောက်သော MHPSS ဆန်းစစ်အကဲဖြတ်မှုကို ဆောင်ရွက်နိုင်ရေး ထပ်ခါတလဲလဲ ကြုံတွေ့နေရသည့် စိန်ခေါ်မှု တစ်ခု ဖြစ်နေလျှင်၊ ထိုအကြောင်း ကောင်းစွာ နားလည်မှု မရှိလျှင် (သို့မဟုတ်) ထိုကိစ္စသည် ဖြစ်ရပ်စီမံခန့်ခွဲမှုအပေါ် မည်မျှအထိ သက်ရောက်မှုရှိကြောင်းကို နားလည်မှုလွဲမှားနေလျှင် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများအား အချိန်ပေး၍ ဤအကြောင်းကို ဆွေးနွေးပေးရန် တိုက်တွန်းပါသည်။ လူမှုအသိုင်းအဝိုင်းမှ ကဲ့ရဲ့ပြစ်တင်ဖယ်ကြဉ်မှုများသည် မည်သည့်ပုံစံဖြင့် ပေါ်လွင်လာနိုင်သည်၊ ယင်းသည် အဘယ်ကြောင့် MHPSS ဆန်းစစ်အကဲဖြတ်မှုများအပေါ် သက်ရောက်မှုရှိသည်ဆိုသည်ကို ဆွေးနွေးပေးရပါမည်။<br>ဤဇယားကို အသုံးပြု၍ အဖွဲ့လိုက် (သို့မဟုတ်) တစ်ဦးချင်းစီနှင့် ဆွေးနွေးမှုများကို လမ်းညွှန်ပေးပါ။ | |
| **ကဲ့ရဲ့ပြစ်တင်ဖယ်ကြဉ်မှု အမျိုးအစားများ၊ ထိခိုက်ခံစားရသူများ** | **ကဲ့ရဲ့ပြစ်တင်ဖယ်ကြဉ်မှု ပုံစံ** | **MHPSS ဆန်းစစ်အကဲဖြတ်မှုအပေါ် ကဲ့ရဲ့ပြစ်တင်ဖယ်ကြဉ်မှု၏ သက်ရောက်ရိုက်ခတ်မှုများ** |
| **၁။ ကလေးများ တွေ့ကြုံခံစားရသည့် ကဲ့ရဲ့ပြစ်တင်ဖယ်ကြဉ်မှုများ** | ကလေးများသည် အောက်ပါတို့ကို တွေ့ကြုံခံစားရနိုင်သည် - ရှက်ခြင်း (သို့မဟုတ်) မိမိကိုယ်မိမိ အပြစ်တင်ခြင်း၊ မယုံကြည်မည်ကို စိုးရိမ်ခြင်း၊ မိသားစု ဒုက္ခရောက်မည်ကို စိတ်ပူခြင်း၊ တစ်ဦးတည်း သီးသန့်နေခြင်း (သို့မဟုတ်) မတော်မတရား ပြုမှုမှုအကြောင်း ဆွေးနွေးပြောဆိုရန် ရှောင်ရှားခြင်း၊ ဖြစ်ပျက်ခဲ့သည်များကို အရေးမကြီးလေဟန် ပြောဆိုခြင်း၊ စိုးရိမ်သောကဖိစီးမှုကို နှုတ်မှ ဖွင့်ဟ ပြောဆိုခြင်းထက် ဒေါသ (သို့မဟုတ်) အမူအကျင့်ပြောင်းလဲမှုများဖြင့် ပြသခြင်း | • စိုးရိမ်သောကဖိစီးမှုများကို ဖွင့်ဟပြောဆိုမှု နည်းပါးခြင်း (သို့မဟုတ်) နားလည်မှုလွဲမှားခြင်း<br>• ကလေးများသည် စိုးရိမ်သောက၊ စိတ်ကျခြင်း (သို့မဟုတ်) စိတ်ဒဏ်ရာရရှိမှု လက္ခဏာများကို ဖုံးကွယ်ကာ "ရင်ဆိုင်ကျော်လွှား" နိုင်သည့် ပုံမျိုး ဖမ်းနေနိုင်သည်။<br>• ဆန်းစစ်အကဲဖြတ်မှုများအတွက် အချိန်ပိုများများ၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ကလေးအတွက် အဆင်ပြေမည့် နည်းလမ်းများ လိုအပ်နိုင်ပါသည်။<br>• စကားလုံးမဲ့ ဆက်သွယ်ပြောဆိုမှုများနှင့် အမူအကျင့် ပြောင်းလဲမှု |

| | | |
|---|---|---|
| | | များကို သေချာစွာ လေ့လာစောင့်ကြည့်ရမည်။ |
| ၂။ ပြုစုစောင့်ရှောက်သူများနှင့် မိသားစုများမှ ကဲ့ရဲ့ပြစ်တင် ဖယ်ကြဉ်ခြင်း | ပြုစုစောင့်ရှောက်သူများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်သည် - မိသားစုဂုဏ်သတင်းကို ကာကွယ်ရန်အတွက် ထုတ်ဖော်ဖွင့်ဟမှုကို အားမပေးခြင်း၊ ကလေးကို အပြစ်တင်ခြင်း၊ ကလေးကို ဆိတ်ဆိတ်နေရန် ဖိအားပေးခြင်း၊ မိသားစုစည်းလုံးမှု (သို့မဟုတ်) ငွေရေးကြေးရေးတည်ငြိမ်မှုကို ဘေးကင်းလုံခြုံမှုထက်ပို၍ ဦးစားပေးခြင်း၊ မတော်မတရားပြုမှုမှု ဖြစ်ပွားခဲ့သည်ဆိုသည်ကို ငြင်းဆန်ခြင်း (သို့မဟုတ်) အရေးမကြီးဟန် ပြုမူခြင်း၊ ရပ်ရွာမှ ဝေဖန်ကဲ့ရဲ့မှု ခံရမည်ကို ကြောက်ရွံ့ခြင်းကြောင့် MHPSS အထောက်အပံ့ ရယူရန် ငြင်းဆန်ခြင်း | • ပြုစုစောင့်ရှောက်သူများသည် ကလေးများ၏ စိုးရိမ်သောက ဖိစီးမှုကို အရေးမကြီးသကဲ့သို့ ပြောဆိုခြင်း (သို့မဟုတ်) ဆန့်ကျင်ပြောဆိုခြင်း ပြုလုပ်နိုင်သည်။<br>• ဝန်ဆောင်မှုများ ရယူရန်အတွက် သဘောတူခွင့်ပြုချက် ပေးအပ်ရန် ကြန့်ကြာခြင်း (သို့မဟုတ်) ရပ်သိမ်းခြင်းတို့ ဖြစ်နိုင်သည်။<br>• စုဆောင်းရရှိသည့် သတင်းအချက်အလက်များသည် မပြည့်စုံခြင်း (သို့မဟုတ်) ဘက်လိုက်ခြင်းတို့ ဖြစ်နိုင်သည်။<br>• တိကျသည့် ဆန်းစစ်အကဲဖြတ်မှု ဖြစ်ရန်အတွက် ထိတွေ့ဆက်သွယ်မှု နည်းလမ်းများသည် ပြုစုစောင့်ရှောက်သူ၏ စိုးရိမ်ကြောင့်ကြမှုများနှင့် ယုံကြည်ချက်များကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည် |
| ၃။ ဖြစ်ရပ်စီမံခန့်ခွဲသူများမှ ကဲ့ရဲ့ပြစ်တင် ဖယ်ကြဉ်မှု (များသောအားဖြင့် မရည်ရွယ်ဘဲ) | ဖြစ်ရပ်စီမံခန့်ခွဲသူသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်သည် - ကလေး၏ အသက်အရွယ်၊ ကျား/မ (ဂျန်ဒါ)၊ မသန်စွမ်းမှု (သို့မဟုတ်) အမှုအကျင့်ပေါ် အခြေခံ၍ ယုံကြည်စိတ်ချနိုင်မှုနှင့် ပတ်သက်၍ ထင်မြင်ယူဆ ကောက်ချက်ချခြင်း၊ ကလေး၏ တည်တည်ငြိမ်ငြိမ် ရှိမှုအား ထိခိုက်မှု မရှိဟု အဓိပ္ပါယ်ကောက်ယူခြင်း၊ စိတ်မသက်မသာဖြစ်မှုကြောင့် အကဲဆတ်သော မေးခွန်းများကို မမေးဘဲ ရှောင်ရှားခြင်း၊ စိတ်ခံစားချက်ကို ဆန်းစစ်အကဲဖြတ်ရန်ထက် လုပ်ဆောင်ရမည့် အဆင့်များကိုသာ ဦးစားပေးခြင်း၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းအပေါ် သက်ရောက်နိုင်သည့် | • MHPSS အထောက်အကူများ၊ ပုံစံများကို အပေါ်ယံ အသုံးပြုခြင်း (သို့မဟုတ်) တစ်သမတ်တည်း အသုံးမပြုခြင်း<br>• စိတ်ဒဏ်ရာ ရရှိမှုကို ဖော်ပြသည့် အဓိကလက္ခဏာများကို မျက်စိလျှမ်းနိုင်ခြင်း<br>• ဆန်းစစ်အကဲဖြတ်မှုများသည် ကလေး၏ ဘဝတွင် လက်တွေ့ကြုံတွေ့နေရသည်များထက် ဘက်လိုက်မှုများကို ထင်ဟပ်ဖော်ပြနိုင်ခြင်း<br>• ဓမ္မဓိဋ္ဌာန်ကျ၍ ကလေးသူငယ်ဗဟိုပြုသည့် ဆန်းစစ်အကဲဖြတ်မှု |

| | | |
|---|---|---|
| | ယဉ်ကျေးမှုအရ (သို့မဟုတ်) ကျင့်ဝတ်ဆိုင်ရာ ဘက်လိုက်မှုများ ရှိနေခြင်း | ဖြစ်စေရန်အတွက် ကြီးကြပ်ပံ့ပိုးမှုများ စဉ်ဆက်မပြတ် ပေးအပ်ခြင်းနှင့် ပြန်လည်ဆင်ခြင်သုံးသပ်သည့် အလေ့အထများ မရှိမဖြစ် လိုအပ်ပါသည်။ |

**ဆွေးနွေးပါ -** အစီအစဉ်တွင် ပါဝင်တက်ရောက်သူများအား အစီအစဉ်မတိုင်မီ ကြိုတင်ဖတ်ရှုလေ့လာထားခိုင်းသည့် ပုံစံသည် မတော်မတရားပြုမူခံရသော ကလေးများအတွက် MHPSS ဆန်းစစ်အကဲဖြတ်ချက်ပုံစံ ဖြစ်ပါသည်။ အောက်ပါ မေးခွန်းများကို အသုံးပြု၍ ဆွေးနွေးမှုများ ပြုလုပ်နိုင်အောင် ကူညီပေးပါ -

- **MHPSS ဆန်းစစ်အကဲဖြတ်မှုပုံစံကို မည်သည့်အချိန်တွင် အသုံးပြုသနည်း။**
    - ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီးသည်နှင့် တစ်ပြိုင်နက်
- **အဘယ်ကြောင့် အသုံးပြုရသနည်း။**
    - MHPSS လိုအပ်ချက်များ၊ ပြဿနာများနှင့် ရှိနေသည့် စိုးရိမ်ပူပန်မှုများကို ဆန်းစစ်အကဲဖြတ်ရန်
    - ကလေးအတွက် ဘက်စုံထောင့်စုံမှ ကူညီပံ့ပိုးပေးနေသည်ဟု ခံစားသိမြင်မှုကို ရရှိစေရန်
    - ကလေး၏ လက်ရှိ နေ့စဉ်လုပ်ငန်းဆောင်တာများ ဆောင်ရွက်နိုင်မှုအခြေအနေနှင့် မိဘ/ ပြုစုစောင့်ရှောက်သူ၏ စိုးရိမ်ပူပန်မှုများကို နားလည်သိရှိစေရန်
    - စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ လိုအပ်ချက်များအတွက် လုပ်ဆောင်ရမည့် အစီအစဉ်ကို သီးသန့် ရေးဆွဲနိုင်ရန်
- **မိမိတို့ ပေးအပ်နေသည့် ဝန်ဆောင်မှုများအပေါ် မည်သို့ သက်ရောက်နိုင်သနည်း။**
    - ဤဆန်းစစ်အကဲဖြတ်မှုသည် မတော်မတရားပြုမူခံရသူတစ်ဦးချင်းစီအတွက် သီးခြားလိုအပ်ချက်များ၊ ဦးစားပေးကိစ္စများ၊ အကူအညီများ၊ အားသာချက်များနှင့် လိုအပ်ချက်ရှိသော နယ်ပယ်များကို သိရှိစေပါသည်။
    - ဖြစ်ရပ်စီမံခန့်ခွဲသူများအား အောက်ပါတို့ကို လိုအပ်ချက်နှင့် ကွက်တိကိုက်ညီအောင် ပိုမို ဆောင်ရွက်နိုင်စေပါသည် -
        - ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အတွင်း အသုံးပြုသည့် PSS နည်းလမ်းများ
        - မတော်မတရားပြုမူခံရသောကလေးကို အခြားဝန်ဆောင်မှုများသို့ လွှဲပြောင်းညွှန်းပို့ပေးမှုများ
        - မိဘများ/ ကိုယ်တိုင်ကျူးလွန်ခြင်းမရှိသည့် ပြုစုစောင့်ရှောက်သူများအတွက် ကူညီပံ့ပိုးမှုများနှင့် လွှဲပြောင်းညွှန်းပို့မှုများ

**ဆွေးနွေးပါ -** ဤပုံစံ၊ ဤနည်းလမ်းကို အသုံးပြုခဲ့သည့် အတွေ့အကြုံများ (သို့မဟုတ်) လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲထားသည့် အလားတူပုံစံတစ်ခုကို အသုံးပြုခဲ့သည့် အတွေ့အကြုံများကို ဆွေးနွေးပါ။

- ဤပုံစံကို မည်သို့ တွေ့ရှိခဲ့သနည်း၊ ရရှိခဲ့သနည်း။

- ဤပုံစံတွင် မည်သည့်အပိုင်းများက အသုံးပြုရန် ပိုမိုလွယ်ကူသနည်း၊ မည်သည့်အပိုင်းများက ပိုမိုခက်ခဲသနည်း။
    - အထွေထွေဆန်းစစ်ချက်၊ မိသားစုနှင့် လူမှုရေးနောက်ခံအခြေအနေ၊ နေ့စဉ်လုပ်ငန်းဆောင်တာများ ပုံမှန်ဆောင်ရွက်နိုင်စွမ်း၊ ပြုစုစောင့်ရှောက်သူများ၏ ခံစားချက်များနှင့် ယုံကြည်ချက်များ၊ ကလေးနှင့် မိသားစု၏ အားသာချက်များ
- MHPSS ဆန်းစစ်အကဲဖြတ်မှု၏ မည်သည့်နယ်ပယ်များအတွက် ကူညီပံ့ပိုးမှုများ ပိုမို လိုအပ်သနည်း။

*ဤအချက်ကို အလေးပေးပြောပါ - ဤဆန်းစစ်အကဲဖြတ်မှုပုံစံ/ နည်းလမ်းသည် စကားပြောဆိုဆွေးနွေးမှုများအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်ပြီး အစားထိုးအသုံးပြုရန်အတွက် မဟုတ်ပါ။ ကလေးများအားလုံး၏ တုံ့ပြန်မှုများသည် တူညီမည်မဟုတ်ပါ။ 'မှန်သော' အဖြေ (သို့မဟုတ်) 'မှားသော' အဖြေဟူ၍ မရှိပါ။ အားလုံးသည် လေ့လာတွေ့ရှိမှုများနှင့် သုံးသပ်မှုများသာ ဖြစ်ပါသည်။*

ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများသည် MHPSS ဆန်းစစ်အကဲဖြတ်မှုနှင့် ပတ်သက်၍ အောက်ပါအချက်များကို အလေးပေးပြောဆိုသင့်သည် -

- ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်။
- ရောဂါရှာဖွေ၊ စောင့်ရှောက်ကုသမှုအတွက် အသုံးပြုသော ကိရိယာများကိုသာ အားမကိုးဘဲ ကြည့်ရှုလေ့လာခြင်း၊ နားထောင်ခြင်းနှင့် ညင်သာစွာ မေးမြန်းစုံစမ်းခြင်းတို့ကိုလည်း အားကိုးအားထားပြုရမည်။
- ကလေးသူငယ်ဗဟိုပြုခြင်း၊ အကောင်းအဆိုးဝေဖန်မှုကင်းခြင်းနှင့် အားသာချက်များပေါ် အခြေခံခြင်းများရှိရမည်။
- ကြီးကြပ်ပံ့ပိုးမှုများ လိုအပ်သည်။ အထူးသဖြင့် အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသော ဖြစ်ရပ်များ (သို့မဟုတ်) မတော်မတရားပြုမှုခံရသော ကလေးတွင် မြင်တွေ့ရသော ပုံစံများ၊ အသွင်အပြင်များသည် နားလည်ရန် ခက်ခဲသော ဖြစ်ရပ်များအတွက် ဖြစ်သည်။

စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်း လိုအပ်ချက်များကို ဆန်းစစ်အကဲဖြတ်ခြင်းသည် တစ်ကြိမ်တစ်ခါ ဆောင်ရွက်ပြီးလျှင် ပြီးသွားရမည့် အလုပ် မဟုတ်ပေ။ CCS ဖြစ်ရပ်စီမံခန့်ခွဲမှု အဆင့်များအားလုံးတွင် စဉ်ဆက်မပြတ် သုံးသပ်စဉ်းစား ဆောင်ရွက်နေရမည့် လုပ်ငန်းစဉ် ဖြစ်သည်။

## *၈-၃။ ပေါင်းစပ်ညှိနှိုင်းမှုအပေါ် သက်ရောက်မှုများ (၃ မိနစ်)*

ရှင်းပြပါ - **ထိရောက်သော MHPSS ဆန်းစစ်အကဲဖြတ်မှုသည် အောက်ပါတို့ကို အထောက်အကူပြုနိုင်ပါသည် -**

- သင့်တော်သည့် အထူးပြုကျွမ်းကျင်ဝန်ဆောင်မှုများသို့ ဘေးကင်းလုံခြုံစွာ လွှဲပြောင်းညွှန်းပို့ပေးခြင်း
- ရှင်းလင်းတိကျသည့် အချက်အလက်များ မျှဝေပေးခြင်း၊ သဘောတူခွင့်ပြုချက်ရယူမှုနှင့် လျှို့ဝှက်ထိန်းသိမ်းပေးမှု စည်းမျဉ်းများကို လေးစားလိုက်နာခြင်း
- ပေးအပ်သည့် ဝန်ဆောင်မှုများအားလုံးတွင် နှစ်ခါပြန်ထပ်နေခြင်းများ (သို့မဟုတ်) စိတ်ဒဏ်ရာများ ထပ်မံရရှိစေခြင်းတို့ကို လျှော့ချပေးခြင်း

**စနစ်တကျ (သို့မဟုတ်) တစ်သမတ်တည်း လုပ်ဆောင်ခြင်း မရှိသည့် ဆန်းစစ်အကဲဖြတ်မှုများသည် အောက်ပါတို့ကို ဖြစ်စေနိုင်ပါသည် -**

- အန္တရာယ်ကျရောက်နိုင်ခြေကို ညွှန်ပြသည့် ညွှန်ကိန်းများအား သတိမပြုမိဘဲ လွတ်သွားခြင်း
- လွှဲပြောင်းညွှန်းပို့မှုများ နှောင့်နှေးကြန့်ကြာခြင်း (သို့မဟုတ်) သင့်တော်မှု မရှိခြင်း
- ထိခိုက်နစ်နာမှုများ (သို့မဟုတ်) ဝန်ဆောင်မှုများ ဆက်လက်ရယူရန် ပျက်ကွက်မှုများ တိုးလာခြင်း

မေးပါ - MHPSS ဆန်းစစ်အကဲဖြတ်ချက်နှင့် ပေါင်းစပ်ညှိနှိုင်းမှုတို့ကြား ဆက်နွယ်ချိတ်ဆက်မှုနှင့် ပတ်သက်၍ မေးလိုသော မေးခွန်းများ ရှိပါသလား။

## *၈-၄။ MHPSS ဆန်းစစ်အကဲဖြတ်မှု အလေ့အထကို ပိုမိုအားကောင်းစေနိုင်သည့် ပြန်လည်ဆင်ခြင်သုံးသပ်သည့် အလေ့အထ (၃၀ မိနစ်)*

ရှင်းပြပါ - ကြီးကြပ်ပံ့ပိုးမှုနှင့် အဖွဲ့လိုက် နည်းပြလမ်းညွှန်မှု အစီအစဉ်များသည် ဖြစ်ရပ်စီမံခန့်ခွဲသူများအား အောက်ပါတို့ကို ပြန်လည်ဆင်ခြင်သုံးသပ်နိုင်ရန် ဖန်တီးပေးသည့် နေရာများ ဖြစ်သည် -

- စိတ်သောကဖိစီးမှုကို ဆန်းစစ်အကဲဖြတ်ရသည့် အလုပ်သည် မိမိအတွက် မည်မျှထိ စိတ်သက်တောင့်သက်သာရှိပါသနည်း။
- မိမိတို့၏ တုံ့ပြန်မှုများ (သို့မဟုတ်) "တစ်ခုခု မှားယွင်းမည်' ကို စိုးရိမ်စိတ်တို့သည် ဆန်းစစ်အကဲဖြတ်မှုအပေါ် မည်သို့ သက်ရောက်မှု ရှိနိုင်သနည်း။
- အလုပ်ဝန်ပိမှု (သို့မဟုတ်) အချိန်ဖိအားသည် နောက်ဆက်တွဲ ဆက်လက်ဆောင်ရွက်နိုင်မှုအပေါ် မည်သို့ သက်ရောက်မှု ရှိသနည်း။
- အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသည့် (သို့မဟုတ်) ခက်ခဲရှုပ်ထွေးသည့် ဖြစ်ရပ်များအတွက် အကူအညီများကို မည်သည့်အချိန်တွင် မည်သို့ ရယူမည်နည်း။

ယနေ့အစီအစဉ်တွင် MHPSS ဆန်းစစ်အကဲဖြတ်မှုကို လေ့ကျင့်ရန်၊ ဤနယ်ပယ်တွင် မိမိတို့၏ အလေ့အထကို ပိုမိုအားကောင်းအောင် အတူတကွစုပေါင်းလုပ်ဆောင်ရန်အတွက် တစ်ဦးနှင့်တစ်ဦး အကြံပြုချက်များ ပေးအပ်ရန် အချိန်အများစုကို အသုံးပြုမည်ဖြစ်သည်။

လုပ်ဆောင်ပါ - **MHPSS ဆန်းစစ်အကဲဖြတ်မှု ပုံစံကို လက်တွေ့အသုံးပြုလေ့ကျင့်ရန်အတွက် ဖြစ်ရပ်နမူနာများ**

**ရည်ရွယ်ချက်**

ဖြစ်ရပ်စီမံခန့်ခွဲသူများအား MHPSS ညွှန်ကိန်းများကို သိရှိအောင်၊ MHPSS ဆန်းစစ်အကဲဖြတ်မှုပုံစံကို အသုံးပြုနိုင်အောင်၊ ဆန်းစစ်အကဲဖြတ်မှုတွင် တုံ့ပြန်ဖြေဆိုမှုများအား အကောင်းအဆိုး ဝေဖန်မှု မရှိဘဲ သုံးသပ်ဆင်ခြင်နိုင်အောင် ကူညီပေးရန် ဖြစ်သည်။

**ညွှန်ကြားချက်များ**

- (အများဆုံး ၃ ယောက် ပါဝင်သည့်) အဖွဲ့ငယ်လေးများ ခွဲပါ။
- MHPSS ဆန်းစစ်အကဲဖြတ်မှုပုံစံများကို ဝေပေးပါ။
- အဖွဲ့တိုင်းအား တစ်ကြိမ်လျှင် ဖြစ်ရပ်နမူနာတစ်ခုစီ ပေးပါ။

- အဖွဲ့များအား အောက်ပါတို့ကို လုပ်ခိုင်းပါ -
    - ဖြစ်ရပ်နမူနာကို အတူတကွ ဖတ်ရှုပါ။
    - တကယ့်ဖြစ်ရပ်ကဲ့သို့ မှတ်ယူ၍ MHPSS ဆန်းစစ်အကဲဖြတ်မှုပုံစံကို ဖြည့်စွက်ပါ။
    - မည်သည့်အချက်ကို မည်သည့်အတွက်ကြောင့် မှတ်တမ်းတင်မည်ဆိုသည်ကို အားလုံး သဘောတူ ဆုံးဖြတ်ပါ။
- ကလေးတိုင်းအတွက် ဆန်းစစ်အကဲဖြတ်မှုပုံစံတွင် ပါဝင်သည့် အပိုင်းတိုင်းကို တစ်ပုံစံတည်း ဖြည့်စွက်၍ ရမည်မဟုတ်ကြောင်း သတိပေးပါ။ ဤလေ့ကျင့်ခန်း၏ ရည်ရွယ်ချက်မှာ ပုံစံကို ဖြည့်စွက်ရင်း တွေးခေါ် စဉ်းစားပုံကို လေ့ကျင့်ရန် ဖြစ်သည်။ အကွက်တိုင်းကို ဖြည့်စွက်နိုင်ရန် လေ့ကျင့်ခြင်း မဟုတ်ပါ။
- ကြီးကြပ်ပံ့ပိုးသူသည် အဖွဲ့များအားလုံးကို လှည့်ပတ်ကြည့်ရှုကာ အဆင်ပြေ၊ မပြေ စစ်ဆေး၍ မေးခွန်း များကို လိုအပ်သလို ဖြေကြားပေးပါ။
- **ကြီးကြပ်ပံ့ပိုးသူအတွက် မှတ်ချက်** - အစီအစဉ်တွင် ပါဝင်တက်ရောက်သူအရေအတွက် နည်းပါက တိုးတက်အောင် လုပ်ရမည့် ဦးစားပေးနယ်ပယ်များပေါ် အခြေခံ၍ ဖြစ်ရပ်နမူနာများကို ရွေးချယ်ပေးပါ။ တစ်ဦးချင်း နည်းပြလမ်းညွှန်ပေးခြင်းအစီအစဉ်တွင်မူ ဖြစ်ရပ်နမူနာနှစ်ခုကို ပြီးစီးအောင်လုပ်ရန် လုံလောက်သည့် အချိန် ပေးသင့်သည်။

**ဖြစ်ရပ်နမူနာ (၁)** - [အမည်] သည် (၇) နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ပြီး သူမ၏ အမူအကျင့်များ ပြောင်းလဲနေ သည်ကို သတိပြုမိသဖြင့် သူမ၏ ဆရာမဖြစ်သူက လွှဲပြောင်းညွှန်းပို့ပေးခဲ့ခြင်း ဖြစ်သည်။ သူမ၏ ပြုစုစောင့်ရှောက် သူကလည်း သူမသည် မကြာခဏ အိပ်မက်ဆိုးများ မက်ကာ ငိုပြီး နိုးလာတတ်သည်ဟု ဆိုသည်။ ကျောင်းတွင် သူမသည် အာရုံစိုက်ရန် ခက်ခဲပြီး မကြာခဏဆိုသလို ပင်ပန်းနွမ်းနယ်နေပုံပေါ်သည်။ တွေ့ဆုံဆွေးနွေးမှုများတွင် သူမသည် ယဉ်ကျေးစွာ ပြောဆိုသော်လည်း သူမ၏ စိတ်ခံစားချက်များအကြောင်း ပြောဆိုရန် ခက်ခဲနေတတ်ပြီး မကြာခင်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို မေးမြန်းသောအခါတိုင်း သူမ “မမှတ်မိတော့” ဟုသာ များသော အားဖြင့် ဖြေတတ်သည်။

**ဖြစ်ရပ်နမူနာ (၂)** - [အမည်] သည် (၁၂) နှစ်အရွယ် ယောက်ျားလေးတစ်ဦး ဖြစ်ပြီး မိသားစုနှင့် သိကျွမ်းသူတစ်ဦး၏ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်းကို တွေ့ကြုံခဲ့ရသည်။ သူသည် မိဘများနှင့်အတူ နေထိုင်သည်။ မိဘများ က ကလေးကို ယုံကြည်သော်လည်း မည်သို့ ကူညီပေးရမှန်းမသိဘဲ ဖြစ်နေသည်။ ထိုကလေးသည် နှလုံးခုန်နှုန်း ရုတ်တရက် မြန်လာပြီး အသက်ရှူမဝဖြစ်တတ်သည်ဟု ဆိုသည်။ အထူးသဖြင့် သူတစ်ယောက်တည်း ရှိနေချိန် (သို့မဟုတ်) မတော်မတရားပြုမှုခံရမှုကို ပြန်လည်အမှတ်ရချိန်များတွင် ဖြစ်တတ်သည်ဟု ဆိုသည်။ ကလေးသည် အိမ်ပြင်မထွက်ဘဲ သူ၏ ပြုစုစောင့်ရှောက်သူအနီးတွင်သာ အမြဲကပ်၍ နေလိုသည်ဟု သိရသည်။

**ဖြစ်ရပ်နမူနာ (၃)** - [အမည်] သည် (၅) နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ပြီး အဘွားဖြစ်သူက သူမကို ခေါ်လာခြင်း ဖြစ်သည်။ ကလေးသည် သူမကို အတင်းတွယ်ကပ်နေပြီး သူမကို ခွာထုတ်လျှင် ငိုသည်ဟု ဆိုသည်။ တွေ့ဆုံဆွေး နွေးမှုများအတွင်းတွင် ကလေးသည် တိတ်ဆိတ်စွာ ကစားနေတတ်ပြီး မျက်လုံးချင်း ဆုံမကြည့်ဘဲ နေတတ်သည်။ တစ်ခါတစ်ရံ သူမသည် ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ဝမ်းနည်းလာတတ်ပြီး ပြန်လည်စိတ်တည်ငြိမ်မှု ရရန် အတွက် သူမကို နှစ်သိမ့်အားပေးမှုများ လိုအပ်သည်။

**ဖြစ်ရပ်နမူနာ (၄) -** [အမည်] သည် အသက် (၁၅) နှစ်အရွယ် ယောကျ်ားလေးတစ်ဦး ဖြစ်ပြီး သင့်ထံမှ ကူညီဝန်ဆောင်မှုများကို ရယူနေသည်မှာ လအနည်းငယ်ကြာပြီဖြစ်သည်။ သူသည် တွေ့ဆုံဆွေးနွေးမှုများသို့ ပုံမှန် လာရောက်လေ့ရှိသည်။ သို့သော် သူ့တွင် ခံစားချက်ကင်းမဲ့နေပြီး စိတ်သည် ဟိုရောက်ဒီရောက် ဖြစ်နေတတ်သည်ဟု မကြာခဏ ပြောလေ့ရှိသည်။ သူ ယခင်က နှစ်သက်ခဲ့သည့် လုပ်ဆောင်မှုများကို မနှစ်သက် တော့ဘဲ များသောအားဖြင့် သူတစ်ယောက်တည်း နေတတ်သည်ဟု သူ၏ ပြုစုစောင့်ရှောက်သူက ပြောပြသည်။ သူသည် ကျောင်းတက်နေဆဲဖြစ်သော်လည်း အဆင့်များ ကျလာသလို စိတ်အားထက်သန်စွာ လေ့လာသင်ယူမှုလည်း နည်းပါးလာသည်။

**ဖြစ်ရပ်နမူနာ (၅) -** [အမည်] သည် (၁၀) နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ပြီး ကိုယ်လက်အင်္ဂါမသန်စွမ်းသဖြင့် သွားလာလှုပ်ရှားနိုင်စွမ်း အကန့်အသတ် ရှိသည်။ သူမ၏ မိဘများသည် သူမကို ဖေးမကူညီအားပေးသူများ ဖြစ်ကြပြီး တွေ့ဆုံဆွေးနွေးမှုများသို့ သူမနှင့်အတူ လိုက်ပါလာကြသည်။ အစပိုင်းတွင် သူမသည် စိတ်ပျော်ရွှင်ပုံရသော်လည်း ကျောင်းအကြောင်း (သို့မဟုတ်) သက်တူရွယ်တူသူငယ်ချင်းများအကြောင်း ဆွေးနွေးသောအခါ နှုတ်ဆိတ်သွားတတ်သည်။ သူမသည် အစအနောက်ခံရမည်ကို စိုးရိမ်ပြီး ကျောင်းဖွင့်တော့မည်ဆိုရင် အိပ်မပျော်ခြင်းများ ဖြစ်လာသည်ဟု သူမ၏ မိဘများက ပြောပြသည်။

**ဖြစ်ရပ်နမူနာ (၆) -** [အမည်] သည် (၁၄) နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ပြီး လွဲပြောင်းညွှန်းပို့ခြင်း မခံရမီ သူမသည် ယုံကြည်ရသည့် သူငယ်ချင်းတစ်ဦးက လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခဲ့သည်ဟု ထုတ်ဖော်ဖွင့်ဟခဲ့သူဖြစ်သည်။ သူမ၏ မိသားစုက သူမကို ယုံကြည်သော်လည်း ရပ်ရွာ၏ ကဲ့ရဲ့ပြစ်တင်ဖယ်ကြဉ်မှုများကြောင့် အိမ်ထောင်စုတွင်း တင်းမာမှုများ ရှိနေသည်။ သူမသည် စိုးရိမ်ပူပန်ခြင်း၊ အိပ်မပျော်ခြင်း၊ အနာဂတ်အတွက် မကြာခဏ တွေးပူခြင်းများကို ခံစားနေရသည်ဟု ဆိုသည်။ သူမသည် ကျောင်းဆက်တက်နေသော်လည်း လူမှုရေးလှုပ်ရှားမှုများကို ရှောင်ကာ တစ်ဦးတည်းနေရသည်ကို ပို၍ နှစ်သက်နေသည်။

### ကြီးကြပ်ပံ့ပိုးသူမှ နည်းပြလမ်းညွှန်ပေးရန် မေးမြန်းရမည့် မေးခွန်းများ

အကယ်၍ လိုအပ်ခဲ့လျှင် ဖြစ်ရပ်နမူနာတစ်ခုချင်းစီအတွက် ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်နိုင်ရန် ကြီးကြပ်ပံ့ပိုးသူမှ အောက်ပါမေးခွန်းများကို အသုံးပြုနိုင်ပါသည် -

**ဖြစ်ရပ်နမူနာ (၁) -**

- မည်သည့်လက္ခဏာများသည် အမူအကျင့်ဆိုင်ရာ ပြဿနာထက် စိတ်သောကဖိစီးမှုကို ပြသသော လက္ခဏာ ဖြစ်သနည်း။
- ဖောင်ပုံစံထဲတွင် မသေချာမှု (သို့မဟုတ်) "မမှတ်မိမှု" ကို မည်သို့ မှတ်တမ်းတင်မည်နည်း။
- အချိန်ကြာလာသည်နှင့်အမျှ မည်သည့် ပြောင်းလဲမှုများကို သင် စောင့်ကြည့်လိုသနည်း။
- နောက်ဆက်တွဲ ဆက်လက်ကူညီဆောင်ရွက်မှုများ (သို့မဟုတ်) ပေါင်းစပ်ညှိနှိုင်းမှုများအတွက် အသုံးဝင်မည့် မည်သည့် အချက်အလက်များကို ဤဆန်းစစ်အကဲဖြတ်မှုမှ ရရှိနိုင်မည်နည်း။

**ဖြစ်ရပ်နမူနာ (၂) -**

- ဆန်းစစ်အကဲဖြတ်မှုသည် စိတ်သောကဖိစီးမှုနှင့် လက်ငင်းကျရောက်နိုင်သည့် အန္တရာယ်တို့ကြား ခွဲခြားသိရှိနိုင်ရန် မည်သို့ ကူညီပေးသနည်း။

- ထိန်းမနိုင်သိမ်းမရ ကြောက်စိတ်ဝင်ခြင်း လက္ခဏာများကို ရှင်းလင်းတိကျစွာနှင့် တည်ငြိမ်ဆေးဆေးစွာ မှတ်တမ်းတင်နိုင်ရန် မည်သည့် စကားအသုံးအနှုန်းများကို အသုံးပြုမည်နည်း။
- နောက်ဆက်တွဲ ဆက်လက်ကူညီဆောင်ရွက်မှုများ (သို့မဟုတ်) ပေါင်းစပ်ညှိနှိုင်းမှုများအတွက် အသုံးဝင်မည့် မည်သည့် အချက်အလက်များကို ဤဆန်းစစ်အကဲဖြတ်မှုမှ ရရှိနိုင်မည်နည်း။

**ဖြစ်ရပ်နမူနာ (၃) -**

- ဤဆန်းစစ်အကဲဖြတ်မှုပုံစံကို အသုံးပြု၍ ငယ်ရွယ်သော ကလေးများတွင် တွေ့ရသည့် စိတ်ခံစားချက် ပိုင်းဆိုင်ရာ တုံ့ပြန်မှုများကို သင် မည်သို့ အမိအရ မှတ်တမ်းတင်မည်နည်း။
- ဤအသက်အရွယ်တွင် မေးခွန်းများ တိုက်ရိုက်မေးမြန်းခြင်းထက် မည်သည့် စောင့်ကြည့်လေ့လာမှုများ သည် ပို၍ အသုံးဝင်မည်နည်း။
- အချိန်ကြာလာသည်နှင့်အမျှ ဤဆန်းစစ်အကဲဖြတ်မှုသည် မည်သို့ ပြောင်းလဲသွားနိုင်သနည်း။
- နောက်ဆက်တွဲ ဆက်လက်ကူညီဆောင်ရွက်မှုများ (သို့မဟုတ်) ပေါင်းစပ်ညှိနှိုင်းမှုများအတွက် အသုံးဝင်မည့် မည်သည့် အချက်အလက်များကို ဤဆန်းစစ်အကဲဖြတ်မှုမှ ရရှိနိုင်မည်နည်း။

**ဖြစ်ရပ်နမူနာ (၄) -**

- အချိန်ကြာလာသည်နှင့်အမျှ အပြောင်းအလဲများကို စောင့်ကြည့်ရန် ဤပုံစံက မည်သို့ ကူညီပေးနိုင် သနည်း။
- "ခံစားချက်ကင်းမဲ့မှု" အား အဓိပ္ပါယ်ကောက်ယူခြင်း (သို့မဟုတ်) ပြဿနာကို ရှာဖွေဖော်ထုတ်ခြင်း မပြုဘဲ မည်သို့ မှတ်တမ်းတင်မည်နည်း။
- မည်သည့်အားသာချက်များ (သို့မဟုတ်) အကာအကွယ်ဖြစ်စေနိုင်သော အကြောင်းအချက်များ ရှိနေနိုင် သေးသနည်း။
- နောက်ဆက်တွဲ ဆက်လက်ကူညီဆောင်ရွက်မှုများ (သို့မဟုတ်) ပေါင်းစပ်ညှိနှိုင်းမှုများအတွက် အသုံးဝင်မည့် မည်သည့် အချက်အလက်များကို ဤဆန်းစစ်အကဲဖြတ်မှုမှ ရရှိနိုင်မည်နည်း။

**ဖြစ်ရပ်နမူနာ (၅) -**

- ဤပုံစံသည် မသန်းစွမ်းမှုအကျုံးဝင်သည့် ဆန်းစစ်အကဲဖြတ်ချက် ဖြစ်စေရန် မည်သို့ ကူညီပေးသနည်း။
- MHPSS လိုအပ်ချက်များကို မှတ်တမ်းတင်သောအခါ မည်သည့် ထင်မြင်ယူဆချက်များကို ရှောင်ရှားသင့် သနည်း။
- ကျောင်းနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကို ဤပုံစံ၏ အခြား မည်သည့်အပိုင်းများတွင်လည်း တွေ့ရနိုင်သနည်း။
- နောက်ဆက်တွဲ ဆက်လက်ကူညီဆောင်ရွက်မှုများ (သို့မဟုတ်) ပေါင်းစပ်ညှိနှိုင်းမှုများအတွက် အသုံးဝင်မည့် မည်သည့် အချက်အလက်များကို ဤဆန်းစစ်အကဲဖြတ်မှုမှ ရရှိနိုင်မည်နည်း။

**ဖြစ်ရပ်နမူနာ (၆) -**

- နောက်ခံအခြေအနေ (မိသားစု/ ရပ်ရွာလူမှုအသိုင်းအဝိုင်း) သည် MHPSS ဆန်းစစ်အကဲဖြတ်ချက်အပေါ် မည်သို့ ဩဇာသက်ရောက်မှု ရှိသနည်း။
- ဤဆန်းစစ်အကဲဖြတ်မှုနည်းလမ်းက စိတ်သောကဖိစီးမှုနှင့် အားသာချက်များကြား ချိန်ညှိဆောင်ရွက် ပေးရန် မည်သို့ ကူညီပေးနိုင်သနည်း။
- နောက်ဆက်တွဲ ဆက်လက်ကူညီဆောင်ရွက်ပေးသောအခါတွင် မည်သည့် သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်လေ့လာရန် အရေးကြီးသနည်း။

- နောက်ဆက်တွဲ ဆက်လက်ကူညီဆောင်ရွက်မှုများ (သို့မဟုတ်) ပေါင်းစပ်ညှိနှိုင်းမှုများအတွက် အသုံးဝင်မည့် မည်သည့် အချက်အလက်များကို ဤဆန်းစစ်အကဲဖြတ်မှုမှ ရရှိနိုင်မည်နည်း။

## ၈-၅။ မေးမြန်းဆွေးနွေးခြင်း (၅ မိနစ်)

- **မေးပါ -** အစီအစဉ် အဆုံးမသတ်မီ MHPSS ဆန်းစစ်အကဲဖြတ်မှုလုပ်ငန်း၊ ဆန်းစစ်အကဲဖြတ်မှုနည်းလမ်း ပုံစံတို့နှင့် ပတ်သက်၍ ၎င်းတို့ မျှဝေပေးလိုသည့် သုံးသပ်ချက်များ ရှိ/မရှိ မေးမြန်းပါ။
- အဓိကကျသည့် ဆင်ခြင်သုံးသပ်ချက်များကို အနှစ်ချုပ်ပေးကာ CCS လမ်းညွှန်နှင့် ချိတ်ဆက်ဆွေးနွေးပေးကာ အစီအစဉ်ကို ပိတ်သိမ်းပါ။
- **ရှင်းပြပါ -**
    - MHPSS ဆန်းစစ်အကဲဖြတ်မှုသည် ကလေးများကို တံဆိပ်ခတ်ရန်အတွက် မဟုတ်ဘဲ အကျပ်အတည်း ကို ၎င်းတို့ မည်သို့ ရင်ဆိုင်ကျော်လွှားနေကြောင်း နားလည်သိရှိအောင် ကူညီရန် ဖြစ်ပါသည်။
    - စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်း လိုအပ်ချက်များကို ဆန်းစစ်အကဲဖြတ်ခြင်းသည် တစ်ကြိမ်တစ်ခါ သာ ဆောင်ရွက်ရသည့် အလုပ်မဟုတ်ပါ။ CCS ဖြစ်ရပ်စီမံခန့်ခွဲမှု အဆင့်များအားလုံးတွင် ထည့်သွင်း၍ စဉ်ဆက်မပြတ် ပြန်လည်ဆင်ခြင်သုံးသပ်နေရမည့် လုပ်ငန်းစဉ် ဖြစ်သည်။
    - လူမှုအသိုင်းအဝိုင်း၏ ကဲ့ရဲ့ပြစ်တင်ဖယ်ကြဉ်မှုများကြောင့် လူများသည် ကြီးစွာသော စိတ်သောက ဖိစီးမှုများကို ဖွင့်ဟပြောပြခြင်း မရှိဘဲ အသံတိတ် ထိခိုက်ခံစားနေနိုင်ပါသည်။ MHPSS ဆန်းစစ်အကဲ ဖြတ်မှုသည် ကလေးများ၊ ပြုစုစောင့်ရှောက်သူများနှင့် မိမိကိုယ်မိမိ ပို၍ အာရုံစိုက် နားထောင်ပေး နိုင်အောင် ကူညီပါသည်။
    - ကိုယ်စားသရုပ်ဆောင်မှုနှင့် ပြန်လည်သုံးသပ်ဆင်ခြင်မှုများသည် MHPSS ဆန်းစစ်အကဲဖြတ်မှုနှင့် ကလေးများအပေါ် မရည်ရွယ်ဘဲ ထိခိုက်အောင် လုပ်နိုင်သည့် အလေ့အထများကို ဖော်ထုတ်သိရှိနိုင် အောင် ကူညီပေးပါသည်။
    - ဤဆန်းစစ်အကဲဖြတ်မှုကို အသုံးပြုခြင်းဖြင့် ကလေးများအတွက် ပို၍ ဘေးကင်းလုံခြုံသည့် ပေါင်းစပ် ညှိနှိုင်းများနှင့် ပိုမိုကောင်းမွန်သည့် ကူညီစောင့်ရှောက်မှုများ ပေးအပ်နိုင်ရန် များစွာ အထောက်အကူ ပြုပါသည်။
- **တောင်းဆိုပါ -** ဤအစီအစဉ်မှ ၎င်းတို့အတွက် အထူးခြားဆုံး ဖြစ်သည့်/ ၎င်းတို့နှင့်အတူ ယူဆောင်သွားမည့် လေ့လာ သင်ယူမှု/ ဆင်ခြင်သုံးသပ်ချက်တစ်ခုကို တစ်ယောက်ချင်းစီ မျှဝေပေးရန် တောင်းဆိုပါ။

## ၈-၆။ အစီအစဉ်အဆုံးသတ်ခြင်း (၅ မိနစ်)

- **ပြောပါ -** တက်ရောက်သူများအား အစီအစဉ်မှ ရရှိလိုက်သည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ပေးအပ် သည့် ဖောင်ပုံစံကို ဖြည့်စွက်ပေးရန် ပြောပါ။
- **အတည်ပြုပါ -** အစီအစဉ်အပိုင်း (၉) အတွက် နေ့ရက်နှင့် အချိန်ကို အတည်ပြုပါ။

# အပိုင်း (၉) - အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသည့်/ ရှုပ်ထွေးခက်ခဲသည့် ဖြစ်ရပ်အတွင်း MHPSS ဆန်းစစ်အကဲဖြတ်ခြင်း

| | |
|---|---|
| ရည်ရွယ်ချက် | • မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်း၊ထိခိုက်အောင် လုပ်ခြင်းတို့နှင့် စပ်လျဉ်း၍ မိမိတို့၏ နိုင်ငံ/နေရာဒေသတွင် ရှိနေသည့် စိတ်နေသဘောထားများ/ အယူအဆများများ/ ပုံသေကားကျယူဆချက်များကို ပြန်လည်သုံးသပ်ဆင်ခြင်နိုင်မည့် အခွင့် အလမ်းတစ်ခုကို ပေးအပ်ရန်<br>• မိမိကိုယ်မိမိ သတ်သေရန် အတွေးများ ရှိနေသော (သို့မဟုတ်) ရင်ဆိုင်နေရသည့် အကျပ်အတည်းအား ကျော်လွှားရန် မိမိကိုယ်ကိုယ် ထိခိုက်အောင် လုပ်သော နည်းများ အသုံးပြုနေသော မတော်မတရားပြုမှုခံရသည့် ကလေးများအား အကောင်းအဆိုးဝေဖန်ခြင်းကင်းစွာဖြင့် ကူညီပံ့ပိုးပေးရမည့် ဖြစ်ရပ်စီမံခန့်ခွဲသူ၏ အခန်းကဏ္ဍကို အတည်ပြုပေးရန်<br>• မတော်မတရားပြုမှုခံရသူများ၊ အကြမ်းဖက်ခံရသူများအား MHPSS ဝန်ဆောင်မှုများသို့ မည်သည့်အချိန်တွင် မည်သို့ လွှဲပြောင်းညွှန်းပို့ပေးသည်၊ မည်သည့် ဝန်ဆောင်မှုများ၊ ကူညီပံ့ပိုးမှုများ ရရှိနိုင်သည်ဆိုသည်ကို ပြန်လည်သုံးသပ်ဆန်းစစ်နိုင်မည့် အခွင့်အလမ်းတစ်ခု ပေးအပ်ရန် |
| ကြာမြင့်ချိန် | ၆၀-၉၀ မိနစ် |
| ဆွေးနွေးမည့် အကြောင်းအရာများ နှင့် အဆိုပြု ကြာမြင့်ချိန်များ | • ကြိုဆိုနှုတ်ခွန်းဆက်ခြင်း *(၅ မိနစ် )*<br>   ○ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း<br>• အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသော/ ရှုပ်ထွေးခက်ခဲသော MHPSS ဖြစ်ရပ်များ *(၁၅ မိနစ်)*<br>   ○ ထိန်းမနိုင်သိမ်းမရ ကြောက်စိတ်ဝင်ခြင်း<br>   ○ ထပ်ခါတလဲလဲ ပြန်လည်အမှတ်ရခြင်း<br>   ○ မိမိကိုယ်မိမိ သေကြောင်းကြံစည်ခြင်းနှင့် ထိခိုက်အောင်လုပ်ခြင်း<br>• MHPSS ဆန်းစစ်အကဲဖြတ်မှု စွမ်းရည်များကို အားကောင်းစေမည့် ပြန်လည်သုံးသပ်ဆင်ခြင်သည့် အလေ့အထ *(၃၀ မိနစ်)*<br>• မေးမြန်းဆွေးနွေးခြင်း *(၅ မိနစ်)*<br>• အစီအစဉ်အဆုံးသတ်ခြင်း *(၅ မိနစ်)* |

| | |
|---|---|
| သင်ထောက်ကူများ | ဖြန့်ဝေပေးရမည့် မှတ်စုစာရွက်များ<br>• လေ့ကျင့်ခန်းအတွက် ဖြစ်ရပ်နမူနာများ စာရွက်<br>နေရာဒေသအခြေအနေနှင့် လိုက်လျောညီထွေပြုရန် လမ်းညွှန် - ဖြစ်ရပ်နမူနာများတွင် ပေးထားသော ကလေးအမည်များသည် မိမိတို့ နေရာဒေသနှင့် မကိုက်ညီလျှင် ပြင်ဆင်ပါ။ နည်းပြလမ်းညွှန်မှု အစီအစဉ်သို့ တက်ရောက်လာသူများ၏ အမည်များကို အသုံးပြုခြင်းမှ ရှောင်ကြဉ်ပါ။<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ |
| အစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လုပ်ဆောင်ထားရမည့် သုံးသပ်ဆင်ခြင်လေ့လာမှု/ လုပ်ဆောင်မှု | • ပါဝင်တက်ရောက်မည့်သူများအား နည်းပြလမ်းညွှန်မှုအစီအစဉ်သို့မလာမီ မိမိကိုယ်မိမိ သတ်သေနိုင်ခြေ အန္တရာယ် ဆန်းစစ်အကဲဖြတ်မှု ပြုလုပ်သည့် ကိုယ်စားသရုပ်ဆောင်ခြင်းဗီဒီယိုကို ကြည့်ရှုခိုင်းပါ။<br>• ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများအနေဖြင့် ဖြစ်ရပ်စီမံခန့်ခွဲသူများအား အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသည့်၊ ရှုပ်ထွေးခက်ခဲသည့် ဖြစ်ရပ်များတွင် အကူအညီပေးရန် အမြဲ အဆင်သင့်ရှိနေသင့်သည်။ မိမိ၏ ဝန်ထမ်းများထဲတွင် မိမိကိုယ်မိမိ သေကြောင်းကြံစည်မှု/ ထိခိုက်အောင် လုပ်မှု ဆန်းစစ်အကဲဖြတ်ခြင်းကို လုပ်ဆောင်နိုင်ရန် လေ့ကျင့်ပေးထားသူ တစ်ဦး အမြဲ ရှိနေရန်လည်း ဆောင်ရွက်သင့်သည်။ နည်းပြလမ်းညွှန်အစီအစဉ်တွင် မေးခွန်းများ ဖြေဆိုပေးရန်နှင့် လိုအပ်သည့် အကူအညီများပေးရန် ထိုဝန်ထမ်းကိုပါ ပါဝင်တက်ရောက်ခိုင်းမည်ဆိုလျှင် အထောက်အကူဖြစ်နိုင်ပါသည်။ |
| **အစီအစဉ် ပြီးသည့်နောက် ဖတ်ရှုလိုက ဖတ်ရှုလေ့လာရန်** | • CCS လမ်းညွှန် (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၁၃၉-၁၆၆)<br>• CCS သင်ရိုး မော်ဂျူး ၆(ခ) |

## အစီအစဉ် အပိုင်း (၉) တွင် ပါဝင်သော အကြောင်းအရာများ

### *၉-၁။ ကြိုဆိုနှုတ်ခွန်းဆက်ခြင်း (၅ မိနစ်)*

- နည်းပြလမ်းညွှန်ခြင်းအစီအစဉ် အပိုင်း (၉) သို့ တက်ရောက်လာသူများကို ကြိုဆိုနှုတ်ခွန်းဆက်ပါ။
- ပြောပါ - နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် လုံခြုံစိတ်ချစွာ လေ့လာသင်ယူနိုင်သည့် အစီအစဉ်များဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေရန်အတွက် မေးခွန်းများနှင့် အကြံပြုချက်များကို ကြိုဆိုပါသည်။

- **မေးပါ** - ပြီးခဲ့သည့် အစီအစဉ်နောက်ပိုင်း အဆင်ပြေကြပါသလား၊ မည်သို့ ခံစားရပါသနည်း။ ပြီးခဲ့သည့် အစီအစဉ်နှင့် ပတ်သက်၍ ၎င်းတို့ မေးမြန်းလိုသည့် မေးခွန်းများ (သို့မဟုတ်) မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိပါသလား။
- **ရှင်းပြပါ** - ယနေ့အစီအစဉ်တွင် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်း အထောက်အပံ့ပေးခြင်း (MHPSS) အကြောင်းကို ဆက်လက်ဆွေးနွေးမည်ဖြစ်ပြီး အထူးသဖြင့် မိမိကိုယ်မိမိ သေကြောင်းကြံစည်နိုင်ခြေနှင့် မိမိကိုယ်မိမိ ထိခိုက်အောင်လုပ်နိုင်ခြေအန္တရာယ် ဆန်းစစ်အကဲဖြတ်မှုများအပါအဝင် အန္တရာယ်ကျရောက်နိုင်ခြေမြင့်မားပြီး ခက်ခဲရှုပ်ထွေးသော ဖြစ်ရပ်များကို အလေးပေးဆွေးနွေးမည်ဖြစ်ကြောင်း ရှင်းပြပါ။
    - ဖြစ်ရပ်စီမံခန့်ခွဲသူများအတွက် မိမိကိုယ်မိမိ သေကြောင်းကြံစည်ခြင်းနှင့် ထိခိုက်အောင်လုပ်ခြင်းအကြောင်းများကို ဆွေးနွေးပြောဆိုရန် ခက်ခဲမည်ဆိုသည်ကို လက်ခံအသိအမှတ်ပြုပေးပါ။
    - ဆွေးနွေးပြောဆိုမှုများတွင် မိမိတို့ မျှဝေပေးလိုသော ဆန္ဒရှိမှသာ မျှဝေပေးနိုင်ကြောင်း အလေးအနက်ပြောကြားပါ။
    - အစီအစဉ်တက်ရောက်လာသူများကြား ဆွေးနွေးပြောဆိုမှု မှန်သမျှကို အပြင်တွင် ပြန်လည်မျှဝေခြင်းမပြုဘဲ လျှို့ဝှက်ထိန်းသိမ်းပေးရမည်ဖြစ်ကြောင်း ထပ်မံသတိပေးပါ။
    - ကြီးကြပ်ပံ့ပိုးပေးသည့်၊ နည်းပြလမ်းညွှန်ပေးသည့် အစီအစဉ်များသည် မိမိတို့တွင် ရှိနေသည့် မသေချာမရေရာ ဖြစ်နေမှုများနှင့် စိုးရိမ်ပူပန်မှုများကို တင်ပြဆွေးနွေး၍ အကြံပြုချက်၊ လမ်းညွှန်ချက်များတောင်းခံနိုင်သည့် နေရာဖြစ်ကြောင်း တက်ရောက်လာသူများ အမှတ်ရစေရန် သတိပေးပါ။

ကြီးကြပ်ပံ့ပိုးသူအတွက် မှတ်ချက် - **ဤအပိုင်းတွင် ဖြစ်ရပ်စီမံခန့်ခွဲသူများကို စိတ်ကျန်းမာရေး အထူးကျွမ်းကျင်သူများဖြစ်အောင် လေ့ကျင့်ပေးရန် မရည်ရွယ်ပါ။ အရေးကြီးသည့် စိတ်ကျန်းမာရေး ပြဿနာများကို သတိပြုသိရှိခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် လွှဲပြောင်းညွှန်းပို့ပေးခြင်းတို့အား လိုအပ်သည့် ကြီးကြပ်ပံ့ပိုးမှုများ ရယူ၍ လုပ်ဆောင်ရာတွင် ၎င်းတို့၏ အရေးပါသော အခန်းကဏ္ဍကို ပိုမိုအားကောင်းအောင် လုပ်ပေးရန် ဖြစ်ပြီး ဤလုပ်ငန်းများသည် မတော်မတရားပြုမူခံရသော ကလေးများ၏ ဘေးကင်းလုံခြုံရေးအတွက် အဓိကပင်မ လုပ်ငန်းစဉ်တစ်ခု ဖြစ်ကြောင်း နားလည်သိရှိသွားစေရန် ဖြစ်ပါသည်။**

လုပ်ဆောင်ပါ - **မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း - စိတ်တည်ငြိမ်အောင် စုစည်းသည့် ၅-၄-၃-၂-၁ နည်းစနစ်**

ပြီးခဲ့သည့် အပိုင်းတုန်းကကဲ့သို့ပင် ယခုလည်း မတော်မတရားပြုမူခံရသော ကလေးများနှင့် အတူတကွ လုပ်ဆောင်နိုင်မည့် ခန္ဓာနှင့်စိတ် ဖြေလျှော့မှု နည်းစနစ်တစ်ခုကို စတင်လုပ်ဆောင်ပါမည်။ ကလေးများအား စိတ်ဖိစီးမှုကို ကိုင်တွယ်ရန်နှင့် နှလုံးခုန် မြန်ခြင်း (သို့မဟုတ်) တဒိန်းဒိန်းခုန်ခြင်း၊ အိပ်မပျော်ခြင်း၊ အာရုံစိုက်ရန် ခက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ စိုးရိမ်သောကဖြစ်ခြင်း၊ စသည်ကဲ့သို့သော ဇီဝကမ္မဆိုင်ရာ လက္ခဏာများကို လျှော့ချနိုင်ရန် ဤနည်းစနစ်ကို သင်ကြားပေးနိုင်ပါသည်။

၅-၄-၃-၂-၁ နည်းစနစ်သည် အာရုံ (၅) ပါးကို အသုံးချ၍ သင်၏ ပတ်ဝန်းကျင်ကို လေ့လာခြင်းဖြစ်ပြီး စိုးရိမ်ပူပန်မှုကို ဖြစ်စေသော အတွေးများကို ရပ်တန့်စေနိုင်ပါသည်။ နည်းစနစ်မှာ သင် မြင်နိုင်သည့် အရာ (၅)၊ သင် ထိတွေ့ခံစားနိုင်သည့် အရာ (၄) ခု၊ သင် ကြားနိုင်သည့် အသံ (၃) သံ၊ သင် ရှူရှိုက်နိုင်သည့် အနံ (၂) မျိုးနှင့် သင် ရရှိနိုင်သည့် အရသာ (၁) ခုတို့ကို ရှာဖွေရန် ဖြစ်ပါသည်။

- **အဆင့် (၁) သင် မြင်နိုင်သည့် အရာ (၅) ခု** - ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီး အရာဝတ္ထု (၅) ခုကို ရှာပါ။ ဥပမာ စားပွဲပေါ်မှ အနီရောင်စာအုပ်၊ နံရံပေါ်မှ နာရီ၊ ပန်းချီကား၊ ပြတင်းပေါက်နှင့် အခန်း တစ်ဖက်ခြမ်းရှိ ကုလားထိုင်တို့ ဖြစ်ပါသည်။
- **အဆင့် (၂) သင် ထိတွေ့ခံစားနိုင်သည့် အရာ (၄) ခု** - သင့် ခန္ဓာကိုယ်နှင့် ထိတွေ့ခံစားနိုင်သည့် ပစ္စည်း လေးခုကို အာရုံစိုက်ကြည့်ပါ။ ဥပမာ သင်ဝတ်ထားသော ဆွယ်တာ၏ နူးညံ့မှု၊ သင့် ဘောလ်ပင်၏ ချောမွေ့မှု၊ သင် ထိုင်နေသော ထိုင်ခုံ၏ အေးမြမှု၊ သင့်လက်ထဲ ကိုင်ထားသော မတ်ခွက်၏ နွေးထွေးမှုတို့ ဖြစ်ပါသည်။
- **အဆင့် (၃) သင် ကြားနိုင်သော အသံ (၃) သံ** - မတူညီသည့် အသံ (၃) မျိုးကို နားထောင်ပါ။ နာရီလက်တံ ရွေ့လျားနေသော သံ၊ လေအေးပေးစက်မှ မြည်သောအသံနှင့် နောက်ကွယ်တွင် တစ်စုံတစ်ယောက် စကားပြောနေသောအသံတို့ ဖြစ်နိုင်ပါသည်။
- **အဆင့် (၄) သင် ရှူရှိုက်နိုင်သော အနံ့ (၂) မျိုး** - သင့် ပတ်ဝန်းကျင်မှ အနံ့များကို သတိပြုကြည့်ပါ။ အပြင်ဘက်တွင် မိုးရွာထား၍ ရသော မြေသင်းနံ့၊ မီးဖိုချောင်တွင် ချက်ပြုတ်နေသော ဟင်းနံ့တို့ ဖြစ်နိုင်ပါသည်။
- **အဆင့် (၅) သင် ရရှိနိုင်သော အရသာ (၁) ခု** - သင့်ပါးစပ်ထဲတွင် ရှိနေသော အရသာကို အာရုံစိုက် ကြည့်ပါ။ စားထားသည့် နေ့လယ်စာမှ အရသာတစ်ခုခု ကျန်နေနိုင်သည်။ သို့မဟုတ် သင့်ပါးစပ်ထဲတွင် သဘာဝ အတိုင်း ရှိနေသည့် အရသာလည်း ဖြစ်နိုင်ပါသည်။

## *၉-၂။ အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသော၊ ရှုပ်ထွေးခက်ခဲသော MHPSS ဖြစ်ရပ်များ (၁၅ မိနစ်)*

**ရှင်းပြပါ -** ဤနည်းပြလမ်းညွှန်မှု အစီအစဉ်သည် ဖြစ်ရပ်စီမံခန့်ခွဲသူများအား မတော်မတရားပြုမူခံရသော ကလေးများ တွင် တွေ့ရနိုင်သည့် အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသော၊ ရှုပ်ထွေးခက်ခဲသော MHPSS ပြဿနာများကို သတိပြု သိရှိကာ ယုံကြည်ချက်ရှိရှိ တုံ့ပြန်ဆောင်ရွက်ပေးနိုင်အောင် ကူညီပေးဖို့ ဖြစ်သည်။ ဤအပိုင်းတွင် အဓိကအရေးကြီး သည့် သဘောတရားများကို ရှင်းရှင်းလင်းလင်း နားလည်သိရှိအောင် ဆွေးနွေးပေးမည်ဖြစ်သည်။ ကလေးများတွင် ကြီးစွာသော သောကဖိစီးမှုကို ပုံစံအမျိုးမျိုးဖြင့် ပြသနိုင်ကြောင်း ကောင်းစွာ နားလည်သိရှိပြီး မိမိကိုယ်မိမိ သေကြောင်း ကြံစည်မှုနှင့် ထိခိုက်အောင် လုပ်မှုတို့ကို CCS နည်းလမ်းအထောက်အကူများ၊ ကြီးကြပ်ပံ့ပိုးမှုများ၊ လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းများကို အသုံးပြု၍ တုံ့ပြန်ဆောင်ရွက်ပေးနိုင်မည့် စွမ်းရည်များကို မြှင့်တင်ပေးမည် ဖြစ်သည်။

**အန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသော၊ ရှုပ်ထွေးခက်ခဲသော MHPSS ဖြစ်ရပ်များတွင် အောက်ပါတို့ကို တွေ့ရှိရမည် ဖြစ်သည် -**

- ကလေး၏ သောကဖိစီးမှုသည် ပြင်းထန်ခြင်း၊ ရှည်ကြာခြင်း (သို့မဟုတ်) ပို၍ ဆိုးဆိုးလာခြင်း (သို့မဟုတ်)
- မိမိကိုယ်မိမိ ထိခိုက်အောင် လုပ်နေသည့် (သို့မဟုတ်) မိမိကိုယ်မိမိ သေကြောင်းကြံစည်သည့် လက္ခဏာများ တွေ့ရခြင်း (သို့မဟုတ်)
- တစ်ခုထက်မကသည့် စိတ်ဖိစီးမှုဖြစ်စေသော အကြောင်းများ (ဥပမာ အန္တရာယ်ရှိနေဆဲဖြစ်ခြင်း၊ လူမှုအသိုင်း အဝိုင်းမှ ကဲ့ရဲ့ပြစ်တင်ဖယ်ကြဉ်ထားခြင်း၊ မသန်စွမ်းမှု၊ သီးခြားခွဲထားမှု) အပြန်အလှန်သက်ရောက်မှု ရှိနေခြင်း

**အောက်ပါအချက်များကို အလေးပေးပြောပြပါ -**

- ကလေးများအားလုံးသည် ကြီးစွာသော စိတ်သောကဖိစီးမှုကို တစ်ပုံစံတည်း ပြသမည်မဟုတ်ပါ။
- တိတ်ဆိတ်ငြိမ်သက်ပြီး အခြားသူများနှင့် မရောနှောဘဲ တစ်ဦးတည်း သီးသန့်နေသည့် ကလေးများသည် အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားတတ်သည်။
- "ကိုင်တွယ်ရခက်သည်" ဟု ထင်ရသည့် အမူအကျင့်များသည် ကြီးစွာသော စိတ်သောကဖိစီးမှုကို ညွှန်ပြနေခြင်း ဖြစ်နိုင်သည်။

**ကူညီပံ့ပိုးမှုများကို အချိန်မရွေး ရယူနိုင်သည်။**

- အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသော ဖြစ်ရပ်များအတွက် တိုင်ပင်ဆွေးနွေးမှုများ ချက်ချင်း ပြုလုပ်ရန် လိုအပ်သည်။
- မှတ်တမ်းထားရှိမှုသည် ကလေးနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူကို ကာကွယ်ပေးနိုင်သည်။
- ပေါင်းစပ်ညှိနှိုင်းမှုများတွင် သဘောတူခွင့်ပြုချက်ရယူခြင်း၊ လျှို့ဝှက်ထိန်းသိမ်းပေးခြင်းနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးဆိုင်ရာ အခြေခံစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်။
- အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသော အခြေအနေများကို စီမံခန့်ခွဲရသောအခါမျိုးတွင် ဖြစ်ရပ်စီမံခန့်ခွဲသူ၏ ကျန်းမာပျော်ရွှင်အဆင်ပြေရေးသည် အရေးကြီးသည်။

**မေးပါ -** သင်တို့ တွေ့ကြုံဖူးသည့် အန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသော၊ ရှုပ်ထွေးခက်ခဲသော MHPSS ဖြစ်ရပ်အချို့ကို ဥပမာအဖြစ် ပြောပြပေးနိုင်မလား။

**ရှင်းပြပါ -** CCS လမ်းညွှန်တွင် ထပ်ပြန်တလဲလဲ ပြန်လည်မြင်ယောင်ခြင်း၊ အမှတ်ရခြင်း (flashbacks) နှင့် ထိန်းမနိုင်သိမ်းမရ ကြောက်စိတ်ဝင်ခြင်း (panic attacks) ပြဿနာများကို ဖော်ပြထားသည်။ ၎င်းတို့အကြောင်း ခဏ ပြန်ဆွေးကြပါမည်။

**ဆွေးနွေးပါ -**

- ထပ်ပြန်တလဲလဲ ပြန်လည်အမှတ်ရခြင်း ဆိုသည်မှာ အဘယ်နည်း။ မည်သည့်လက္ခဏာမျိုး ပြသသနည်း။
- ထိန်းမနိုင်သိမ်းမရ ကြောက်စိတ်ဝင်ခြင်း ဆိုသည်မှာ အဘယ်နည်း။ မည်သည့်လက္ခဏာမျိုး ပြသသနည်း။
- ထိုပြဿနာများသည် အမြဲတမ်း ပုံစံတစ်မျိုးတည်း ဖြစ်ပေါ်ပါသလား။ ကလေးများအားလုံးသည် ထိုပြဿနာတစ်ခုခုကို တွေ့ကြုံခံစားရလျှင် တစ်ပုံစံတည်း ပြုမူပါသလား။
- သင်တို့တွင် ထပ်ပြန်တလဲလဲ ပြန်လည်အမှတ်ရခြင်း (သို့မဟုတ်) ထိန်းမနိုင်သိမ်းမရ ကြောက်စိတ်ဝင်ခြင်းတို့ကို ခံစားရသူများနှင့် အလုပ်လုပ်ခဲ့ဖူးသော အတွေ့အကြုံ ရှိပါသလား။ ထိုအတွေ့အကြုံများတွင် သင် မည်သို့ခံစားခဲ့ရသည်ဆိုသည်ကို မျှဝေပေးပါ။ ကာယကံရှင်သည် မည်သူမည်ဝါဖြစ်ကြောင်း ပေါ်လွင်စေမည့် အချက်အလက်များကို ဖော်ပြခြင်းမရှိဘဲ ချန်လှပ်ထားပါ။

## ဤနည်းပြလမ်းညွှန်အပိုင်းကို ပြုလုပ်ပေးနေသည့် ကြီးကြပ်ပံ့ပိုးသူအတွက် ရည်ညွှန်းကိုးကားချက် -

| ပုံစံ | အဓိပ္ပါယ်ဖွင့်ဆိုချက်/ သရုပ်သကန် | ကြီးကြပ်ပံ့ပိုးသူမှ အလေးပေး ပြောကြားရမည့်အချက် |
|---|---|---|
| **ထပ်ပြန်တလဲလဲ ပြန်လည် အမှတ်ရခြင်း** | စိတ်ဒဏ်ရာရရှိမှုကြောင့် ဖြစ်ပေါ်လာသည့် တုံ့ပြန်မှုများ ဖြစ်ပြီး ကလေးတစ်ဦးသည် မတော်မတရား ပြုမူခံရမှု နောက်ထပ်တစ်ဖန်ပြန်ဖြစ်နေသကဲ့သို့ ခံစားရနိုင်သည်။ ထိုကလေးများကို အောက်ပါ ပုံစံများဖြင့် တွေ့နိုင်သည် -<br>• စိတ်နှင့်လူနှင့် မကပ်ခြင်း၊ ထိတ်လန့်၍ မလှုပ်မယှက်ဖြစ်နေခြင်း (သို့မဟုတ်) တုံ့ပြန်မှု မရှိခြင်း<br>• အလွန်အမင်း စိတ်ဖိစီးသောကရောက်ခြင်း၊ ကြောက်စိတ်မွှန်ခြင်း (သို့မဟုတ်) စိတ်ရှုပ်ထွေးကာ ဇဝေဇဝါဖြစ်ခြင်း<br>• ငိုယိုခြင်း၊ တုန်ခါခြင်း (သို့မဟုတ်) အတင်း ဖက်တွယ်ထားခြင်း | ထပ်ပြန်တလဲလဲ ပြန်လည်အမှတ်ရမှု လက္ခဏာများကို ကြည့်၍ ကလေးကို ဆိုးသွမ်းသည် (သို့မဟုတ်) ကလန် ကဆန်လုပ်သည်ဟု မယူဆပါနှင့်။ |
| **ထိန်းမနိုင်သိမ်းမရ ကြောက်စိတ်ဝင် ခြင်း** | အလွန်အမင်း ကြောက်ရွံ့ပြီး အောက်ပါ လက္ခဏာများကို တွေ့ရပါသည် -<br>• အသက်ရှူမြန်ခြင်း (သို့) နှလုံးခုန်မြန်ခြင်း<br>• မူးဝေခြင်း (သို့) ရင်ဘက်အောင့်ခြင်း<br>• ထိန်းချုပ်၍ မရဖြစ်မည်ကို ကြောက်ရွံ့ခြင်း (သို့) သေတော့မည်ဟု ထင်ခြင်း | ဤသို့ ကြောက်စိတ်ဝင်ခြင်းသည် ရုတ်တရက်ဖြစ်ပေါ်နိုင်ပြီး ထိုသို့ ဖြစ်ရန် နှိုးဆွပေးသော အရာတစ်ခု ရှိနိုင်သလို မရှိဘဲလည်း သူ့ဘာသာ ထဖြစ်နိုင်သည်။ |

### မိမိကိုယ်မိမိ ထိခိုက်အောင် လုပ်နိုင်သည့်အန္တရာယ်၊ မိမိကိုယ်မိမိ သေကြောင်းကြံစည်နိုင်သည့် အန္တရာယ်တို့ကို အဓိက အာရုံစိုက်ခြင်း

ကလေးများနှင့် ဆက်ကျော်သက်များသည် ဤအန္တရာယ်များကို နည်းလမ်းအမျိုးမျိုးဖြင့် ကြုံတွေ့နိုင်၊ ထုတ်ဖော်ပြသနိုင်ပါသည်။ တစ်ခုတည်းသော "စံ" ပုံစံဟူ၍ မရှိပါ။

- ကလေးများနှင့် ဆယ်ကျော်သက်များသည် အန္တရာယ်ကျရောက်နိုင်ခြေကို ပုံစံအမျိုးမျိုးဖြင့် ထုတ်ဖော်ပြသနိုင်သည် -
    - တိုက်ရိုက်ထုတ်ဖော်ပြောဆိုချက်များ ("ကိုယ့်ကိုယ်ကိုယ် နာကျင်အောင် လုပ်ပစ်ချင်တယ်")
    - သွယ်ဝိုက်ပြောဆိုချက်များ ("သမီး ဒီမှာ ဆက်ပြီး ရှိမနေချင်တော့ဘူး")
    - အမူအကျင့်ပြောင်းလဲမှုများ (ဥပမာ ရန်လိုလာခြင်း၊ တစ်ဦးတည်း သီးသန့်နေခြင်း၊ အန္တရာယ်များသည့် အလုပ်များကို လုပ်ခြင်း)

    - မည်သူနှင့်မျှ အဆက်အဆံမလုပ်ဘဲ တစ်ဦးတည်း နေခြင်း (သို့မဟုတ်) ခံစားချက်ကင်းမဲ့ခြင်း
- အန္တရာယ်ကျရောက်နိုင်ခြေသည် -
    - အချိန်ကြာလာသည်နှင့်အမျှ ပြောင်းလဲနိုင်သည်။
    - စိတ်ဖိစီးသည့်အချိန် (သို့မဟုတ်) အကူးအပြောင်းကာလများအတွင်း တိုးပွားလာနိုင်သည်။
    - ရက်ခြင်း (သို့မဟုတ်) ကြောက်ခြင်းအောက်တွင် ဖုံးကွယ်နေနိုင်သည်။

**CCS လမ်းညွှန်အရ ဖြစ်ရပ်စီမံခန့်ခွဲသူများသည် မတော်မတရားပြုမှုခံရသော ကလေးများအတွက် အဓိကပင်မဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်တစ်ခုအဖြစ် ထိုပြဿနာများကို သတိပြုသိရှိခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် လွှဲပြောင်းညွှန်းပို့ခြင်းတို့အား ကြီးကြပ်ပံ့ပိုးမှုများကို ရယူကာ ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။**

ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးသည် -

- မိမိကိုယ်မိမိ သေကြောင်းကြံစည်နိုင်သည့် အန္တရာယ်အား ဆန်းစစ်အကဲဖြတ်သည့် အတွေ့အကြုံမရှိလျှင် (သို့မဟုတ်)
- မြင့်မားသည့် (သို့မဟုတ်) ရှုပ်ထွေးသည့် အန္တရာယ်များရှိကြောင်း ညွှန်ပြသည့် လက္ခဏာများ တွေ့ရှိရလျှင်

အောက်ပါတို့ကို မဖြစ်မနေ လုပ်ဆောင်ရမည် -

- ၎င်းတို့၏ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူနှင့် ချက်ချင်း တိုင်ပင်ဆွေးနွေးခြင်းနှင့်
- MHPSS ကျွမ်းကျင်ပညာရှင်များ (သို့မဟုတ်) မိမိကိုယ်မိမိ သေကြောင်းကြံစည်နိုင်သည့် အန္တရာယ် ဆန်းစစ်အကဲဖြတ်မှု သင်တန်း ရရှိထားသော အခြားသူများထံသို့ လွှဲပြောင်းညွှန်းပို့ပေးခြင်း

**ဆွေးနွေးပါ -**

- ကလေးများ (သို့မဟုတ်) ဆယ်ကျော်သက်များတွင် မိမိကိုယ်မိမိ သေကြောင်းကြံစည်မှု (သို့မဟုတ်) ထိခိုက်စေလိုမှုတို့ ရှိသည်ဟု ထင်လျှင် ကျွန်ုပ်တို့တွင် မည်သည့်ခံစားချက်များ ဖြစ်ပေါ်လာသနည်း။
- ကျွန်ုပ်တို့တွင် မည်သည့် အယူအဆမှားများ ရှိနေသနည်း (ဥပမာ "မိမိကိုယ်မိမိ သေကြောင်းကြံစည်မှုအကြောင်း ပြောဆိုခြင်းသည် အမှန်တကယ်သေကြောင်းကြံစည်မှုကို ဖြစ်စေသည်" (သို့) "သူတို့ အာရုံစိုက်ခံချင်လို့ အဲလို သက်သက် လုပ်နေတာ")။
- ကြောက်စိတ် (သို့မဟုတ်) အများ၏ ကဲ့ရဲ့ပြစ်တင်ခံရမည်ကို စိုးရိမ်စိတ်တို့က မိမိကိုယ်မိမိ ထိခိုက်အောင်လုပ်မှု (သို့မဟုတ်) သေကြောင်းကြံစည်မှု အကြောင်း မေးခွန်းများ တိုက်ရိုက် မမေးဖြစ်အောင် ကျွန်ုပ်တို့ကို မည်သို့ တားဆီးထားနိုင်သနည်း။
- အကောင်းအဆိုးဝေဖန်မှုကင်းသော နည်းလမ်းက ကလေးများကို မည်သို့ ကာကွယ်ပေးနိုင်သနည်း။
- ဖြစ်ရပ်တစ်ခုသည် သင် ကူညီဆောင်ရွက်ပေးနိုင်သည်ထက် ကျော်လွန်ပြီး အထူးပြုကျွမ်းကျင်သူ၏ အကူအညီလိုအပ်လာပြီဟု ပြသသည့် လက္ခဏာများမှာ အဘယ်နည်း။
- အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသော ဖြစ်ရပ်များတွင် စည်းဘောင်များကို သင့်မြတ်လျော်ကန်စွာ ချမှတ်နိုင်ရန် ကြီးကြပ်ပံ့ပိုးမှုများက သင့်ကို မည်သို့ အထောက်အကူပြုနိုင်သနည်း။

ဤနည်းပြလမ်းညွှန်မှုအပိုင်းကို ပြုလုပ်ပေးနေသည့် ကြီးကြပ်ပံ့ပိုးသူအတွက် ရည်ညွှန်းကိုးကားချက် -

| ပုံစံ | အဓိပ္ပါယ်ဖွင့်ဆိုချက်/ သရုပ်သကန် | ကြီးကြပ်ပံ့ပိုးသူ အလေးပေး ပြောကြားရမည့်အချက် |
|---|---|---|
| **မိမိကိုယ်မိမိ ထိခိုက်အောင် လုပ်ခြင်း** | မိမိကိုယ်မိမိ ထိခိုက်အောင်လုပ်ခြင်း (Self-harm) ဆိုသည်မှာ တစ်စုံတစ်ဦးသည် ကြီးစွာသော စိတ်သောကဖိစီးမှုကို ရင်ဆိုင်ကိုင်တွယ်သည့် နည်းလမ်းတစ်ခုအဖြစ် မိမိကိုယ်မိမိ ထိခိုက်ဒဏ်ရာ ရအောင် တမင်လုပ်ဆောင်ခြင်းကို ရည်ညွှန်းပါသည် (ဥပမာ ဓားဖြင့်လှီးဖြတ်ခြင်း၊ ကုတ်ဖဲ့ခြင်း၊ မီးရှို့ခြင်း) | • မိမိကိုယ်မိမိ ထိခိုက်အောင် လုပ်ခြင်းသည် အာရုံစိုက်ခံရအောင်၊ ဂရုစိုက်ခံရအောင် လုပ်ဆောင်ခြင်း မဟုတ်ပါ။ အကျပ်အတည်းကို ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းတစ်ခုသာ ဖြစ်ပါသည်။<br>• မိမိကိုယ်ကိုယ် သေကြောင်းကြံစည်လိုသည့် ရည်ရွယ်ချက်လည်း အတူဒွန်တွဲ၍ ရှိကောင်းရှိနိုင်သည်။ (သို့မဟုတ်) ရှိချင်မှလည်း ရှိလိမ့်မည်။ |
| **မိမိကိုယ်မိမိ သေကြောင်း ကြံစည်ခြင်း** | မိမိကိုယ်မိမိ သေကြောင်းကြံစည်နိုင်ခြေ အန္တရာယ်တွင် အဆုံးစီရင်ရန် အတွေးများ၊ အစီအစဉ်များ (သို့မဟုတ်) ပြုမူလုပ်ဆောင်မှုများ ပါဝင်နိုင်သည်။ | • မိမိကိုယ်မိမိ သေကြောင်းကြံစည်မှုအကြောင်း ပြောဆိုဆွေးနွေးရုံဖြင့် အမှန်တကယ် မဖြစ်ပွားနိုင်ပါ။<br>• ဤအန္တရာယ်ကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သည့်နည်းဖြင့် ထုတ်ဖော်ပြသနိုင်သည်။ |

**ဆွေးနွေးပါ** - ယနေ့အစီအစဉ်မတိုင်မီ မိမိကိုယ်မိမိ သေကြောင်းကြံစည်နိုင်ခြေအန္တရာယ် ဆန်းစစ်အကဲဖြတ်မှုအကြောင်း CCS ကိုယ်စားသရုပ်ဆောင်မှု ဗီဒီယိုကို ကြိုတင်၍ ကြည့်ခိုင်းထားပါသည်။ ထိုဗီဒီယိုအကြောင်း ခဏမျှ အချိန်ယူ၍ ဆွေးနွေးကြပါစို့ -

- ဗီဒီယိုကို ကြည့်ပြီး သင် မည်သို့ ခံစားခဲ့ရသနည်း။
- ထိုဗီဒီယိုမှ မည်သည့်အချက်ကို ထူးထူးခြားခြား သတိပြုမိသနည်း၊ ရရှိလိုက်သနည်း။
- ဗီဒီယိုထဲတွင် မည်သည့် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များ အသုံးပြုသွားသည်ကို သတိပြုမိသနည်း။
- ကျွန်ုပ်တို့၏ နိုင်ငံ/ နေရာဒေသအခြေအနေတွင် ဗီဒီယိုထဲမှ မည်သည့် နည်းစနစ်သည် အလုပ်ဖြစ်မည်နည်း/ အလုပ်မဖြစ်နိုင်သနည်း။ အဘယ်ကြောင့်နည်း။
- ဗီဒီယိုမှ နည်းစနစ်များထဲတွင် သင် လက်တွေ့အသုံးချကြည့်လိုသော နည်းစနစ်များ ရှိပါသလား။ ရှိလျှင် အဘယ်ကြောင့်နည်း၊ မရှိလျှင် အဘယ်ကြောင့်နည်း။

## *၉-၃။ MHPSS ဆန်းစစ်အကဲဖြတ်မှု စွမ်းရည်များကို အားကောင်းစေမည့် ပြန်လည်သုံးသပ်ဆင်ခြင်သည့် အလေ့အထ* (၃၀ မိနစ်)

**ရှင်းပြပါ -** ကြီးကြပ်ပံ့ပိုးမှုနှင့် အဖွဲ့လိုက် နည်းပြလမ်းညွှန်မှု အစီအစဉ်များသည် ဖြစ်ရပ်စီမံခန့်ခွဲသူများအတွက် အောက်ပါတို့ကို ပြန်လည်သုံးသပ်ဆင်ခြင်နိုင်ရန် အရေးပါသော နေရာများ ဖြစ်သည် -

- ပြင်းထန်သည့် စိတ်သောကဖိစီးမှုများကို ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ပတ်သက်၍ ၎င်းတို့ကိုယ်တိုင်၏ စိတ်အခြေအနေသည် မည်မျှ အဆင်ပြေပါသနည်း။
- ၎င်းတို့၏ တုံ့ပြန်မှုများ (သို့မဟုတ်) "တစ်ခုခု မှားယွင်းသွားမည်" ကို စိုးရိမ်စိတ်တို့သည် ဆန်းစစ်အကဲဖြတ်မှု အပေါ် မည်သို့ သက်ရောက်မှု ရှိသနည်း။
- အလုပ်ဝန်ပိမှု (သို့မဟုတ်) အချိန်ဖိအားတို့သည် နောက်ဆက်တွဲ ကူညီဆောင်ရွက်ပေးနိုင်မှုအပေါ် မည်သို့ သက်ရောက်မှု ရှိသနည်း။
- အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသော (သို့မဟုတ်) ရှုပ်ထွေးခက်ခဲသော ဖြစ်ရပ်များအတွက် ကူညီပံ့ပိုးမှုများကို မည်သည့်အချိန်တွင် မည်သို့ ရယူသနည်း။

ရှေ့က ပြုလုပ်ခဲ့သော အစီအစဉ်ကဲ့သို့ပင် ယနေ့အစီအစဉ်တွင်လည်း ဤနယ်ပယ်ရှိ မိမိတို့ ကျင့်သုံးဆောင်ရွက်နေသော အလေ့အထ ပိုမိုအားကောင်းအောင် စုပေါင်းကြိုးပမ်းနိုင်ရန်အတွက် MHPSS ဆန်းစစ်အကဲဖြတ်မှုများ ပြုလုပ်ခြင်းကို လက်တွေ့လေ့ကျင့်ခြင်း၊ တစ်ဦးကို တစ်ဦး အကြံပြုပေးခြင်းတို့အား အဓိက လုပ်ဆောင်မည်ဖြစ်သည်။

**လုပ်ဆောင်ပါ - MHPSS ဆန်းစစ်အကဲဖြတ်မှုကို လေ့ကျင့်ရန်အတွက် ဖြစ်ရပ်နမူနာများ**

**ရည်ရွယ်ချက်**

ဖြစ်ရပ်စီမံခန့်ခွဲသူများအား MHPSS ညွှန်ကိန်းများကို သိရှိသတိပြုမိစေရန်နှင့် ဆန်းစစ်အကဲဖြတ်မှုတွင် ရရှိသည့် တုံ့ပြန်မှုများကို အကောင်းအဆိုးဝေဖန်ခြင်းကင်းစွာဖြင့် ပြန်လည်သုံးသပ်ဆင်ခြင်နိုင်အောင် ကူညီပေးရန်

**ညွှန်ကြားချက်များ**

- အဖွဲ့ငယ်လေးများ ခွဲပါ။
- ဖြစ်ရပ်နမူနာစာရွက်များ ဝေပေးပါ။
- အောက်ပါတို့ကို လုပ်ခိုင်းပါ -
- ချက်ချင်းလက်ငင်း ကိုင်တွယ်ဖြေရှင်းရမည့် ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စများကို ဖော်ထုတ်ခြင်း
- မည်သည့် ကြီးကြပ်ပံ့ပိုးမှုနှင့် လွှဲပြောင်းညွှန်းပို့မှု အဆင့်များ လိုအပ်နိုင်မည်ဆိုသည်ကို ချရေးခြင်း
- အချိန်ရလျှင် ဖြစ်ရပ်နမူနာများကို အဖွဲ့များကြား လဲလှယ်၍ ဆွေးနွေးခြင်း
- ကြီးကြပ်ပံ့ပိုးသူသည် အဖွဲ့များကို လိုက်လံကြည့်ရှုပြီး ဆွေးနွေးပြောဆိုလေ့ကျင့်မှုများ အဆင်ပြေ/မပြေ စစ်ဆေးပြီး မေးခွန်းများကို လိုအပ်သလို ဖြေကြားပေးမည်ဖြစ်သည်။

**ဖြစ်ရပ်နမူနာ (က) -**

**ကလေး -** မာရီယန်၊ (၉) နှစ်
**ရောက်ရှိသည့် အဆင့် -** ထိတွေ့ဆက်သွယ်မှု အစောပိုင်းအဆင့်

**တွေ့ရှိရသည့် ပုံစံ -**
ဆွေးနွေးပြောဆိုမှုတစ်ခုအတွင်းတွင် မာရီယန်သည် ရုတ်တရက် တိတ်ဆိတ်သွားပြီး ကြမ်းပြင်ကိုသာ စိုက်ကြည့်နေကာ သူမကို စကားပြောသောအခါ ပြန်လည်တုံ့ပြန်ခြင်း မရှိတော့ပေ။ မိနစ်အနည်းငယ်အကြာတွင် သူမသည် စတင်ငိုကြွေးကာ သူမ၏ ပြုစုစောင့်ရှောက်သူကို အတင်းဖက်တွယ်ထားသည်။ နောက်ပိုင်းတွင် သူမက "အဲဒါကြီးက နောက်တစ်ကြိမ် ပြန်ဖြစ်နေသလို" ခံစားရသည်ဟု ဆိုသည်။

**ဖြစ်ရပ်နမူနာ (ခ) -**

**ကလေး -** လီနာ၊ (၁၅) နှစ်
**ရောက်ရှိနေသည့်အဆင့် -** ဖြစ်ရပ်အတွက် နောက်ဆက်တွဲ ကူညီဆောင်ရွက်ပေးသည့် အဆင့်သို့ ရောက်ရှိခါနီး
**တွေ့ရှိရသည့် ပုံစံ -**
လီနာက သူမသည် အချို့နေ့များတွင် စိတ်ထဲတွင် ဝမ်းနည်းလာတတ်သည်ဟု ဆိုသည်။ သို့သော် သူမ ယုံကြည်အားကိုးသည့် ဆရာမတစ်ယောက်နှင့် စကားပြောလိုက်လျှင် သက်သာသွားသည်ဟုလည်း ပြောသည်။ သူမကသည် ကျောင်းမှန်မှန်တက်နေပြီး ပုံဆွဲရသည်ကို နှစ်သက်သည်။ တစ်ရက်တွင် သူမ၏ ပြုစုစောင့်ရှောက်သူက သူမ၏ ဖုန်းထဲတွင် ဤကမ္ဘာကြီးမှ ပျောက်ကွယ်သွားချင်ကြောင်း ပြောထားသည့် မက်ဆေ့များကို တွေ့ရှိရကြောင်း တင်ပြလာသည်။ လီနာသည် ထိုစကားများကို ဖြစ်ရပ်စီမံခန့်ခွဲသူထံ တိုက်ရိုက် ပြောဆိုခြင်း မရှိပါ။

**ဖြစ်ရပ်နမူနာ (ဂ) -**

**ကလေး -** ဒန်နီယယ်၊ (၁၄) နှစ်
**ရောက်ရှိနေသည့်အဆင့် -** ဖြစ်ရပ်စီမံခန့်ခွဲမှု၏ အလယ်ဆင့်
**တွေ့ရှိရသည့် ပုံစံ -**
ဒန်နီယယ်သည် ရုတ်တရက် နှလုံးခုန်နှုန်းမြန်လာခြင်း၊ မူးဝေခြင်းနှင့် အသက်ရှူရန် ခက်ခဲခြင်းတို့ကို ခံစားရသည်ဟု ဆိုသည်။ အထူးသဖြင့် ကျောင်းအကြောင်း စဉ်းစားသောအခါတွင် ထိုသို့ ဖြစ်တတ်သည်ဟု သိရသည်။ သူသည် လူထူထပ်သည့် နေရာများကို ရှောင်ရှားပြီး "ခိုင်လုံသည့် အကြောင်းရင်း" မရှိဘဲ ကြောက်စိတ်များ ဖြစ်ပေါ်သည်ဟု ဆိုသည်။

**ဖြစ်ရပ်နမူနာ (ဃ) -**

**ကလေး -** ဂျိုးဇက်၊ (၁၂) နှစ်
**ရောက်ရှိနေသည့်အဆင့် -** ဖြစ်ရပ်စီမံခန့်ခွဲမှု၏ အလယ်ဆင့်
**တွေ့ရှိရသည့် ပုံစံ -**
ဂျိုးဇက်သည် ကျောင်းတွင် မကြာခဏ ရန်ဖြစ်လေ့ရှိပြီး သူ၏ ပြုစုစောင့်ရှောက်သူက သူ့အား "ဒေါသကြီးသည်" ဟု ဆိုသည်။ သူသည် အလွယ်တကူ ဒေါသထွက်လာတတ်ပြီး သူ့ကို ဘာလုပ်ပါဟု ပြောခြင်း၊ ခိုင်းခြင်းကို မကြိုက်ဟု ဆိုသည်။ ဂျိုးဇက်၏ လက်ပေါ်တွင် ကုတ်ခြစ်ရာများ ရှိနေသည်။ သူ စိတ်ဖိစီးလာသောအခါတွင် သူ့ကိုယ်သူ နာကျင်အောင် လုပ်လိုက်လျှင် စိတ်တည်ငြိမ်မှုကို ပြန်ရသည်ဟု ဆိုသည်။ သူသည် အခြားမည်သူ့ကိုမျှ ဤအကြောင်းကို မပြောပြပေ။ တစ်ခါတစ်ရံ ဖြစ်ရပ်စီမံခန့်ခွဲမှုအတွက် တွေ့ဆုံဆွေးနွေးပွဲများသို့ လာရောက်ရန် ငြင်းဆန်တတ်သည်။

**ကြီးကြပ်ပံ့ပိုးသူအတွက် နည်းပြလမ်းညွှန်မှုဆိုင်ရာ မေးခွန်းများ**

လိုအပ်ခဲ့လျှင် ကြီးကြပ်ပံ့ပိုးသူသည် ဖြစ်ရပ်နမူနာတစ်ခုချင်းစီအတွက် ဆွေးနွေးပြောဆိုမှုများကို ကူညီပံ့ပိုးပေးရန်အတွက် အောက်ပါမေးခွန်းများကို အသုံးပြုနိုင်သည် -

- မည်သည့်လက္ခဏာများသည် အန္တရာယ်ကျရောက်နိုင်ခြေအဆင့် အမျိုးမျိုးကို ညွှန်ပြနိုင်သနည်း။
- မည်သည့် အကာအကွယ်ဖြစ်စေနိုင်သော အကြောင်းအချက်များ ရှိနေသနည်း။
- မည်သည့်အချိန်တွင် ကြီးကြပ်ပံ့ပိုးမှု အကူအညီများ ချက်ချင်း လိုအပ်မည်နည်း။

## ၉-၄။ မေးမြန်းဆွေးနွေးခြင်း *(၁၀ မိနစ်)*

- **မေးပါ** - အစီအစဉ် အဆုံးမသတ်မီ အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသော/ ရှုပ်ထွေးခက်ခဲသော ဖြစ်ရပ်များနှင့်ပတ်သက်၍ ၎င်းတို့ မျှဝေပေးလိုသည့် သုံးသပ်ချက်များ ရှိ/မရှိ မေးမြန်းပါ။
- **မည်သည့် ဖြစ်ရပ်စီမံခန့်ခွဲသူကမျှ မိမိကိုယ်မိမိ သေကြောင်းကြံစည်နိုင်သည့် အန္တရာယ်ကို တစ်ဦးတည်း အကူအညီမပါဘဲ ကိုင်တွယ်စီမံရမည်မဟုတ်ကြောင်းနှင့် ကြီးကြပ်ပံ့ပိုးမှုများနှင့် လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းများ မဖြစ်မနေ လိုအပ်ကြောင်း ထပ်ဆောင်း၍ အသိပေးပါ။**
- **ဆွေးနွေးပါ** - အောက်ပါမေးခွန်းများကို မေးမြန်း၍ ဆွေးနွေးခိုင်းပါ -
  - ဆန်းစစ်အကဲဖြတ်မှုနည်းလမ်းကို အသုံးပြုသောအခါတွင် မည်သည်က အခက်ခဲဆုံး ဖြစ်သည်ဟု ခံစားရသနည်း။
  - ဤနည်းလမ်းကို အသုံးပြုခြင်းသည် သင့်အား စနစ်တကျ တွေးခေါ်စဉ်းစားနိုင်အောင် မည်သို့ ကူညီပေးခဲ့သနည်း။
  - မည်သည့်အချိန်တွင် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူတစ်ဦးထံသို့ ဖြစ်ရပ်ကို တင်ပြမည်နည်း။
  - သင်တို့၏ နေရာဒေသတွင် မည်သည့် လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းများ ရှိသနည်း။
  - ပေါင်းစပ်ညှိနှိုင်းမှုများအား ဘေးကင်းလုံခြုံစွာ၊ လေးစားမှုရှိစွာ ဆောင်ရွက်နိုင်မည်နည်း။
- အဓိကကျသည့် သုံးသပ်ချက်များကို အနှစ်ချုပ်ကာ CCS လမ်းညွှန်နှင့် ချိတ်ဆက်ဆွေးနွေးပေးပြီး အစီအစဉ်ကို အဆုံးသတ်ပါ။
- **ရှင်းပြပါ** -
  - မိမိကိုယ်မိမိ သေကြောင်းကြံစည်ခြင်းနှင့် ထိခိုက်အောင် လုပ်ခြင်း အကြောင်းကို တည်ငြိမ်အေးဆေးစွာဖြင့် တိုက်ရိုက်ဆွေးနွေးပြောဆိုနိုင်သည်။
  - ဆန်းစစ်အကဲဖြတ်မှုနည်းလမ်း/ပုံစံသည် ဘေးအန္တရာယ်ကင်းပြီး စနစ်ကျသည့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်နိုင်အောင် ကူညီပေးသည်။
  - အကောင်းအဆိုးဝေဖန်ခြင်းကင်းသည် စိတ်နေသဘောထားများသည် အန္တရာယ်ကျရောက်နိုင်ခြေကို လျှော့ချပေးသည်။
  - အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသော ဖြစ်ရပ်များတွင် ကြီးကြပ်ပံ့ပိုးမှုများကို မဖြစ်မနေ လိုအပ်သည်။
- **တောင်းဆိုပါ** - ဤအစီအစဉ်မှ ၎င်းတို့အတွက် အထူးခြားဆုံး ဖြစ်သည့်/ ၎င်းတို့နှင့်အတူ ယူဆောင်သွားမည့် လေ့လာ သင်ယူမှု/ ဆင်ခြင်သုံးသပ်ချက်တစ်ခုကို တစ်ယောက်ချင်းစီ မျှဝေပေးရန် တောင်းဆိုပါ။

## ၉-၅။ အစီအစဉ်အဆုံးသတ်ခြင်း *(၅ မိနစ်)*

- **ပြောပါ** - တက်ရောက်သူများအား အစီအစဉ်မှ ရရှိလိုက်သည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ပေးအပ်သည့် ဖောင်ပုံစံကို ဖြည့်စွက်ပေးရန် ပြောပါ။
- **အတည်ပြုပါ** - အစီအစဉ်အပိုင်း (၁၀) အတွက် နေ့ရက်နှင့် အချိန်ကို အတည်ပြုပါ။

# အပိုင်း (၁၀) ဖြစ်ရပ်အဆင့် ပေါင်းစပ်ညှိနှိုင်းမှုများ

| | |
|---|---|
| ရည်ရွယ်ချက် | • မတော်မတရားပြုမူခံရသော ကလေးများနှင့် အလုပ်လုပ်သောအခါတွင် သင့်လျော်သက်ဆိုင်သည့်၊ ဘေးကင်းလုံခြုံသည့် လွှဲပြောင်းညွှန်းပို့မှုများ ပြုလုပ်ပေးရန် အရေးကြီးပုံနှင့် လိုအပ်ပုံကို ရှင်းရှင်းလင်းလင်း နားလည် သဘောပေါက်စေရန်<br>• မတော်မတရားပြုမူခံရသော ကလေးများအတွက် ဖြစ်ရပ်အဆင့် ကူညီစောင့်ရှောက်မှုများ ပေးအပ်နိုင်ရန်အလို့ငှာ ဖြစ်ရပ်ဆိုင်ရာတိုင်ပင်ဆွေးနွေးမှုနှင့် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးတို့အား မည်သည့်အချိန်တွင် အသုံးပြုရမည် ဆိုသည်ကို ပြန်လည်သုံးသပ်ဆင်ခြင်နိုင်သည့် အခွင့်အလမ်းတစ်ခု ပေးအပ်ရန်<br>• ဖြစ်ရပ်အဆင့် ပေါင်းစပ်ညှိနှိုင်းမှုများတွင် ထိရောက်သော ပေါင်းစပ်ညှိနှိုင်းများ ပြုလုပ်ရန်နှင့် လမ်းညွှန်အခြေခံမှုများကို လိုက်နာရန် အရေးကြီးပုံကို ပြန်လည် ဆွေးနွေးပေးရန်နှင့် ၎င်းတို့ ဒေသရှိ သင့်တော်သည့် အဖွဲ့အစည်းများနှင့် ဖြစ်ရပ်အဆင့် ပေါင်းစပ်ညှိနှိုင်းမှုများ အားကောင်းစေရန် အသုံးပြုနိုင်မည့် နည်းဗျူဟာများကို ဖော်ထုတ်ပေးရန် |
| ကြာမြင့်ချိန်: | (၆၀) မိနစ် |
| ဆွေးနွေးမည့် အကြောင်းအရာများ နှင့် အဆိုပြု ကြာမြင့်ချိန်များ | • ကြိုဆိုနှုတ်ခွန်းဆက်ခြင်း *(၅ မိနစ်)*<br>    ○ မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှု လေ့ကျင့်ခန်း<br>• ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ အခေါ်အဝေါ်များနှင့် အဓိပ္ပါယ်များကို မှန်ကန်စွာ တွဲဆက်ပေးသည့် ကစားနည်း *(၁၅ မိနစ်)*<br>• ပေါင်းစပ်ညှိနှိုင်းမှု အလေ့အထများကို သုံးသပ်ဆင်ခြင်ခြင်း *(၃၀ မိနစ်)*<br>    ○ ဘေးကင်းလုံခြုံသည့် လွှဲပြောင်းညွှန်းပို့မှု ပြုလုပ်နိုင်ရေးတွင် မည်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြရသနည်း။<br>    ○ ဖြစ်ရပ်လေ့လာချက်များ - ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှု (သို့မဟုတ်) ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေး<br>• မေးမြန်းဆွေးနွေးခြင်း *(၅ မိနစ်)*<br>• အစီအစဉ်အဆုံးသတ်ခြင်း *(၅ မိနစ်)* |
| သင်ထောက်ကူများ | ဖြန့်ဝေပေးရမည့် မှတ်စုစာရွက်များ<br>• ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ အခေါ်အဝေါ်များနှင့် ၎င်းတို့၏ အဓိပ္ပါယ်များ စာရွက်<br>(နည်းပြလမ်းညွှန်မှုအစီအစဉ်ကို ကူညီပံ့ပိုးမည့်သူများသည် အစီအစဉ်မတိုင်မီ ထိုအခေါ်အဝေါ်များနှင့် အဓိပ္ပါယ်များကို တစ်ခုချင်းစီ ဖြတ်ထုတ်ကာ ရရှိလာ |

| | |
|---|---|
| | သည့် စာရွက်ပိုင်းများကို ရောနှောထားရပါမည်။ ထို့နောက် ကူညီပံ့ပိုးသူ/ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူ ကြည့်ရှုနိုင်အတွက် နောက်ထပ်တစ်ရွက်ကို ပရင့်ထုတ်ထားရပါမည်။)<br>• ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ ဖြစ်ရပ်လေ့လာချက် စာရွက်<br>• *ဇယား (၆-၃) - ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများနှင့် ဖြစ်ရပ်ညှိနှိုင်း အစည်းအဝေးများ၏ သွင်ပြင်လက္ခဏာများ* (CCS လမ်းညွှန် အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၁၃၁)<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ |
| အစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လုပ်ဆောင်ထားရမည့် သုံးသပ်ဆင်ခြင်လေ့လာမှု/ လုပ်ဆောင်မှု | • မရှိပါ။ |
| **အစီအစဉ် ပြီးသည့်နောက် ဖတ်ရှုလိုက ဖတ်ရှုလေ့လာရန်** | • CCS လမ်းညွှန် အခန်း (၇) (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၁၆၇-၁၈၀)<br>• CCS လမ်းညွှန် အခန်း (၆) (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၁၂၉-၁၃၁)<br>• CCS သင်ရိုး မော်ဂျူး (၇)<br>• CP နှင့် GBV အတွက် ပေါင်းစပ်ညှိနှိုင်းရေး မူဘောင်<br>• CP နှင့် GBV ပူးပေါင်းဆောင်ရွက်ရေး အကြံပြုချက်များ |

# အစီအစဉ်အပိုင်း (၁၀) တွင် ပါဝင်သော အကြောင်းအရာများ

## *၁၀-၁။ ကြိုဆိုနှုတ်ခွန်းဆက်ခြင်း* (၅ မိနစ်)

- နည်းပြလမ်းညွှန်ခြင်းအစီအစဉ် အပိုင်း (၁၀) သို့ တက်ရောက်လာသူများကို ကြိုဆိုနှုတ်ခွန်းဆက်ပါ။
- **ပြောပါ -** နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် လုံခြုံစိတ်ချစွာ လေ့လာသင်ယူနိုင်သည့် အစီအစဉ်များဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေရန်အတွက် မေးခွန်းများနှင့် အကြံပြုချက်များကို ကြိုဆိုပါသည်။

- **မေးပါ** - ပြီးခဲ့သည့် အစီအစဉ်နောက်ပိုင်း အဆင်ပြေကြပါသလား၊ မည်သို့ ခံစားရပါသနည်း။ ပြီးခဲ့သည့် အစီအစဉ်နှင့် ပတ်သက်၍ ၎င်းတို့ မေးမြန်းလိုသည့် မေးခွန်းများ (သို့မဟုတ်) မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ်ချက်များ ရှိပါသလား။
- **ရှင်းပြပါ** - ယနေ့အစီအစဉ်တွင် ဖြစ်ရပ်အဆင့်၌ ဆောင်ရွက်သည့် ပေါင်းစပ်ညှိနှိုင်းမှုများအကြောင်း အဓိကထား ဆွေးနွေးမည်ဖြစ်သည်။

**လုပ်ဆောင်ပါ - မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှုလေ့ကျင့်ခန်း - လုပ်ငန်းခွင်တွင် မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှုကို ထည့်သွင်းလုပ်ဆောင်နိုင်မည့် နည်းလမ်းအချို့အား အတူတကွ လေ့လာရှာဖွေကြပါမည်။**

လုပ်ငန်းခွင်တွင် မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်မှုကို မည်သို့ ထည့်သွင်းလုပ်ဆောင်နိုင်မည်နည်း [ကြီးကြပ်ပံ့ပိုးသူတစ်ဦးအနေဖြင့် ၎င်းတို့ တင်ပြသည့် စိတ်ကူးများကို ပြန်လည်ဆွေးနွေးပေးကာ ရုံးတွင် ဖြစ်ရပ်စီမံခန့်ခွဲသူများအား ထိုစိတ်ကူးများကို ပြန်လည်အမှတ်ရအောင် သတိပေးနိုင်ရန်အတွက် ရေးမှတ်ထားပါ။]

**ရှင်းပြပါ** - အမျိုးသမီးများနှင့် ကလေးများ အကြမ်းဖက်ခံရမှုများအတွက် ကူညီဆောင်ရွက်ပေးနေသူများသည် လုပ်ငန်းခွင်တွင် မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်ခြင်းကို မည်သည့် ပုံစံဖြင့် လုပ်ဆောင်နိုင်မည်နည်း။

- ဝန်ဆောင်မှုရယူသူများနှင့် တွေ့ဆုံရန် ချိန်းဆိုချက် တစ်ခုနှင့်တစ်ခုကြား မိမိကိုယ်မိမိ စိတ်ကို ပြန်လည်စုစည်းရန်နှင့် စိတ်တည်ငြိမ်မှုရအောင် လုပ်ဆောင်နိုင်မည့် အချိန်ကို လုံလောက်စွာ ချန်ထားခြင်း
- စွမ်းဆောင်နိုင်မှုများအတွက် မိမိကိုယ်မိမိ ချီးကျူးဂုဏ်ပြုပြီး ခက်ခဲသည့် အလုပ်တစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းအတွက် မိမိကိုယ်မိမိ ဆုချခြင်း
- မြင်ကွင်းအပြောင်းအလဲ၊ စိတ်အပြောင်းအလဲ ဖြစ်စေရန်အတွက် ရုံး (သို့မဟုတ်) သင့်နေအိမ် အပြင်ဘက်တွင် လမ်းလျှောက်၍ ဆွေးနွေးပြောဆိုမှုများ ပြုလုပ်ရန် အချိန်ဇယားထဲတွင် ထည့်သွင်း ရေးဆွဲထားခြင်း
- သင် အလုပ်လုပ်သည့် နေရာဝန်းကျင်တွင် သင့်ကို စိတ်အားတက်ကြွပျော်ရွှင်စေမည့် ရုပ်ပုံများ၊ အနုပညာလက်ရာများ၊ အဆိုအမိန့်များနှင့် အရာဝတ္ထုများ ထားရှိခြင်း
- အကူအညီလိုအပ်ချိန်တွင် တောင်းခံခြင်း
- နေ့စဉ် တစ်နေ့တာကုန်ဆုံးချိန်တွင် သင် ကောင်းစွာ လုပ်ဆောင်နိုင်ခဲ့သော အရာနှစ်ခု၊ သင် ကျေးဇူးတင်သော အရာနှစ်ခုကို ပြန်လည်စဉ်းစားခြင်း

[SVRI ၏ *Dare to Care Wellness Course* ကျန်းမာပျော်ရွှင်ရေးသင်တန်း မော်ဂျူး (၂) မှ]

## *၁၀-၂။ ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ အခေါ်အဝေါ်များနှင့် ၎င်းတို့၏ အဓိပ္ပါယ်များ – မှန်ကန်စွာ တွဲဆက်ပေးသည့် ကစားနည်း (၁၅ မိနစ်)*

**လုပ်ဆောင်ပါ - တွဲဆက်ပေးသည့် ကစားနည်း**

**ရည်ရွယ်ချက်**

ဤလေ့ကျင့်ခန်းသည် ကျွန်ုပ်တို့အလုပ်တွင် အဓိက အသုံးပြုနေသည့် ပေါင်းစပ်ညှိနှိုင်းရေး အခေါ်အဝေါ်များ၊ အသုံးအနှုန်းများကို တူညီစွာ နားလည်သိရှိစေမည်ဖြစ်သည်။ အဓိပ္ပါယ်များကို ရှင်းရှင်းလင်းလင်း နားလည်သိရှိရန်၊

လွဲမှားနေသော အယူအဆများကို တည့်မတ်ပေးရန်နှင့် ပေါင်းစပ်ညှိနှိုင်းသည့် အလေ့အထများကို ယုံကြည်ချက်ရှိရှိနှင့် တစ်သမတ်တည်း ကျင့်သုံးဆောင်ရွက်မှု အားကောင်းစေရန် ကူညီပေးနိုင်ပါသည်။

**ညွှန်ကြားချက်များ**

၁။ ဖြစ်ရပ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုများတွင် အသုံးများသည့် အခေါ်အဝေါ်များကို ရှင်းရှင်းလင်းလင်း နားလည်သိရှိစေရန်အဓိကထားဆွေးနွေးမည့်အကြောင်းနှင့် လေ့လာသင်ယူမှုနှင့် ဆွေးနွေးမှုများကို လုံခြုံစိတ်ချစွာ ပြုလုပ်နိုင်ကြောင်း ဦးစွာ ရှင်းပြပါ။

၂။ ဖြတ်ထုတ်ကာ ရောနှောထားသော ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ အခေါ်အဝေါ်များနှင့် ၎င်းတို့၏ အဓိပ္ပါယ်ဖွင့်ဆိုချက် စာရွက်ပိုင်းများကို စားပွဲပေါ်တွင် (သို့မဟုတ်) ကြမ်းပေါ်တွင် ချထားကာ အားလုံးကို အနားလာဖို့ ဖိတ်ခေါ်ပါ။

၃။ အခေါ်အဝေါ်တစ်ခုချင်းစီအား ၎င်း၏ အဓိပ္ပါယ်နှင့် မှန်ကန်စွာ ရွေးချယ်၍ တွဲဆက်ပေးရန် ပြောပါ။ မည်သည့်အခေါ်အဝေါ်ကို မည်သည့်အဓိပ္ပါယ်နှင့် အဘယ်ကြောင့် တွဲဆက်ပေးရခြင်း ဖြစ်ကြောင်းကိုလည်း ဆွေးနွေးခိုင်းပါ။

၄။ အားလုံးတွဲဆက်ပေးပြီးပြီဆိုလျှင် တစ်ခုချင်းစီကို အတူတကွ ပြန်ကြည့်ကာ မရှင်းသည်များကို မေးမြန်းခြင်း၊ နားလည်မှုလွဲမှားနေသည်များကို ပြင်ပေးခြင်းများ ပြုလုပ်ပါ။

၅။ အောက်ပါမေးခွန်းများကို မေးမြန်းကာ လေ့ကျင့်ခန်းကို အဆုံးသတ်ပါ -

- ဤလေ့ကျင့်ခန်းသည် လွယ်သလား၊ ခက်သလား။ မည်သည်က လွယ်သနည်း၊ မည်သည်က ခက်သနည်း။
- ၎င်းတို့ မသိသည့်၊ မရင်းနှီးသည့် အခေါ်အဝေါ်များ (သို့မဟုတ်) အဖြေများ ပါရှိပါသလား။
- ၎င်းတို့ မျှော်လင့်မထားသည့်၊ အံ့သြသွားရသည့် အဖြေများ ရှိပါသလား။
- မည်သည်က လွယ်ကူသနည်း၊ မည်သည်က ခက်ခဲသနည်း။ ၎င်းတို့ မသိသေးသည့် (သို့မဟုတ်) အံ့သြသွားရသည့် အခေါ်အဝေါ်များ (သို့မဟုတ်) အဓိပ္ပါယ်များ ရှိပါသလား။

| **ဖြန့်ဝေပေးရန် မှတ်စုစာရွက် - ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ အခေါ်အဝေါ်များနှင့် ၎င်းတို့၏ အဓိပ္ပါယ်များ** | |
|---|---|
| **အခေါ်အဝေါ်** | **အဓိပ္ပါယ်** |
| **ပေါင်းစပ်ညှိနှိုင်းခြင်း** | ဖြစ်ရပ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းခြင်း (case coordination) ဆိုသည်မှာ မတော်မတရားပြုမူခြင်းခံရသူများအနေဖြင့် ဘက်စုံဝန်ဆောင်မှုများနှင့် ကူညီပံ့ပိုးမှုများ လက်ခံရရှိနိုင်စေရန် ရည်ရွယ်၍ ဖြစ်ရပ်များကို စနစ်တကျ ချဉ်းကပ်ဆောင်ရွက်မှုကို ရည်ညွှန်းပါသည်။<br><br>ပေါင်းစပ်ညှိနှိုင်းခြင်းတွင် မတော်မတရားပြုမူခံရသည့် ကလေးများအတွက် လိုအပ်သည့် အရင်းအမြစ်များကို လက်လှမ်းမီ ရရှိနိုင်ရန်အလို့ငှာ ကျန်းမာရေး၊ ဥပဒေရေးရာနှင့် ပညာရေးဆိုင်ရာအပါအဝင် ကူညီပံ့ပိုးမှုအမျိုးမျိုးကို ပေါင်းစပ်ညှိနှိုင်းပေးမှုများ ပါဝင်ပါသည်။ |

| | |
|---|---|
| | ကွာဟချက်များကို ဖြည့်ဆည်းပေးရန်နှင့် မတော်မတရားပြုမှုခံရသော ကလေးများအတွက် ပိုမိုကောင်းမွန်သော ရလဒ်များ ပေါ်ထွက်လာစေရန်အလို့ငှာ ဝန်ဆောင်မှုဆောင်ရွက်ပေးသူများကြား ထိရောက်စွာ ဆက်သွယ်ပြောဆိုနိုင်ရန်၊ ပူးပေါင်းဆောင်ရွက်နိုင်ရန် လုပ်ဆောင်ပေးခြင်းသည်လည်း ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းတစ်ခု ဖြစ်ပါသည်။<br><br>မတော်မတရားပြုမှုခံရသော ကလေးများအတွက် ဘေးကင်းလုံခြုံပြီး ထိရောက်သည့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်ဖို့ဆိုလျှင် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သည့် နည်းလမ်းသည် မရှိမဖြစ် လိုအပ်ပါသည်။ |
| **ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေး (case conference)** | ရှုပ်ထွေးသည့် (သို့) အန္တရာယ်များသည့် (သို့) ရှုပ်ထွေးပြီးအန္တရာယ်များသည့် ဖြစ်ရပ်များအတွက် ဖြစ်ရပ်အစီအစဉ်များကို ဝန်ဆောင်မှုဆောင်ရွက်ပေးသူများ စုံညီစွာ တွေ့ဆုံ၍ ပုံမှန်သုံးသပ်လေ့လာနိုင်မည့် အခွင့်အလမ်းတစ်ခု ဖြစ်သည်။ |
| **ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှု (case consultation)** | ဖြစ်ရပ်တစ်ခုတွင် တွေ့ရှိရသည့် ပြဿနာတစ်ခု  နှင့်ပတ်သက်၍ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူ အရာရှိ၊ အတွေ့အကြုံပိုများသည့် ဖြစ်ရပ်စီမံခန့်ခွဲသူ (သို့) အခြားဝန်ဆောင်မှု ဆောင်ရွက်ပေးသူတစ်ဦးထံမှ အကူအညီနှင့် လမ်းညွှန်မှုများကို တောင်းခံရယူသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ |
| **လွှဲပြောင်းညွှန်းပို့ခြင်း (referral) (အဖွဲ့ အစည်းမှ၊ မိမိဘာသာ လွှဲပြောင်းခြင်း မဟုတ်)** | ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦး၏ အကူအညီဖြင့် မတော်မရားပြုမှုခံရသူတစ်ဦးထံ ၎င်းတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် ဝန်ဆောင်မှုများအကြောင်း ရှင်းလင်းတိကျမှန်ကန်သည့် သတင်းအချက်အလက်များကို ပေးအပ်သော၊ အဆိုပါဝန်ဆောင်မှုများကို လက်ခံရယူရန် သဘောတူခွင့်ပြုချက်/ သဘောတူခွင့်ပြုသော ဆန္ဒသဘောထားကို ပေးအပ်မည်/ မပေးအပ်မည် ရွေးချယ်ခွင့်ပေးသော၊ ဖြစ်ရပ်စီမံခန့်ခွဲသူမှ ဝန်ဆောင်မှု ဆောင်ရွက်ပေးမည်သူထံ ၎င်းတို့နှင့် သက်ဆိုင်သည့် မည်သည့် သတင်းအချက်အလက်များကို ပေးအပ်နိုင်မည်ဆိုသည်ကို ဆုံးဖြတ်ရွေးချယ်ခွင့်ပေးသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ သဘောတူကြောင်း သေချာပြီ ဆိုလျှင် ဖြစ်ရပ်စီမံခန့်ခွဲသူသည် (၎င်းတို့နှင့် အတူလိုက်၍ဖြစ်စေ၊ လိုက်ပါခြင်းမရှိဘဲဖြစ်စေ) ၎င်းတို့အတွက် ဝန်ဆောင်မှုများ ရရှိအောင် စီစဉ်နိုင်ရေးအတွက်  ဝန်ဆောင်မှုဆောင်ရွက်ပေးသူထံသို့ ဆက်သွယ်မည်ဖြစ်သည်။ |
| **လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်း (referral pathway)** | မတော်မတရားပြုမှုခြင်းခံရသော ကလေးများအတွက် ကူညီစောင့်ရှောက်ကုသမှုများ ရရှိနိုင်မည့် လမ်းကြောင်းများနှင့် ရရှိနိုင်သည့် အကူအညီများကို မည်သို့ လက်လှမ်းမီရယူနိုင်မည်ဆိုသည်တို့ကို ရှင်းရှင်းလင်းလင်း သိရှိစေရန်အလို့ငှာ ရပ်ရွာအတွင်းရှိ ဝန်ဆောင်မှုဆောင်ရွက်ပေးသည့် အဖွဲ့အစည်းအမျိုးမျိုးအကြောင်း ဖော်ပြထားသည့် သတင်းအချက်အလက်များကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ ဝန်ဆောင်မှု ဆောင်ရွက်ပေးသည့် အဖွဲ့အစည်း တစ်ခုချင်းစီသည် မည်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေသည်၊ လွှဲပြောင်းညွှန်းပို့ပေးရမည့် တာဝန်ခံမှာ မည်သူဖြစ်သည် ဆိုသည့် အချက်အလက်များကို ပေးအပ်ထားခြင်း ဖြစ်ပါသည်။ |

## ၁၀-၃။ ပေါင်းစပ်ညှိနှိုင်းမှုအလေ့အထအား ပြန်လည်သုံးသပ်ဆင်ခြင်ခြင်း (၃၀ မိနစ်)

**မေးပါ -** ပေါင်းစပ်ညှိနှိုင်းမှုသည် အဘယ်ကြောင့် အရေးကြီးသနည်း။ အကျဉ်းချုပ် ပြောပြခိုင်းပါ။

**ရှင်းပြပါ -** ထိရောက်သည့် ပေါင်းစပ်ညှိနှိုင်းမှုသည် အောက်ပါတို့ ဖြစ်ပေါ်လာနိုင်ခြေ အန္တရာယ်ကို လျှော့ချပေးသည် -

- ကလေး (သို့) ပြုစုစောင့်ရှောက်သူ (သို့) နှစ်ဦးစလုံးကို ဆန့်ကျင်ဘက်ဖြစ်နေသည့် (သို့) ဇဝေဇဝါဖြစ်စေသည့် သတင်းအချက်အလက်များ ပေးအပ်မိခြင်း
- အကြိမ်ကြိမ် မေးမြန်းခံရခြင်းကြောင့် မတော်မတရားပြုမှုခံရမှု၏ နောက်ဆက်တွဲဖြစ်ပေါ်သည့် စိတ်သောက ဖိစီးမှု ပြန်လည်ဖြစ်ပေါ်ခံစားရခြင်း
- ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများနှင့် ၎င်းတို့၏ ကူညီပေးနိုင်စွမ်းအပေါ် ယုံကြည်မှု မရှိတော့ခြင်း
- ကလေးအပေါ် ရေရှည်ကောင်းကျိုး သက်ရောက်မှု ရှိနိုင်မည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိဘဲ နှောင့်နှေး ကြန့်ကြာနေခြင်း
- ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများအား လက်လှမ်းမီမှုနှင့် ရွေးချယ်နိုင်မှု အကန့်အသတ်ရှိခြင်း

**ရှင်းပြပါ -** ကျွန်ုပ်တို့၏ လက်ရှိကျင့်သုံးနေသည့် ဖြစ်ရပ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု အလေ့အထများကို ပြန်လည်သုံးသပ် ဆင်ခြင်ကာ ယခုထက်ပို၍ ခိုင်မာအားကောင်းအောင် မည်သို့ လုပ်ဆောင်နိုင်မည်ဆိုသည်ကို ဆွေးနွေးရန်အတွက် မိနစ် (၃၀) ခန့် အချိန်ယူမည်ဖြစ်သည်။

- **ပြောပါ -** ပထမဦးစွာ ကျွန်ုပ်တို့သည် **အခြားအေဂျင်စီများ/ ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများထံ လွှဲပြောင်း ညွှန်းပို့ခြင်း**ကို မည်သည့်အချိန်တွင် မည်သို့ လုပ်ဆောင်မည်ဆိုသည်ကို (၁၅) မိနစ်ခန့် အချိန်ယူ၍ ဆွေးနွေး ကြပါစို့။
- **မေးပါ -** လွှဲပြောင်းညွှန်းပို့ခြင်းနှင့် ပတ်သက်၍ မည်သည့် ပြဿနာများကို သတိပြုမိပါသနည်း။
- ကြီးကြပ်ပံ့ပိုးသူသည် လွှဲပြောင်းညွှန်းပို့ခြင်းအကြောင်း ဆွေးနွေးမှုများကို လမ်းညွှန်ပေးရန်အတွက် အောက်ပါ မေးခွန်းများကို အသုံးပြုနိုင်ပါသည်။ **မေးပါ -**
    - လွှဲပြောင်းညွှန်းပို့မှုများ ပြုလုပ်ရာတွင် မည်သည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသနည်း။ လွှဲပြောင်းညွှန်း ပို့ပေးနိုင်ရန် သိသိသာသာ အခက်ကြုံရသည့် ဝန်ဆောင်မှုကဏ္ဍများ ရှိပါသလား။ ထိုသို့ အခက်ကြုံရ သည်မှာ အဘယ်ကြောင့်နည်း။

      သင် ကြီးကြပ်ပံ့ပိုးပေးနေရသည့် ဖြစ်ရပ်စီမံခန့်ခွဲသူ(များ)၏ ဆွေးနွေးတင်ပြမှုများကို နားထောင်ရင်း ၎င်းတို့ စိုးရိမ်ပူပန်သည့် ကိစ္စများကို ရေးမှတ်ပါ။ ထိုသို့ ရေးမှတ်ထားရခြင်းမှာ အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် စုပေါင်းလုပ်ဆောင်နိုင်မည့် အရာများကို ယနေ့အစီအစဉ်ပြီးဆုံးပြီးနောက် တွင် ဆက်လက်၍ သုံးသပ်ဆွေးနွေးသွားနိုင်ရန်ဖြစ်ကြောင်း ရှင်းပြပါ။ ထို့ပြင် ဌာနပေါင်းစုံကြားရှိ သက်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးယန္တရားများမှတစ်ဆင့် ကိုင်တွယ်ဖြေရှင်းပေးရန် လိုအပ်မည့် ဖြစ်ရပ် နှင့် ဆက်နွှယ်သည့် ပြဿနာများ၊ စနစ်နှင့် စပ်လျဉ်းသည့် ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာ အခက်အခဲများ ကိုလည်း အထူးအာရုံစိုက်မှတ်သားပါ။
    - လွှဲပြောင်းညွှန်းပို့မှုများ လုပ်ဆောင်သောအခါ သင်တို့ စိုးရိမ်ပူပန်ရသည့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ကိစ္စများ/ သတိပြုမိသည့် အန္တရာယ်ဖြစ်နိုင်ခြေများ ရှိပါသလား။ ရှိလျှင် ပြောပြပါ။ ထိုကိစ္စများ၊ ပြဿနာများသည် မည်သည့်အချိန်တွင် ပေါ်ပေါက်ပါသနည်း။ ထိုအန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချ ရန် မိမိတို့ ဘာလုပ်နိုင်မည်နည်း။

- လွှဲပြောင်းညွှန်းပို့မှုတစ်ခုသည် သင်တို့ ဆက်သွယ်အလုပ်လုပ်နေသည့် မတော်မတရားပြုမူခံရသော ကလေးတစ်ဦးအတွက် ဘေးကင်းလုံခြုံမှု ရှိ/မရှိ လက်ရှိ သင်တို့ မည်သို့ သုံးသပ်/ ဆန်းစစ်အကဲဖြတ်နေပါသနည်း။ ထိုအတွက် မည်သည့်သတင်းရင်းမြစ်များကို အသုံးပြုပါသနည်း။ ဤနေရာတွင် ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ကလေးနှင့်ကိုယ်တိုင်ကျူးလွန်ခြင်းမရှိသည့် ပြုစုစောင့်ရှောက်သူအား အောက်ပါတို့ကို မေးမြန်းခြင်း ရှိ/မရှိ ဆန်းစစ်ပါ - ၁) လွှဲပြောင်းညွှန်းပို့ပေးလိုက်သော အေဂျင်စီမှ ဝန်ဆောင်မှုများကို ၎င်းတို့ လက်လှမ်းမီ ရယူနိုင်ခြင်း ရှိ/မရှိ၊ ၂) လုပ်ငန်းစဉ်က ၎င်းတို့အတွက် အဆင်ပြေခြင်း ရှိ/မရှိ။ လွှဲပြောင်းညွှန်းပို့မှုကို ပို၍ အဆင်ပြေ၊ သက်တောင့်သက်သာ ရှိစေရန် ဖြစ်ရပ်စီမံခန့်ခွဲသူများအနေဖြင့် မည်သည့်အကူအညီများ ထပ်ဆောင်းပေးအပ်ဖို့ လိုအပ်သနည်းဆိုသည်ကိုလည်း ကလေးများအား မေးမြန်းသင့်သည်။ ဥပမာ အဖော်အဖြစ်လိုက်ပါပေးခြင်း၊ ခရီးစရိတ် ထောက်ပံ့ပေးခြင်း။

(၁၅) မိနစ်ကြာ ဆွေးနွေးပြီးသည့်နောက်တွင် မတော်မတရားပြုမူခံရသော ကလေးတစ်ဦးချင်းစီအတွက် ဘေးကင်းလုံခြုံသော လွှဲပြောင်းညွှန်းပို့မှုများ ဖြစ်စေရန်အလို့ငှာ မိမိတို့ကျင့်သုံးနေသည့် အလေ့အထများကို ပိုမို ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရေး နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြသည့် အဓိကအချက်များနှင့် လုပ်ဆောင်ရမည့်အရာများကို **ပြန်လည်အနှစ်ချုပ် ပြောပြပေးပါ။**

- **ရှင်းပြပါ -** နောက် (၁၅) မိနစ်တွင် ဆွေးနွေးမည့် အကြောင်းအရာကို ပြောင်းလဲကာ ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများ (case consultation) ကို မည်သည့်အချိန်တွင် မည်သို့ အသုံးပြုမည်၊ ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးများ (case conferences) ကို မည်သည့်အချိန်တွင် မည်သို့ အသုံးပြုမည်ဆိုသည်တို့ကို စဉ်းစားကြမည်ဖြစ်ပါသည်။

**လုပ်ဆောင်ပါ - ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာ ဖြစ်ရပ်လေ့လာချက် လေ့ကျင့်ခန်း**

**ရည်ရွယ်ချက်**

ဤလေ့ကျင့်ခန်းသည် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုနှင့် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးများကြား ကွာခြားချက်ကို နားလည်သိရှိရန်၊ ထိုနည်းလမ်းတစ်ခုချင်းစီအတွက် အသုံးပြုရန် အသင့်တော်ဆုံးအချိန်ကို သိရှိနိုင်ရန် ကူညီပေးပါသည်။ ထိရောက်သည့် ဖြစ်ရပ်ပေါင်းစပ်ညှိနှိုင်းမှု ရရှိရေးအတွက် လိုအပ်သည့် ဆုံးဖြတ်ချက်ချမှတ်မှုများကို အားကောင်းစေမည် ဖြစ်သည်။

**ညွှန်ကြားချက်များ**

၁။ ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုနှင့် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးများကို မည်သည့်အချိန်တွင် မည်သို့ အသုံးပြုမည်ဆိုသည်ကို (၁၅) မိနစ် အချိန်ယူ၍ ဆွေးနွေးမည်ဖြစ်ကြောင်း ရှင်းပြပါ။

၂။ **ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ ဖြစ်ရပ်လေ့လာချက်စာရွက်** ကို ဝေပေးပြီး ဖြစ်ရပ်နမူနာတစ်ခုစီတွင် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုကို အဓိက လုပ်ဆောင်သင့်သလား၊ သို့မဟုတ် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်သင့်သလားဟူသည်ကို တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ စဉ်းစားဆုံးဖြတ်ပေးရန် ပြောပါ။ (ထိုအတွက် ၅ မိနစ်ထက် ပို၍ အချိန်မပေးပါနှင့်။)

၃။ အားလုံးကို ပြန်စုကာ မျှဝေပေးလိုသူတစ်ဦးအား ဖိတ်ခေါ်၍ ဖြစ်ရပ်လေ့လာချက် (၁) အတွက် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ပြောပြခိုင်းပါ။ ထိုသို့ ဆုံးဖြတ်ရခြင်း အကြောင်းရင်းကို အတိုချုပ် ရှင်းပြခိုင်းပါ (၁-၂ မိနစ်)။

၄။ အခြားသူများအား သဘောတူ/ မတူ မေးမြန်းပါ (ဥပမာ လက်ထောင်ပြခိုင်းခြင်းဖြင့်)။

၅။ ဤနည်းအတိုင်း ဖြစ်ရပ်လေ့လာချက် (၂) နှင့် (၃) အတွက်လည်း အခြားမျှဝေပေးလိုသူများကို ထပ်မံဖိတ်ခေါ်၍ အလားတူ လုပ်ဆောင်ပါ။

၆။ ရှေ့ပိုင်းတွင် လုပ်ခဲ့သည့် အခေါ်အဝေါ်များနှင့် အဓိပ္ပါယ်များကို တွဲဆက်ပေးရသည့် လေ့ကျင့်ခန်းမှတစ်ဆင့် သိရှိခဲ့သည့် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုနှင့် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးကြား အဓိက ကွာခြားချက်များကို ပိုမိုနားလည်၍ မှတ်မိသွားစေရန် ပြန်လည်ပြောပြပေးကာ အဆုံးသတ်ပါ။

| **ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ ဖြစ်ရပ်လေ့လာချက် လေ့ကျင့်ခန်း စာရွက်** |
| --- |
| **ဖြစ်ရပ်လေ့လာချက် (၁)**<br>[အမည်] သည် (၁၄) နှစ်အရွယ် မိန်းကလေးတစ်ဦး ဖြစ်ပြီး သူမ ဖခင်က သူမကို (၃) နှစ် ကြာ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်းကို တွေ့ကြုံခံစားခဲ့ရသူ ဖြစ်သည်။ မိခင်ဖြစ်သူသည်လည်း ခင်ပွန်းသည်၏ လိင်ပိုင်းဆိုင်ရာ မတော် မတရားပြုမူမှုနှင့် ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများကို တွေ့ကြုံခံစားခဲ့ရသည်။ [အမည်] သည် လစဉ်ဓမ္မတာ မလာတော့သဖြင့် မိခင်ဖြစ်သူက သူမတွင် ကိုယ်ဝန်ရှိမည်ကို စိုးရိမ်နေသည်။ သားအမိ နှစ်ဦးစလုံးသည် အကြမ်းဖက်မှု ထပ်မံ ခံစားရမည်ကို ကြောက်ရွံ့စိုးရိမ်နေကြသည်။ သူတို့နှစ်ဦးစလုံးသည် ဤအခြေအနေတွင် မျှော်လင့်ချက် ကင်းမဲ့နေကြပြီး 'ဤဘဝတွင် ဆက်၍ အသက်မရှင်လိုတော့' ဟု မိခင်ဖြစ်သူက ဆိုသည်။<br><br>သင်သည် ဤအခြေအနေတွင် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုကို အသုံးပြုမည်လား (သို့မဟုတ်) ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးကို အသုံးပြုမည်လား။<br><br>အဘယ်ကြောင့်နည်း။ |
| **ဖြစ်ရပ်လေ့လာချက် (၂)**<br>[အမည်] သည် (၁၀) နှစ်အရွယ် ယောကျ်ားလေးတစ်ဦး ဖြစ်ပြီး သူ၏ မိဘများနှင့်အတူ အိပ်ရသူဖြစ်သည်။ နေရာကျဉ်းလွန်းပြီး မည်သည့်အကာအရံမျှ မရှိပေ။ [အမည်] သည် ယခုအခါ အသက် (၆) နှစ်အရွယ် သူ့ညီမလေး [အမည်] ၏ လိင်အင်္ဂါအစိတ်အပိုင်းများကို စတင် ထိကိုင်ခြင်းများ ပြုလုပ်လာပြီး သူ့မိဘများ ထံမှ ကြားရသည့် အသံများကို တုပ၍ လိုက်လုပ်နေသည်။ သူ၏ မိခင်ဖြစ်သူက ကလေး၏ ထိုအပြုအမူများအတွက် ဘာလုပ်ရမည်၊ သမီးငယ်ကို မည်သို့ ကာကွယ်ပေးရမည်ဆိုသည်ကို သိရှိရန်အတွက် သင့်ထံသို့ လာရောက်တွေ့ဆုံခြင်း ဖြစ်သည်။<br><br>သင်သည် ဤအခြေအနေတွင် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုကို အသုံးပြုမည်လား (သို့မဟုတ်) ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးကို အသုံးပြုမည်လား။<br><br>အဘယ်ကြောင့်နည်း။ |

**ဖြစ်ရပ်လေ့လာချက် (၃)**

[အမည်] သည် (၈) နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ပြီး အာရုံခံအင်္ဂါနှင့် ကိုယ်လက်အင်္ဂါနှစ်မျိုးစလုံး မသန်စွမ်းဖြစ်နေသူ ဖြစ်သည်။ ဆိုလိုသည်မှာ သူမသည် (အသံများကို ပြုလုပ်နိုင်ပြီး ဉာဏ်ရည်ဉာဏ်သွေး ပုံမှန်ဖြစ်သော်လည်း) စကားမပြောနိုင်ပါ ။ သူမသည် သွားလာလှုပ်ရှားရန်အတွက် ဘီးတပ်ကုလားထိုင်ကို အသုံးပြုရသူလည်းဖြစ်သည်။ ဘီးတပ်ကုလားထိုင်သာ မရှိလျှင် အိပ်ရာထဲတွင်သာ နေရမည်ဖြစ်သည်။ [အမည်] သည် မိဘများ ဆုံးပါးသွားပြီ ဖြစ်၍ သူမ၏ ဦးလေးဖြစ်သူ၊ ဦးလေး၏ မိသားစုနှင့်အတူ နေထိုင်သည်။ သူမ၏ ဦးလေးသည် သူမကိုလိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုသလို နှုတ်ဖြင့်လည်း ဆဲရေးတိုင်းထွာနေသူဖြစ်သည်။ ထိုသူအပေါ် သူမက မှီခိုနေထိုင်ရခြင်းဖြစ်သည်။ သူမ၏ (၁၉) နှစ်အရွယ် ဝမ်းကွဲအစ်မဖြစ်သူက မတော်မတရားပြုမှုခံရမှု အချို့ကိုသတိပြုမိပြီး [အမည်] ကို သင့်ထံသို့ ခေါ်ဆောင်လာခြင်း ဖြစ်သည်။ ထိုဝမ်းကွဲအစ်မမှာလည်း သူမ၏ ဖခင်ဖြစ်သူက [အမည်] ကို ခေါ်၍ သင့်ထံသို့ လာရောက်သည်ကို သိရှိလျှင် မည်သို့ တုံ့ပြန်မည်ဆိုသည်ကို စိုးရိမ်ကြောက်လန့်နေသည်။ [အမည်] တွင် ကြီးစွာသော စိတ်သောကဖိစီးမှု လက္ခဏာများကို သိသာထင်ရှားစွာ တွေ့မြင်နေရပြီး သူမဦးလေး၏ အမည်ကို ကြားတိုင်း ဝူးဝူးဝါးဝါး အသံပြုသည်။ ဝမ်းကွဲအစ်မဖြစ်သူက [အမည်] အား သူမဖခင်နှင့်တစ်အိမ်တည်း အတူမထားဘဲ အခြားတစ်နေရာသို့ ရွှေ့ပြောင်းပေးရန် လိုအပ်သည်ဟု ထင်မြင်ယူဆသည်။

သင်သည် ဤအခြေအနေတွင် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုကို အသုံးပြုမည်လား (သို့မဟုတ်) ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးကို အသုံးပြုမည်လား။

အဘယ်ကြောင့်နည်း။

**ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ ဖြစ်ရပ်လေ့လာချက် – ကြီးကြပ်ပံ့ပိုးသူအတွက် အဖြေစာရွက်**

**ဖြစ်ရပ်လေ့လာချက် (၁)**

[အမည်] သည် (၁၄) နှစ်အရွယ် မိန်းကလေးတစ်ဦး ဖြစ်ပြီး သူမ ဖခင်က သူမကို (၃) နှစ် ကြာ လိင်ပိုင်းဆိုင်ရာမတော်မတရားပြုမှုခြင်းကို တွေ့ကြုံခံစားခဲ့ရသူ ဖြစ်သည်။ မိခင်ဖြစ်သူသည်လည်း ခင်ပွန်းသည်၏ လိင်ပိုင်းဆိုင်ရာမတော် မတရားပြုမှုမှုနှင့် ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများကို တွေ့ကြုံခံစားခဲ့ရသည်။ [အမည်] သည်လစဉ်ဓမ္မတာ မလာတော့သဖြင့် မိခင်ဖြစ်သူက သူမတွင် ကိုယ်ဝန်ရှိမည်ကို စိုးရိမ်နေသည်။ သားအမိ နှစ်ဦးစလုံးသည် အကြမ်းဖက်မှု ထပ်မံ ခံစားရမည်ကို ကြောက်ရွံ့စိုးရိမ်နေကြသည်။ သူတို့နှစ်ဦးစလုံးသည် ဤအခြေအနေတွင် မျှော်လင့်ချက် ကင်းမဲ့နေကြပြီး ‘ဤဘဝတွင် ဆက်၍ အသက်မရှင်လိုတော့’ ဟု မိခင်ဖြစ်သူက ဆိုသည်။

သင်သည် ဤအခြေအနေတွင် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုကို အသုံးပြုမည်လား (သို့မဟုတ်) ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးကို အသုံးပြုမည်လား။

**ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေး**

အဘယ်ကြောင့်နည်း။

ဤဖြစ်ရပ်တွင် ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုမှုနှင့် အရင်းနှီးဆုံးအဖော်၏ အကြမ်းဖက်မှု (IPV) တို့ တွဲဖက်ဖြစ်ပေါ်နေခြင်း ဖြစ်သည်။ အကူအညီလိုအပ်နေသော အကြမ်းဖက်ခံရသူ နှစ်ဦး ရှိနေသည်။ ဆယ်ကျော်သက်မိန်းကလေးနှင့် သူ၏ အရွယ်ရောက်ပြီးဖြစ်သော မိခင်တို့ ဖြစ်သည်။ မိခင်ဖြစ်သူသည် ကလေး၏ ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူလည်း ဖြစ်သည်။ ၎င်းတို့ နှစ်ဦးစလုံးသည် တစ်ခုထက်မက သော အဖွဲ့အစည်းများထံမှ ကူညီပံ့ပိုးပေးရန် လိုအပ်သည့် လိုအပ်ချက်များ သီးခြားစီ ရှိနေကြသည်။ ဥပမာ ဆယ်ကျော်သက်မိန်းကလေးသည် ကျန်းမာရေးဝန်ဆောင်မှု၊ ဆွေးနွေးပညာပေးမှုနှင့် စိတ်လူမှုပိုင်းဆိုင်ရာ အထောက်အပံ့များ (MHPSS ဆန်းစစ်အကဲဖြတ်မှုအပါအဝင်) ကို ရယူရန် လိုအပ်နိုင်သည်။ မိခင်ဖြစ်သူထံတွင်မူ ခန္ဓာကိုယ်တွင် ထိခိုက်ဒဏ်ရာများ ရရှိထားနိုင်ပြီး ဆေးကုသစောင့်ရှောက်မှုများ လိုအပ်နိုင်သလို ဆွေးနွေးပညာပေးမှုနှင့် စိတ်လူမှုပိုင်းဆိုင်ရာ အထောက်အပံ့များ (MHPSS ဆန်းစစ်အကဲဖြတ်မှုအပါအဝင်) လိုအပ်နိုင်သည်။ သို့သော် သူတို့နှစ်ဦးစလုံးတွင် တူညီသည့် လိုအပ်ချက်များလည်း ရှိနိုင်သည်။ ဥပမာ ကလေးနှင့် မိခင်ဖြစ်သူအား ခိုနားရာနေရာသို့ ပို့ဆောင်ခြင်း/ အခြားတစ်နေရာတွင် ပြောင်းရွှေ့ပေးခြင်းသည် ၎င်းတို့၏ အကောင်းဆုံး အကျိုးစီးပွားကို ဆောင်ရွက်ပေးရာရောက်နိုင်သည်။ ဥပမာ မိခင်ဖြစ်သူအား အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း/ သက်မွေးမှုကျွမ်းကျင်ပညာသင်ယူရန် အကူအညီပေးရန် လိုအပ်နိုင်သည်။ သမီးဖြစ်သူအား ပညာရေးလက်လှမ်း မီအောင်/ ဘဝတွက်တာ ကျွမ်းကျင်စရာသင်တန်းများ တက်ရောက်နိုင်အောင် ကူညီပေးဖို့ လိုအပ်နိုင်သည်။ သက်ဆိုင်ရာ ပညာရှင်များကို စုစည်းကာ အေဂျင်စီများ (သားအမိနှစ်ဦးစလုံးမှ သဘောတူခွင့်ပြုချက်/ သဘော တူခွင့်ပြုသော ဆန္ဒသဘောထား ပေးအပ်ထားသည့်) ကြား သင့်လျော်သည့် ပေါင်းစပ်ညှိနှိုင်းမှုများကို အချိန်မီ ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးသည် ထိရောက်သည့် ဖိုရမ်တစ်ခု ဖြစ်နိုင်ပါသည်။ ထိုသို့ ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် အကြမ်းဖက်ခံရသော လူကြီးနှင့် မတော်မတရားပြုမှုခံရသော ကလေး နှစ်ဦးစလုံးအတွက် လိုအပ်သည့် စောင့်ရှောက်ကူညီမှုများကို ဦးစားပေးအဆင့် သတ်မှတ်ကာ ဟန်ချက်ညီညီ ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။

**အပိုဆောင်းမှတ်စု** - အတွေ့အကြုံနည်းသေးသော ဖြစ်ရပ်စီမံခန့်ခွဲသူအသစ်များသာမက အမှန်စင်စစ် ဖြစ်ရပ်စီမံခန့် ခွဲသူများ အားလုံးသည် ပညာရှင်များ၏ လမ်းညွှန်မှုများကို ရယူမည့် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးတစ်ခု မပြုလုပ်မီ ၎င်းတို့၏ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူထံမှ အကူအညီကို ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုမှတစ်ဆင့် အစဉ်အမြဲ ရယူ နိုင်ပါသည်။ မည်သည်တို့ကို မည်သည့်နည်းလမ်းဖြင့် လုပ်ဆောင်ရမည်ဆိုသည်ကို သံသယရှိလျှင် ဤနည်းသည် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်သတ်မှတ်ရာတွင် အထောက်အကူဖြစ်ပါလိမ့်မည်။

**ဖြစ်ရပ်လေ့လာချက် (၂)**

[အမည်] သည် (၁၀) နှစ်အရွယ် ယောကျ်ားလေးတစ်ဦး ဖြစ်ပြီး သူ၏ မိဘများနှင့်အတူ အိပ်ရသူဖြစ်သည်။ နေရာက ကျဉ်းလွန်းပြီး မည်သည့်အကာအရံမျှ မရှိပေ။ [အမည်] သည် ယခုအခါ အသက် (၆) နှစ်အရွယ် သူ့ညီမလေး [အမည်] ၏ လိင်အင်္ဂါအစိတ်အပိုင်းများကို စတင် ထိကိုင်ခြင်းများ ပြုလုပ်လာပြီး သူ့မိဘများထံမှ ကြားရသည့် အသံများကို တုပ၍ လိုက်လုပ်နေသည်။ သူ၏ မိခင်ဖြစ်သူက ကလေး၏ ထိုအပြုအမူများအတွက် ဘာလုပ်ရမည်၊ သမီးငယ်ကို မည်သို့ ကာကွယ်ပေးရမည်ဆိုသည်ကို သိရှိရန်အတွက် သင့်ထံသို့ လာရောက်တွေ့ဆုံခြင်း ဖြစ်သည်။

သင်သည် ဤအခြေအနေတွင် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုကို အသုံးပြုမည်လား (သို့မဟုတ်) ဖြစ်ရပ်ညှိနှိုင်း အစည်းအဝေးကို အသုံးပြုမည်လား။

**ဖြစ်ရပ်တိုင်ပင်ဆွေးနွေးမှု (လိုအပ်လျှင်)**

အဘယ်ကြောင့်နည်း။

(၁၀) နှစ်အရွယ် ယောကျ်ားလေးနှင့် (၆) နှစ်အရွယ် မိန်းကလေး နှစ်ဦးစလုံးသည် ကလေးများ ဖြစ်ကြသည်။ ၎င်းတို့၏ အသက်အရွယ်နှင့် ၎င်းတို့၏ ဖွံ့ဖြိုးမှုအဆင့်အရ (၁၀) နှစ်အရွယ် ယောကျ်ားလေးသည် သူ၏ ညီမ ဖြစ်သူအား မတော်မတရားပြုရန်၊ ထိခိုက်နစ်နာစေရန် တမင်ရည်ရွယ်၍ [သိလျက်နှင့်] ကျူးလွန်ရန် ကြိုးစားနေခြင်း ဖြစ်နိုင်ခြေ နည်းပါသည် (သို့သော် ဤသည်ကို ဖြစ်ရပ်အား စတင်လက်ခံဆောင်ရွက်ပေးသည့်၊ ဆန်းစစ်အကဲဖြတ်မှု ပြုလုပ်သည့် အချိန်အတွင်းတွင် အတည်ပြုသင့်သည်)။ ထို့ကြောင့် ဤဖြစ်ရပ်တွင် အေဂျင်စီပေါင်းစုံ ပါဝင်ကူညီဆောင်ရွက်ရန် လိုအပ်နိုင်ခြေ နည်းပါသည်။ သို့သော် ဖြစ်ရပ်စီမံခန့်ခွဲသူသည် ဤအခြေအနေတွင် မည်သို့သော အကူအညီကို ပေးအပ်နိုင်မည်ဆိုသည်ကို သိရှိရန်၊ ဤဖြစ်ရပ်သည် ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုမှု မြောက်/ မမြောက် သေချာရှင်းလင်းစွာ နားလည်သိရှိရန်၊ ထိုမိသားစုအတွက် ထပ်ဆောင်း ကူညီဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို သိရှိရန်အတွက် သူ၏ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူနှင့် တိုင်ပင်ဆွေးနွေးလိုသော ဆန္ဒရှိနိုင်ပါသည်။

ဖြစ်ရပ်စီမံခန့်ခွဲသူသည် မိခင်ဖြစ်သူအား ဖြစ်ပျက်နေသည့် ကိစ္စနှင့် ပတ်သက်၍ သူမ၏ သားသမီးများနှင့် မည်သို့ပြောဆိုဆုံးမရမည် ဆိုသည်ကို အကြံပေးနိုင်သည်။ (သို့မဟုတ်) ယောကျ်ားလေးအနေဖြင့် သူ၏ ညီမငယ်အပေါ် ပြုမူနေသည့် အပြုအမူကို ရပ်တန့်သင့်ပြီး ယင်းသည် လင်မယားကဲ့သို့ ပတ်သက်မှုရှိသည့် လူကြီးများကြားတွင်သာ ပြုလုပ်သည့် အပြုအမူဖြစ်ကြောင်းကို နားလည်သိရှိအောင် ရှင်းပြနိုင်ရန်အတွက် သားအမိနှစ်ဦးကြား ပြောဆိုဆွေးနွေးမှုတွင် ပါဝင်ကူညီပံ့ပိုးပေးနိုင်သည်။ ထို့ပြင် ဖြစ်ရပ်စီမံခန့်ခွဲသူသည် မိခင်ဖြစ်သူအား တစ်ခုခုနှင့် ကာရံရန် (ဥပမာ အဝတ်စ)နှင့် သူမနှင့် သူမ ခင်ပွန်း အတူနေသည့် အသံများကို ကလေးများ မကြားစေရန် ရေဒီယို/ TV တို့ကို ဖွင့်ထားရန် (သို့မဟုတ်) ကလေးများ အိမ်တွင် မရှိသော အချိန်မှသာ အတူနေရန် အကြံပေးနိုင်သည်။

**အပိုဆောင်းမှတ်စု** - အတွေ့အကြုံနည်းသေးသော ဖြစ်ရပ်စီမံခန့်ခွဲအသစ်များသာမက အမှန်စင်စစ် ဖြစ်ရပ်စီမံခန့်ခွဲသူများ အားလုံးသည် ပညာရှင်များ၏ လမ်းညွှန်မှုများကို ရယူမည့် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးတစ်ခု မပြုလုပ်မီ ၎င်းတို့၏ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူထံမှ အကူအညီကို ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုမှတစ်ဆင့် အစဉ်အမြဲ ရယူနိုင်ပါသည်။ မည်သည်တို့ကို မည်သည့်နည်းလမ်းဖြင့် လုပ်ဆောင်ရမည်ဆိုသည်ကို သံသယရှိလျှင် ဤနည်းသည် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်သတ်မှတ်ရန် အထောက်အကူဖြစ်ပါလိမ့်မည်။

**ဖြစ်ရပ်လေ့လာချက် (၃)**

[အမည်] သည် (၈) နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ပြီး အာရုံခံအင်္ဂါနှင့် ကိုယ်လက်အင်္ဂါနှစ်မျိုးစလုံး မသန်စွမ်းဖြစ်နေသူ ဖြစ်သည်။ ဆိုလိုသည်မှာ သူမသည် စကားမပြောနိုင်ပါ (အသံများကို ပြုလုပ်နိုင်ပြီး ဥဏ်ရည်ဉာဏ်သွေးပုံမှန်ဖြစ်သော်လည်း)။ သူမသည် သွားလာလှုပ်ရှားရန်အတွက် ဘီးတပ်ကုလားထိုင်ကို အသုံးပြုရသူလည်း ဖြစ်သည်။ ဘီးတပ်ကုလားထိုင်သာ မရှိလျှင် အိပ်ရာထဲတွင် နေရမည်ဖြစ်သည်။ [အမည်] သည် မိဘများ ဆုံးပါးသွားပြီ ဖြစ်၍ သူမ၏ ဦးလေးဖြစ်သူနှင့် ဦးလေး၏ မိသားစုနှင့်အတူ နေထိုင်သည်။ သူမ၏ ဦးလေးသည် သူမကို လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူသလို နှုတ်ဖြင့်လည်း ဆဲရေးတိုင်းထွာနေသူဖြစ်သည်။ ထိုသူအပေါ် သူမက မှီခိုနေထိုင်ရခြင်းဖြစ်သည်။ သူမ၏ (၁၉) နှစ်အရွယ် ဝမ်းကွဲအစ်မဖြစ်သူက မတော်မတရားပြုမူခံရမှု အချို့ကို သတိပြုမိပြီး [အမည်] ကို သင့်ထံသို့ ခေါ်လာခြင်း ဖြစ်သည်။ ထိုဝမ်းကွဲအစ်မမှာလည်း သူမ၏ ဖခင်ဖြစ်သူက [အမည်] ကို ခေါ်၍ သင့်ထံသို့ လာရောက်သည်ကို သိရှိလျှင် မည်သို့ တုံ့ပြန်မည်ဆိုသည်ကို စိုးရိမ်ကြောက်လန့်နေသည်။ [အမည်] တွင် ကြီးစွာသော စိတ်သောကဖိစီးမှု လက္ခဏာများကို သိသာထင်ရှားစွာ တွေ့မြင်နေရပြီး သူမ

ဦးလေး၏ အမည်ကို ကြားတိုင်း တဝူးဝူးအသံပြုသည်။ ဝမ်းကွဲအစ်မဖြစ်သူက [အမည်] အား သူမဖခင်နှင့် တစ်အိမ်တည်း အတူမထားဘဲ အခြားတစ်နေရာသို့ ရွှေ့ပြောင်းပေးရန် လိုအပ်သည်ဟု ထင်မြင်ယူဆသည်။

သင်သည် ဤအခြေအနေတွင် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုကို အသုံးပြုမည်လား (သို့မဟုတ်) ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးကို အသုံးပြုမည်လား။

**ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေး**

အဘယ်ကြောင့်နည်း။

ဤသည်မှာ လိုအပ်ချက်အမျိုးမျိုး ရှိနေသည့် မတော်မတရားပြုမှုခံရသော ကလေးတစ်ဦး၏ ရှုပ်ထွေးခက်ခဲသော ဖြစ်ရပ်တစ်ခု ဖြစ်သည်။ ရှုပ်ထွေးခက်ခဲရခြင်း အကြောင်းရင်းများမှာလည်း တစ်ခုထက်မက ရှိနေပါသည် -

- လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူမှု ဖြစ်ပွားခဲ့သည့်အတွက် ဆေးကုသစောင့်ရှောက်မှု အချိန်မီ ပေးအပ်ရန် လိုနေသည် - ထိုလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေးရန်အတွက် လုံခြုံစိတ်ချရသည့် လွှဲပြောင်းညွှန်းပို့မှုတစ်ခုကို ဖြစ်ရပ်စီမံခန့်ခွဲသူကိုယ်တိုင် အတူလိုက်ပါ၍ လုပ်ဆောင်ပေးရန် လိုအပ် ပါလိမ့်မည်။
- မတော်မတရားပြုမှုခံရသော ကလေးတွင် ဆက်သွယ်ပြောဆိုနိုင်မှုစွမ်းရည် အကန့်အသတ်ရှိနေသည် - ထို့ကြောင့် ထိုကလေးသည် အကူအညီကို တိုက်ရိုက်တောင်းခံနိုင်မည် မဟုတ်သောကြောင့် အန္တရာယ်ကျ ရောက်နိုင်ခြေ ပိုမို တိုးပွားလာနိုင်သည်။ ကလေးကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်အောင် ကူညီပေးနိုင်မည့် နည်းစနစ်များကို အသုံးပြု၍ ဆက်သွယ်ပြောဆိုရန် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ရမည်။ ထိုကလေးကို မည်သည့်နည်းဖြင့် ထိရောက်စွာ ဆက်သွယ်ပြောဆိုနိုင်မည်ဆိုသည်ကို ဝမ်းကွဲအစ်မဖြစ်သူထံမှ အကြံ ဉာဏ် တောင်းခံ၍ ရကောင်း ရနိုင်သည်။
- မတော်မတရားပြုမှုခံရသော ကလေးတွင် သွားလာလှုပ်ရှားနိုင်မှု အကန့်အသတ်ရှိနေသည် - ယင်းသည် ကလေး လက်ရှိနေထိုင်နေရသည့် အခြေအနေတွင် ကိုယ့်ဘဝကိုယ် စိုးပိုင်နိုင်မှုကို အကန့်အသတ် ဖြစ်စေ သဖြင့် အန္တရာယ်ကျရောက်နိုင်ခြေ ပိုများနိုင်သည်။ ကလေးသည် သွားလာလှုပ်ရှားနိုင်ရန်အတွက် ကျွမ်းကျင်သူများ၏ အကူအညီ လိုအပ်ပြီး သူ၏ မသန်စွမ်းမှုနှင့် ကိုက်ညီသည့် အထောက်အကူကိရိယာ များကို ရရှိအသုံးပြုနိုင်ရန် လိုအပ်သည်။
- ဦးလေးဖြစ်သူသည် အုပ်ထိန်းသူနေရာတွင် ရှိနေသူ ဖြစ်ပုံရသည်။ ကလေးတွင် သူမအတွက် ဘေးကင်း လုံခြုံပြီး မတော်မတရားပြုမူမည်မဟုတ်သည့် အခြား လူကြီးများ ရှိ/မရှိ၊ သူမကို အုပ်ထိန်းသူ/ ပြုစုစောင့် ရှောက်သူ နေရာမှနေ၍ ခေါ်ယူစောင့်ရှောက်ပေးလိုသော ဆန္ဒ ရှိ/မရှိ သိရှိရန် အရေးကြီးသည်။ (သို့မဟုတ်) အခြားရွေးချယ်စရာ နည်းလမ်းတစ်ခုခုကို စဉ်းစားပေးရန် လိုအပ်နိုင်သည်။
- မတော်မတရားပြုမူခံရမှုအကြောင်း ထုတ်ဖော်ဖွင့်ဟလာသည့် နည်းလမ်းပုံစံနှင့် ကာယကံရှင်ကလေးနှင့် ဝမ်းကွဲအစ်မ (ကျူးလွန်သူ၏ သမီး) ဖြစ်သူတို့၏ စိုးရိမ်မှု၊ ကြောက်ရွံ့မှု၊ စိတ်သောကဖိစီးမှုအဆင့် - ကျူးလွန်သူ ဒုက္ခပေးနိုင်သည့် အခြားကလေး/လူကြီးများ ရှိနေဦးမည်လားဆိုသည်ကိုလည်း ထပ်မံ သိရှိအောင် လုပ်ဖို့ လိုအပ်သည်။

ဤအခြေအနေတွင် ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဆုံးဖြတ်သတ်မှတ်ရန်၊ ကူညီစောင့်ရှောက်မှုများကို အားလုံးပေါင်းစပ်ညှိနှိုင်း၍ အချိန်မီ ပေးအပ်ရန်နှင့် မတော်မတရားပြုမှုခံရသော ကလေး၏ ပါဝင်ဆောင်ရွက်မှုကို တတ်နိုင်သမျှ အပြည့်အဝ ရရှိနိုင်ရန်အတွက် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးတစ်ခု ကျင်းပပြုလုပ်ခြင်းဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ (ဥပမာ ဆေးဘက်ဆိုင်ရာ၊ ဥပဒေပညာရှင်များ၊ လူမှုဝန်ထမ်းလုပ်သားများ၊

မသန်စွမ်းသူများကို ကူညီနေသော အဖွဲ့အစည်းများ၊ ရဲ/ တရားဥပဒေစိုးမိုးရေး) နှင့် တိုင်ပင်ဆွေးနွေးနိုင်မည် ဖြစ်ပါသည်။ အေဂျင်စီများအားလုံးသည် မတော်မတရားပြုမူခံရသော ကလေးအတွက် ဝန်ဆောင်မှုများကို ကလေးသူငယ်ဗဟိုပြုသည့် နည်းလမ်း၊ ကလေးကို အဆင်ပြေပျော်ရွှင်စေမည့် ပုံစံဖြင့် ဆောင်ရွက်ပေးနေခြင်း ရှိ/မရှိ၊ သတင်းအချက်အလက်များကို သိရှိရန် လိုအပ်သူထံသို့သာ မျှဝေပေးခြင်း စည်းမျဉ်းကို လိုက်နာဆောင်ရွက်နေခြင်း ရှိ/မရှိ ဆန်းစစ်ရန်အတွက် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးများကို ဆက်လက်ကျင်းပသွားရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

**အပိုဆောင်းမှတ်စု** - အတွေ့အကြုံနည်းသေးသော ဖြစ်ရပ်စီမံခန့်ခွဲအသစ်များသာမက အမှန်စင်စစ် ဖြစ်ရပ်စီမံခန့်ခွဲသူများ အားလုံးသည် ပညာရှင်များ၏ လမ်းညွှန်မှုများကို ရယူမည့် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးတစ်ခု မပြုလုပ်မီ ၎င်းတို့၏ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူထံမှ အကူအညီကို ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုမှတစ်ဆင့် အစဉ်အမြဲ ရယူနိုင်ပါသည်။ မည်သည်တို့ကို မည်သည့်နည်းလမ်းဖြင့် လုပ်ဆောင်ရမည်ဆိုသည်ကို သံသယရှိလျှင် ဤနည်းသည် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်သတ်မှတ်ရန် အထောက်အကူဖြစ်ပါလိမ့်မည်။

**ရှင်းပြပါ** - ရှေ့ပိုင်းတွင် လုပ်ခဲ့သည့် အခေါ်အဝေါ်များနှင့် အဓိပ္ပါယ်များ တွဲဆက်ပေးရသည့် လေ့ကျင့်ခန်းတွင် လေ့လာခဲ့ပြီးဖြစ်သည့်အတိုင်း -

**ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှု (Case consultation)** ကို ဖြစ်ရပ်စီမံခန့်ခွဲသူများမှ မတော်မတရားပြုမူခံရသော ကလေးတစ်ဦးကို မည်သို့ ကူညီပံ့ပိုးပေးရမည်ဟူသည့် ပညာရပ်ပိုင်းဆိုင်ရာ ရှုထောင့်အမြင်တစ်ခုကို ရယူရန် လိုအပ်လျှင် အသုံးပြုသင့်သည်။

တိုင်ပင်ဆွေးနွေးရမည့်သူမှာ များသောအားဖြင့် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူ ဖြစ်ပါလိမ့်မည်။ သို့သော် ဆေးပညာရှင်၊ အမိုးအကာနေစရာ ပံ့ပိုးသည့်အဖွဲ့အစည်း၊ ဥပဒေပညာရှင်၊ စသည်ကဲ့သို့ အခြားသော အထူးပြုကျွမ်းကျင်မှု ရှိသည့် ပညာရှင် တစ်ဦးဦးလည်း ဖြစ်နိုင်ပါသည်။

**ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေး**ကိုမူ အောက်ပါအခြေအနေများတွင် ကျင်းပပြုလုပ်သင့်ပါသည် -

- မတော်မတရားပြုမူခြင်း ခံရသော ကလေးတစ်ဦး၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အတွက် အေဂျင်စီ/ ဝန်ဆောင်မှု ဆောင်ရွက်ပေးသူ တစ်ဦး/တစ်ဖွဲ့ထက်မက လိုအပ်သောအခါ
- ရှုပ်ထွေးခက်ခဲသော/ အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသော ဖြစ်ရပ်များ
- မတော်မတရားပြုမူခံရသော ကလေးတစ်ဦးအား ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့် အေဂျင်စီများ အားလုံးသည် ဝန်ဆောင်မှုများကို ပေါင်းစပ်ညှိနှိုင်း၍ အချိန်မီ ဆောင်ရွက်ပေးနေခြင်း ရှိ/မရှိနှင့် နှစ်ခါပြန် ဆောင်ရွက်ပေးနေမှုများ မရှိကြောင်း သေချာအောင် စစ်ဆေးရန် လိုအပ်သောအခါ

အေဂျင်စီများသည် ကလေးသူငယ်ဗဟိုပြု၍ ထိရောက်စွာ ကူညီစောင့်ရှောက်ပေးနိုင်ရန်အတွက် သတင်းအချက်အလက်များကို မျှဝေသောအခါ သိရှိရန် လိုအပ်သူကိုသာ မျှဝေပေးရမည်ဟူသည့် စည်းမျဉ်းကို လိုက်နာရမည် ဖြစ်ကြောင်း မမေ့ဖို့ လိုပါသည်။

ကလေးကို ကူညီဆောင်ရွက်ပေးနေသည့် ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူမှု ဆိုင်ရာ အဓိကသတင်းစကားများကို ဖြန့်ဝေပေးရန်နှင့် ကလေးနှင့် သူ၏ ပြုစုစောင့်ရှောက်သူအား အကောင်းဆုံး ကူညီစောင့်ရှောက်ပေးနိုင်ရေးအတွက် အန္တရာယ်ရှိသည့် စိတ်နေသဘောထားများနှင့် ယုံကြည်ချက်များ ရှိနေလျှင် ဖြေရှင်းပေးရန်၊ မတော်မတရားပြုမူခံရသော ကလေးများကို ကူညီပံ့ပိုးပေးသည့် အတွေ့အကြုံနည်းသေးသော အခြားသူများအား လက်တွေ့လုပ်ငန်းခွင်တွင် လေ့ကျင့်သင်ကြားပေးရန်အတွက်လည်း ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးများကို အသုံးပြုနိုင်ပါသည်။

*မတော်မတရားပြုမူခြင်း ခံရသော ကလေး၏ ဖြစ်ရပ်တွင် တိုက်ရိုက်ပတ်သက်ခြင်း မရှိသည့် မည်သူ့ကိုမျှ ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှု (သို့မဟုတ်) ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးတွင် ပါဝင်တက်ရောက်ခွင့် မပြုသင့်ပါ။*

**လုပ်ဆောင်ပါ -** ဤအစီအစဉ်အတွက် ဖြန့်ဝေပေးရမည့် နောက်ဆုံးမှတ်စုစာရွက်ဖြစ်သော *ဇယား (၆-၃) - ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများနှင့် ညှိနှိုင်းအစည်းအဝေးများ၏ သွင်ပြင်လက္ခဏာရပ်များ* ကို ဖြန့်ဝေပေးပါ။ (တက်ရောက်လာသူများအတွက် ၎င်းတို့၏ အလုပ်တွင် ရည်ညွှန်းကိုးကားရမည့် စာရွက်စာတမ်းတစ်ခုအဖြစ် အသုံးပြုနိုင်ရန် ဖြစ်သည်)

- **မေးပါ -** ဆွေးနွေးတင်ပြချက်များသည် ရှင်းလင်းမှု ရှိပါသလား။ မရှင်းလင်းသည်များ ရှိလျှင် ပြန်လည်ရှင်းပြပေးပါ။
- **မေးပါ -** ဖြစ်ရပ်ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် စပ်လျဉ်း၍ ၎င်းတို့တွင် မေးမြန်းရန် ကျန်နေသော မေးခွန်းများ (သို့မဟုတ်) ပြောလိုသော စကားများ ရှိပါသလား။ မေးခွန်းများ မေးလျှင် ဖြေပေးပြီး အချို့မေးခွန်းများအတွက် မသေချာလျှင် ပြန်လည်စစ်ဆေးပြီး ပြန်ပြောပေးမည်ဖြစ်ကြောင်း ပြောပါ။

### ဖြန့်ဝေပေးရမည့် မှတ်စုစာရွက် - *ဇယား (၆-၃) - ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများနှင့် ညှိနှိုင်းအစည်းအဝေးများ၏ သွင်ပြင်လက္ခဏာရပ်များ* (CCS လမ်းညွှန် အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၁၃၁)

ဇယား (၆-၃) - ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများနှင့် ညှိနှိုင်းအစည်းအဝေးများ၏ သွင်ပြင်လက္ခဏာရပ်များ

| အစည်းအဝေးအမျိုးအစား | ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှု | ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေး |
|---|---|---|
| ရည်ရွယ်ချက်က ဘာလဲ | ဖြစ်ရပ်တစ်ခုတွင် တွေ့ရှိရသည့် ပြဿနာတစ်ခုနှင့် ပတ်သက်၍ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူ အရာရှိ၊ အတွေ့အကြုံများသည့် ဖြစ်ရပ်စီမံခန့်ခွဲသူ (သို့) အခြား ဝန်ဆောင်မှု ဆောင်ရွက်ပေးသူတစ်ဦးထံမှ အကူအညီနှင့် လမ်းညွှန်မှုများကို တောင်းခံရန်၊ ဖြစ်ရပ်စီမံခန့်ခွဲမှု ဆောင်ရွက်ပေးနေသည့်အဖွဲ့၏ ကျွမ်းကျင်မှု အတိုင်းအတာထက် | ရှုပ်ထွေးသည့် (သို့) အန္တရာယ်များသည့် (သို့) ရှုပ်ထွေးပြီးအန္တရာယ်များသည့် ဖြစ်ရပ်များအတွက် ဖြစ်ရပ်အစီအစဉ်များကို ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများ စုံညီစွာ ပုံမှန် သုံးသပ်လေ့လာနိုင်မည့် အခွင့်အလမ်းတစ်ခု ဖန်တီးရန်၊<br>အထူးသဖြင့် ကလေး၏ လိုအပ်ချက်များ ပြည့်မီခြင်း မရှိသေးသည့် အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရာတွင် များစွာ |

| | | |
|---|---|---|
| | ကျော်လွန်နေသဖြင့် ကျွမ်းကျင်ပညာရှင်နှင့် တိုင်ပင်ဆွေးနွေးခြင်းမှ အကျိုးရှိနိုင်သည့် ဖြစ်ရပ်များအတွက် များစွာအသုံးဝင်သည်။ | အထောက်အကူဖြစ်နိုင်သည်။ ဝန်ဆောင်မှုဆောင်ရွက်ပေးနေသူများကြား စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်းနိုင်ရေး ဆိုင်ရာပြဿနာများကို ဖော်ထုတ်ရန် (သို့) ရှင်းလင်းအောင် လုပ်ရန်၊ ကလေးကို ဘက်စုံလွှမ်းခြုံမှု ပိုရှိပြီး အားလုံးပေါင်းစပ်ကာ ညှိနှိုင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်၊ |
| ဘယ်သူတွေ တက်ရောက်သလဲ | ကလေး၏ ဖြစ်ရပ်စီမံခန့်ခွဲသူ၊ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူ အရာရှိ နှင့် အခြားကဏ္ဍမှ အနည်းဆုံး ဖြစ်ရပ် စီမံခန့်ခွဲသူတစ်ဦး (သို့) ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူတစ်ဦး | ကလေး နှင့်/သို့မဟုတ် ၎င်း၏ ပြုစု စောင့်ရှောက်သူ (သင့်လျော်လျှင်)၊ ဖြစ်ရပ် စီမံခန့်ခွဲသူ၊ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူ၊ ကလေးနှင့် မိသားစုကို ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့် အခြားဌာန (သို့) အဖွဲ့အစည်းတစ်ခုချင်းစီမှ ဝန်ထမ်း (သို့) ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူ အနည်းဆုံး တစ်ဦးစီ |
| | မတော်မတရားပြုမူခြင်းခံရသည့် ကလေး၏ ဖြစ်ရပ်တွင် တိုက်ရိုက် ပတ်သက်ဆက်နွယ်မှု မရှိသည့် မည်သူတစ်ဦးတစ်ယောက်မျှ တိုင်ပင်ဆွေးနွေးမှု (သို့) ညှိနှိုင်းအစည်းအဝေးတွင် ရှိမနေသင့်ပါ။ | |
| ဘယ်အချိန်မှာ ကျင်းပလဲ | လိုအပ်လျှင် လိုအပ်သလောက် ပြုလုပ်နိုင်သည်။ များသောအားဖြင့် ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်၏ ကနဦးပိုင်းတွင် လိုအပ်လေ့ရှိသည်။ ကလေး နှင့်/သို့မဟုတ် ၎င်း၏ ပြုစုစောင့်ရှောက်သူသည် ထပ်ဆောင်းဝန်ဆောင်မှုများ ရယူရန် လွှဲပြောင်းညွှန်းပို့ခြင်းများကို မပြုလုပ်စေလိုဘဲ ၎င်းတို့၏ လိုအပ်ချက်များသည် မူလ ဖြစ်ရပ်စီမံခန့်ခွဲသူ၏ ကျွမ်းကျင်မှုထက် ကျော်လွန်နေလျှင် အထူးအသုံးဝင်သည်။ | ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ် တစ်လျှောက် ပုံမှန်ပြုလုပ်သွားရမည်။ မူလ ဖြစ်ရပ်စီမံခန့်ခွဲသူ (သို့) လိုအပ်လျှင် တိုက်ရိုက်ကြီးကြပ်ပံ့ပိုးပေးနေသူမှ ပုံမှန် အစည်းအဝေးအချိန်ဇယား ဆွဲခြင်း၊ တက်ရောက်မည့်သူများကို ဖိတ်ကြားခြင်း (အချိန်လုံလောက်စွာ ကြိုတင်၍ ဖိတ်ကြားခြင်း)၊ အစည်းအဝေး အစီအစဉ်ရေးဆွဲခြင်းနှင့် အစည်းအဝေးကို ကူညီ ပံ့ပိုးခြင်းတို့အားတာဝန်ယူ ဆောင်ရွက်ရမည်။ . |
| ဘယ်သူဘယ်ဝါ ဟူသည်ကို ဖော်ပြသည့် သတင်းအချက်အလက်များ မျှဝေပေးမည်လား | မမျှဝေပါ။ ဖြစ်ရပ်အကြောင်းကို ယေဘုယျ အသုံးအနှုန်းများ (ဥပမာ အမည်/ မည်သူမည်ဝါဟူသည်ကို ဖော်ပြသည့် အခြားအချက်အလက်များထက် "ကလေး" ၊ "ပြုစုစောင့် | မျှဝေပါမည်။ မတော်မတရားပြုမူခံရသော ကလေး နှင့်/သို့မဟုတ် ပြုစုစောင့်ရှောက်သူသည်လည်း အစည်းအဝေးတွင် ရှိနေပြီး အစည်းအဝေးတက်ရောက်သူအားလုံးကလည်း ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ် |

| | | |
|---|---|---|
| | ရှောက်သူ အမျိုးသမီး၊ စသည်) ဖြင့်သာ ဆွေးနွေးသင့်သည်။ | တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသူများ ဖြစ်ခြင်းကြောင့် ဖြစ်သည်။ |

## ၁၀-၄။ မေးမြန်းဆွေးနွေးခြင်း (၅ မိနစ်)

- **မေးပါ** - အစီအစဉ် အဆုံးမသတ်မီ ဖြစ်ရပ်ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် စပ်လျဉ်း၍ ၎င်းတို့ မျှဝေပေးလိုသည့် သုံးသပ်ချက်များ ရှိပါသလား။
- **မေးပါ** - ဤအစီအစဉ်တွင် ဆွေးနွေးခဲ့သည်များသည် ၎င်းတို့ ကိုင်တွယ်ခဲ့ဖူးသည့် (သို့မဟုတ်) ကိုင်တွယ်ရနိုင်ခြေရှိသည့် ဖြစ်ရပ်များနှင့် ကိုက်ညီမှု ရှိပါသလား၊ အသုံးဝင်နိုင်ပါသလား။
- အဓိကသုံးသပ်ချက်များကို ပြန်လည်အနှစ်ချုပ်ကာ CCS လမ်းညွှန်နှင့် ချိတ်ဆက်ဆွေးနွေးပေးပြီး အစီအစဉ်ကို အဆုံးသတ်ပါ။
- **ရှင်းပြပါ** -
    - ဖြစ်ရပ်ပေါင်းစပ်ညှိနှိုင်းခြင်းသည် ကလေးသူငယ်ဗဟိုပြုသည့် နည်းလမ်းကို အထောက်အကူဖြစ်စေရန်နှင့် မတော်မတရားပြုမှုခံရသော ကလေးတစ်ဦးတွင် ရှိနေသည့် လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းပေးရန်အလို့ငှာ သင့်တော်သည့် ဝန်ဆောင်မှုများကို ပေါင်းစပ်ညှိနှိုင်း၍ အချိန်မီ ဆောင်ရွက်ပေးနိုင်ရန်အတွက် လိုအပ်ပါသည်။ ကလေး၏ အကောင်းဆုံးအကျိုးစီးပွားသည် မည်သည်ဖြစ်မည်ဆိုသည်ကို ဆုံးဖြတ်သတ်မှတ်နိုင်ရန်လည်း အထောက်အကူပြုပါသည်။
    - ဖြစ်ရပ်ပေါင်းစပ်ညှိနှိုင်းမှုတွင် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှု (သို့မဟုတ်) ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေး (သို့မဟုတ်) နှစ်မျိုးစလုံး ပါဝင်နိုင်ပါသည်။ ဤအစီအစဉ်တွင် ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများ (သို့မဟုတ်) ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးများကို အသုံးပြုသင့်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး ဖြစ်ပါသည်။
    - မတော်မတရားပြုမှုခံရသော ကလေး၏ လိုအပ်ချက်များနှင့် ဆန္ဒများကို နားလည်သိရှိကာ ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးများတွင် ကလေးနှင့် သူ၏ ကိုယ်တိုင်ကျူးလွန်ခြင်းမရှိသည့် ပြုစုစောင့်ရှောက်သူကိုလည်း ပါဝင်တက်ရောက်ရန် ဖိတ်ကြားနိုင်ပါသည်။
    - မတော်မတရားပြုမှုခံရသော ကလေးများ၏ ဖြစ်ရပ်မှန်သမျှအတွက် ဆိုးကျိုးဖြစ်ပေါ်ခြင်း မရှိစေသည့် နည်းလမ်းဖြင့် ကူညီပံ့ပိုးပေးနိုင်ရန်အလို့ငှာ ဖြစ်ရပ်စီမံခန့်ခွဲသူများအနေဖြင့် ၎င်းတို့၏ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများအား ကလေး၏ အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းပေးပြီး အားမနာတမ်း၊ အချိန်မရွေး တိုင်ပင်ဆွေးနွေးနိုင်သည်ဟု ခံစားရစေရန် လမ်းဖွင့်ပေးထားသင့်ပါသည်။
- **တောင်းဆိုပါ** - ဤအစီအစဉ်မှ ၎င်းတို့အတွက် အထူးခြားဆုံး ဖြစ်သည့်/ ၎င်းတို့နှင့်အတူ ယူဆောင်သွားမည့် လေ့လာ သင်ယူမှု/ ဆင်ခြင်သုံးသပ်ချက်တစ်ခုကို တစ်ယောက်ချင်းစီ မျှဝေပေးရန် တောင်းဆိုပါ။

## ၁၀-၅။ အစီအစဉ်အဆုံးသတ်ခြင်း (၅ မိနစ်)

- **ပြောပါ** - တက်ရောက်သူများအား အစီအစဉ်မှ ရရှိလိုက်သည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ပေးအပ်သည့် ဖောင်ပုံစံကို ဖြည့်စွက်ပေးရန် ပြောပါ။
- **အတည်ပြုပါ** - အစီအစဉ်အပိုင်း (၁၁) အတွက် နေ့ရက်နှင့် အချိန်ကို အတည်ပြုပါ။

# အပိုင်း (၁၁) - အစီအစဉ်မှ သင်ယူရရှိခဲ့သည်များကို ပြန်လည်အနှစ်ချုပ်ခြင်း/ အစီအစဉ် ပြီးဆုံးခြင်း

| | |
|---|---|
| ရည်ရွယ်ချက် | • နည်းပြလမ်းညွှန်အစီအစဉ်၏ သင်ရိုးတွင် ပါဝင်သော သင်ခန်းစာများကို ပြန်လည်သုံးသပ်နိုင်မည့် အခွင့်အလမ်း၊ CCS နည်းပြလမ်းညွှန်အစီအစဉ် သင်ရိုးပါ သင်ခန်းစာများနှင့် ပတ်သက်၍ ကျန်ရှိနေသော မေးခွန်းများကို ဖြစ်ရပ်စီမံခန့်ခွဲသူအချင်းချင်း/ ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူထံ မေးမြန်းနိုင်မည့် အခွင့်အလမ်း ရရှိစေရန်<br>• လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခံရသော ကလေးများကို ပြုစုစောင့်ရှောက် ကူညီမှုများ ယခုထက်ပို၍ တိုးတက်ကောင်းမွန်စေရန် မည်သို့ လုပ်ဆောင်ရ မည်ဆိုသည်ကို ပြန်လည်စဉ်းစားသုံးသပ်နိုင်မည့် အခွင့်အလမ်းကို ပေးအပ်ရန်<br>• နည်းပြလမ်းညွှန်အစီအစဉ်နှင့် ပတ်သက်၍ အကြံပြုချက်များ/ သုံးသပ်အကဲ ဖြတ်ချက်များ ရယူရန် |
| ကြာမြင့်ချိန်: | (၆၀) မိနစ် |
| ဆွေးနွေးမည့် အကြောင်းအရာများ နှင့် အဆိုပြု ကြာမြင့်ချိန်များ | • ကြိုဆိုနှုတ်ခွန်းဆက်ခြင်း *(၁၅ မိနစ်)*<br>    ○ ဂရုစိုက်စောင့်ရှောက်မှု စုပေါင်းလေ့ကျင့်ခန်းနှင့် ပြန်လည်သုံးသပ်ဆင်ခြင်ခြင်း<br>• အစီအစဉ်အပိုင်း (၁) - (၁၀) မှ အဓိကသတင်းစကားများ/ မှတ်သား မိသည့် အချက်များကို ပြန်လည်သုံးသပ်ခြင်း *(၂၀ မိနစ်)*<br>• တက်ရောက်လာသူများထံမှ မေးခွန်းများနှင့် ဆွေးနွေးရန် ကျန်ရှိနေသေး သော ပြဿနာရပ်များ *(၁၅ မိနစ်)*<br>• အစီအစဉ်အဆုံးသတ်ခြင်း *(၁၀ မိနစ်)* |
| သင်ထောက်ကူများ | ဖြန့်ဝေပေးရမည့် မှတ်စုစာရွက်များ<br>• နည်းပြလမ်းညွှန်အစီအစဉ်အတွက် အကြံပြုလွှာပုံစံ |
| အစီအစဉ်မတိုင်မီ ဖြစ်ရပ်စီမံခန့်ခွဲသူများ ကြိုတင်လုပ်ဆောင် ထားရမည့် သုံးသပ် | • တက်ရောက်သူများအား နည်းပြလမ်းညွှန်မှု အစီအစဉ်၏ အပိုင်းများ အားလုံးကို ပြန်လည်သုံးသပ်စဉ်းစားခိုင်းပါ။ ၎င်းတို့ ပို၍ အသေးစိတ် ပြန်လှန်လေ့လာ၊ ဆွေးနွေးလိုသည့် အကြောင်းအရာများ ရှိလျှင် ကြီးကြပ် ပံ့ပိုးသူထံ ကြိုတင်၍ (ဤအစီအစဉ်မမီ တစ်ပတ်ကြိုတင်၍) တင်ပြ တောင်းခံထားဖို့ ပြောပါ။ သို့မှသာ ကြိုတင်ပြင်ဆင်ရန် အချိန်လုံလုံ လောက်လောက် ရရှိမည်ဖြစ်သည်။ |

| | |
|---|---|
| ဆင်ခြင်လေ့လာမှု/ လုပ်ဆောင်မှု | |
| **အစီအစဉ် ပြီးသည့် နောက် ဖတ်ရှုလိုက ဖတ်ရှုလေ့လာရန်** | • GBV AoR Helpdesk ၏ စုပေါင်း၍အပြန်အလှန်ဂရုစိုက်စောင့်ရှောက်ခြင်း အတွက် အကြံပြုချက်များ (အင်္ဂလိပ်ဘာသာဖြင့်)<br>• GBV AoR Helpdesk ၏ စုပေါင်း၍အပြန်အလှန်ဂရုစိုက်စောင့်ရှောက်မှု လုပ်ငန်းစဉ်များနှင့် အလေ့အထများကို ဖော်ပြထားသော စာအုပ်စာပေ၊ စာရွက်စာတမ်းများ စာရင်းနှင့် အနှစ်ချုပ်ဖော်ပြချက်များ (အင်္ဂလိပ် ဘာသာဖြင့်)<br>• SVRI ၏ *Dare to Care Wellness Course ကျန်းမာပျော်ရွှင်ရေးသင်တန်း* |

## အစီအစဉ်အပိုင်း (၁၁) တွင် ပါဝင်သော အကြောင်းအရာများ

### *၁၁-၁။ ကြိုဆိုနှုတ်ခွန်းဆက်ခြင်း (၁၅ မိနစ်)*

- နည်းပြလမ်းညွှန်ခြင်းအစီအစဉ်၏ နောက်ဆုံးအပိုင်းသို့ တက်ရောက်လာသူများကို ကြိုဆိုနှုတ်ခွန်းဆက်ပါ။
- **ပြောပါ -** နည်းပြလမ်းညွှန်မှုအစီအစဉ်များသည် လုံခြုံစိတ်ချစွာ လေ့လာသင်ယူနိုင်သည့် အစီအစဉ်များဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေရန်အတွက် မေးခွန်းများနှင့် အကြံပြုချက်များ ကို ကြိုဆိုပါသည်။
- **မေးပါ -** ပြီးခဲ့သည့် အစီအစဉ်နောက်ပိုင်း အဆင်ပြေကြပါသလား၊ မည်သို့ ခံစားရပါသနည်း။ ပြီးခဲ့သည့် အစီ အစဉ်နှင့် ပတ်သက်၍ ၎င်းတို့ မေးမြန်းလိုသည့် မေးခွန်းများ (သို့မဟုတ်) မျှဝေပေးလိုသည့် ဆင်ခြင်သုံးသပ် ချက်များ ရှိပါသလား။
- **ရှင်းပြပါ -** ယနေ့အစီအစဉ်တွင် နည်းပြလမ်းညွှန်အစီအစဉ်အပိုင်းများအားလုံးကို အဆုံးသတ်မည်ဖြစ်ပြီး နောက်ဆုံးအပြီးသတ် သုံးသပ်စဉ်းစားမှုများ ပြုလုပ်ကြမည်ဖြစ်သည်။

**လုပ်ဆောင်ပါ - ဂရုစိုက်စောင့်ရှောက်မှု စုပေါင်းလေ့ကျင့်ခန်း - စူပါဟီးရိုးဝတ်ရုံ**

လူတစ်ဦးချင်းစီအတွက် flipchart စက္ကူ၊ တိတ်ခွေနှင့် ရောင်စုံမှဲ့ကာဘောလ်ပင်များ စီစဉ်ပေးပါ။

- အားလုံးကို ၎င်းတို့၏ ပုခုံးနှစ်ဖက်တွင် flipchart စာရွက်ကို တိတ်ဖြင့် ကပ်ဖို့ ပြောပါ။
- ထိုစာရွက်သည် ၎င်းတို့၏ စူပါဟီးရိုးဝတ်ရုံဖြစ်ကြောင်း၊ ချီးကျူးစကားတစ်ခွန်း (သို့မဟုတ်) နည်းပြ လမ်းညွှန် အစီအစဉ်မှ သုံးသပ်ရရှိသည့် အချက်တစ်ချက်ကို တစ်ဦး၏ ဝတ်ရုံပေါ်တွင် တစ်ဦးက အပြန်အလှန်ရေးသားပေးရမည်ဖြစ်ကြောင်း ရှင်းပြပါ။
- အားလုံး အပြန်အလှန် ရေးသားပြီးပြီဆိုလျှင် ၎င်းတို့၏ ဝတ်ရုံများကို ချွတ်ကာ အခြားသူများ ရေးသား ပေးထားသည့် ချီးကျူးစကားများကို ဖတ်ပြခိုင်းပါ။

**အစီအစဉ်ကူညီပံ့ပိုးသူအတွက် မှတ်ချက် -** အကယ်၍ flipchart စက္ကူများ မရှိလျှင် ရရှိနိုင်သည့် စာရွက်များ/ post it note များကို အသုံးပြုနိုင်သည်။ နည်းပြလမ်းညွှန်အစီအစဉ်များအတွင်း အချင်းချင်း သတိပြုမိသည့်၊ ချီးကျူးစရာ ကောင်းသည့် အချက်များကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရေးသားပေးကြဖို့ ပြောပါ။

## ၁၁-၂။ အစီအစဉ်အပိုင်း (၁) - (၁၀) မှ အဓိကသတင်းစကားများ/ မှတ်သားမိသည့် အချက်များကို ပြန်လည်သုံးသပ်ခြင်း *(၂၀ မိနစ်)*

**ရှင်းပြပါ -** ဤအပိုင်းတွင် တက်ရောက်လာသူများအနေဖြင့် CCS နည်းပြလမ်းညွှန်အစီအစဉ်တစ်ခုလုံးမှ သင်ယူရရှိထားသည်များကို ပြန်လည်စုစည်းသုံးသပ်နိုင်မည့် အခွင့်အလမ်းကို ရရှိမည်ဖြစ်သည်။ ၎င်းတို့ ကျင့်သုံးနေသည့် အလေ့အထများ မည်သို့ အဆင့်ဆင့် ပြောင်းလဲတိုးတက်မှုရှိပုံကိုလည်း ပြန်လည်သုံးသပ်နိုင်မည်ဖြစ်သလို မေးမြန်းရန် ကျန်ရှိနေသေးသည့် မေးခွန်းများကိုလည်း အချင်းချင်းဖြစ်စေ၊ ကြီးကြပ်ပံ့ပိုးသူကိုဖြစ်စေ မေးမြန်း၍ လမ်းညွှန်မှုများ ရယူနိုင်မည်ဖြစ်သည်။ ထို့ပြင် ဤအစီအစဉ်တွင် CCS နည်းလမ်း ကျင့်သုံးမှုအလေ့အထနှင့် နည်းပြလမ်းညွှန်အစီအစဉ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အပံ့ဖြစ်စေမည့် စုပေါင်းသုံးသပ်ဆင်ခြင်မှု၊ အားလုံး၏ ကျန်းမာပျော်ရွှင်မှုအတွက် လုပ်ဆောင်ချက်များနှင့် သုံးသပ်အကြံပြုချက် ပေးအပ်ခြင်းတို့ကိုလည်း လုပ်ဆောင်သွားမည်ဖြစ်သည်။

**လုပ်ဆောင်ပါ - ထူးထူးခြားခြား သင်ယူရရှိလိုက်သည့်အချက်မှာ အဘယ်နည်း - လေ့ကျင့်ခန်း**

**ရည်ရွယ်ချက်**

အခြေခံကျသည့် အချက်များကို ပိုမို မှတ်မိသိရှိစေရန်နှင့် အစီအစဉ်အပိုင်း တစ်ခုနှင့် တစ်ခုကြား ချိတ်ဆက်နေမှုများကို မြင်တွေ့နိုင်အောင် ကူညီပေးရန်

**ညွှန်ကြားချက်များ**

- အစီအစဉ်အပိုင်း (၁-၁၀) ၏ ခေါင်းစဉ်များကို ရေးကာ ကပ်ထားပေးပါ (သို့မဟုတ်) ဖတ်ပြပါ။
- အဖွဲ့ငယ်များ ခွဲ၍ ဖြစ်စေ၊ အားလုံးအတူတကွဖြစ်စေ အောက်ပါမေးခွန်းများကို ဝိုင်းဝန်းဆွေးနွေး ဖြေဆိုခိုင်းပါ -
- အစီအစဉ်အပိုင်းတိုင်းမှ မည်သည့် သတင်းစကားများ (သို့မဟုတ်) သင်ခန်းစာများကို ထူးထူးခြားခြား မှတ်မိသိရှိသနည်း။
- သင်တို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများတွင် မည်သည်က အသုံးအဝင်ဆုံး/ ဆက်စပ်မှု အရှိဆုံး ဖြစ်သည်ဟု ခံစားခဲ့ရသနည်း။

## ၁၁-၃။ တက်ရောက်လာသူများထံမှ မေးခွန်းများနှင့် ဆွေးနွေးရန် ကျန်ရှိနေသေးသော ပြဿနာရပ်များ *(၁၅ မိနစ်)*

**ရှင်းပြပါ -** ယခုအချိန်တွင် ဖြေရှင်းရန် ကျန်ရှိနေသေးသော မေးခွန်းများ၊ မသေချာမရေရာမှုများ (သို့မဟုတ်) ဘေးကျပ်နံကျပ်အခြေအနေများကို မေးမြန်းဆွေးနွေးနိုင်မည်ဖြစ်သည်။ ထိုအတွက် စဉ်းစား၍ မေးခွန်းများကို အစီအစဉ်မတိုင်မီ

ကတည်းက ကြီးကြပ်ပံ့ပိုးသူထံ ကြိုတင်ပေးပို့ထားရန် ပြောကြားထားပြီးဖြစ်သည်။ အောက်ပါတို့ကို မေးမြန်းရန်၊ တင်ပြရန် ဖိတ်တော်ပါ -

- နည်းပြလမ်းညွှန်အစီအစဉ်၏ မည်သည့်အပိုင်းမဆိုနှင့် သက်ဆိုင်သော မေးခွန်းများ
- မရှင်းလင်းသေး (သို့မဟုတ်) ခက်ခဲနေသေးသည်ဟု ခံစားရသည့် အခြေအနေများ

**ကြီးကြပ်ပံ့ပိုးသူအတွက် မှတ်ချက်** - တင်ပြမေးမြန်းလာသည်များကို တက်ရောက်လာသည့် ဖြစ်ရပ်စီမံခန့်ခွဲသူအချင်းချင်းအား ဦးစွာ ဖြေဆိုခိုင်းပါ။ ပြီးမှ ကြီးကြပ်ပံ့ပိုးသူက လိုအပ်သလို ဖြည့်စွက်ဆွေးနွေးပေးပါ။ အချို့မေးခွန်းများကို အစီအစဉ်နောက်ပိုင်းမှသာ ဖြေဆိုပေးနိုင်မည်ဆိုလျှင် မှတ်သားထားကာ ပြန်လည်ဆက်သွယ်ဖြေကြားပေးမည့်အကြောင်း ပြောပါ။

လုပ်ဆောင်ပါ - **လေ့ကျင့်ခန်း "သမင်လည်ပြန် ကြည့်ခြင်း၊ ရှေ့သို့ မျှော်ကြည့်ခြင်း"**

**ရည်ရွယ်ချက်**

ပြန်လည်သုံးသပ်ဆင်ခြင်သည့် အလေ့အထကို အားပေးရန်နှင့် ပြောင်းလဲပစ်ရမည့် အလေ့အထများကို ဖော်ထုတ်သတ်မှတ်နိုင်အောင် ကူညီပေးရန်

**ညွှန်ကြားချက်များ**

အားလုံးကို တိတ်ဆိတ်စွာ သုံးသပ်ဆင်ခြင်စဉ်းစားကာ အောက်ပါတို့ကို ချရေးပေးဖို့ ပြောပါ -

- ၎င်းတို့ကျင့်သုံးဆောင်ရွက်နေသည့် အလေ့အထကို ပြောင်းလဲပစ်နိုင်မည့် (သို့မဟုတ်) ပိုမိုအားကောင်းအောင် လုပ်နိုင်မည့် နည်းလမ်းတစ်ခု
- ၎င်းတို့ ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ကြိုးပမ်းလိုသည့် နယ်ပယ်တစ်ခု
- မတော်မတရားပြုမူခံရသော ကလေးများနှင့် အလုပ်လုပ်ရာတွင် ၎င်းတို့ ဆက်လက် စောင့်ထိန်းသွားလိုသည့် ကတိကဝတ်တစ်ခု

**အဖွဲ့ငယ်များ ဖွဲ့၍ မျှဝေခြင်း -**
နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့ငယ်လေးများ ဖွဲ့၍ ဖြစ်စေ မိမိတို့၏ ဆင်ခြင်သုံးသပ်ချက်များကို အချင်းချင်းမျှဝေပေးဖို့ ပြောပါ။

**အားလုံးထံ မျှဝေပေးခြင်း (ဆန္ဒရှိလျှင် လုပ်နိုင်သည်) -**
အဓိကသုံးသပ်ချက်များကို မျှဝေပေးလိုသူ အနည်းငယ်အား ဖိတ်ခေါ်ကာ အားလုံး သိရှိအောင် မျှဝေခိုင်းပါ။

## *၁၁-၄။ အစီအစဉ်အဆုံးသတ်ခြင်း (၁၀ မိနစ်)*

- **တောင်းဆိုပါ** - တက်ရောက်သူများအား နည်းပြလမ်းညွှန်အစီအစဉ်အတွက် သုံးသပ်အကြံပြုချက် ဖောင်ပုံစံကို ဖြည့်စွက်ပေးဖို့ ပြောပါ။ ရိုးသားပွင့်လင်းသော သုံးသပ်အကြံပြုချက်များကို ရရှိလိုကြောင်းနှင့် ထိုအကြံပြုချက်များကို အသုံးပြု၍ အနာဂတ်တွင် ပြုလုပ်မည့် နည်းပြလမ်းညွှန်အစီအစဉ်များ ပိုမို တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောပါ။

# နည်းပြလမ်းညွှန်အစီအစဉ်အတွက် သင်ထောက်ကူပစ္စည်းများ

ဤအပိုင်းတွင် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးမှုအတွက် နည်းပြလမ်းညွှန်ခြင်းအစီအစဉ်ကို ပြုလုပ်ပေးရာတွင် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများကို စာရင်းပြုစုပေးထားပါသည်။

| **အစီအစဉ်အပိုင်း** | **အစီအစဉ်မတိုင်မီ ကြီးကြပ်ပံ့ပိုးသူ ဖတ်ရှုလေ့လာထားရန်** | **အစီအစဉ်မတိုင်မီ ပါဝင်တက်ရောက်မည့်သူများ ဖတ်ရှုလေ့လာထားရန်** | **သင်ထောက်ကူများ** | **အစီအစဉ် ပြီးသည့်နောက် ဖတ်ရှုလိုက ဖတ်ရှုလေ့လာရန်** |
|---|---|---|---|---|
| **အပိုင်း (၁) - နည်းပြလမ်း ညွှန်မှု လုပ်ငန်းစဉ်နှင့် CCS လမ်းညွှန် အခြေခံမှုများကို မိတ်ဆက်ခြင်း** | • CCS လမ်းညွှန် အခန်း (၁) (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၂၀-၂၅)<br>• Module 1 of CCS training package<br>• Handout 1.1 Guiding Principles of the Caring for Child Survivors Approach | • မရှိပါ။ | • ဖြန့်ဝေရန်မှတ်စု ၁-၁။ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုခြင်း ခံရသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်မှု နည်းလမ်း၏ လမ်းညွှန် အခြေခံမှုများ<br>• ဖြစ်ရပ်လေ့လာချက် - CCS လမ်းညွှန်များကို လက်တွေ့ အသုံးချခြင်း<br>• နည်းပြလမ်းညွှန်မှုအစီအစဉ် မှ ရရှိသည့် အသိအမြင် များ/ သုံးသပ်တွေ့ရှိချက် များ ဖြည့်စွက်ရန် ဖောင်ပုံစံ | • Chapter 1 of the CCS Guidelines (pages 20-25)<br>• Module 1 of CCS training package<br>• Handout 1.1 Guiding Principles of the Caring for Child Survivors Approach |

| | | | | |
|---|---|---|---|---|
| **အပိုင်း (၂) - ဖြစ်ရပ်စီမံခန့်ခွဲမှုတွင် ထားရှိရမည့် ကလေးများကို အဆင်ပြေပျော်ရွှင်စေသည့် စိတ်နေသဘောထားများ** | • Chapter 3 of the CCS Guidelines (pages 58-70)<br>• Module 3 of CCS training package | • CCS Attitude Assessment | • ကိုယ်စားသရုပ်ဆောင် ခြင်း လေ့ကျင့်ခန်း အတွက် ဇာတ်ညွှန်း စာသားများ<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိ အမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ | • Chapter 3 of the CCS Guidelines (pages 58-70)<br>• Module 3 of CCS training package |
| **အပိုင်း (၃) ဆက်သွယ်ပြောဆိုမှုစွမ်းရည်များ** | • Chapter 4 of the CCS Guidelines (pages 71 – 91)<br>• Module 4 of CCS training package<br>• Module 4 Handout – Communication Do’s and Don’ts | • CCS Communication Skills Assessment | • ဖြစ်ရပ်လေ့လာချက်အတွက် ဖြစ်ရပ်နမူနာများ<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ | • Chapter 4 of the CCS Guidelines (pages 71 – 91)<br>• Module 4 of CCS training package<br>• Module 4 Handout – Communication Do’s and Don’ts |
| **အပိုင်း (၄) - အားလုံးပါဝင်နိုင်မှုကို အားပေးသည့် ဆက်သွယ်ပြောဆိုမှု နည်းစနစ်များ** | • Chapter 4 of the CCS Guidelines (pages 71 – 91)<br>• Module 4 of CCS training package<br>• Module 4 Handout – Communication Do’s and Don’ts | • မရှိပါ။ | • ကိုယ်စားသရုပ်ဆောင်ခြင်း လေ့ကျင့်ခန်း<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ | • Chapter 4 of the CCS Guidelines (pages 71 – 91)<br>• Module 4 of CCS training package<br>• Module 4 Handout – Communication Do’s and Don’ts |

| | | | | |
|---|---|---|---|---|
| **အပိုင်း (၅) ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်၊ အဆင့်များနှင့် စပ်လျဉ်းသည့် ခက်ခဲရှုပ်ထွေးသော အခြေအနေများ** | • Chapter 5 of the CCS Guidelines (pages 92-110)<br>• Module 5 of the CCS training package<br>• UNHCR Best Interests Procedure for Refugee and Asylum-seeking Children at Risk (online course):<br>• UNHCR (2021) Best Interests Procedure Guidelines: Assessing and Determining the Best Interests of the Child | • Topic ranking worksheet | • နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ | • Chapter 5 of the CCS Guidelines (pages 92-110)<br>• Module 5 of the CCS training package<br>• UNHCR Best Interests Procedure for Refugee and Asylum-seeking Children at Risk (online course): UNHCR (2021) Best Interests Procedure Guidelines: Assessing and Determining the Best Interests of the Child |
| **အပိုင်း (၆) - ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်၊ အဆင့်များနှင့် စပ်လျဉ်းသည့် ခက်ခဲရှုပ်ထွေးသော အခြေအနေများ** | • Chapter 5 of the CCS Guidelines (pages 92-110)<br>• Module 5 of the CCS training package<br>• UNHCR Best Interests Procedure for Refugee and Asylum- | • မရှိပါ။ | • နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ | • Chapter 5 of the CCS Guidelines (pages 92-110)<br>• Module 5 of the CCS training package<br>• UNHCR Best Interests Procedure for Refugee and Asylum- |

| | | | | |
|---|---|---|---|---|
| | seeking Children at Risk (online course): UNHCR (2021) Best Interests Procedure Guidelines: Assessing and Determining the Best Interests of the Child | | | seeking Children at Risk (online course): UNHCR (2021) Best Interests Procedure Guidelines: Assessing and Determining the Best Interests of the Child |
| **အပိုင်း (၇) - ကိုယ်တိုင်ကျူး လွန်ခြင်း မရှိသည့် ပြုစုစောင့် ရှောက်သူများနှင့် ထိတွေ့ ဆက်သွယ်အလုပ်လုပ်ခြင်း** | • Chapter 2 of the CCS Guidelines (pages 49-50)<br>• Chapter 4 of the CCS Guidelines (pages 89-90)<br>• Chapter 5 of the CCS Guidelines (pages 96-100)<br>• CCS Guidelines (pages 177-178) | • အစီအစဉ်မတိုင်မီ အောက်ပါ မေးခွန်းများကို စဉ်းစားသုံးသပ်ဆင်ခြင်ထား ရပါမည် -<br>○ သင်သည် CCS လုပ်ငန်း တွင် ကိုယ်တိုင် ကျူးလွန် ခြင်း မရှိသည့် ပြုစုစောင့် ရှောက်သူများနှင့် တက်ကြွ စွာ ဆက်သွယ်၍ အလုပ် လုပ်ဖူးပါသလား။<br>○ လုပ်ဖူးလျှင် ဖြစ်ရပ်စီမံခန့်ခွဲ မှု၏ မည်သည့်အဆင့်များ တွင် ၎င်းတို့နှင့် အများဆုံး ဆက်သွယ်အလုပ်လုပ်ဖြစ် သည်ကို သတိပြုမိပါ သနည်း။ အဘယ်ကြောင့် | • ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ကလေးပြုစု စောင့်ရှောက်သူများနှင့် အလုပ်လုပ်ခြင်း ဖြစ်ရပ် နမူနာများ (တစ်ယောက် တစ်စောင်)<br>• ဖြန့်ဝေရန် မှတ်စုစာရွက် - ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက် သူများနှင့် ဆက်သွယ် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လေ့လာရှာဖွေခြင်း (တစ်ယောက် တစ်စောင်)<br>• နည်းပြလမ်းညွှန်မှုအစီအစဉ် မှ ရရှိသည့် အသိအမြင်များ/ | • Chapter 2 of the CCS Guidelines (pages 49-50)<br>• Chapter 4 of the CCS Guidelines (pages 89-90)<br>• Chapter 5 of the CCS Guidelines (pages 96-100)<br>• CCS Guidelines (pages 177-178) |

| | | | | |
|---|---|---|---|---|
| | | ထိုအဆင့်များတွင် အများဆုံး ဆက်သွယ် ဖြစ်သည်ဟု ထင်သနည်း။<br>○ ယေဘုယျခြုံကြည့်လျှင် ကိုယ်တိုင်ကျူးလွန်ခြင်း မရှိသည့် ပြုစုစောင့်ရှောက်သူများနှင့် ထိတွေ့ဆက်ဆံမှုများသည် ကောင်းကျိုးပိုများပါသလား၊ ဆိုးကျိုးပိုများပါသလား၊ ကောင်းကျိုး၊ ဆိုးကျိုး နှစ်မျိုးစလုံး ရောနေပါသလား။<br>○ ရှေ့မှ မေးခွန်းတွင် ပေးခဲ့သော သင်၏ အဖြေအတွက် အကြောင်းပြချက်နှင့် မည်သည့် အကြောင်းအချက်များကြောင့် သင် ထိုသို့ ရှုမြင်ရခြင်းဖြစ် ကြောင်း အကျဉ်းချုပ် ရှင်းပြပါ။ | သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ | |
| **အပိုင်း (၈) – MHPSS ဆန်းစစ်အကဲဖြတ်ခြင်း** | • CCS Guidelines (pages 139-166)<br>• CCS Training Package Module 6B | • CCS လမ်းညွှန်ထဲရှိ (အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၁၃၇-၁၄၆) CCS MHPSS | • ဖြစ်ရပ်နမူနာများထဲတွင် မိမိတို့ ဒေသရှိ အမည်များကို ထည့်သွင်း၍ ပြင်ဆင်ရေးသားသင့်ပါ။ သို့သော် | • CCS Guidelines (pages 139-166)<br>• CCS Training Package Module 6B |

| | | | | |
|---|---|---|---|---|
| | | Assessment Tool ကို ဖတ်ရှုလေ့လာထားရန် | အစီအစဉ်တွင် ပါဝင်တက်ရောက်နေသည့် ဝန်ထမ်းများ၏ အမည်ကို အသုံးပြုခြင်းအား တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။<br>• လေ့ကျင့်ခန်းအတွက် ဖြစ်ရပ်နမူနာ စာရွက်များ<br>• CCS MHPSS Assessment Tool စာရွက် (တစ်ယောက် တစ်စုံစီ)<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ | |
| **အပိုင်း (၉) - အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသည့်/ ရှုပ်ထွေးခက်ခဲသည့် ဖြစ်ရပ်များ အတွင်း MHPSS ဆန်းစစ် အကဲဖြတ်ခြင်း** | • CCS Guidelines (pages 139-166)<br>• CCS Training Package Module 6B | • ပါဝင်တက်ရောက်မည့်သူများအား နည်းပြလမ်းညွှန်မှု အစီအစဉ်သို့မလာမီ မိမိကိုယ်မိမိ သတ်သေနိုင်ခြေ အန္တရာယ် ဆန်းစစ်အကဲဖြတ်မှု ပြုလုပ်သည့် ကိုယ်စား သရုပ်ဆောင်ခြင်း ဗီဒီယိုကို ကြည့်ရှုခိုင်းပါ။<br>• ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများ အနေဖြင့် ဖြစ်ရပ်စီမံခန့်ခွဲသူ | • ဖြစ်ရပ်နမူနာများထဲတွင် မိမိတို့ ဒေသရှိ အမည်များကို ထည့်သွင်း၍ ပြင်ဆင်ရေးသားသင့်ပါ။ သို့သော် အစီအစဉ်တွင် ပါဝင်တက်ရောက်နေသည့် ဝန်ထမ်းများ၏ အမည်ကို အသုံးပြုခြင်းအား တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။ | • CCS Guidelines (pages 139-166)<br>• CCS Training Package Module 6B |

| | | | | |
|---|---|---|---|---|
| | | များအား အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသည့်၊ ရှုပ်ထွေးခက်ခဲသည့် ဖြစ်ရပ်များတွင် အကူအညီ ပေးရန် အမြဲ အဆင်သင့်ရှိနေသင့်သည်။ မိမိ၏ ဝန်ထမ်းများထဲတွင် မိမိကိုယ်မိမိ သေကြောင်းကြံစည်မှု/ ထိခိုက်အောင် လုပ်မှု ဆန်းစစ်အကဲဖြတ်ခြင်းကို လုပ်ဆောင်နိုင်ရန် လေ့ကျင့်ပေးထားသူ တစ်ဦး အမြဲ ရှိနေရန်လည်း ဆောင်ရွက်သင့်သည်။ နည်းပြလမ်းညွှန်အစီအစဉ်တွင် မေးခွန်းများ ဖြေဆိုပေးရန်နှင့် လိုအပ်သည့် အကူအညီများပေးရန် ထိုဝန်ထမ်းကိုပါ ပါဝင်တက်ရောက် ခိုင်းမည်ဆိုလျှင် များစွာ အကျိုးရှိနိုင်ပါသည်။ | • လေ့ကျင့်ခန်းအတွက် ဖြစ်ရပ်နမူနာ စာရွက်များ<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ | |
| **အပိုင်း (၁၀) ဖြစ်ရပ်အဆင့် ပေါင်းစပ်ညှိနှိုင်းမှုများ** | • Chapter 7 CCS Guidelines (pages 167-180) | • N/A | • ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ အခေါ်အဝေါ်များနှင့် ၎င်းတို့၏ အဓိပ္ပါယ်များ | • Chapter 7 CCS Guidelines (pages 167-180) |

| | | | | |
|---|---|---|---|---|
| | • Chapter 6 CCS Guidelines (pages 129-131)<br>• CCS training package module 7<br>• Coordination framework for CP and GBV:<br>• Tip sheet for CP and GBV collaboration: | | စာရွက် (၂) ရွက်ကို ပရင့်ထုတ်ပါ။<br>• တစ်ရွက်ကို ထိုအတိုင်းထားရှိပါ။ လေ့ကျင့်ခန်းအပြီးတွင် အခေါ်အဝေါ်များနှင့် အဓိပ္ပါယ်များကို မှန်ကန်စွာ တွဲဆက်ပေးထားခြင်း ရှိ/မရှိ ကြီးကြပ်သူမှ စစ်ဆေးသောအခါ ကြည့်ရှုရန် ဖြစ်သည်။ ကျန်တစ်ရွက်မှ အခေါ်အဝေါ်နှင့် အဓိပ္ပါယ်တစ်ခုချင်းစီကို ဖြတ်ထုတ်ကာ ရရှိလာသည့် စာရွက်ပိုင်းများကို ရောနှောထားပါ။ အိတ်ငယ်တစ်လုံးထဲတွင် ထည့်၍ (သို့မဟုတ်) ကလစ်ဖြင့် ညှပ်ကာ သိမ်းဆည်းထားပါ။<br>• ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ ဖြစ်ရပ်လေ့လာချက် (တစ်ယောက်တစ်ရွက်စီ)<br>• *ဇယား (၆-၃) - ဖြစ်ရပ်ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများနှင့် ဖြစ်ရပ်ညှိနှိုင်းအစည်းအဝေးများ၏* | • Chapter 6 CCS Guidelines (pages 129-131)<br>• CCS training package module 7<br>• Coordination framework for CP and GBV:<br>• Tip sheet for CP and GBV collaboration: |

| | | | | |
|---|---|---|---|---|
| | | | *သွင်ပြင်လက္ခဏာများ* (CCS လမ်းညွှန် အင်္ဂလိပ်ဗားရှင်း စာမျက်နှာ ၁၃၁) (တစ်ယောက်တစ်ရွက်စီ)<br>• နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ | |
| **အပိုင်း (၁၁) - အစီအစဉ်မှ သင်ယူရရှိခဲ့သည်များကို ပြန်လည်အနှစ်ချုပ်ခြင်း/ အစီအစဉ် ပြီးဆုံးခြင်း** | • CCS Guidelines (သင်၏ ဖြစ်ရပ်စီမံခန့်ခွဲသူများ အခက်တွေ့နေဆဲဖြစ်သည့် ကိစ္စများနှင့် ဆက်စပ်သည့် အဓိကအပိုင်းများကို ပြန်ဖတ်ပါ)<br>• CCS training package (သင်၏ ဖြစ်ရပ်စီမံခန့်ခွဲသူများ အခက်တွေ့နေဆဲဖြစ်သည့် ကိစ္စများနှင့် ဆက်စပ်သည့် အဓိက မော်ဂျူးများကို ပြန်ဖတ်ပါ) | • အစီအစဉ်မတိုင်မီ သုံးသပ်စဉ်းစားခြင်း - တက်ရောက်သူများအား နည်းပြလမ်းညွှန်မှု အစီအစဉ်၏ အပိုင်းများ အားလုံးကို ပြန်လည်သုံးသပ်စဉ်းစားခိုင်းပါ။ ၎င်းတို့ ပို၍ အသေးစိတ် ပြန်လှန်လေ့လာ၊ ဆွေးနွေးလိုသည့် အကြောင်းအရာများ ရှိလျှင် ကြီးကြပ် ပံ့ပိုးသူထံ ကြိုတင်၍ တင်ပြတောင်းခံထားဖို့ ပြောပါ။ သို့မှသာ ကြိုတင်ပြင်ဆင်ရန် အချိန် လုံလုံလောက်လောက် ရရှိမည်ဖြစ်သည်။ | • နည်းပြလမ်းညွှန်အစီအစဉ် အတွက် သုံးသပ်အကြံပြုလွှာပုံစံ | • GBV AoR Helpdesk, Tip Sheet: Collective Care (English):<br>• GBV AoR Helpdesk, Annotated Bibliography: Collective Care Processes and Practices (English):<br>• SVRI *Dare to Care Wellness Course* |

# နည်းပြလမ်းညွှန်မှုအစီအစဉ်မှ ရရှိသည့် အသိအမြင်များ/ သုံးသပ်တွေ့ရှိချက်များ ဖြည့်စွက်ရန် ဖောင်ပုံစံ

| | |
|---|---|
| အစီအစဉ်အပိုင်း<br>နံပါတ်/ ခေါင်းစဉ် | |
| နေ့စွဲ | |
| အမည် | |

*သင်၏ တုံ့ပြန်အကြံပြုချက်များသည် နည်းပြလမ်းညွှန်မှုအစီအစဉ် တိုးတက်ကောင်းမွန်စေရန်နှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ၊ မတော်မတရားပြုမှုခံရသော ကလေးများအတွက် ပိုမိုကောင်းမွန်ထိရောက်သည့် ကူညီပံ့ပိုးမှုများ ပေးအပ်နိုင်ရန် အထောက်အကူဖြစ်ပါလိမ့်မည်။ ဤပုံစံကို ဖြည့်စွက်ရာတွင် သင် ဆန္ဒရှိမှသာ ဖြည့်စွက်ရန် ဖြစ်သည်။ သင်၏ ဖြေဆိုချက်များကို အနာဂတ်တွင် ပြုလုပ်မည့် နည်းပြလမ်းညွှန်အစီအစဉ်များကို ပိုမို ကောင်းမွန်အောင် လုပ်ဆောင်ရန်အတွက် ကြီးကြပ်ပံ့ပိုးသူများ/ အစီအစဉ်ကူညီပံ့ပိုးသူများက သုံးသပ်လေ့လာမည်ဖြစ်ပါသည်။*

## (၁) အဓိက သင်ယူလေ့လာရရှိသည့် အချက်များ

ဤအစီအစဉ်အပိုင်းမှ သင် ရရှိသွားသည့်၊ ယူဆောင်သွားမည့် **အဓိကသတင်းစကား၊ ကျွမ်းကျင်မှု (သို့မဟုတ်) အသိအမြင်တစ်ခု** အဘယ်နည်း။

## (၂) လက်တွေ့အသုံးဝင်မှု

ဤအပိုင်းသည် သင်၏ **နိစ္စဓူဝ ဆောင်ရွက်နေသည့် ဖြစ်ရပ်စီမံခန့်ခွဲမှုအလုပ်များ** အတွက် မည်မျှ အသုံးဝင်သနည်း။

☐ အလွန်အသုံးဝင် ☐ အသုံးဝင် ☐ အနည်းငယ်အသုံးဝင် ☐ အသုံးမဝင်

သင့်အဖြေအတွက် မှတ်ချက်ရေးလိုက ရေးပေးနိုင်ပါသည် -

## ၃။ ကျင့်သုံးနေသည့် အလေ့အထကို ပြန်လည်ဆင်ခြင်သုံးသပ်မှု

ဤအပိုင်းသည် **သင်၏ အလေ့အထ** (ဥပမာ စိတ်နေသဘောထားခံယူချက်များ၊ ဆက်သွယ်ပြောဆိုမှုများ၊ ဆန်းစစ်အကဲဖြတ်မှုများ၊ ပေါင်းစပ်ညှိနှိုင်းမှုများ) **ကို ပြန်လည်သုံးသပ်ဆင်ခြင်ရန် (သို့မဟုတ်) ပိုမိုအားကောင်းအောင် လုပ်ဆောင်ရန်** အထောက်အကူပြုခဲ့ပါသနည်း။

☐ အထောက်အကူပြုပါသည်။ ☐ အတန်အသင့်အထောက်အကူပြုပါသည်။ ☐ အထောက်အကူမပြုပါ။

အထောက်အကူပြုသည် (သို့မဟုတ်) အတန်အသင့်အထောက်အကူပြုသည်ဆိုသည်လျှင် ဥပမာတစ်ခု ပြောပြပေးပါ -

## ၄။ နည်းပြလမ်းညွှန်မှု အစီအစဉ် ပြုလုပ်ပေးသည့် လုပ်ငန်းစဉ်နှင့် လုံခြုံစိတ်ချရမှု

နည်းပြလမ်းညွှန်အစီအစဉ်၏ ဤအပိုင်းတွင် **ပါဝင်တက်ရောက်ရာ၌ လေးစားမှု၊ ကူညီပံ့ပိုးမှုနှင့် လုံခြုံစိတ်ချရမှု** ရှိသည်ဟု ခံစားခဲ့ရပါသလား။

☐ ခံစားရပါသည်။ ☐ အများစုခံစားရသည်။ ☐ မခံစားရပါ။

သင့်အဖြေအတွက် မှတ်ချက်ရေးလိုက ရေးပေးနိုင်ပါသည် - (ဥပမာ နည်းပြလမ်းညွှန်မှုပေးသည့် နည်းလမ်းပုံစံ၊ အနေးအမြန်နှုန်း၊ အဖွဲ့လိုက် ဆွေးနွေးမှုများ) -

## ၅။ ရှေ့ဆက်ဆောင်ရွက်ရန်များ

အနာဂတ်တွင် ပြုလုပ်မည့် နည်းပြလမ်းညွှန်အစီအစဉ်များတွင် သင် **ပိုမို ရရှိလိုသည့် အကူအညီများ (သို့မဟုတ်) ပိုမို ရှင်းလင်းစွာ သိရှိလိုသည်များ** ရှိပါသလား။

# နည်းပြလမ်းညွှန်အစီအစဉ်အတွက် သုံးသပ်အကြံပြုလွှာပုံစံ

| | |
|---|---|
| နေ့စွဲ | |
| အမည် | |

*ဤဖောင်ပုံစံတွင် CCS နည်းပြလမ်းညွှန်မှု အစီအစဉ်တစ်ခုလုံးရှိ သင်၏ အတွေ့အကြုံများကို ပြန်လည်စဉ်းစားသုံးသပ်ကာ ဖြည့်စွက်ရမည်ဖြစ်ပါသည်။*

*သင်၏ တုံ့ပြန်အကြံပြုချက်များသည် နည်းပြလမ်းညွှန်မှုအစီအစဉ် တိုးတက်ကောင်းမွန်စေရန်နှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ၊ မတော်မတရားပြုမှုခံရသော ကလေးများအတွက် ပိုမိုကောင်းမွန်ထိရောက်သည့် ကူညီပံ့ပိုးမှုများ ပေးအပ်နိုင်ရန် အထောက်အကူဖြစ်ပါလိမ့်မည်။ အချိန်ပေးမှု၊ စိတ်ဝင်တစား တစိုက်မတ်မတ် ပါဝင်တက်ရောက်မှုနှင့် သေချာစွာ စဉ်းစားသုံးသပ်ပေးမှုများအတွက် ကျေးဇူးတင်ရှိပါသည်။*

## ၁။ အစီအစဉ်တစ်ခုလုံးမှ အဓိကသင်ယူရရှိသည့် အချက်များ

CCS နည်းပြလမ်းညွှန်အစီအစဉ်တွင် လေ့လာသင်ယူသိရှိခဲ့ရသည်များထဲမှ သင်နှင့်အတူ ယူဆောင်သွားမည့် **အရေးအကြီးဆုံး အချက်များ**မှာ အဘယ်နည်း။

## ၂။ ကျင့်သုံးနေသည့် အလေ့အထအပေါ် အကျိုးသက်ရောက်မှု

နည်းပြလမ်းညွှန်အစီအစဉ်သည် **သင်၏ CCSအလေ့အထ** (ဥပမာ စိတ်နေသဘောထားခံယူချက်များ၊ ဆက်သွယ်ပြောဆိုမှုများ၊ ဆန်းစစ်အကဲ ဖြတ်မှုများ၊ ပေါင်းစပ်ညှိနှိုင်းမှုများ) အပေါ် မည်သည့်နည်းလမ်းများဖြင့် **သြဇာသက်ရောက်မှုရှိခဲ့သနည်း (သို့မဟုတ်) ပိုမိုအားကောင်းအောင် လုပ်ပေးခဲ့သနည်း။**

## ၃။ ယုံကြည်မှုနှင့် ကူညီပံ့ပိုးမှု

ဤနည်းပြလမ်းညွှန်အစီအစဉ်တွင် ပါဝင်တက်ရောက်ခဲ့ခြင်းကြောင့် သင်သည် သင့်အလုပ်တွင် CCS အခြေခံမှုများနှင့် နည်းလမ်းအထောက်အကူများ၊ ဖောင်ပုံစံများကို လက်တွေ့အသုံးချရန် မည်မျှထိ ယုံကြည်မှု ရှိလာသနည်း။

☐ အလွန်ယုံကြည်မှုရှိ ☐ ယခင်ကထက်ပို၍ ယုံကြည်မှုရှိ ☐ ယခင်ကအတိုင်း မပြောင်းလဲ ☐ ယုံကြည်မှု ပိုနည်းသွား

သင့်အဖြေအတွက် မှတ်ချက်ရေးလိုက ရေးပေးနိုင်ပါသည် -

## ၄။ နည်းပြလမ်းညွှန်ပုံနည်းလမ်းနှင့် ပါဝင်တက်ရောက်မှုအတွေ့အကြုံ

မည်သည့် နည်းပြလမ်းညွှန်မှုနည်းလမ်းများ (ဥပမာ အဖွဲ့လိုက်ဆွေးနွေးခြင်း၊ ကိုယ်စားသရုပ်ဆောင်ခြင်း၊ ဖြစ်ရပ်လေ့လာချက်များ၊ သင်ကြားပို့ချသည့်ပုံစံ) သည် သင့်အတွက် အဆင်ပြေဆုံး၊ အထိရောက်ဆုံး ဖြစ်သနည်း။

## ၅။ ရှေ့ဆက်ဆောင်ရွက်ရန်များ

**အနာဂတ်တွင် ပြုလုပ်မည့် CCS နည်းပြလမ်းညွှန်အစီအစဉ်များ ပိုမိုတိုးတက်ကောင်းမွန်ရန်** (သို့မဟုတ်) ဖြစ်ရပ်စီမံခန့်ခွဲသူများကို ယခုထက်ပို၍ ပံ့ပိုးကူညီပေးနိုင်ရန် အကြံပြုလိုသည်များ ရှိပါသလား။

# ထပ်ဆောင်းလေ့လာနိုင်၊ ဖတ်ရှုနိုင်သည့် စာအုပ်စာပေနှင့် စာရွက်စာတမ်းများ

ဤအပိုင်းတွင် ဖြစ်ရပ်ကြီးကြပ်ပံ့ပိုးသူများနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ၏ CCS နည်းလမ်း၊ CCS နှင့်စပ်လျဉ်းသော ကိစ္စရပ်များကို ပိုမို နားလည်သိရှိ ကျွမ်းကျင်လာစေရန်အတွက် ထပ်ဆောင်းလေ့လာရမည့် (ဖတ်ရှုလိုက ဖတ်ရှုနိုင်သည့်) စာအုပ်စာပေ၊ စာရွက်စာတမ်းများ၊ ရည်ညွှန်းကိုးကားစရာများကို ဖော်ပြပေးထားပါသည်။

**ကမ္ဘာလုံးဆိုင်ရာ နည်းပညာနှင့် ပေါင်းစပ်ညှိနှိုင်းရေး အကူအညီများ ရယူနိုင်သည့် နေရာများထံ ဆက်သွယ်နိုင်မည့် အချက်အလက်များ**

- GBV AoR: https://gbvaor.net/
- GBV AoR ဒေသတွင်းအဆင့် အရေးပေါ်အခြေအနေ GBV အကြံပေးများ - https://gbvaor.net/about-us#rega-team
- CP AoR: https://cpaor.net/
- GBV လက်တွေ့ကျင့်သုံးဆောင်ရွက်နေသူများ အသိုက်အဝန်း - https://gbvaor.net/support#community-of-practice

**CCS နှင့် စပ်လျဉ်းသည့် အဓိကရည်ညွှန်းကိုးကားစရာများ**

- လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမူခြင်းခံရသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ လမ်းညွှန် (ဘာသာစကားအမျိုးမျိုးဖြင့်) - https://gbvresponders.org/response/caring-child-survivors/
- UNHCR ၏ အန္တရာယ်ကျရောက်နိုင်ခြေရှိသည့် ဒုက္ခသည်ကလေးများနှင့် ခိုလှုံခွင့်တောင်းခံထားသော ကလေးများအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရေး လုပ်ထုံးလုပ်နည်းများ (အွန်လိုင်းသင်တန်း)- https://agora.unicef.org/course/info.php?id=46300
- UNHCR (၂၀၂၁) အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှုသည့် လုပ်ထုံးလုပ်နည်း လမ်းညွှန် - ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဆန်းစစ်ခြင်းနှင့် ဆုံးဖြတ်သတ်မှတ်ခြင်း - https://www.refworld.org/policy/opguidance/unhcr/2021/en/122648

**ဖြစ်ရပ်စီမံခန့်ခွဲမှု**

- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်စီမံခန့်ခွဲမှုအတွက် အဖွဲ့အစည်းများကြား တစ်ပြေးညီ လိုက်နာကျင့်သုံးသည့် လမ်းညွှန် (ဘာသာစကား အမျိုးမျိုးဖြင့်) - https://resourcecentre.savethechildren.net/document/inter-agency-guidelines-case-management-and-child-protection/
- GBV ဖြစ်ရပ်စီမံခန့်ခွဲမှုအတွက် အဖွဲ့အစည်းများကြား တစ်ပြေးညီ လိုက်နာကျင့်သုံးသည့် လမ်းညွှန် (ဘာသာစကား အမျိုးမျိုးဖြင့်) - https://www.gbvims.com/gbv-case-management-guidelines/

### ကျားမအခြေပြုအကြမ်းဖက်မှု (GBV)

- GBV အိတ်ဆောင်လမ်းညွှန် - သင့်ဒေသတွင် GBV ဝန်ဆောင်မှုပေးသူတစ်ဦး မရှိလျှင် ကျားမအခြေပြုအကြမ်းဖက်ခံရသူများအား မည်သို့ ကူညီပံ့ပိုးပေးမည်နည်း (ဘာသာစကား အမျိုးမျိုးဖြင့်) - https://gbvguidelines.org/en/pocketguide/
- GBV ညှိနှိုင်းရေးမှူးများနှင့် ကျွမ်းကျင်သူများအတွက် စံကျွမ်းကျင်မှုများ (အင်္ဂလိပ်ဘာသာဖြင့်) - https://gbvaor.net/sites/default/files/2019-07/Core%20Competencies%20for%20GBV%20Specialists%20-%20GBV%20AoR%2C%202014.pdf

### သတင်းအချက်အလက်စီမံခန့်ခွဲမှု

- GBVIMS (ဘာသာစကား အမျိုးမျိုးဖြင့်)- https://www.gbvims.com/

### လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မတော်မတရားပြုမှုတို့မှ ကာကွယ်စောင့်ရှောက်ခြင်း (PSEA)

- ဘေးအန္တရာယ်ကင်းအောင် အကာအကွယ်ပေးခြင်းဆိုင်ရာ အရင်းအမြစ်နှင့် ကူညီပံ့ပိုးမှု ဗဟိုချက် (ဘာသာစကားအမျိုးမျိုးဖြင့်) - https://safeguardingsupporthub.org/

### လိင်မှုဆိုင်ရာ ကျန်းမာရေး၊ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများ (SRHR)

- IPPF ၏ လူသားချင်းစာနာမှုအခြေအနေရှိ ဆယ်ကျော်သက်များအား လိင်မှုဆိုင်ရာ ဘက်စုံပညာပေးခြင်းအတွက် နည်းပညာပိုင်းဆိုင်ရာ စာတမ်းတို - https://www.ippf.org/sites/default/files/2022-01/Technical%20brief%20-%20Comprehensive%20Sexuality%20Education%20for%20adolescents%20-%20English.pdf
- IPPF ၏ လိင်မှုဆိုင်ရာ ဘက်စုံပညာပေးခြင်း အတွက် အသိပေးနိုးဆော်တိုက်တွန်းမှုလမ်းညွှန် - https://www.ippf.org/resource/evidence-action-advocating-comprehensive-sexuality-education
- IPPF ၏ လိင်မှုဆိုင်ရာ ဘက်စုံပညာပေးခြင်း ဆောင်းပါးများ- https://www.ippf.org/our-approach/services/comprehensive-sex-education

### အမျိုးသမီးများနှင့် ကလေးများအတွက် လုံခြုံစိတ်ချရသည့် ခိုနားရာရိပ်မြုံများ

- GBV AoR Helpdesk ၏ အကြမ်းဖက်ခံရသူအမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (OSCs) နှင့် အမျိုးသမီးများနှင့် ကလေးများအတွက် လုံခြုံစိတ်ချရသည့် ခိုနားရာရိပ်မြုံများ (WGSS) ကြား ကွာခြားချက်များ (ဘာသာစကားအမျိုးမျိုးဖြင့်) - https://www.sddirect.org.uk/resource/understanding-core-functions-and-differences-between-women-and-girls-safe-spaces-and-one
- Laaha - အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အွန်လိုင်းရှိ လုံခြုံစိတ်ချရသော ခိုနားရာနေရာ - https://laaha.org/en/home

**မိမိကိုယ်မိမိ ဂရုစိုက်စောင့်ရှောက်ခြင်းနှင့် စုပေါင်း၍ အပြန်အလှန် ဂရုစိုက်စောင့်ရှောက်ခြင်း**

- GBV AoR Helpdesk၊ စုပေါင်း၍ အပြန်အလှန်ဂရုစိုက်စောင့်ရှောက်ခြင်းအတွက် အကြံပြုချက်များ (အင်္ဂလိပ်ဘာသာဖြင့်) - https://www.sddirect.org.uk/sites/default/files/2024-02/GBV%20AoR%20HD%2024%20-%20Collective%20Care%20Tip%20Sheet.pdf
- ၎င်း စုပေါင်း၍အပြန်အလှန်ဂရုစိုက်စောင့်ရှောက်မှု လုပ်ငန်းစဉ်များနှင့် အလေ့အထများကို ဖော်ပြထားသော စာအုပ်စာပေ၊ စာရွက်စာတမ်းများ စာရင်းနှင့် အနှစ်ချုပ်ဖော်ပြချက်များ (အင်္ဂလိပ်ဘာသာဖြင့်) - https://sddirect.org.uk/sites/default/files/2024-03/GBV%20AoR%20HD%202024%20-%20Collective%20care%20annotated%20bibliography%20final.pdf
- SVRI *Dare to Care Wellness Course*

**အခြား**

- GBV အား စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်ရန်အတွက် Rosa ဖုန်းအက်ပ် - https://gbvresponders.org/rosa-skill-building-application-2/
- CP နှင့် GBV အတွက် ပေါင်းစပ်ညှိနှိုင်းရေးမူဘောင် - https://gbvaor.net/sites/default/files/2022-01/Gender%20Based%20Violence%20And%20Child%20Protection%20Framework_EN_FINAL.pdf
- CP နှင့် GBV ပူးပေါင်းဆောင်ရွက်ရေးအတွက် အကြံပြုချက်များ - https://cpaor.net/sites/default/files/2020-11/Tips%20for%20CP%20and%20GBV%20collaboration%20and%20coordination%20FINAL%2020201028%203.pdf